


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း



ဖြန့်ချိရေးအောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူဦးအောင်မြင့်၊ ဧပြီလ၊ ၂၀၁၃။

၈၉၅.၈၃
မြပုလဲခင်
အဝေးဆုံးအချစ်/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၃။
၂၇၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်



# အခန်း(၁)

အသက်သုံးဆယ် ဆိုတဲ့အရွယ်ဟာ အရွယ်လွန်အုပ်စု ထဲကို မရောက်သေးပါဘူးနော် ဦးထက်အောင်။

ဒါပေမယ့် ရှင်ဟာ အရွယ်လွန်သူတစ်ဦးရဲ့ ဣန္ဒြေသိက္ခာကို ရယူပိုင်ဆိုင်ထားတယ်နော်။

"ဆိုဘာ. . . ဘာကိစ္စလဲ"

တကယ်ဆို ကျွန်မကို ရှင့်တပည့်တစ်ဦးလို အကြည့်



www.burmeseclassic.com

www.burmeseclassic.com



မျိုး၊ အပြောမျိုးနဲ့ ရှင်မကြည့်သင့်ဘူး၊ မပြောသင့်ဘူးလို့ ရှင်ထင်သင့်ပါတယ်။

"ဦးထက်အောင်နဲ့ တွေ့ချင်လို့ပါ"

"ကျွန်တော်ပါပဲ၊ ထိုင်ပါ၊ လာရင်းကိစ္စကိုသာ အမိန့်ရှိပါ"

ရှင့်ရဲ့ကြိုဆိုမှုက အလုပ်သဘောဆန်တယ်။ တကယ်ဆိုရင် ရှင်ကျွန်မကိုသိပါတယ်။ မြင်လည်းမြင်ဖူးတာပဲ ဒါပေမယ့် ရှင်ဟန်ဆောင်ကောင်းတယ်။ ရပါတယ်။ ကျွန်မဆိုတဲ့မိန်းမက ပိုပြီးတော့တောင် ဟန်ဆောင်မှုအတတ်ပညာကို တစ်ဖက်ကမ်းခတ်ကျွမ်းကျင်ပါသေးတယ်။

"ဟုတ်ကဲ့ ကျွန်မကို ဦးထက်အောင်မတွေ့ဖူး၊ မမြင်ဖူးဘူးဆိုတော့လဲ ကျွန်မကိုယ်ကျွန်မ မိတ်ဆက်ပေးပြီးမှ လာရင်းကိစ္စကို ပြောတာပေါ့ရှင်"

ကျွန်မက ရှင့်ရှေ့တည့်တည့်မှာရှိတဲ့ ကုလားထိုင်မှာဝင်ထိုင်လိုက်တယ်။ ရှင်ကကျွန်မကိုကြည့်ပြီး စိတ်အိုက်နေတဲ့ပုံစံမျိုး ဖြစ်ပေါ်လာတယ်။ အရွယ်ကို ရင့်ကျက်စေတဲ့ကော်ကိုင်းမျက်မှန်ကို ချွတ်ပြီး မျက်မှန်သုတ်အစလေးနဲ့ သုတ်လိုက်တယ်။ ပြီးတော့ စားပွဲပေါ်မှာ အသာတင်လိုက်တယ်။ ရှင့်လက်ချောင်းလေးတွေဟာ ယောကျ်ားတန်မဲ့ ရှင်းသန့်နေတယ်နော်။ လှုပ်ရှားမှုက ပျာယီပျာယာမနိုင်ဘူး။

"ဟုတ်ကဲ့ ကျွန်တော် ဘာအကူအညီပေးရမလဲ"

ကျွန်မ ပြုံးလိုက်မိတယ်။ ရှင်ဟာ တကယ်ပဲ အာသဝေါ





ကုန်ခန်းနေတာလား၊ ဒါမှမဟုတ် ဟန်ဆောင်ကောင်းသူတစ်ယောက်လားဆိုတာ ခုချိန်မှာတော့ ကျွန်မခွဲခြားနိုင်သေးမှာမဟုတ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှင်နဲ့ကျွန်မတွေ့ချိန်ဟာသိပ်ကို တိုတောင်းလွန်းလှပါသေးတယ်။

"ကျွန်မပုံစံက ဒုက္ခသည်ပုံစံမျိုး ပေါက်နေလို့လား ဦးထက်အောင်၊ ဒီလိုဆိုရင်ဝမ်းနည်းစရာပဲ"

"လာရင်းကို ကျွန်တော်သိချင်လှပါပြီ"

"ကျွန်မနာမည် ကံ့ကော်ပါ ဦးထက်အောင်"

"ဟုတ်ကဲ့"

"ကျွန်မ လျှောက်လွှာလာတင်တာပါ"

"ဪ ဒါလား၊ ကျွန်တော့်ရုံခန်း အပြင်ဘက်က စာရေးဆီမှာ တင်ခဲ့လို့ရပါတယ်"

ကျွန်မကိုသည်လို သဲာမန်အနေအထားမျိုးနဲ့ ဆက်ဆံလို့ဘယ်ရမလဲဦးထက်အောင်ရယ်။

"ဒီမှာ ဦးထက်အောင် ရှင်ကျွန်မကို တကယ်ပဲမမှတ်မိဘူးလား"

"ဗျာ ကျွန်တော်က ခင်ဗျားကို"

ဦးထက်အောင်က ကျွန်မမျက်နှာကို စူးရဲသောအကြည့်နဲ့တစ်ချက် ကြည့်လိုက်တယ်။ တဒင်္ဂပါပဲ။ ချက်ချင်းပဲ မျက်နှာလွှဲသွားပြီး. .

"ဝမ်းနည်းပါတယ်၊ ကျုပ်ခင်ဗျားကို မသိဘူး"

"ကျွန်မ ထင်ထားတာက ရှင်ဟာမှတ်ဉာဏ်ကောင်းသူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်လိမ့်မယ်လို့ ထားပါတော့လေ၊ တစ်ခါတစ်ရံ အထင်နဲ့ အမြင်လွဲတတ်တာပဲ၊ ကျွန်မဆရာကြီး ဦးဘခိုင်ရဲ့ မြေးပါ”

“ဩော် ဟုတ်လား၊ ဆရာကြီးလွှတ်လိုက်တာလား စောစောကတည်းကပြောလိုက်ရင် ပြီးတာပဲ၊ ဆရာကြီးနေကောင်းရဲ့လား”

ရှင်က မဆိုးပါဘူး၊ ဆရာသမားကိုတော့ အမြဲသိတတ်ရိုကျိုးတဲ့သဘော ရှိသေးသားပဲ။

“ဟုတ်တယ်၊ ဘိုးဘိုးက ကျွန်မကိုရှင့်ဆီ လွှတ်လိုက်တယ်”

“ဘာအတွက်လဲ”

“ရှင် တစ်ခါအိမ်ကိုလာတုန်းက ရှင့်ဆီမှာ ဆရာတွေလိုနေတယ်လို့ပြောလို့ ကျွန်မကိုရှင့်ဆီမှာ သွားလုပ်ပါလားဆိုပြီး လွှတ်လိုက်တာ”

“ခင်ဗျား ပညာအရည်အချင်းက”

“ကျွန်မ အီးမေဂျာနဲ့ပြီးတာ”

“ကျွန်တော် လိုချင်တာလဲ အင်္ဂလိပ်ဘာသာပြ ဆရာတစ်ဦးပဲ၊ ဒါပေမယ့် စာတတ်တိုင်း စာသင်တတ်တာမဟုတ်ဘူး၊ ခင်ဗျား စာသင်ဖူးသလား၊ ဘွဲ့ရပြီးဘာလုပ်သေးသလဲ”

ရှင်ဟာ အလုပ်အကိုင်နဲ့ပတ်သက်လာရင်တော့ စကားအတော်ပြောသား။

“ကျွန်မ ကျောင်းပြီးသွားတာ ငါးနှစ်ရှိပြီ၊ ပြီးပြီးချင်း





ဂျပန်မှာ အလုပ်သွားလုပ်တာ၊ အခုပြန်လာပြီး အလုပ်တစ်ခုခု လုပ်မယ်လို့ စဉ်းစားတုန်း ဘိုးဘိုးဆီအလာမှာ ရှင့်ကိုတောင် ဘိုးဘိုးခြံဝမှာ ကျွန်မကားနဲ့တိုက်မိမလို ဖြစ်သွားသေးတယ်လေ”

“ဩော် ဟုတ်ကဲ့၊ ကျွန်တော်က အမှုမဲ့အမှတ်မဲ့ကိစ္စလေးတွေကို မှတ်ထားလေ့မရှိဘူး”

သိပ်ကိုခံပြင်းစေတဲ့ စကားပါ။ ဒါပေမယ့် ရပါတယ်။ ရှင်ဘာပဲပြောပြော ကျွန်မခွင့်လွှတ်ရမှာပေါ့။ ကျွန်မက ပိုင်ဆိုင်လိုသူပဲ။

“အင်းလေ ဖြစ်နိုင်ပါတယ်၊ ကျွန်မက ကားပေါ်ကနေ ရှင့်ကို မြင်တွေ့လိုက်ရသူပဲ၊ ရှင်က ကျွန်မကိုအမှုမဲ့ အမှတ်မဲ့မ မှတ်မိလိုက်ဘူးဆိုတာ ဖြစ်နိုင်ပါတယ်၊ ကိုင်း ကျွန်မတို့ အလုပ်စကားဆက်ပြောရအောင်”

“ဒီလိုလုပ်ပါ၊ ကျွန်တော်လိုချင်တာ ဆရာကောင်းတစ်ဦးပါ၊ ကျွန်တော်ရဲ့ထုံးစံအတိုင်း ခင်ဗျားကို ကျွန်တော်သင်ခန်းစာခေါင်းစဉ်တစ်ခု ပေးလိုက်မယ်၊ အဲဒါကို သန်ဘက်ခါနေ့လယ်တစ်နာရီခွဲမှာ ခင်ဗျားလာသင်ပေးရမယ်၊ ခင်ဗျားရဲ့သင်ကြားပြသမှုကို ကျောင်းသားတွေလက်ခံမယ်၊ ပြီးတော့ ကျွန်တော်လည်း လက်ခံနိုင်တဲ့အရည်အချင်းရှိမယ်ဆိုရင် ခင်ဗျားကို တစ်ခါတည်း ကျွန်တော်အလုပ်ခန့်လိုက်မယ်၊ အဲ တစ်ခုတော့ရှိတယ်၊ ကျွန်တော့အလုပ်ဝင်လုပ်မယ်ဆိုရင်တော့ အရေးကြီးတာ ဆရာဂုဏ်သိက္ခာနဲ့အညီဝတ်စားဆင်ယင် ပြောဆိုဆက်ဆံနေထိုင်တတ်ဖို့တော့လိုပါတယ်၊ ဒါကတော့ စည်းကမ်းချက်တွေ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပါမယ်၊ လုပ်နိုင်မယ်ဆိုမှ ခင်ဗျား သန်ဘက်ခါကို လာခဲ့နိုင်ပါတယ်”

ရှင့်စကားကို ကျွန်မသေသေချာချာ နားထောင်ပါတယ်။ ဘိုးဘိုးကိုယ်တိုင်က ‘တပည့်ပေါင်း မြောက်မြားစွာ ထဲမှာ ငါ့ခြေရာကို နင်းနိုင်တဲ့ တပည့်တစ်ဦးတော့ ပေါ်လာပြန်ပြီ၊ အဲဒါ အောင်ပညာရေးဝန်ဆောင်မှု ဘော်ဒါဆောင် ကျောင်းအုပ်ဆရာကြီး ဦးထက်အောင်ပ မိန်းကလေး’ဆိုတဲ့စကားကို ကြားယောင်ပြီး. . .

“ကောင်းပြီလေ၊ ဘိုးဘိုးရဲ့ဆန္ဒကို ဖြည့်စွမ်းပေးချင်တဲ့ ဆန္ဒကျွန်မမှာ ရှိနေလေတော့ ရှင်ချမှတ်ထားတဲ့ ဆရာကျင့်ဝတ် စည်းကမ်းတွေကိုလည်း ကျွန်မလိုက်နာရမှာပေါ့. . ဦးထက်အောင်”

“ဟုတ်ပြီး ခင်ဗျားကြိုးစားပါ၊ ဆရာကြီးရဲ့ ဗီဇသွေးဟာ ခင်ဗျားမှာ ပါနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်မျှော်လင့်ပါတယ်၊ ကိုင်း ဒီပုံစံကိုတော့ လုပ်ထုံးလုပ်နည်းအရ ဖြည့်စွက်သွားပါဦး ဒေါ်. . ဒေါ်ဘယ်သူ”

တော်သေးတာပေါ့ ရှင်ရယ်။ အမည်လေးကို ထပ်မေးဖော်ရသေးတာပဲ။ သည်နေ့ ရှင်နဲ့စတင်ဆုံစည်းမှုမှာ သည်တစ်ခွန်းတည်းနဲ့ပဲ ကျေနပ်ရတော့မယ် ထင်ပါရဲ့ ဦးထက်အောင်ရယ်။

“ကံ့ကော်ပါ”

“ဟုတ်ကဲ့ ဒေါ်ကံ့ကော်၊ ခုတစ်ခါတည်း ဖြည့်သွားနိုင်





မယ်ထင်ပါတယ်”

“ဟုတ်ကဲ့ ရပါတယ်၊ ကျွန်မ ဘယ်အရာကိုမှ အမှုမဲ့အမှတ်မဲ့ မထားတတ်တော့ ဖြည့်စွက်နိုင်ပါတယ်”

ကျွန်မရဲ့ ခနိုးခနဲ့စကားကို ရှင်မကြိုက်ဟန်နဲ့ မျက်မှောင်ချိုလိုက်တယ်၊ ဒါကို ကျွန်မအရေးမစိုက်ပါဘူး။ မိန်းမသားဆန်တဲ့ အပြုအမူထဲမှာ ခနိုးခနဲ့နဲ့ မကျေနပ်သော စကားအရာကို ချေပခြင်းပဲ ဦးထက်အောင်။

ကျွန်မကတော့ ခနိုးခနဲ့စကားပြောချင်ပြောမယ်။ ချေပစကားနဲ့ ရှင့်ကို အနိုင်ယူကောင်းယူမယ်။ ဒါပေမယ့် ရှင်ခနိုးခနဲ့ မပြောရဘူး၊ ယောကျ်ားဆန်သောသူဖြစ်ရမယ်။ စကားတစ်ခုကို အတင်အစီးမခံဘဲ လိုက်လံချေပတတ်တာ ယောကျ်ားကြီးတွေရဲ့ အလုပ်မဟုတ်ဘူးလို့ ကျွန်မထင်တယ်။

ကျွန်မ ရှင်ပေးတဲ့ပုံစံစာရွက်မှာ ချက်ချင်းပဲဖြည့်စွက်လိုက်တယ်။ လက်မှတ်ထိုးအပြီး ရှင့်ဘက်ကို တွန်းပေးပြီး ကျွန်မထိုင်ရာက ချက်ချင်းပဲ ထလိုက်တယ်။

“ကျွန်မကို ခွင့်ပြုပါဦး”

ရှင့်ထံမှ တုံ့ပြန်မှုအသံက သွားကြားက ထွက်လာတဲ့ လေသံကို ‘ကျွတ်’လား ‘ကျ’လား ပီပီသသမရှိဘူး၊ ဒါပေမယ့် သည်အသံကို ကျွန်မသိဖို့ မလိုတော့ဘူး၊ ကျွန်မရှင့်အခန်းထဲက လှည့်မကြည့်ဘဲ ထွက်ခဲ့တယ်နော်။

ဘာပဲဖြစ်ဖြစ် ကျွန်မယုံကြည်နေတာ တစ်ခုရှိတယ်၊ အဲဒါကတော့. .



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရှင်ဟာ စာကြည့်မျက်မှန်ကို ကောက်တပ်ပြီး ကျွန်မရဲ့ ကိုယ်ရေးရာဇဝင်ကို စိတ်ဝင်စားစွာ ဖတ်ကြည့်နေမယ်ဆိုတာကို ပါပဲ။







# အခန်း(၂)

"ဘဝဆိုတာ လှုပ်ရှားရုန်းကန်နေမှ အဓိပ္ပာယ်ရှိတာ န်းကလေးရဲ့"

ဘိုးဘိုးကို ရှင့်ဆီက အပြန်မှပဲရှင့်အကြောင်းကို ပြောပြဂယ်။ ဘိုးဘိုးကတော့ ရှင့်ကိုဟိမဝန္တာချီးမွမ်းခန်း ထုတ်နေလေ့။

"ဒီသူငယ်လေးက သိပ်တော်တာ၊ မူလတန်းကျောင်း ဟား ဘဝနဲ့ကတည်းက ဘိုးဘိုးနဲ့စတွေ့တာ၊ ဘုန်းကြီးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာကပ်နေပြီး မူလတန်းပညာ၊ အဲဒီကနေ အလယ်တန်းပညာ သင်ကြားတယ်၊ ခုနစ်တန်းလောက်ရောက်တော့ တက္ကသိုလ်ဆရာတစ်ဦးက သူ့အိမ်မှာ အလုပ်ဝိုင်းကူရင်း ကျောင်းတက်ဖို့ ခေါ်ထားလိုက်တယ်"

"သူ အထက်တန်းကျောင်းရောက်တော့ ဘိုးဘိုးတပည့်ဖြစ်လာတယ်၊ ဘိုးဘိုးက ကျောင်းအုပ်ဆိုပေမယ့် အထက်တန်း အင်္ဂလိပ်စာကို နှစ်ခန်းလောက်တော့ တာဝန်ယူသင်ကြားပေးတာကို၊ ဒီကောင်က သိပ်တော်တာ၊ ဒါပေမယ့် အံ့ဩစရာကောင်းတာက စတိုင်ပင်နဲ့ အင်္ဂလိပ်စာအဓိကကိုပဲ ယူခဲ့တယ်၊ နောက် အဆင့်ဆင့်နဲ့ မဟာဘွဲ့ယူပြီးတဲ့နောက်ပိုင်း ဘော်ဒါဆောင်တွေ ခေတ်စားလာတဲ့အချိန်မှာ ပြင်ဦးလွင်မှာ ဘော်ဒါဆောင်လာဖွင့်တာမှာ ဘိုးဘိုးနဲ့ပြန်တွေ့တော့"

ရှင့်အကြောင်း နားထောင်ရတာ ကျွန်မရဲ့နားထဲမှာ ဘယ်တော့မှ ရိုးအီမသွားဘူး။

"သူဒီမှာဖွင့်တာ ကြာပြီလားဘိုးဘိုး၊ အလုပ်ကော ထွက်လိုက်ပြီလား"

"ထွက်လိုက်ပြီပေါ့၊ ပြင်ပမှာ ကျူရှင်ကိုဖွင့်ရင် ဝန်ထမ်းလုပ်လို့ မရတော့ဘူးလေ မိန်းကလေးရဲ့၊ ငါ့မြေးလည်း နိုင်ငံခြားရောက်နေတာနဲ့ ကိုယ့်နိုင်ငံရဲ့ အနေအထားကို မျက်ခြည်ပြတ်သွားပြီထင်တယ်"

"ဘိုးဘိုးက ဒီဘူတာပဲဆိုက်တာ၊ နိုင်ငံခြားသွားတယ်ဆိုတာ စီးပွားရှာရင်း ဗဟုသုတအနေနဲ့ လည်ပတ်ဖို့ပါလို့ ပြောပြီး





ပြီပဲ၊ ခု ကိုယ့်နိုင်ငံမှာပဲ ခေါင်းချတော့မယ်ဆိုပြီး ပြန်လာတာ၊ မေမေတို့တောင် ပြန်လာသေးတာ မဟုတ်ပဲနဲ့၊ ကံ့ကော်ပြန်လာတာကိုပဲ ကျေးဇူးတင်ဦး ဘိုးဘိုးရဲ့"

"ဟုတ်ပ မယ်မင်းကြီးမကို ဘိုးဘိုးက ကျေးဇူးတင်ရမှာပဲ၊ ကိုင်း ပြောပါဦး၊ မောင်ထက်အောင်ကို ဘယ်လိုမြင်သလဲဆိုတာ"

"ဆရာကြီးဂိုက်ဖမ်းပြီး သူ့ကိုယ်သူ ရင့်ကျက်အောင်ဖန်တီးနေပုံမျိုးပေါက်တယ်"

"ဒါပေါ့ကွယ်၊ ရင့်ကျက်ခြင်းဆိုတာ ကောင်းတဲ့အလုပ်ပဲ"

"ဒါပေမယ့် သူ့အသက်သိပ်ကြီးသေးပုံ မပေါ်သေးပါဘူး"

"အင်း သုံးဆယ်ကျော်ရင် တစ်နှစ်လောက်ပဲရှိမယ်"

"သူ့ဘော်ဒါက ကျောင်းသားကျောင်းသူပါလက်ခံတယ်ဆိုပေမယ့် မိန်းကလေးတွေကို သီးသန့်တစ်နေရာ၊ ယောကျ်ားလေးတွေကို သီးသန့်တစ်နေရာထားတယ်၊ ဒါပေမယ့် စာသင်တော့တူတူပဲသင်တယ်"

"ဟုတ်တယ်၊ ဒါက ဘိုးဘိုးပေးတဲ့အကြံပဲ၊ မောင်ထက်အောင်က ကျောင်းသားချည်းပဲ သီးသန့်ဘော်ဒါဖွင့်ချင်တယ် ဘိုးဘိုးက သဘာဝအရ ကျား-မဆိုတာ အမြဲဒွန်တွဲပြီး ရှိနေတာကောင်းတယ်လို့ အကြံပေးခဲ့လို့ သူ့အစ်မအပျိုကြီးက အမျိုးသမီးဘော်ဒါဆောင်ကို အုပ်ချုပ်ပြီး သူကအမျိုးသားဘော်ဒါဆောင်



www.burmeseclassic.com

www.burmeseclassic.com



ကို အုပ်ချုပ်တယ်"

"စာသင်ဖို့ကျတော့ တစ်နေရာမဟုတ်လား"

"ဟုတ်တယ်၊ မြို့ထဲ တခြားဒေးစကျင်တွေပါရော ဖွင့်လို့ရတဲ့ နေရာမှာ စီစဉ်ထားတယ်"

ကျွန်မနေနဲ့ ရှင့်လုပ်ငန်းဟာ စီးပွားရေးထက် ဝါသနာကိုအရင်းခံလိမ့်မယ်ဆိုတာ ယုံကြည်ပြီးသားပဲ။

"မိန်းမတွေနဲ့ပတ်သက်ပြီး မောင်ထက်အောင်မှာ အတိတ်ဇာတ်လမ်း ရှိပုံရတယ်၊ ဘိုးဘိုးတိတိကျကျတော့ မသိပါဘူး၊ ဒါပေမယ့် အသည်းကွဲဇာတ်လမ်းရှိပြီး မိန်းမဆိုရင် ရွံကြောက်ဖြစ်နေပုံပဲ၊ ဒါပေမယ့် ကျောင်းသူတွေကိုတော့ တပည့်အနေနဲ့ အားမနာတမ်းပြောဆိုဆုံးမပြီး အနေမှန်တဲ့ သူငယ်ပဲ"

ကျွန်မ ရှင့်ရုပ်ပုံကို မှန်းဆမြင်ယောင်မိတယ်။ ခက်တယ်ဦးထက်အောင် ခက်တယ်။ ကျွန်မအသက် နှစ်ဆယ့်ခြောက်နှစ်ဆိုတဲ့ ကာလမှာမှ ရင်ခုန်ခြင်းကို စတင်မွေးဖွားလာတယ်ဆိုတဲ့ ရှင့်ရုပ်သွင်ကို ကျွန်မမြင်ယောင်လိုက်ရုံနဲ့ ရင်ခုန်သွားတယ်ဆိုတာကို အချစ်အနေနဲ့ ကျွန်မယူဆလိုက်ရတော့မှာလား

"ဘိုးဘိုးပြောတာ ကြားသလား မိန်းကလေး"

"ရှင်"

"ဩော် မိန်းကလေးနဲ့ပတ်သက်ပြီး မောင်ထက်အောင်ဆီက အတိုင်အတောကို့ ဘိုးဘိုးမခံပါရစေနဲ့ဆိုတာ"

"အိုး ဒါတော့စိတ်ချပါ ဘိုးဘိုး၊ ဘိုးဘိုးရဲ့ အမွေအနှစ်ကို ထိန်းသိမ်းမယ့်မြေးပါ ဘိုးဘိုးရဲ့"





"အေးအေး သာခု တစ်လုံးတည်းခေါ်ထားဦးမယ် ကျန်တဲ့သာခုတွေကို မောင်ထက်အောင်ဆီက ချီးမွမ်းစကားကို ကြားရမှဆက်ခေါ်မယ်ဆိုတာ မှတ်ထားလိုက် မိန်းကလေး"

"ဘိုးဘိုးကတော့လေ သာခုတောင် ခွျေတာရေးလုပ်တယ်"

ဘိုးဘိုးက ရယ်မောပြီး အိမ်ပေါ်က ဆင်းသွားတယ်။ အသက် ခုနစ်ဆယ်ကျော်လာပြီဖြစ်တဲ့ ဘိုးဘိုးဟာ လူရွယ်တစ်ဦးလို ဖျတ်လတ်နေတုန်းပါပဲ။ ကျွန်မက ဘိုးဘိုးမြေးခြောက်ယောက်ထဲမှာ ထူးခြားစွာပါလာတဲ့ မိန်းကလေးတစ်ဦးတည်းဆိုတော့ ဘိုးဘိုးကချစ်တာတော့ အမှန်ပဲ။

ကျွန်မလည်း ရှင်ပေးလိုက်တဲ့ သင်ခန်းစာခေါင်းစဉ်ကို လေ့လာရတယ်။

မေတ္တာဆိုတာ လေးစားအထင်ကြီးခြင်းက ပေါက်ဖွားလာတယ်လို့ တချို့ကဆိုကြတယ်။

ဟုတ်မဟုတ်တော့ ကျွန်မသေသေချာချာမသိသေးဘူး။

ဒါပေမယ့် ကျွန်မရင်ထဲမှာတော့ ရှင်ကျွန်မကို လုံးဝအဆင်မသေးစေ့ချင်တာတော့ သေချာတယ်ဦးထက်အောင်။

ဩော်ဖြစ်ရတယ်။ လူတစ်ယောက်ကို လမ်းလျှောက်လာပုံမြင်ရရုံ၊ တဒင်္ဂအတွင်း ကားတိုက်မိမလိုဖြစ်သွားလို့ တောင်းပန်လိုက်တဲ့ မိန်းမလှတစ်ဦးကိုတောင် အသိအမှတ်ပြုသော အကြည့်မျိုးလေးနဲ့ တဒင်္ဂကြည့်ဖော်မရဘဲနဲ့ . . . 'ကိစ္စမရှိပါဘူး'လို့ ပြောပြီး ချက်ချင်းပဲ လှမ်းထွက်သွားတဲ့ ခန့်ညားသော ရှင့်ရုပ်သွင်



www.burmeseclassic.com

www.burmeseclassic.com



ကို တဒင်္ဂအတွင်း မြင်လိုက်ရရုံနဲ့ ကျွန်မ ရှင့်ကို စိတ်ဝင်စားမိတယ်။

ဒါမထူးဆန်းဘူးလား ဦးထက်အောင်။

ရှင့်အတွက် မထူးဆန်းဘူး ဆိုချင်ဆိုမယ်။

ကျွန်မအတွက်တော့ ထူးဆန်းတယ်။ ဘာထူးဆန်းလဲ ဆိုရင်. .

ကျွန်မလေ ရှင့်ကို အမြဲတမ်းမြင်တွေ့ချင်လာတယ်

ကျွန်မဟာဆန္ဒကို ဖြစ်လာအောင် အကောင်အထည်ဖော်တတ်တဲ့ မိန်းမဖြစ်နေတယ်။

ကျွန်မရဲ့ဆန္ဒဟာ သည်နေ့ရှင်နဲ့တွေ့ဆုံပြီးတဲ့ အချိန်မှာ ပိုမိုပြင်းထန်လာတယ်။ အဲဒါ ဘာလဲဆိုတော့. .

ရှင့်ကို ကျွန်မလက်ထပ်ချင်တဲ့ ဆန္ဒပဲ။ လက်ထပ်ချင်တာကလည်းရှင့်ကို အမြဲတမ်း ပိုင်ဆိုင်နေချင်လို့ပါပဲ။







## အခန်း(၃)

"မောင်အောင်"

"ဗျာ မမ"

"ဆရာတွေ အစုံရပြီလား"

ကျုပ်ဘဝမှာ တွယ်တာရဆုံးဆိုလို့ ကျုပ်အစ်မကြီးတစ်ယောက်တည်းပဲ ရှိတော့တာ။ သူကတော့ အချက်အပြုတ် အချုပ်အလုပ်နဲ့ သူ့ဘဝကို မြှုပ်နှံထားတဲ့သူပဲ။

မမမေးမှ ကျုပ်ဆီကို နံနက်ကရောက်လာတဲ့ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



မြေးဆိုသူကို သတိရလိုက်မိတယ်။

ဇော်တော် လှပရဲတင်းသောမိန်းမပဲ။ ကျုပ်က လှပရဲတင်းသော မိန်းမကိုဆိုရင် သိပ်ကြောက်တယ်။ ဒါပေမယ့် ကံ့ကော်ဟာ ဆရာကြီးရဲ့မြေး ဖြစ်နေခြင်းဟာ ကျုပ်ရဲ့သည်းခံနိုင်စိတ်ကို မွေးဖွားယူလိုက်ခြင်းပဲ။

"ငါမေးနေတယ်လေ"

"ဩော် ရပါပြီ"

"ဆရာတွေပဲလား"

"မဟုတ်ပါဘူး ဆရာမနှစ်ယောက် ပါပါတယ်"

"ဟုတ်လား အင်္ဂလိပ်စာအတွက် လိုနေတယ်ဆိုတာကော"

"ရပြီ ဒီနေ့ပဲ ခန့်လိုက်တယ်"

မမကို ဖြေရင်းနဲ့ ကျုပ်မျက်စိထဲမှာ ကံ့ကော်ကိုမြင်လာတယ်၊ မဆိုးပါဘူး ဆရာကြီးရဲ့ ခြေရာကိုမနင်းနိုင်ပေမယ့် ခြေရာနောက်တော့လိုက်နိုင်မယ်ထင်တယ်။ အသင်အပြမဆိုးဘူး၊ စာသင်ခန်းကိုကြောက်တဲ့စိတ် လုံးဝမရှိဘူး။ သူမရဲ့ အသင်အပြထက် သူမရဲ့အလှကို တပည့်တွေက သဘောကျစွာငေးနေတာကို တွေ့ရတော့ ကျုပ်ပြုံးမိတယ်။

"ဘာပြုံးတာလဲ"

"ဩော် ကျွန်တော် ဆရာမကို မခန့်ချင်တာ မမသိပါတယ်နော်"

"အင်း သိသားပဲ၊ ဒေါ်စမ်းကြည်ကတော့ ထားပါတော့၊





ဆရာဦးတင့်နိုင်ရဲ့မိန်းမဖြစ်နေတယ်၊ ပြီးတော့ သမိုင်းအသင်အပြလဲကောင်းဆိုတော့ မင်းအတွက်က ဒေါ်စမ်းကြည်က ပြဿနာမဟုတ်ဘူး၊ ခုဆရာမက"

"သူလည်း ပြဿနာတော့ မဟုတ်ဘူးထင်တာပဲ မမရာ"

ကျုပ်ရင်ထဲမှာ လေးလံနေတဲ့အတိုင်းပဲ မမကို ခပ်လေးလေးပဲ ဖြေလိုက်မိတယ်။

"ဘာဖြစ်လို့ မင်းကအတပ်ပြောနိုင်ရတာလဲမောင်အောင်"

မမက မူလတန်းပြ ဆရာမဘဝကနေ ကျုပ်ရဲ့လက်ထောက်ဘဝကို ပြောင်းလာရတာ။ မမကဆယ်တန်းကို 'ခ'နဲ့ပဲအောင်ပြီး ရွာမှာ မူလတန်းပြဆရာမနဲ့ လုပ်သက်နှစ်ဆယ်လောက်လုပ်ပြီး ဆေးပင်စင်ယူခဲ့တယ်။ ပြီးတော့ ကျုပ်ရဲ့လုပ်ငန်းမှာ ကျောင်းသူဘော်ဒါဆောင် ကြီးကြပ်ရတဲ့ အဆောင်မှူးတာဝန်ကို ယူထားရသူဖြစ်တော့ ကျုပ်လုပ်ငန်းကိုလည်း သူ့လုပ်ငန်းအနေနဲ့ စိတ်ဝင်စားသူဖြစ်တယ်။

ဒါကြောင့် ကျုပ်ဟာသူ့မေးခွန်းတွေကိုစိတ်ရှည်လက်ရှည် ဖြေကြားပေးရတယ်။

"ဘာဖြစ်လို့လဲဆိုတော့ သူဟာ ဆရာကြီးဦးဘခိုင်မြေးဖြစ်နေလို့ပဲ"

"ဟင် ဟုတ်လား၊ ဆရာကြီးရဲ့မြေးတွေဟာ ဆရာကြီးနဲ့တစ်ယောက်မှ အတူမနေကြဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သူကတလောကမှ ဂျပန်ကပြန်ရောက်လာတဲ့ ဆရာကြီးနဲ့အတူလာနေပြီး ဆရာကြီးဆန္ဒအရ ကျွန်တော့် လုပ်ငန်းမှာ လာကူတဲ့သဘောဆိုတော့ ကျွန်တော်သူ့ကိုပဲ ပြိုင်ဘက်မရှိ ခန့်ရမှာပဲ"

"အသင်အပြကောင်းရင် ပြီးတာပဲ"

"အသင်အပြတော့ မဆိုးပါဘူး၊ ဒါပေမယ့် ဆိုးနေတာတစ်ခုတော့ရှိတယ်"

ကျုပ်စကားလွန်သွားပြီလို့ သိလိုက်ရပြီး စကားကို ရပ်လိုက်ပေမယ့် မရတော့ဘူး၊ မမအမေးကို ကျုပ်ဆက်ဖြေရတယ်။

"ဘာဆိုးလို့လဲ"

ကျုပ်မှုသားသုံးရတော့မယ်။ ဟုတ်တယ်။ မှုသားပါမှ လက်ာချောတော့မှာကိုး။ ဒါကြောင့်

"ဆိုးတာက နိုင်ငံခြားပြန်ပီပီ သိပ်ခေတ်ဆန်ပြီး ရဲတင်းလွန်းတာက ဆိုးတယ်"

မမက ပြုံးတယ်။ ပြီးတော့မှ. . .

"ဒါက အကြောင်းမဟုတ်ပါဘူး၊ မမနဲ့တွေ့တော့မှ မမကြည့်ပြောပါ့မယ်"

"ကျွန်တော့် စည်းကမ်းချက်တွေ သူ့ကိုပေးထားပြီးပါပြီး လျှပ်ပေါ်လော်လည်တဲ့ ဝတ်စားဆင်ယင်မှုမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မြန်မာဆန်တဲ့ အဝတ်အစားမျိုးကိုတော့ သူဝတ်မလာသေးဘူး"

ကျုပ်ပြောရင်း ကံ့ကော်ကို ပြေးမြင်မိတယ်။ လုံချည်အ





နက်ပြောင်နဲ့ ဘာသားမှန်းမသိတဲ့ အဖြူပေါ်မှာ အနက်ပွင့်ပါတဲ့ အစကို ခါးကျပ်အရှည်ချုပ်ထားတယ်။ ကိုယ်လုံးအလှက လှယဉ်ကျေးမယ်တွေနဲ့ နင်လားငါလားဆိုတော့ ကျုပ်တောင်သူမအလှကိုအသိအမှတ်ပြုမိရင် ကျောင်းသားတွေကတော့. . .

အင်း ကျုပ်တွေးမယ့်သာ တွေးရတယ်။ ရင်ဖုံးအင်္ကျီဆိုတာက ပိုပြီးတော့တောင်ကိုယ်လုံးအလှကို သိသာထင်ရှားစေတတ်တယ်။ ဒါပေမယ့် ကျက်သရေရှိတယ်။

လှပြီးသားသူက ဘာဝတ်ဝတ်လှနေမှာပဲ။

"ကလေးတွေက လက်ခံသလား"

"လက်ခံတယ် သဘောကျနေကြတယ်၊ ဒီအတွက် ကျောင်းသား ကျောင်းသူမပြောနဲ့ ကလေးတွေတောင်မှ ဆရာဆရာမဆိုရင် ငယ်ငယ်လှလှမှ ပိုသဘောကျကြတာ သဘာဝပဲ"

"အင်းလေ ကလေးတွေနားလည်သဘောပေါက်ဖို့က အရေးကြီးပါတယ်၊ မမနဲ့ဘယ်တော့ တွေ့ရမလဲ"

"ထုံးစံအတိုင်း ညဘက်စာကျက်ဝိုင်းအတွက်က သူလာပါလိမ့်မယ်"

"နာမည်ကကော"

"ကံ့ကော်တဲ့"

"ဩော်"

မမမျက်နှာပြင်၌ အရေးအကြောင်းတစ်မျိုး ဖြတ်သန်းသွားတယ်။

ကျုပ်သိတာပေါ့။ အဲသည်အရေးအကြောင်းက လာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီလား ပန်းနာမည်နဲ့ မိန်းကလေးဆိုတဲ့သဘော၊ ဟုတ်တယ်၊ ပန်းနာမည်နဲ့ မိန်းကလေးတစ်ဦးဟာ ကျုပ်အသည်းကို မွမွခြေသွားဖူးသလို နောက်ထပ်ပန်းနာမည်နဲ့ အမျိုးသမီးတစ်ဦးကလည်း ကျုပ်ရဲ့ကြေမွနေတဲ့ အသည်းကို ကောက်ယူဆက်ပေးတော့မယောင်ယောင်နဲ့ လွှင့်ပစ်ဖြန့်ကြဲတမ်းကစားသွားခဲ့ဖူးတယ်ဆိုတာ သိနေတဲ့မမက ကျုပ်အတွက် ရင်လေးသောအကြည့်နဲ့ ကြည့်လာတယ်။

ကျုပ်ပြောချင်လိုက်တာ။

ဒါပေမယ့် ပြောမထွက်ပါဘူး။

အလုပ်ကိစ္စကလွဲရင်၊ မလွှဲမကင်းသော စကားမျိုးကလွဲရင် မမနဲ့ကျုပ်လည်း အာလာပသလ္လာပ စကားပြောဖို့ အချိန်မပေးဖြစ်ကြဘူး။

ဒါကြောင့် ကျုပ်စကားကို ကျုပ် ရင်မှာပဲထားလိုက်ပါတယ်။

"ကျုပ်အတွက် မစိုးရိမ်ပါနဲ့ မမ၊ ကျုပ်မှာ ခံစားတတ်ဖို့ အသည်းမှမရှိတော့ပဲလို့"

တကယ်တမ်း နှုတ်ကတော့ . . .

"ကျွန်တော် ပြန်တော့မယ် မမ၊ ဘာလိုသေးသလဲ"

"မလိုပါဘူး၊ ထမင်းစားမသွားဘူးလား"

"ရတယ်၊ ဂေါ်ရာချက်တဲ့ ဟင်းနဲ့ပဲ လွေးတော့မယ်"

မမကို ရယ်စရာစကားဖြင့် နှုတ်ဆက်ခဲ့ပြီး ကျုပ်ပြန်ခဲ့တယ်။





ကျုပ်ရင်ထဲမှာ မမရဲ့ခံစားချက်ကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားတာ အမှန်ပဲ။

ပန်းအမည်နဲ့ မိန်းကလေးတွေ ကျုပ်ဘဝထဲ ဘာဖြစ်လို့ များရောက်လာတတ်ရတာလဲ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

ပြင်ဦးလွင်ကို ကျွန်မသိပ်သဘောကျလာတယ်။ ကျွန်မကားကို မောင်းရတာထက် စက်ဘီးစီးရတာကိုလည်း သဘောကျလာတယ်။

ဒါပေမယ့် အသားမည်းမှာကို ကျွန်မသေမလောက်ကြောက်တာမျိုး။ အဓိပ္ပာယ်တော့ မရှိဘူးပေါ့။ ဒါပေမယ့် ငယ်ငယ်ကတည်းက အသားဖြူတာကို သိပ်သဘောကျတတ်တဲ့ ကျွန်မဟာ ကိုယ်တိုင်လည်း အသားဖြူသလို အသားဖြူတဲ့ လူ





ကိုမှလည်း အပေါင်းအသင်းလုပ်တတ်လို့ ဘိုးဘိုးကတောင် . .

"ဒါလဲ ရောဂါတစ်မျိုးပဲ၊ ဟဲ့ . . . မယ်ဝေ၊ ညည်းသမီးဟာ ကိုလိုနီခေတ်တုန်းက ကြွင်းကျန်ခဲ့တဲ့ မျက်နှာဖြူရဲ့ဝိညာဉ်ကများ ဘဝပြောင်းလွဲလာသလား မသိဘူး၊ ဒီလိုသာဆိုရင် စိုးရိမ်စရာပဲ၊ တိုင်းပြည်ကို ပစ်သွားနိုင်တယ်"

လို့ဆိုတဲ့ ဘိုးဘိုးစကားကို ကျွန်မ မှတ်မိနေခဲ့သေးတယ်။

ဘိုးဘိုးက မသိသေးလို့ ပြောတာပါ။ ကျွန်မက တိုင်းပြည်ကိုချစ်လို့ ပြန်တောင်လာပြီ။ အသားညိုညိုနဲ့ အဘိုးသမီးရင်းစစ်စစ်ကြီး ကျွန်မမေမေ ဒေါ်ထားဝေ။ အဲ. . . ဘိုးဘိုးအခေါ်တော့ မယ်ဝေပေါ့။ သူကတောင် မြန်မာပြည်ကို ပြန်လာဖို့ စိတ်ကူးမရှိသေးဘူးလေ။ ကျွန်မကသာ ဇွတ်ပြန်လာတာ။

ဘွားဘွားကလည်း ဆုံးသွားပြီဆိုတော့ ဘိုးဘိုးတစ်ယောက်တည်း အထီးကျန် ဖြစ်နေတယ်။ ဘိုးဘိုးက ကျွန်မကို ပြန်လာစေချင်တယ်။ ဒါကြောင့် ကျွန်မပြန်လာခဲ့တာ။ ကျွန်မ ဘိုးဘိုးကို သိပ်ကျေးဇူးတင်သွားတယ်။

ဘာဖြစ်လို့လဲ . . . ရှင်သိသလား။

ကျွန်မဘဝမှာ ရင်ခုန်သံများစွာရှိခဲ့တယ်။ အဲသည် ရင်ခုန်သံစဉ်ထက် ထူးခြားချက်ရှိတဲ့ ရင်ခုန်သံကို ဖြစ်ပေါ်စေလို့ပဲ။

ကျွန်မအသားဖြူတဲ့သူတွေကို ချစ်တာမှန်ပေမယ့် လူဖြူကိုမချစ်ဘူး။

ယောက်ျားတန်မဲ့ အရှေ့တိုင်းသွေးပါလို့ ဖြူမှာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး။ အဲ . . . အနောက်တိုင်းသွေးနဲ့ နီစပ်စပ် ခပ်ကြမ်းကြမ်း အသားအရေမျိုးကိုလည်း မကြိုက်ဘူး။

ဒါပေမယ့် ကျွန်မ ရှင့်ကို ခိုးကြည့်လိုက်မိတယ်။

ရှင့်အသားအရေဟာ ဖြူတာထက် ဝါသလိုပဲ၊ ညက်နေတယ်။ ဖြူဆွတ်ဆွတ်လည်း မဟုတ်ဘူး၊ ဖြူညက်နေတာ။ သည်ကြားထဲ ရှင့်မျက်လုံးက နက်မှောင်နေတယ်။ သည်နက်မှောင်ထူထဲတဲ့ မျက်ခုံးလှလှကို အညိုရောင်မျက်မှန်ကြီးနဲ့ ရှင် ဖုံးကွယ်ဖို့ကြိုးစားပေမယ့် မှန်သားအောက်မှာ ထိုးထွက်လာတဲ့ ရှင့်မျက်ခုံးတစ်စွန်းတစ်စအောက်က ကြည်လင်တောက်ပပြီး စူးရှထက်မြက်တဲ့ ရှင့်မျက်လုံးဟာ သန့်စင်တယ်။

အဲ . . . သန့်စင်တာ ရိုးအသောမျက်လုံးကိုဆိုလိုတာ မဟုတ်ဘူးနော်။

ရှင် မအ,ဘူး၊ မနု,ဘူး၊ ပါးနပ်တယ်၊ ထက်မြက်တယ်။

ဒါကြောင့် 'အောင်' ပညာရေးဝန်ဆောင်မှုကို ရှင်အုပ်ချုပ်နေနိုင်တာပေါ့။

"ဒေါ်ကဲ့ကော်"

"ဩော် . . . ဆရာ"

ကျွန်မက ဆရာများ နားနေခန်းအတွက် ပေးထားတဲ့ ဆက်တီခုံမှာ ထိုင်ရင်း ကြိမ်လိုက်ကာနဲ့ အခန်းဖွဲ့ထားတဲ့ ရှင့်အခန်းမှာ ဘာစာတွေမှန်းမသိဘဲ စိတ်ဝင်စားစွာကြည့်တယ်။

အဲသည်မှာပဲ ကျွန်မကို စိတ်ဝင်စားနေပုံရတဲ့ ဆရာဦးခိုင်ဇော်က ကျွန်မထံ အကြောင်းမရှိ အကြောင်းရှာရောက်





လာတယ်။

"ကျွန်တော် ထိုင်မယ်နော်"

"ရပါတယ်၊ အများနဲ့သက်ဆိုင်တဲ့ နေရာပဲ၊ ကျွန်မကို ခွင့်တောင်းစရာ မလိုပါဘူး"

ကျွန်မသူ့ကို ပြန်ဖြေလိုက်တယ်။

ဒါကိုရှင်ကြားမှာပါ။

ဒါပေမယ့် ရှင်နဲ့မဆိုင်တဲ့အလား ရှင်လားလားမှ မလှုပ်ဘူး။ ခေါင်းမော့ကြည့်ဖော်တောင် မရဘူး။

"ဆရာမက ဂျပန်ကပြန်လာတာဆို"

"ဟုတ်ကဲ့"

ကျွန်မအပိုစကားပြောဖို့ကို ဝါသနာပါတဲ့လူမဟုတ်ဘူး။ ကျွန်မ မခင်မင်တဲ့လူဆိုရင် ကျွန်မရွှန်းရွှန်းဝေ စကားမပြောတတ်ဘူး။ လူမှုရေးအရ အလိုက်သင့်ပဲပြောတတ်တယ်။

"ဘာဖြစ်လို့လဲ ဆရာမ၊ ဟိုမှာ အဆင်မပြေဘူးလား"

"ပြေပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့ ပြန်လာရတာလဲ"

"မပျော်လို့ပါ"

"ဗျာ . . ဒီလောက်ခတ်မီ တိုးတက်နေတဲ့ နေရာမျိုးမှာ ဆရာမ မပျော်ဘူးဆိုတော့ ထူးဆန်းနေသလားလို့ပါ"

"ရှင်းပါတယ် ဆရာ၊ ကျွန်မကဗမာပဲ၊ ဂျပန်မှာ မပျော်တာသဘာဝကျပါတယ်၊ ဆရာလဲ ဆရာတစ်ယောက်ပါ၊ ကျွန်မ ရှင်းပြနေဖို့ မလိုပါဘူး၊ မြန်မာပြည်မှာမွေးတဲ့ကျွန်မ မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



မှာနေတာ သဘာဝကျပါတယ်၊ ဂျပန်မှာ မနေခြင်းကို ဆန်းစစ်ဖို့ မလိုဘူး ထင်ပါတယ်"

အလှပြင်ဆိုင်တစ်ဆိုင်မှာ ဝင်လုပ်ရင်း ငွေစုခဲ့တာ ရန်ကုန်မှာတိုက်ခန်းတစ်ခန်းနဲ့ ပြင်ဦးလွင်မှာ ခြံတစ်ခြံ ဝယ်ထားနိုင်ပြီ။ ယုံကြည်စိတ်ချရတဲ့ ကုမ္ပဏီတစ်ခုမှာလည်း ငွေအချို့တစ်ဝက် ရှယ်ယာဝင်ထားနိုင်ပြီဆိုတော့ ကျွန်မဘဝအတွက် မပူပင်ရတော့ဘူး။

ဒါတောင် ငါးနှစ်ခွဲလောက်တော့ရှိမယ်။

"ကျွန်တော်ကတော့ ငွေဆယ်သိန်းလောက် အလိမ်ခံရပြီးကတည်းက နိုင်ငံခြားသွားဖို့ကို အတော်လန့်သွားခဲ့တာ"

ဦးခိုင်ဇော်သည် ဓာတုဗေဒ ဘာသာ၌ အသင်အပြကောင်းသော ဆရာတစ်ဦးဖြစ်သည်။

"ခုခေတ်ကျူရှင်ဆရာတွေအတွက် ရွှေခေတ်ဖြစ်နေပြီပဲ ဆရာ၊ ကိုယ့်ပြည်မှာ ငွေရှာလည်း ရနေပြီပဲ၊ ကျွန်မက မိဘတွေ ခေါ်လို့သာ သွားရတာ၊ သိပ်စိတ်ပါလှတာ မဟုတ်ဘူး၊ ခုမှပဲ အသက်ဝဝရှူပြီး စိတ်လက်ပေါ့ပါး လွတ်လပ်သွားသလိုခံစားလိုက်ရတယ်၊ ကိုင်း. . ကျွန်မကို ခွင့်ပြုပါဦး၊ ကားလာပြီ ထင်တယ်"

"ကောင်းပါပြီ ဆရာမ"

ဘိုးဘိုး ကားသုံးစရာ ရှိသည်ဆိုသဖြင့် ဘိုးဘိုးတပည့်ကျော်ထံ ကားပေးခဲ့ရတယ်လေ။ ကျွန်မစာသင်ချိန်ပြီး နာရီဝက်ကျော်လောက်စောင့်ရတယ်။ အဲ့သည်နာရီဝက်စလုံး ကျွန်မလေ့





ကျင့်ခန်းစာအုပ်တွေ ဖျက်ရင်း ရှင့်ကိုလေ့လာနေတာ။ အရှင်းဆုံးပြောရရင် ခိုးကြည့်နေတာ။

"အံ့ဩစရာကောင်းအောင် ရှင့်နှလုံးသားတွေဟာ ကျောက်စိုင်ကျောက်ခဲလိုပဲ ခိုင်မာလှချည်လား"

ကျွန်မ ရှင့်ကို နှုတ်မဆက်တော့ဘူးလို့ ဆုံးဖြတ်ပြီးထလိုက်ချိန်မှာ. .

ရှင့်ရဲ့ပျူငှာ လှိုက်လှဲတဲ့အပြုံးနဲ့ သွက်လက်တဲ့ လှုပ်ရှားမှုဖော်ရွေတဲ့ ကြိုဆိုလှုပ်ရှားမှုကို ကျွန်မတွေ့လိုက်ရတယ်။

သိပ်အံ့ဩစရာတော့ မဟုတ်ပါဘူး။ ဘိုးဘိုးက ကျွန်မကိုကြိုရင်း ရှင့်ကိုပါဝင်တွေ့တာဆိုတော့. . .

"ထိုင်ပါဦး ဆရာကြီး"

"မောင့်ရုံးခန်းအဆင်အပြင်က မဆိုးပါဘူး၊ ဒါပေမယ့် အနုပညာ သိပ်မဆန်ဘူးကွ၊ ကုံကော်ကို ပြင်ခိုင်းပါလား"

"ဟုတ်ကဲ့ ကျွန်တော်က ဆရာမကို အားနာလို့ပါ"

ကြည့်စမ်း. . ဘိုးဘိုးကျတော့ တကယ့်သိုးငယ်လေးလိုပါပဲ။ နာခံတတ်သော ကျောင်းသားတစ်ဦးနှယ် ဆရာ့စကားနားထောင်နေပုံမှာ ခေါင်းလေးတညိတ်ညိတ်နဲ့၊ တကယ်တပည့်အလိမ္မာ။

စောစောကတော့ သုံးထောင်သောတော့ရဲ့ အစိုးရတဲ့ကေသရာဇာ ခြင်္သေ့မင်းနှယ် ခံ့ခံ့ထည်ထည်နှင့်။

"မောင်အားရင် အိမ်လာခဲ့ဦးကွ၊ ဆရာကြီးအိမ်လည်း ပြောင်းလဲနေပြီ၊ မင်းအစ်မလက်ရာတွေ အိမ်လာပို့ပေးနေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



အခု မလိုတော့ဘူး၊ မောင့်ကို ဆရာကြီးက ပြန်ကျွေးနိုင်ပြီကွ၊ ဒါထက် မောင်ဘယ်နေ့အားသလဲ"

"ဒုက္ခမရှာပါနဲ့ ဆရာကြီး၊ ကျွန်တော်. . ."

"ကျွန်တော်တွေ ဘာတွေလုပ်မနေနဲ့၊ ငါမှတ်မိပြီကွ၊ မောင့်ဆရာကြီးအိမ်ကို ပြီးခဲ့တဲ့အပတ် စနေနေ့က ရောက်တယ်၊ အဲဒီအချိန်. . . ကဲ့ကော် မိန်းကလေး"

"ရှင်"

"အားရဲ့လား"

"အားပါတယ် ဘိုးဘိုး"

တစ်ပတ်မှာ စာသင်ချိန် ဆယ့်နှစ်ချိန်တည်းရှိတဲ့ ကျွန်မအတွက် အချိန်အားတွေ သိပ်ရှိတာပေါ့။ အထူးသဖြင့် ရှင့်အတွက်ဆိုရင် ကျွန်မမှာ ဘာတာဝန်ပဲရှိနေရှိနေ အဆင်သင့် ဖြစ်စေရမှာပေါ့။

"ဒါဖြင့် မောင်လာခဲ့ရမယ်"

ရှင်က မချိပြုံးနဲ့ ခေါင်းညိတ်ပြီး. . .

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မိန်းကလေး ဘာစီစဉ်ပေးမယ်တော့ ငါလည်းကြိုမသိနိုင်သေးဘူး၊ ဒါပေမယ့် မောင့်ခံတွင်းတွေ့စေမယ်လို့တော့ အာမခံနိုင်ပါတယ် မောင်"

ဘိုးဘိုး အာမခံချက်ကောင်းတာနဲ့ ကျွန်မဦးနှောက်ခြောက်ရပြီ။

ရှင်ဘာကြိုက်တတ်သလဲ။





ကျွန်မသိပြီ။ သည်ည စာကျက်ဝိုင်းကို ကျွန်မသွားရမယ်။ ရှင့်အစ်မကြီး ဒေါ်နှင်းဖြူနဲ့ တွေ့ရင် ရှင့်အကြောင်းတွေ စုံစမ်းလိုက်ရုံပါပဲ။

"ပြန်တော့မယ် မောင်ထက်အောင်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဟုဆိုပြီး ဘိုးဘိုးကို ကားအထိလိုက်ပို့တယ်။

ဘိုးဘိုးထိုင်ဖို့ ရှေ့ခန်းတံခါးကို ဖွင့်ပေးပြီး တံခါးကို ကိုယ်တိုင်ပိတ်ပေးတယ်။

ကျွန်မကိုတော့ ရှင်မျက်တောင်မွေး တစ်ခတ်စာမျှ လောက်တောင် ယောင်ပြီးကြည့်ဖော်မရဘူးနော်။

ကျွန်မကားထဲဝင်ထိုင်ပြီး ကားထွက်လားတော့မှ ရှင် အိမ်ထဲ ပြန်ဝင်သွားတယ်။

သည်မှာပဲ ဘိုးဘိုးက. . .

"မိန်းကလေး . ."

"ရှင်. . ."

"မိန်းကလေးနဲ့ မောင်ထက်အောင် ရင်းရင်းနှီးနှီး မရှိပါလား"

"ရှိမလား ဘိုးဘိုးရဲ့၊ ဘိုးဘိုးတပည့်က ဝါတော်ရှစ်ဆယ်ရ မထေရ်သူမြတ်ထက်တောင် သိက္ခာတော်ကြီးမြတ်နေပုံရတယ်၊ မိန်းမဆိုရင် မျက်တော်တစ်ခတ် လျှပ်တစ်ပြက် ကြည့်ရမှာကို ငရဲကျတော့မယ့်အလား ရှိနေတာကိုး"

ကျွန်မစိတ်ထဲမှာ ချဉ်တူးတူးဖြစ်နေတဲ့ စကားတွေဘိုး



www.burmeseclassic.com

www.burmeseclassic.com



ဘိုးကို ပြောပြလိုက်မိတယ်။ ကျွန်မသိတယ်။ ကျွန်မစကားတွေဟာ ရှင့်နားဝကို ဘယ်နည်းနဲ့အဆို ပြန်ရောက်နိုင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ရှင်ဟာဘိုးဘိုးရဲ့ တပည့်သားမြေး အရင်းအချာ ဖြစ်နေတာကိုး။ ဘိုးဘိုးကလည်း အင်မတန်ပျော်ရွှင်တတ်တဲ့လူ ဖြစ်နေတော့ ရှင့်ကိုရယ်စရာ မောစရာအနေနဲ့ ပြောမှာပဲ။

"ဟား. . ဟား. . ဟား. . ဒါကိုမိန်းကလေးက မကျေနပ်ဘူးလား"

ဘိုးဘိုးက ပွင့်လင်းတယ်။ မြေးနဲ့အဘိုးကြားမှာ ဘာလို့ဝှက်ချက်မှ မရှိဘူး။

ပွင့်ပွင့်လင်းလင်းပဲ။

"အမြင်ကတ်တာ၊ ဒါကြောင့် သူမခေါ်ရင် ကိုယ်ကလည်း မခေါ်ပါဘူး၊ အရေးလုပ်လို့"

ကလေးဆန်ဆန်ပဲ ပြောလိုက်တယ်။ ဘိုးဘိုးနဲ့ဆိုရင် ကျွန်မဟာ ကလေးပေါက်စလေးပဲ မဟုတ်လား။

"ကောင်းတယ်၊ အရေးမလုပ်တော့ နားအေးတယ်၊ ပါးစပ်ညောင်းရ သက်သာတယ် မဟုတ်ဘူးလား"

ဘိုးဘိုးက ကျွန်မကို ကျီစယ်တယ်။

ကျွန်မက ဘာမှပြန် မပြောတော့ဘူး၊ သုန်သုန်မှုန်မှုန်ပဲ ငြိမ်နေလိုက်တယ်။

ဒါပေမယ့် ကျွန်မနားလည်လက်ခံထားတာက ရှင့်နဲ့ကျွန်မ နီးစပ်ဖို့အရေးမှာ ဘိုးဘိုးဟာ အရေးကြီးပုဂ္ဂိုလ်တစ်ဦး





ဆိုတာပဲ။

နောက်တစ်ဦး ရှိသေးတယ်။

သူကတော့. . .



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

"မမ. . . ဘာအရေးကြီးတဲ့ ကိစ္စရှိလို့လဲ"

မမဆီက ညကြီးသန်းခေါင် ဖုန်းဆက်တယ်ဆိုတော့ ကျုပ်ရုတ်တရက် စိုးရိမ်သွားမိတယ်။

ကျောင်းသူအစိတ်ကို အုပ်ချုပ်နေရတဲ့ မမဟာ ကျောင်းဖွင့်ပြီးတစ်ပတ်အတွင်း ဘာပြဿနာများဖြစ်သလဲလို့ ကျုပ်စိုးရိမ်တာပါ။

"မင်းဘယ်တော့ မမဆီလာမှာလဲ"





ကျုပ်အံ့သြသွားတယ်။

"ဗျာ. . . မမ"

"မင်းမလာချင်ရင်လဲ နေလို့ရပြီ"

"ဟင်. . ဘာဖြစ်လို့လဲ"

"မင်းဆရာမလေးက သိပ်တော်တာပဲ"

"မင်းဆရာမလေးက သိပ်တော်တာပဲ"

ကျုပ်နားထဲမှာ မရှင်းနိုင်အောင် ဖြစ်ရတယ်။

"ဘယ်ဆရာမလေးလဲ"

ကဲ့ကော်ကို ပြောလိမ့်မယ်လို့ ကျုပ်မှ မထင်ဘဲ။ စာ ကျက်ဝိုင်းအတွက် ငှားထားပေးတဲ့ ဂိုဒ်က ငါးဦးရှိသေးတယ်လေ။ သူတို့ကတော့ ဆယ်တန်းကို လေးဘာသာနဲ့ ဘာသာစုံဂုဏ်ထူး နဲ့ အောင်သွားတဲ့ ကျုပ်ရဲ့တပည့်ဟောင်းတွေပဲ။

သူတို့ တက္ကသိုလ်မတက်ခင်မှာ ကျုပ်ကို ပြန်ကူညီတဲ့ သဘောမျိုးလည်းဖြစ်တယ်။ ကျုပ်ကလည်း သူတို့ကို သုံးရက်ပဲ ကူညီစေပြီး လစာသဘောမထားနဲ့ ညည်းတို့အတွက် ဆရာက မုန့်ဖိုးဆိုပြီး တစ်လကို ငါးသောင်းစီ ပေးမယ်လို့ပြောခဲ့တယ်။ ကျေနပ်မှလုပ်ကြပေါ့။

သည်လိုနဲ့ပဲ 'အောင်' ပညာရေးဝန်ဆောင်မှု ဘော်ဒါ ဆောင်ဟာ သက်တမ်းသုံးနှစ်ကို ရောက်လာပြီ။

"မင်း ဟန်ဆောင်ကောင်းတယ် မောင်အောင်"

"ကျွန်တော် နားမလည်ပါဘူး၊ တကယ်နားမလည်တာ၊ ရှင်းရှင်းပြောစမ်းပါ မမရာ၊ မောင်နှမချင်း ဝေ့လည်ကြောင်ပတ်

www.burmeseclassic.com



လုပ်မနေပါနဲ့"

"အင်း.. မင်းနားမလည်ဘူးဆိုတော့လဲ ပြောရတာ ပေါ့၊ ဆရာကြီး ဦးဘခိုင်ရဲ့မြေး မင်းခန့်ထားတဲ့ ဆရာမလေး ဒေါ်ကုံကော်ကို ပြောတာ"

ကျုပ်ရင်ထဲ လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ ကျုပ်လည်း ယောကျ်ားပဲ။ ဆန့်ကျင်ဘက် မိန်းမတစ်ဦးအပေါ်မှာ အ အမှတ်မပြုဘဲ မနေနိုင်အောင် သူမကသိပ်လှနေလို့။

သွက်လက်ချက်ချာမှုကလည်းရှိတော့ သူမကိုကြည့် ရတာ ကုံကော်ပန်းလေးတစ်ပွင့် ငွားငွားစွင့်စွင့် ပွင့်လန်းပြီး လေ ယူရာ ယိမ်းနွဲ့ လှုပ်ခတ်နေသလိုပဲ ကြည့်ကောင်းတယ်။

"သူဘာတော်လို့လဲ"

"စောစောကမှ ပြန်သွားတာ"

ကျုပ်နာရီကို လှမ်းကြည့်လိုက်တော့ အံ့သြသွားရတယ် ဘာဖြစ်လို့လဲဆိုတော့ ဆယ့်နှစ်နာရီထိုးဖို့ ဆယ်မိနစ်ပဲ လိုတော့ တာကိုး။ တကယ်တော့ ကျုပ်သတ်မှတ်ပေးထားတဲ့ အချိန် ညနေခုနစ်နာရီ ကနေကိုးနာရီအထိပဲ။

"ကလေးတွေကို နားမလည်တာတွေကို ထပ်ရှင်းပြပေး ပြီးတာနဲ့ စာကျက်နည်းကိုပါ သင်ပေးသွားတယ်လေ၊ ပြီးတော့ မှပြန်သွားရှာတာ"

မမက အသက်လေးဆယ်ကျော် အပျိုကြီးဖြစ်သည် အားလျော်စွာ တော်ရုံလူကို စိတ်တိုင်းကျတတ်သည်မဟုတ် အစစအရာရာ သူ့ခြေသူ့လက်မှ သဘောကျတတ်သူဖြစ်





သူမထံမှ ရှားပါးသော ချီးမွမ်းချက်ကိုကျုပ် အံ့သြသွားသည်နှင့် အမျှ အောင့်အည်းသည့်ခံ နားထောင်ရတာတော့ အမှန်ပင်။

"မင်းပြောတာထက်ကို ပိုလှတယ်၊ အဲ..ကျက်သရေ ရှိတယ်ဆိုရင် ပိုမှန်မယ်၊ ရဲတင်းဖျတ်လတ်ပေမယ့် မကလက်ဘူး ဟဲ့"

"မမ တခြားဘာပြောစရာရှိသေးသလဲ"

ကျုပ်ရင်ထဲမှာ လက်မခံနိုင်တဲ့ စကားတွေကို ကျုပ် ဆက်လက် မကြားချင်တော့တာ အမှန်ပဲ။ ဒါကြောင့်မမကို ဟန့် တားလိုက်မိတယ်။ အချစ်ကို ကျုပ်တွန်းလှန်ထားမှု။

"ရှိတာပေါ့၊ ကလေးတွေက တီချယ် ညတိုင်း လာပေးပါ လို့တောင်းဆိုတယ်"

"ဘယ်ဖြစ်မလဲ၊ သူတို့ဂိုဒ်နဲ့ သူတို့ပဲ၊ သူကကြီးကြပ်ရုံ တင်ပဲ၊ ဒေါ်စမ်းကြည်နဲ့ တစ်လှည့်စီပဲ မရဘူး၊ စည်းကမ်းအ တိုင်းပဲလို့ ပြောလိုက်ပါလား၊ မမ မပြောလိုက်ဘူးလား"

"ဟဲ့..နော်၊ ဖြည်းဖြည်းပြောပါလား၊ တကတဲမှ၊ နောက်က ကျားလိုက်တဲ့အတိုင်းပဲ ငါနားလည်ပါတယ်၊ ဒေါ်စမ်း ကြည်က ဝိဇ္ဇာတွဲပဲရတာမဟုတ်လား၊ ပြီးတော့သူကအိမ်ထောင် သည်ဆိုတော့ ညပိုင်းသိပ်လာချင်ပုံ မရဘူး၊ ဒါနဲ့ ငါကဒေါ်စမ်း ကြည်နဲ့ ညှိယူလို့ အဆင်ပြေရင် မင်းကိုပြောလိုက်ပါလို့ ပြော လိုက်ပါတယ် မောင်အောင်ရယ်"

"အင်း"

ကျုပ်စိတ်ရှုပ်သွားတယ်။ ကျုပ်ရဲ့စည်းကမ်းကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



နာခဲ့သူချည်းပါပဲ၊ သူရောက်လာမှ ကျုပ်ရဲ့ စည်းကမ်းတွေ ရှောင်လွှဲရတော့မလိုလိုဖြစ်ရပြီ။ ဒါတော့ မဖြစ်နိုင်ဘူး။

"မလိုချင်ဘူး မမ"

"ဘာဖြစ်လို့ မင်းက သဘောမတူရတာလဲ"

"ဝိဇ္ဇာဘာသာလည်း အရေးကြီးတာပဲ၊ သိပ္ပံတွဲက ဂုဏ်ထူးရလွယ်ပေမယ့် လူမှုရေးဘာသာတွဲက ဂုဏ်ထူးရခက်ခဲတယ် ဆိုတာ ဆရာမတစ်ဦးအဖြစ် တာဝန်ယူနေတဲ့သူ နားလည်သင့်တယ်၊ သတ်မှတ်ထားတဲ့ အချိန်၊ သတ်မှတ်ထားတဲ့ ဘာသာကိုပဲ တာဝန်ယူပါလို့ မမ မပြောလိုက်ဘူးလား"

"မင်းဟာကလဲ"

"မမ နားမလည်ပါဘူး၊ ဒေါ်စမ်းကြည်ကိုလည်း ဘာမှ ညှိစရာမလိုဘူး၊ ကျွန်တော်ပြောတဲ့အတိုင်း ကျွန်တော်ပေးထားတဲ့ အချိန်ဇယားအတိုင်း ကျွန်တော်ကြည့်ခိုင်းတဲ့ သင်ခန်းစာအတိုင်းသာလုပ်ပါ၊ ဘာကိုမှ အပိုဆောင်ရွက်စရာ မလိုဘူးလို့ မမ ကြည့်ကောင်းအောင် ပြောထားလိုက်ပါ"

"ဟင်း. . . မင်းကတော့ တစ်ယူသန်ပဲ"

"တစ်ယူသန်မဟုတ်ဘူးမမ ကျွန်တော့် အတွေ့အကြုံအရ ကလေးတွေအတွက် အကောင်းဆုံး အစီအစဉ်ပါ၊ သူက အခုမှ ရောက်လာပြီး ပညာရေးလောကကို ဝင်လာတာဆိုတော့ ဘာမှ နားမလည်သေးဘူး၊ သူလည်း ကလေးသာသာပဲရှိသေးတာပဲ၊ ကိုင်းထားပါတော့ ၊ မမတခြားဘာပြောစရာ ရှိသေးသလဲ"





"မရှိတော့ဘူး၊ ဒါပဲ. . ဒါပဲ"

မမကျွဲမြီးတိုကာ ဖုန်းချသွားတယ်။ ကျုပ်ပြုံးမိတယ် မမ အပေါ် ဆရာမလုပ်ချင်ပါဘူး။ တကယ်တော့ မမဟာ အစ်မကြီး အမိအရာ ဝိသတဲ့လူပါ၊ မိဘပြီးရင် ကျေးဇူးအများဆုံးသော အစ်ဆိုတာ ကျုပ်အမြဲတမ်းနှလုံးသွင်းထားတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အလယ်တန်းကျောင်းသား အဝမှာပဲ မိဘနှစ်ပါးဟာ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားခဲ့တယ်။ အဲသည်အခါမှာ မမဟာ ရွာမူလတန်းကျောင်းမှာ မူလတန်းပြ ဆရာမ အလုပ်ကတစ်ဖက်နဲ့ မိဘလက်ငုတ်လက်ရင်း ဥယျာဉ် ကို တစ်ဖက်ကလည်း ဦးစီးရင်း ကျုပ်ကို ကျောင်းမထွက်စေဘဲ ကျောင်းဆက်ထားပေးခဲ့တာက အမိအဘွဲ့ရတဲ့အထိပဲ ဆိုပါတော့။

ဒါကြောင့် ကျုပ်ဟာ မမအပေါ် အစ်မတစ်ဦးထက် မိခင်တစ်ဦးလို လေးစားချစ်ခင်ခဲ့ရတာ။

မမသိပ်သဘောကောင်းတယ်ဆိုတာ ကျုပ်သိတယ်၊ ကံ့ကော်က မမကို ၊ အရုပ်လေးလို ကြိုးဆွဲကစားသွားမှာကို ကျုပ်မြင်ယောင်မိတော့ ကျုပ်စိတ်မကောင်းဘူး။

ဒါကြောင့် ကျုပ်စကားတွေဟာ မမကိုပြောလိုက်တာ ထက်ကံ့ကော်ကို ပြောလိုက်တာဆိုတော့ ကျုပ်အသံမာထန်သွားတယ်ထင်တယ်။

ဒါကြောင့် ကျုပ်ဖုန်းဆက်လိုက်တယ်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"မမ. . . ကျွန်တော်ပါ"

"ဘာလဲ၊ ဘာမကျေနပ်တာတွေ ရှိသေးလို့လဲ"

"မဟုတ်ပါဘူး မမ၊ ကျွန်တော်ပြောတာတွေ နားလည်ရဲ့လားလို့ပါ"

"အေး . . . အေး. . နားမလည်တာ နားလည်တာ ထက်မင်း အကောင်းဆုံး လုပ်မယ်လို့ ငါယုံကြည်တယ်"

"မဟုတ်သေးပါဘူး၊ မမနားလည်ဖို့လိုတာပါ၊ ကျွန်တော်ပြောတာက သိပ္ပံဘာသာတွဲဟာ ဂုဏ်ထူးရလွယ်တယ်၊ ဝိဇ္ဇာဘာသာတွဲဟာ ဂုဏ်ထူးရဖို့ မလွယ်ဘူး၊ အမှတ်ကောင်းကောင်းဖို့ရဖို့ကို အတော်ကြိုးစားရတာဆိုတော့ စာကျက်တဲ့နေရာမှာ ဝိဇ္ဇာဘာသာတွဲအတွက်လည်း အချိန်ပေးရလိမ့်မယ်၊ ဒီတော့ ဝိဇ္ဇာဘာသာပြ ဒေါ်စမ်းကြည်ကိုလဲ တာဝန်ပေးထားရမှာပဲ မမ၊ ဒါကို ကျွန်တော်ပြောတာပါ"

"အေးလေ. . ကိုကော်ဟာ ဝိဇ္ဇာဘာသာတွဲကို ပြပေးနိုင်လို့ ငါကပြောတာပါ၊ အကြည်ကလည်း ငါ့သူငယ်ချင်းပဲဟာ သူ့အခက်အခဲကိုလည်း ငါကသိနေတော့ ပြောတာပါ၊ ကလေးလေးယောက်အမေတစ်ယောက်ဟာ ညဘက်အတွက် အချိန်ကို ခဲရာခဲဆစ်ပေးရတယ်ဆိုတာကို မင်းကသိမှာမဟုတ်ဘူးထားပါတော့လေ ငါက ဆင်ခြေပေးနေသလိုဖြစ်နေတယ်၊ မင်းကမမထက် ပညာအများကြီးတတ်တာပဲ၊ မင်းပိုနားလည်မှာပါမင်းသဘောပဲ"

ဂျလောက်. . .





"မမ. . မမ. . နေပါဦး"

ကျုပ်တုန်လှုပ်သွားရတယ်။ ပြီးတော့ ရင်ထဲမှာ နင့်ခနဲဖြစ်သွားတာ ကျုပ်ဘယ်စိတ်ကောင်းနိုင်မလဲ။ သည်ပညာတွေဟာ မမပေးထားတဲ့ ပညာတွေ။ မမက အနစ်နာခံပြီး ပေးထားတဲ့ ပညာဆိုတာ ကျုပ်သိပ်ကိုသိရှိနားလည်ပါတယ်။

မမဟာ 'ခ' အဆင့်နဲ့ ဆယ်တန်းအောင်ပြီး ဆရာမဝင်လုပ်တဲ့နှစ်မှာ ဖေဖေနဲ့ မေမေဆုံးပါးသွားတာ။ မမက ဥယာဉ်ကိုမင်းပဲ ဦးစီးတော့ ဆိုရင်လည်း ဆယ့်ခြောက်နှစ်သား ကျုပ်ကကျောင်းထွက်ပြီး လုပ်ရတော့မှာပဲ။

ဒါပေမယ့် မမကလုံးဝမလုပ်ခိုင်းခဲ့ပါဘူး။ အလုပ်နှစ်ခုအပြင် လူမှုရေးတာဝန်တွေကိုပါ ထမ်းဆောင်ရသေးတာဆိုတော့သည်ကြားထဲ ဆယ်တန်းဖြေတော့ ဘယ်လိုလုပ်အောင်နိုင်ပါ့မလဲ။

ကျုပ်နားလည်ပါတယ်။

သည်ကြားထဲ အချစ်ရေးကိုလည်း ကျုပ်ကိုငဲ့ရင်းနဲ့ ချစ်ဦးသူနဲ့ လွဲခဲ့ရတဲ့ အဖြစ်ကိုလည်း ကျုပ်သိပဲ။

မမကျုပ်အပေါ်မှာ အမြင်မကြည်လင်တာကိုကျုပ်လက်မခံနိုင်ဘူး။ ဒါကြောင့် နံနက်အစောကြီး မမဆီကို သွားဖို့ကျုပ်ဆုံးဖြစ်လိုက်တယ်။

ဒါမှ ကျုပ်အိပ်ပျော်မှာကိုး။ တစ်ဆက်တည်း ကျုပ်ကိုကော်နဲ့ မမကြည်ကို တွေ့ဆုံမေးမြန်းဖို့လည်း ဆုံးဖြတ်ချက်ချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ။ အင်္ဂလိပ်စာအဓိကနဲ့ ကျောင်းပြီးခဲ့တဲ့ ကျုပ်ဟာ ဝိဇ္ဇာဘာသာတွဲက စီးပွားရေး ဘာသာရပ်ကိုတောင် သင်ပေးနေရသေးတာ၊ ကိုကော်ကလည်း. . .

ကျုပ်သက်ပြင်းချလိုက်မိတယ်။

အင်းလေတံမြက်စည်း အသစ်ကလေးဆိုတော့ လှည်းကောင်းနေပေဦးမယ်ပေါ့။ နောက်မှ. .

ခုမှသတိရတယ်။ နက်ဖြန် ဆရာကြီးဆီကို သွားတွေ့ရဦးမှာပဲ။

ဘာတွေ ဝယ်သွားရရင်ကောင်းမလဲ။







# အခန်း(၆)

"ရှားရှားပါးပါးရထားတဲ့ ငါးနဲ့ ထမင်းချဉ်လုပ်ရတယ်။ ဂျူးမြစ်ကလည်းသန့်စွမ်း လတ်လတ်ဆတ်ဆတ်ဆိုတော့ ကျွန်မ စဉ်းစားလို့ရတာ သည်တစ်ခုပဲရှိတယ်။

ရှင်က သီပေါဇာတိဆိုတော့ ရှင်ဟာ ရှမ်းနွယ်ဖွားပဲ။ ဘယ်နည်းနဲ့မဆို ရှမ်းအစားအစာကို ကြိုက်မယ်လေ၊ ဒါကြောင့် ကျွန်မသည်အစားအစာကိုပဲ ရွေးချယ်လိုက်တာ။

ဒါတွေကို. . .



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကတော့ သိမှာမဟုတ်ဘူး။

မိန်းမတွေရဲ့ အချစ်ဟာ နက်ရှိုင်းတယ်၊ ချစ်မိပြီဆိုရင် အရာရာကို ပေးဆပ်နိုင်စွမ်းအားဟာ ယောကျာ်းတွေထက်ပို တယ်။

ထင်မယ်။

ဒါတွေဟာ အသေးအမွှားလေးတွေပါလို့။

ဟုတ်နိုင်ပါ့မလား။

လူဘဝမှာ ဘယ်အရာဟာ အရေးကြီးဆုံးလဲ။

လူသားတွေ အသက်ရှင်နေထိုင်ရေးမှာ 'စားရေး'ဟာ အဓိကမဟုတ်လား။

ချစ်မိသူအတွက် ခံတွင်းလိုက်ပြီး အာဟာရ ဖြစ်စေဖို့ ကြိုးစားချက်ပြုတ်တတ်တဲ့ မိန်းမသားတွေရဲ့ စေတနာကို ကျွန်မ သဘောပေါက် နားလည်တတ်လာပြီ။

ရှင်ကျွန်မကိုမြင်ရင် ထမင်းမှ စားရက်ပါမလား မသိဘူး

အဟင်း ဟင်း ရှင်ကတော့ စားရက်မှာပါ။ ဘာဖြစ်လို့ လဲဆိုတော့ ရှင့်မှာ ကျွန်မနဲ့ ပတ်သတ်ပြီး ဘာခံစားချက်မှ မရှိတဲ့ သူဆိုတော့ ရှင်နဲ့ တစ်ပတ်အကြာ အလုပ်လုပ်ပြီးတဲ့ ကျွန်မသိ နေပြီပဲ။

မီးဖိုချောင်ဒီဇိုင်းက ချွေးတစ်လုံးလုံးနဲ့ အညော်တလုံး လုံးနဲ့ ဘယ်အရာမဆို ကျွန်မကိုယ်တိုင်လုပ်တယ်။ ငရုတ်သီး ခြောက်ကို ကြွပ်ကြွပ်ကလေးကြော်တာက အစပေါ့။

ကူဖော်ယောင်ဖက်အဖြစ် ကျွန်မရောက်ပြီးမှ ခေါ်ထား





တဲ့ နန်းညိုလေးကလည်းကူရှာပါတယ်။

သူကဘိုးဘိုးရဲ့ မက်မန်းခြံထဲက အလုပ်သမားတစ်ဦးရဲ့ မြေးပဲ။ ပညာမတတ်ရှာဘူး။ ဒါကို အခုမှသိရလို့ ဘိုးဘိုးနဲ့ ကျွန် မက မက်မန်းခြံထဲက ပညာမတတ်တဲ့ အလုပ်သမား သားသမီး တွေကို ကိုယ့်ခြံထဲမှာမှ မဟုတ်ပါဘူးလေ၊ ပတ်ဝန်းကျင်ခြံက ရှိရှိသမျှသော စာမတတ်သူတွေကို ညဘက်အသုံးလုံးအနေနဲ့ သင်ကြားပေးဖို့ ဆုံးဖြတ်ကြတယ်။ သည်ဆုံးဖြတ်ချက်က နံနက် လက်ဖက်ရည်ပွဲမှာ မြေးအဘိုးနှစ်ယောက်ရဲ့ ဆုံးဖြတ်ချက်ပဲ။

ဘိုးဘိုးက စာမတတ်သူ စာရင်းကောက်ဖို့ ကားယူပြီး ထွက်သွားတယ်လေ။

အသက်ခုနစ်ဆယ်ပြည့်ပြီးတဲ့ဘိုးဘိုးဟာ ခုချိန်အထိ တော့စိတ်သွားတိုင်း ကိုယ်ပါနေတုန်းပဲ။

"နန်းညို"

"ရှန်း. . လေးလေး"

"ဟင်းချိုအိုးတည်ထားခဲ့ပြီး ဘာမှမလုပ်နဲ့၊ လာမှ အခတ်ထည့်မယ်"

အားလုံးကို ထမင်းစား စားပွဲရှည်ကြီးပေါ်မှာ စားချင်စ ဖွယ်ပြင်ဆင်ပြီးပြီ။

"ဪ နန်းညို၊ သုံးဆင့်ချိုင့်တစ်လုံးဆေးပြီး ရေသုတ် ထားလိုက်ဦး"

"ဟုတ်ကဲ့ရှင့်"

ချက်ပြုတ်ပြီးရုံနဲ့ မပြီးသေးဘူး၊ တစ်ကိုယ်ရေ သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရေနဲ့ မိန်းမသားရဲ့ ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်တဲ့ လှပခြင်းဖြစ်ဖို့ကလည်း အရေးကြီးသေးတယ်လေ။

အလှအပကို မမက်မောတဲ့သူဟာ ခပ်ရှားရှားပါ။ အဲ အလှအပကို မမက်မောဘူးဆိုသူဟာ မမြင်တတ်လို့ရင်လည်း ဖြစ်မယ်၊ ဒါမှအဟုတ် တမင်လိမ်ညာနေတာရင်လည်းဖြစ်မယ်။

ဘာပဲဖြစ်ဖြစ် မိန်းမဆိုတော့ သေသပ်လှပနေခြင်းဟာ ကျက်သရေရှိခြင်းကိုတော့ ဖော်ဆောင်တယ်လို့ ကျွန်မယူဆတယ်။

ကျွန်မတို့ ငယ်ငယ်ကတည်းက ဘိုးဘိုးက ဆံပင်ရှည်ထားခိုင်းတယ်။ ဆံပင်ကို တယုတယ မွေးမြူတတ်တဲ့ အလေ့ကျွန်မမှာရှိတော့ ကျွန်မဆံပင်ဟာ ပျော့ပျောင်းပြီး နက်မှောင်ရှည်လျားနေတယ်သိလား။ သည်ဆံပင်ကို ခေတ်နဲ့အညီကျောက်ဘက်မှာ လွတ်လပ်စွာ ချထားတတ်တာကျွန်မရဲ့ အလေ့အထပဲ။

များသောအားဖြင့် ယောက်ျားတော်တော်များများဟာ မိန်းမတွေကို ဆံပင်ရှည်ထားတာ သဘောကျတယ်။ အဲသည် ယောက်ျားတွေထဲ ရှင်ပါသလား၊ မပါဘူးလားဆိုတာကိုတော့ ကျွန်မ မသိဘူးပေါ့။ အဲ. . ကျွန်မ ဆံပင်ရှည်ထားရတာကလည်း ယောက်ျားလေးတွေ စိတ်ဝင်စားဖို့ ကြိုက်ဖို့မဟုတ်ဘူးနော်။

ယောက်ျားတော်တော်များများရဲ့ စိတ်ဝင်စားမှုကိုခံယူရခြင်းအပေါ်မှာ ဂုဏ်ယူတတ်တဲ့ မိန်းမစားထဲ ကျွန်မမပါဘူး။

ကျွန်မကလည်း နယောက်ျားတွေကို စိတ်ဝင်စားတတ်တဲ့





မိန်းမ မဟုတ်ဘူး။ အဲ ယောက်ျားတစ်ဦးတည်းကိုသာ စိတ်ဝင်စားနေတဲ့မိန်းမ ဖြစ်နေပြီဆိုတာ သေချာတယ် ဦးထက်အောင်။

ကားသံကြားလိုက်ရတယ်ဆိုရင်ပဲ ဘိုးဘိုးကားသံမဟုတ်မှန်း ကျွန်မသိတယ်။ သည်လိုဆိုရင် ရှင်ပဲပေါ့။

ကျွန်မချက်ချင်းပဲ ဆင်းလာခဲ့တယ်။

ဧည့်ခန်းအဝမှာ ရပ်နေတဲ့ ရှင့်ကို ကျွန်မက လှမ်းမပြောဘဲနဲ့ လှေကားထစ်တွေကို ဆုံးအောင်ဆင်းလာခဲ့တယ်။

ရှင်ကလည်း ကျွန်မကိုမြင်မှာပါ။ ဒါပေမယ့် လှမ်းမကြည့်ဘဲ အေးဆေးစွာရပ်နေတယ်။ ရှင့်အကြည့်ဟာ နံရံပေါ်က ပန်းချီကားချပ်ဆီကို ရောက်နေတယ်။

ကျွန်မက ရှင့်အနီးကို ရောက်မှ. . .

"ထိုင်ပါ ဦးထက်အောင်"

ရှင်က အေးဆေးစွာ ဝင်ထိုင်ပြီးမှ. . .

"ဆရာကြီးကော ဒေါ်ကံ့ကော်"

"အပြင်သွားပါတယ်"

ရှင်ဟာ ဘိုးဘိုးမရှိခြင်းအတွက် ကျေနပ်နေပုံပဲ။

"ဘိုးဘိုးက ထမင်းစားအမီ ပြန်လာမယ်လို့ ပြောသွားတယ်၊ ရှင်နဲ့ချိန်းထားတာကိုလည်း သူသတိရပါတယ်"

"ကျွန်တော် ဆယ့်နှစ်နာရီမှာ စာသင်ချိန်ရှိနေတယ်"

"ဟုတ်ကဲ့ ကျွန်မတို့ နာရီဝက်လောက်တော့ စောင့်တာပေါ့၊ အဲဒီအချိန်မှာ ပြန်မလာရင်တော့ စားနှင့်ကြတာပေါ့"

ရှင်က ကျွန်မကို ဖျတ်ခနဲ ကြည့်တယ်။ ပြီးတော့. .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ပြန်မလာရင် ကျွန်တော် မစားတော့ဘူး၊ ကျွန်တော်လာတာ ဆရာကြီးနဲ့ တွေ့ဆုံစကားပြောဖို့သာ အဓိက ပါ"

ရှင်ဟာ တစ်ဖက်သားကို အားနာရကောင်းမှန်း မသိတဲ့ လူပဲ။

တကယ်ဆို ရှင့်စကားဟာ ကျွန်မကိုအားနာဖို့ကောင်းတဲ့စကားပဲ။ ရှင်စားဖို့ ကျွန်မက ချက်ပြုတ်ထားတဲ့ဟာကို ဥပေက္ခာပြုလိုက်တဲ့အတွက် စော်ကားရာရောက်စေတယ်ဆိုတာ ရှင် မသိဘူးလား။

"ကောင်းပြီလေ ရှင့်သဘောပါပဲ၊ ဒါပေမယ့် ရှင့်ကိုလမ်းကြုံအနေနဲ့တော့ မမဆီကိုတော့ ချိုင့်တစ်ချိုင့် လူကြုံပါးလိုက်ပါရစေ၊ အပန်းမကြီးပါဘူးနော်"

"ကောင်းပြီ၊ ကျွန်တော် ယူသွားပေးပါ့မယ်"

ကျွန်မဟာ မိန်းမသားပဲ။ ရင်ထဲက ရှင့်ကို အရူးအမူး တစ်ဖက်သတ် စွဲလမ်းနေတဲ့တိုင်အောင် ကျွန်မရဲ့ ဆန္ဒကို ထုတ်ဖော်လိမ့်မယ်မဟုတ်ဘူး။

ဒါပေမယ့် အချစ်နဲ့ စစ်မှာ တရားတယ် မတရားတယ် မရှိဘူးဆိုတော့ ကျွန်မရဲ့ကြိုးပမ်းမှုဟာ မိန်းမသိက္ခာကို တော့ မကျဆင်းဘဲ အချစ်ကို ရယူနိုင်အောင်ကြိုးပမ်းမှာပဲ။

ရှင် ကမ်းလင့်လာမယ့် လက်ကိုကျွန်မကချိတ်ဆွဲမှာ။ ရှင့်ကို ကျွန်မကလက်ကမ်းမှာ မဟုတ်ဘူး။

"ဒါထက် ဆရာမ Night Studyမှာ ခြောက်ရက်စလုံး





တာဝန်ယူချင်တယ်လို့ မမကို ပြောသွားတယ်လို့ ကျွန်တော်သိရပါတယ်"

စကားပြောပုံက စာသံပေသံနဲ့။ ကျွန်မသာ ချာတိတ်ဘဝဆိုရင် ဟားတိုက်ပြီး ရယ်လိုက်မိမှာ အမှန်ပဲ။

ခုတော့. . . .

"ဟုတ်ကဲ့၊ ဒေါ်စမ်းကြည်ကလည်း ညဘက် အခက်အခဲကို ညည်းတွားဖူးလို့ ကျွန်မက ပြေလည်ပါစေတော့လို့ ဦးဆက်အောင်ခွင့်ပြုရင် ကူညီမယ်လို့တော့ ပြောလိုက်မိပါတယ်၊ ဒါပေမယ့် အခုတစ်မျိုးဖြစ်သွားပြီ"

ခုတစ်မျိုး တော်ကြာတစ်မျိုး ကျွန်မကို အပြောင်းအလဲမြန်သော မိန်းမအဖြစ် ရှင် အထင်သေးကောင်း သေးပေလိမ့်မယ်။

ရှင့်သဘောကို ကျွန်မ အကဲမခတ်တတ်ဘူး။ ဒါပေမယ့် ရှင့်ရဲ့ မျက်လွှာပင့်အကြည့်က ကျွန်မကို မေးခွန်းထုတ်တဲ့အကြည့်။

"ခြံထဲမှာရော တောင်ယာတောဘက်မှာပါ ကလေးဆော်တော်များများ စာမတတ်ကြဘူးဆိုတာ မနေ့ကမှသိရတယ် ဒါနဲ့ ဒီနေ့အားချင်းပဲ ဘိုးဘိုးက ကျွန်မကို အားတဲ့အချိန်တွေ အဲ. . . သူတို့လည်းအား၊ ကျွန်မလည်း အားတဲ့အချိန်ပေါ့၊ အဲဒီအတွက် အချိန်ဇယား သတ်မှတ်ချက်တော့ မရှိဘူး၊ သူတို့ကို အ-သုံးလုံး အနေနဲ့ အရေးအဖတ်အတွက် သင်ပေးရမယ်လို့ တာဝန်ပေးရင်း ဒီကိစ္စအတွက် ဘိုးဘိုးခုသွားနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဟုတ်သားပဲ၊ ဒီအချက်ကို ကျွန်တော် မေ့နေ တယ်၊ ဟုတ်တယ်၊ ကျွန်တော်တို့ ဇာတိမှာလည်း ဒီလိုပဲ၊ ဒ ကြောင့် ရန်ကုန်ဘုန်းကြီးကျောင်း စာသင်တိုက်တစ်ခုကို အဖေ အမေက ပို့ပေးခဲ့လို့ ကျွန်တော်စာတတ်ခဲ့ရတာ။ ဒီတော့ ဆရာ အတွက် ကျွန်တော်ဘာကူညီပေးရမလဲ။ ဆရာမရဲ့ အချိန်စ ရင်းတွေကို မနက်ပိုင်း အကုန်ရွှေ့ပေးရမလား"

သည်လိုဆိုတော့လည်း ရှင်ဟာ မဆိုးပါဘူး။ ဘဝင် လည်းမမြှင့်တတ်ဘူး။ စေတနာလည်း ကောင်းပုံပဲ။ ကျွန်မ အပေါ် စကားရှည်ရှည်ဝေးဝေးနဲ့ တုံ့ပြန်လာတာကို ကျွန်မကျေ နပ်ရပြီ။

"ကိစ္စမရှိပါဘူး၊ ဒေါ်စမ်းကြည်ကိုလည်း ကျွန်မဘာမှ ဖွင့် မပြောရသေးတဲ့အတွက် ဒီအတိုင်းပဲ ထားလိုက်ပါ၊ ကျွန်မ အောင်မှာ Night Studyဝင်နေတဲ့ အချိန်မျိုးမှာတော့ ဘိုးဘိုး သွားသင်ပေး မယ်ထင်တယ်"

"တစ်ဆိတ်ကျေးဇူးပြုပြီး ဆရာကြီးကိုတော့ တာဝန် မယူပါစေနဲ့၊ ကျွန်တော် ညနေဘက်ပိုင်းမှာ တာဝန်ယူပေးပ မယ်"

"ဒါကတော့ ဘိုးဘိုးပြောလေ"

ကျွန်မရင်ထဲ အမည်မဖော်နိုင်တဲ့ ဝေဒနာ ဖြစ်ထွန်း လာတယ်။ ကျွန်မ မြန်မာပြည်ကိုပြန်လာရကျိုးနပ်ပြီ ထင်ပါတယ် 'ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးအတွက် အလုပ်လုပ်သင့်တယ်၊ သည် အလုပ်ဟာ ကိုယ့်အသိတရားနဲ့ ယှဉ်ပြီး နှလုံးသားကစေခိုင်း





စေတဲ့ အလုပ်မျိုးကို မည်သူကမှ တာဝန်ပေးအပ် စရာမလိုဘဲ လုပ်တာမျိုး'။ 'လူမှုရေးရဲ့ အသိတရားတစ်ခုပေါ့'။

"ဟော. . . ကားသံကြားတယ်၊ ဘိုးဘိုးလာပြီထင် တယ်"

ရှင့်မျက်နှာဟာ ကြည်လင်ဝင်းပသွားတယ်။ ကျွန်မ လည်းပျော်သွားတယ်။ ဒါကြောင့် ကျွန်မမျက်နှာမှာလည်းပြုံးရိပ် သွက်သန်းသွားမယ်လို့ ကျွန်မသိနေပါတယ်။

ရှင်ရော ကျွန်မရော တစ်ပြိုင်နက် ထလိုက်တယ်။

ရှင်က ဘိုးဘိုးကိုကြိုဖို့လို့ ကျွန်မသိတယ်။ ဒါကြောင့်

"ဘိုးဘိုးခေါ်ပြီး ထမင်းစားခန်းကိုသာ တစ်ခါတည်း ကြွခဲ့ပါ ဦးထက်အောင်"

ကျွန်မက သူ့အားပြောလိုက်ပြီး ထမင်းစားခန်းဘက်ကို ဦးတည်လိုက်တယ်။

သည်မှာပဲ ကျွန်မရဲ့ ပင်ပန်းမှုတို့ အရာရောက်သွားခြင်း အတွက် ကျွန်မသိပ်ကို ပီတိဖြစ်ရတယ်။

"မိန်းကလေးရေ၊ ဘိုးဘိုးတော့ အတော့်ကို စိတ်မ ကောင်းဖြစ်သွားတယ်၊ မောလည်း အတော်မောလာတယ်၊ ကိုင်း. . ဘိုးဘိုးကို နယ်ပေးပေတော့"

ဘိုးဘိုးကနန်းညိုချပေးတဲ့ ကြာဆံဟင်းခါးကို ခပ် သောက်ရင်း ပြောလိုက်တယ်။

"မောင်အောင်ရေ၊ ငါးထမင်းချဉ်ကွယ်၊ ကြိုက်ရဲ့လား"

"သိပ်ကြိုက်ပါတယ်၊ ကျွန်တော်တို့ ငယ်စဉ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ငါးရှားတဲ့ အရပ်ဆိုတော့ ခရမ်းချဉ်သီး ထမင်းချဉ်ပဲ စားခဲ့ရတာကို မမေ့ပါဘူး၊ ခုလည်း သက်သက်လွတ်နေ့ဆိုရင် မမက ခရမ်းချဉ်သီး ထမင်းချဉ်ကို လုပ်ပေးနေတုန်းပါပဲ"

"ရပြီ၊ ဘိုးဘိုး မြည်းကြည့်ပါဦး"

"ရပါတယ် ငါမြေးလက်ရာဆိုရင် တစ်ခါပြင်ပါပဲ၊ မောင်အောင်ကိုလည်း ပြင်ပေးလိုက်ပါဦး"

"ရပါတယ်"

"ရပါတယ်မလုပ်နဲ့၊ မိန်းကလေးကို ကိုယ့်ညီမလိုပဲ သဘောထားစောင့်ရှောက်ပါ မောင်အောင်၊ ပြောစရာရှိရင်လည်း အားမနာနဲ့၊ ပြောဆိုဆုံးမနိုင်တယ်၊ သူကတစ်ဦးတည်းသော သမီးလည်းဖြစ်၊ ဆရာကြီးမြေးခြောက်ယောက်ထဲမှာ တစ်ဦးတည်းသော မိန်းကလေးလည်းဖြစ်ဆိုတော့ နည်းနည်းတော့ ထောင့်မကျိုးချင်ဘူး၊ ဆိုးချင်တယ်"

ကျွန်မကဘိုးဘိုးပြောနေတာ ကျွန်မကို မဟုတ်တဲ့အတိုင်းပဲ မာကျောကျောနဲ့ ရှင့်အတွက် ငါးထမင်းချဉ်ကို အစပ်အဟပ်တည့်စေရေးအတွက် နယ်ပေးလိုက်တယ်။

ရှင်က ဘိုးဘိုးနဲ့ စကားကောင်းနေတယ်။

"ယာခင်းဘက်မှာ စာမတတ်တဲ့ ကလေးတွေ ခုနစ်ဦးလောက်ရှိတယ်၊ သူတို့က တစ်နေ့စာ တစ်နေ့ရဖို့ အနိုင်နိုင်ဖြစ်နေတယ်ဆိုတော့ နေ့ခင်း ကျောင်းကို မှန်မှန်မတက်ချင်ကြဘူး"

"စာကိုစိတ်ဝင်စားလာအောင် စာထဲမျော်လာအောင် လုပ်ပေးဖို့က အများကြီး လိုအပ်ပါတယ် ဆရာကြီး"





"ဒါပေါ့မောင်အောင်၊ ပညာရဲ့တန်ဖိုးကို နားလည်တန်ဖိုးထားတတ်လာအောင် ပညာတတ်တွေဖြစ်တဲ့ ငါတို့ အထူးသဖြင့် မင်းတို့လို ပညာတတ်လူငယ်တွေမှာ အများကြီး တာဝန်ရှိတယ်"

"ဟုတ်ကဲ့ စောစောကပဲ ဒေါ်ကုံကော်နဲ့. ."

"နေပါဦး၊ ဘယ်နှယ့် ဒေါ်ကုံကော်လည်းကွ မဟုတ်သေးပါဘူး မောင်အောင်ရာ၊ ကုံကော်ဟာ မင်းထက်ငါးနှစ်တောင် ငယ်တယ်၊ ကုံကော်ပဲခေါ်"

ဘိုးဘိုးကို ညအိပ်ရာဝင်ခါနီးတိုင်း ရှိခိုးရကျိုးနပ်သွားပြီဟု ကလေးလိုပင် မိုက်မဲစွာ တွေးလိုက်မိသည်။

"အတော်ပဲလားလို့ မြည်းကြည့်ပါဦး ဦးထက်အောင်"

"လာပြန်ပြီတစ်ယောက်၊ မင်းတို့မောင်နှမဟာ မဟုတ်သေးပါဘူး၊ မိန်းကလေး မောင်အောင်ကို မင်းအစ်ကိုတွေ လိုပဲ သဘောထားပြီးခေါ် ကြားလား၊ ဘိုးဘိုးမြေး ယောကျ်ားလေးတွေ အားလုံးလိုလို နိုင်ငံခြားမှာ အလုပ်သွားလုပ်တာနဲ့ ဟိုနိုင်ငံသားအဖြစ် ခံယူလိုက်တာနဲ့ဆိုတော့ ဘိုးဘိုးဘယ်လောက်ခံစားရတယ်ဆိုတာ မိန်းကလေးသိပါတယ်၊ ဒါကြောင့် မောင်အောင်ကိုပဲ ဘိုးဘိုးမြေးလိုအားထား အားကိုးခဲ့တာဆိုတော့ မောင်အောင်ဟာ မြေးအတွက်လည်း အစ်ကိုပဲ၊ ကြားလား မိန်းကလေး"

"ဟုတ်ကဲ့ပါ ဘိုးဘိုး၊ ကျွန်မဟာသူ့လက်အောက်မှာ အမှုထမ်းဆိုတော့ အများလိုပဲ ခေါ်မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



“ရပါတယ် ကံ့ကော်၊ ကျွန်တော်ဟာ ကျောင်းအုပ် မဟုတ်ပါဘူး၊ ကျွန်တော်တစ်ယောက်တည်းနဲ့ အောင်ဟာဖြစ်မ လာပါဘူး၊ အားလုံးဟာ လုပ်ဖော်ကိုင်ဖက်တွေပါပဲ၊ ကျွန်တော် ကို အစ်ကိုတစ်ယောက်လိုပဲ ဆက်ဆံပါ”

ရှင်ဟာ ဘိုးဘိုးစကားကိုတော့ လုံးဝ မပယ်ရှားတတ်ဘူး ဘိုးဘိုးက ‘ဟေ့ မောင်အောင်၊ မင်းငါ့မြေးကို ယူရမယ်’ ဆိုရင် တောင် ‘ဟုတ်ကဲ့ပါ ဆရာကြီး’ လုပ်မယ့်လူပဲ။ မရဘူး၊ ဒါမျိုးတော့ ကျွန်မလက်မခံဘူး။

ကျွန်မက မစားသေးဘဲ ဘိုးဘိုးနဲ့ ရှင့်ကို တစ်လှည့် နယ်ဖတ်ပေး၊ ဟင်းချိုပူပူလေး ဖြည့်ပေးနဲ့ပဲ အချိန်တွေ ကုန်မှန်း မသိ ကုန်သွားတယ်။

ဘိုးဘိုးနဲ့ ရှင်နဲ့ ကျွန်မဆွေးနွေးပွဲမှာ ညနေ နေဝင် တရော အချိန်လေး တောင်ယာခင်းအလုပ်ခွင်သိမ်းပြီး ပြန်လာ ချိန်လေးမှာ ကလေးတွေကို မုန့်ပေးပြီး စာသင်ပေးဖို့။ ပြီးတော့ ရောင်စုံလှလှလေးတွေပါတဲ့ ကလေးဂျာနယ်လေးတွေနဲ့ သူတို့ စည်းရုံးယူမယ်။

အရည်အချင်းရှိပြီး ထက်မြက်တဲ့ ကလေးတွေကို ဘိုးဘိုးက ခြံထဲမှာ အိမ်တစ်လုံးဆောက်ပြီး ပြင်ဦးလွင်မှာ ကျောင်းထားပေးဖို့ပဲ။ ရှင်ကလည်း တာဝန်ယူတယ်ဆိုတော့ ကျွန်မတို့ရဲ့ စေတနာကျောင်းလေးဟာ တောင်ယာခင်းလေး နားက တဲစပ်ကလေးနားမှာ ဖြစ်ထွန်းလာတော့မှာပဲ။

ကျွန်မအတွက် ရင်ခုန်သံတွေထဲမှာ စေတနာရင်ခုန်သံ





တွေလည်း မြန်မြန်ဆန်ဆန် ဖြစ်ထွန်းလာပါတယ် ဦးထက် အောင်။

ရှင်ဟာ အဲသည်နေ့မှာ နေ့လယ် တစ်နာရီခွဲလောက် မှ ပြန်ဖြစ်သွားတယ်။

မမအတွက် ချိုင့်ကိုလည်း ရှင်ယူသွားပေးတယ်။

“အားလုံးအတွက် ကံ့ကော်ကို ကျေးဇူးတင်ပါတယ်”

“ရပါတယ် ကိုအောင်”

ကျွန်မ ရှင့်ကိုရိုးသားတဲ့ အခေါ်အဝေါ် တစ်ခုပဲ သုံးစွဲ လိုက်တာပါ။

ကျွန်မအတွက် ရှင်ဟာအရေးပါတာမှန်ပေမယ့် လူ့ဘဝ တစ်ခုလုံးအတွက်တော့ အရေးကြီးဆုံး မဟုတ်ဘူးဆိုတာ ကျွန်မ သဘောပေါက်လာပြီ။

ဘာဖြစ်လို့လဲဆိုတော့ ‘အချစ်’ ဆိုတဲ့အရာဟာ ဘဝတစ် ခုလုံးနဲ့ ယှဉ်လိုက်ရင်တော့ အသေးအမွှားလေးပါ။ ကျွန်မတောင် တောင်ယာဥယျာဥ်ကအလုပ်သမားတွေရဲ့ ဘဝအတွက် ကျွန်မ ရဲ့ စိတ်ကူးယဥ်ချိန်တွေကိုဖွဲ့ပေးရတာကိုပဲ ကျေနပ်တတ်ပြီးလေ ကိုအောင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

ကျူပ်မင်းကိုအံ့ဩရပြီ ကံ့ကော်။

မင်းရဲ့အသားအရေဟာ မြန်မာဆန်တဲ့ အဝါရောင်ပြေးသော အဖြူရောင်အသားအရေလေးနဲ့ ဝင်းနှစ်နေတာပဲ။

မင်းရဲ့ မျက်လုံးလေးတွေဟာ ကြည်လင်တောက်ပြောင်နေတယ်။

မင်းရဲ့ မျက်ခုံးနက်နက်လေးဟာ မှောင်လွန်းလို့ ကတ္တီပါသားလိုပဲ ခုံးထနေတယ်။





မထူမပါးနှုတ်ခမ်းလေးက နှင်းဆီငုံလေးလို တင့်တယ်တယ်။

ထူးခြားသေးတာက မြန်မာလူမျိုးတွေရဲ့ ဓလေ့ထုံးစံကို ထိန်းသိမ်းနိုင်တဲ့ မင်းရဲ့ဆံပင်ရှည်ကြီးပဲ။ မင်းရဲ့ ဆံပင်ရှည်ကြီးဟာသူများတွေလို အကြောကောက်မဟုတ်ဘူး။ ဖြောင့်စင်းနေပြီး နက်မှောင်နေတာ။ ဒါကို မင်းကျောပေါ်မှာဖားလျားချထားတဲ့ အခါမျိုးဖြစ်စေ၊ ညနေဘက် ယာခင်းစပ်က တဲကလေးမှာ ထုံးထားတတ်တဲ ဆံထုံးနဲ့ ဆံမြိတ်လှလှလေးချထားတာပဲဖြစ်ဖြစ် သိပ်ကို ကျက်သရေရှိတယ်လို့ ကျူပ်ထင်တယ်။

ကျူပ်လည်း ယောကျ်ားပဲ။ လှသော မိန်းကလေးတွေရဲ့ အလှတရားကို တွယ်တာမိ၊ ရင်ခုန်မိတာတော့ အမှန်ပဲ။

ကြည့်စမ်း. . .

မင်းရဲ့ ရုပ်အလှတွေဟာ ကျူပ်ကို ရင်ခုန်စေတာထက် မင်းရဲ့ မနောအလှက ကျူပ်ရင်ကို လှောင်ပြောင်ပြီး ချာချာလည်အောင် ဆွဲဆောင်နေတယ်။

မင်းဟာကျူပ်ဆီမှာ စာသင်ပေးတယ်။ ပြီးတော့ ညနေခင်းတိုင်း တောင်ယာခင်းကို ကားလေးကိုမောင်း၊ နန်းညိုနဲ့အတူကလေးတွေကိုမုန့်ကျွေးပြီး၊ တစ်ခါတစ်ရံလည်း ကြာဆံကြော်တို့ ထမင်းတို့ကို ကျွေးပြီး စာသင်ပေးနေတဲ့ မင်းကို ကျူပ်မလေးစားဘဲမနေနိုင်တော့ဘူး။

ဆရာကြီးက ပြောတယ်။

“ငါ့မြေးကို ငါက ကျေးဇူးတင်နေတာ၊ ကြည့်စမ်း



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်၊ ငါတို့မိသားစုရဲ့ စီးပွားရေးကို လုပ်အားနဲ့ ပေးဆပ်နေကြတဲ့ခြံသမား၊ တောင်ယာသမားတွေရဲ့ လူမှုရေး ကိစ္စကို ငါမျက်ကွယ်ပြုထားမိခဲ့တာကို သင်းကလေးလာမှ ချက်ချင်းပဲ မြင်တွေ့ပြီး အကောင်အထည်ဖော်ပေးတာ တော်သေးတယ်၊ ငါအသေဖြောင့်အောင် သင်းကလေးကယ်တင်ပေးတာ"

ဆရာကြီးလိုပါပဲ၊ ကျုပ်လည်းမင်းကိုကျေးဇူးတင်တယ် ကံ့ကော်။ ကျုပ်ဟာတောကြိုအုံကြားကကောင်ပါ။ ဘဝကို ဘုန်းကြီးကျောင်းက ထမင်းကျန် ဟင်းကျန်နဲ့ တက်လမ်းရှာခဲ့ရတဲ့ကောင်ပါ။

ကြည့်စမ်း ကျုပ်နဲ့ဘဝတူ တောင်ယာသမားရဲ့ သားသမီး အနာဂတ်ပန်းတွေရဲ့ ဘဝကို ကျုပ်မေ့ပြီး 'စီးပွားရေးနောက် ကောက်ကောက်ပါနေလိုက်တာ 'အောင်' ပညာရေးဝန်ဆောင် ဘော်ဒါဆောင်ကြီးက ဟီးလို့။ လာလိုက်ကြတဲ့ နယ်စပ်ကုန်သည်ကြီးတွေရဲ့ သားသမီးတွေ၊ ရှမ်းပြည်နယ်ရဲ့ မျက်နှာဖုံးလူချမ်းသာတွေရဲ့ သားသမီးတွေ၊ ဒါတင်မကဘူး၊ မန္တလေးကတောင် တက်လာသေးတယ်။ ရန်ကုန်ကလည်းလာသေးတယ်ဆိုတော့ ကျုပ်ဘဝမှာ သည်အောင်မြင်မှုအတွက် ပီတိဖြာဂုဏ်ယူနေခဲ့တာ။

မင်းရောက်လာမှ ကျုပ်ကိုကျုပ် ရှက်သွားတယ်။

ကျုပ်ရွှံရှာမုန်းတီးခဲ့တဲ့ မိန်းမသားထဲမှာ မင်းမပါ ပါလား။

"မမ"

"ဝေ့"





"ယာခင်းမသွားသေးဘူးလား"

"မင်းပဲသွားလိုက်ပါ မောင်အောင်၊ မမခေါင်းကိုက်နေလို့၊ ရော့ ရော့ ချိုင့်ယူသွား၊ ကလေးတွေအတွက်ငါ ပေါင်မုန့်နဲ့ကြက်ဥကြော်ပေးလိုက်တယ်"

"ကောင်းပြီလေ ကျွန်တော်သွားမယ်၊ ကျွန်တော့် အဆောင်ကို ဖုန်းဆက်လိုက်ဦးနော်၊ ဦးဝင်းထွန်းရှိတယ်၊ ကျွန်တော်ခုနစ်နာရီလောက်မှ ပြန်ရောက်မယ်လို့"

"အေးပါ"

"ကလေးတွေက အလုပ်ကသိမ်းပြီး အိမ်အပြန်လမ်းခုလတ်မှာ ဖမ်းပြီး စာသင်ပေးရတာဆိုတော့ သူတို့လေးတွေကပင်ပန်းနွမ်းနယ်ပြီး ဆာလှကြမှာ ကိုအောင်၊ ဒါကြောင့် ကျွန်မကသူတို့ကို မုန့်ပေးသင်တာ"

မင်းပြောခဲ့တဲ့စကားလေးကို ကျုပ်အမြဲကြားယောင်နေတယ်။

ဒါကြောင့် ကျုပ်လည်းမင်းနဲ့အတူ ဝိုင်းသင်တဲ့အခါမမကိုပြောပြီး ကလေးခုနစ်ယောက်ကနေ ထပ်တိုးလာတဲ့ လေးယောက်အတွက် အားလုံးဆယ့်တစ်ယောက်စာကို ယူသွားရတယ်။

မမနဲ့ကျုပ်က တစ်လှည့်စီပဲ သွားတယ်။ မင်းကတော့ Night Studyနေ့မှာ ခဏတစ်ဖြုတ်ပဲသွားပြီး တစ်ကြောင်းရရ နှစ်ကြောင်းရရ သင်ပေးပြီး မင်းဂဲဟားကလေးနဲ့ အမျိုးသမီး ဘော်ဒါဆောင်ကို ပြေးရတာ ကျုပ်အမြင်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က စာသင်ချိန်ပြီးတာနဲ့ နန်းညိုကို မင်းတို့အိမ်ကို ပို့ပေးရတယ်။ အဲသည်အချိန်မှာ မင်းပြန်မရောက်သေးဘူး။ မင်းဟာ Night Studyနေ့ဆိုရင် အဆောင်သူတွေ စာကျက်ချိန်ပြီးမှ ပြန်လာခဲ့ တာလည်းကျုပ်အသိ။

မင်းဟာ လောကကြီးမှာ လူသားဆန်ဆန်နေတတ်တဲ့ မိန်းမပဲ။

လူသားဆိုတာလူသားကောင်းကျိုးကို သယ်ပိုးသွားနိုင်မှ လူသားပီသရာ ရောက်တယ်။ ဒါကိုမင်းက လက်တွေ့ဆန်ဆန် ကျင့်သုံးနေတယ်။

ကျုပ်သတိလစ်နေတဲ့ အချက်တွေကို မင်းထောက်ပြ ပေးနိုင်တယ်။

မင်းဟာ ကျုပ်ရဲ့ 'အောင်' ပညာရေးဝန်ဆောင်မှုမှာ လခစားဝန်ထမ်း။ လခဟာ မင်းအတွက် အလှပြင်ပစ္စည်း တစ်ခုတစ်ဖိုးလောက်တောင်မရှိဘူး။ ဒါပေမယ့် မင်းသည်မှာလည်း တာဝန်ကျေပွန်ရုံတင်မကဘူး၊ စေတနာနဲ့ အားကြိုးမာန်တက် သင်ပေးလို့ တစ်လအတွင်း ကျုပ်တို့'အောင်'မှာထပ်အပ်ချင်တဲ့ လူတွေများလာလို့ ကျုပ်ရဲ့အိမ်မှာ အတွင်းခန်းတွေထပ်ဖွဲ့ပြီး တတ်နိုင်သမျှ စီစဉ်ပေးရတယ်။

မင်းကို ကျုပ်ကျေးဇူးတင်ပါတယ်။ အစစတာဝန်ကျေ ရင်ပြီးရောဆိုတဲ့ ဒေါ်စမ်းကြည်တောင် မင်းရောက်လာမှ တက်တက်ကြွကြွဖြစ်လာတယ်။

ကျုပ်မင်းကို ချီးကျူးပါတယ် ကံ့ကော်။





နှုတ်က ကျုပ်ဘာမှ မပြောပေမယ့်. .

ကျုပ်ရင်ထဲမှာက မင်းကိုလေးစားနေပြီ။

မင်းရဲ့ အပေါ်ယံ အရေပြားပေါ်က အလှတရားထက် မင်းရဲ့ မနောအလှဟာ ကျုပ်ကိုရင်ခုန်အောင်ဖန်တီးနေပြီ။

ကျုပ်ကားလေးက တောင်ယာစပ်က တဲလေးကိုရောက် တဲ့အခါမှာ မင်းရဲ့ စာသင်သံလေးကို ကျုပ်ကြားနေရပြီ။

'ခ. . ခရေကုံး မလေးပြုံး' တဲ့။

မလေး ပြုံးမပြုံးတော့ မသိဘူး။

ကျုပ်ကတော့ ပြုံးမိတယ်။

ကျေနပ်ပြုံးပါ။

မိန်းမသားတွေဟာ အလှအပနဲ့ ဂုဏ်စည်းစိမ်ကိုသာ မက်မောတတ်သူ၊ အလိုဆန္ဒကြီးမားသူများအဖြစ် ကျုပ်မြင်နေခဲ့ တဲ့အမြင်ကို မင်းချေဖျက်ဖို့ ရောက်ရှိလာတာလား ကံ့ကော်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

ရှင်နဲ့ ကျွန်မဆက်ဆံရေးဟာ နွေးထွေးလာတယ်။

ဘိုးဘိုးကလည်း ညနေဘက် ခြေလက်ခင်းသာတဲ့အခါ မျိုးမှာ ကျွန်မနဲ့အတူ လိုက်လာတတ်တယ်။

"ဘိုးဘိုး"

"ဘာလဲ မိန်းကလေး"

"ကျွန်မအခုလို အပြင်အလုပ်တွေ လျှောက်လုပ်နေတော့ဘိုးဘိုးကို ပြုစုဖို့အချိန်တွေ နည်းသွားတာပေါ့"





"ကိစ္စမရှိပါဘူး၊ ဘိုးဘိုးရဲ့ အမွေကို ဆက်ခံတဲ့ မိန်းကလေးကိုကြည့်ပြီး ဘိုးဘိုးမှာ စိတ်ချမ်းသာလွန်းလို့ အသက်တောင် ရှည်ဦးမှာ၊ ဒါထက် မောင်အောင် ဒီနေ့မလာဘူးလား"

"မလာနိုင်လို့ ကျွန်မပဲ လာရတယ် ဆရာကြီး"

"ဪ မနှင်းဖြူ ရောက်နေတာကိုး၊ ကောင်းတယ် မင်းအတွက် ပင်စင်နာမကျတော့ဘူးပေါ့၊ ကိုင်း ကိုင်း သင်ကြ သင်ကြ ဘိုးဘိုး ရွာထဲသွားပြီး လက်ဖက်ရည်သောက်ရင်း ဆေးပေးခန်းဆောက်ဖို့ ကိစ္စ သွားပြီး ဆွေးနွေးလိုက်ဦးမယ်"

ဘိုးဘိုးကတော့ ပရဟိတ လုပ်ငန်းတွေမှာ သူ့ဘဝကို မြှုပ်နှံရင်း အသက်ရှည်နေတယ်ထင်ပါရဲ့။ ကျွန်မလည်း ဘိုးဘိုး ကိုပါရမီဖြည့်ပေးနိုင်အောင် ကြိုးစားရမယ်။

ကျွန်မရှာလာတဲ့ ငွေတွေနဲ့ ကျွန်မလည်း အကျိုးရှိရှိသုံး မှာပါ။

ကမ္ပည်းမထိုးတဲ့ အလှူတွေနဲ့ ကျွန်မရင်မှာ ချမ်းမြေ့ နေစေချင်တယ်။

"ဘိုးဘိုး၊ ကျွန်မတို့လာခေါ်မယ်နော်"

"အေး . . အေး . . အဲဒီအချိန်ထိ စကားစပြတ်ဦးမှာ မဟုတ်သေးဘူး"

"ကျွန်မတို့ သင်ပေးတဲ့ ကလေးတွေက ကျွန်မတို့ခြံ အလုပ်သမား သားသမီးတင်မကဘူးမမ၊ ရွာထဲက ပညာမသင်နိုင်တဲ့ ကလေးတွေပါ ပါတယ်"

"ဒို့ကောင်းတာပေါ့၊ ပညာပါရမီ ဖြည့်ဆည်းပေးနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်သိပ်ရတာပေါ့ ညီမလေးရယ်၊ မောင်အောင်တောင်မှ မင်းကိုသိပ်ကျေးဇူးတင်နေတာ”

ကျွန်မ အံ့ဩသွားတယ်။

ကျွန်မနဲ့ စကားလေးလုံးကွဲအောင် မပြောတဲ့ရှင်တ ကျွန်မကို ကျေးဇူးတင်တယ်တဲ့လား။

“ဘာဖြစ်လို့လဲ မမရဲ့”

“ဩော် သူမေ့နေတဲ့ ပရဟိတလုပ်ငန်းကို ငါ့ညီမလေး က အကောင်အထည်ဖော်ပြလိုက်တဲ့ အတွက်ပေါ့ကွယ်”

“ကျွန်မလည်း အိမ်မှာ အဖော်အဖြစ် လာနေပေးတဲ့ နန်းညိုလေး စာမတတ်တာ သိရတော့မှ ဘိုးဘိုးကိုပြောပြပြီး ချက်ချင်းအကောင်အထည် ဖော်မိတာပါ၊ ထူးထူးခြားခြား တော့ မဟုတ်ပါဘူးမမရယ်၊ ကျွန်မက ဂျပန်မှာတုန်းက မျက်လုံးနှစ်လုံး ဖွင့်တာနဲ့ စက်ရုပ်လို အလုပ်တွေ မနားတမ်းလုပ်နေရတော့ အကျင့်ပါလာပြီ၊ ဒီရောက်တော့ ကိုအောင်ဆီမှာ အချိန်ပိုင်းနဲ့ စာသင်ရတာလေးလောက်နဲ့ တော့ပျင်းလာလို့ အလုပ်ရှာရင်း စေတနာ့ဝန်ထမ်းအလုပ် ကိုတွေ့သွားတာဆိုပါတော့”

“ဟုတ်လား၊ အနွေးထည်တွေ ချုပ်မလို့ဆို၊ မမလည်း ကူချုပ်ပေးမယ်”

“အတော်ပဲ မမ၊ ကျေးဇူးပဲ မမရေ၊ ဘိုးဘိုးအတွက် နွေဝတ်ဆွယ်တာ ခေါင်းစွပ်လေးတစ်ထည် ထိုးရင်းက ဆောင်းမှာ ဒီကလေးတွေအတွက် အနွေးထည်ချုပ်ပေးချင်တဲ့ ဆန္ဒက ဖြစ်လာလို့ ဖလန်နယ်အစကို အုပ်လိုက်ဝယ်ပြီး ချုပ်နေတာ





အားလုံးပြီးမှ ဝေပေးမယ်”

“အေးလေ၊ ဒါကြောင့် မမလည်းကူချုပ်ပေးပြီး ဒါနပြုပါရစေ”

“မမသဘောလေ၊ ကုသိုလ်ဆိုတာ မျှဝေပေးရတာပေါ့”

ကျွန်မနဲ့အတူ မမဟာလည်း ကြိုးစား ပေးရှာတယ်။ ဒါပေမယ့် မမဟာ ရင်ကျပ်ပန်းနာရောဂါရှိတော့ အအေးသိပ်မခံနိုင်ရှာဘူး။

ချောင်းတဟွတ်ဟွတ်ဆိုးနေတဲ့ မမကို ကျွန်မနားစေတယ်၊ ဒါပေမယ့် မမက မရဘူး။ ကလေးတွေကို လက်ရေးလှစေရေးကိုပါ တစ်ယောက်ချင်း လိုက်လံသင်ပေးနေတယ်လေ။

ကျွန်မလေ ‘အောင်’ မှာ ကိုးတန်းအင်္ဂလိပ်စာကို သင်ပေးရတာလည်း ပျော်တယ်။

ခုလို ယာစပ်က တောင်ယာတဲကလေးမှာ ဝလုံးတောင်မရေးတတ်တဲ့ ကလေးတွေကို စာထဲစိတ်ဝင်စားအောင် မုန့်ပေးခြည်းရုံးပြီး သင်ကြားရတာကိုလည်း ပျော်တာပဲ။

ကျွန်မ လူဖြစ်ရကျိုးနပ်ပြီလို့တောင် ထင်လာသလိုပဲ။

“ဆရာမ. . . ဆရာမ”

“ဘာလဲ နန်းတိုးတစ်”

“သူလေ လက်ပေကြီးနဲ့ နှပ်ချေးတွေကို သုတ်နေတယ်”

အတိုင်းအတော ထူတာလေးတွေကိုလည်း ကျွန်မစိတ်ရှည်ရတယ်။

“ဩော်. . ဟုတ်သားပဲ အိုက်စံ၊ မင်းရဲ့လက်ကို ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့ စင်အောင်မဆေးသလဲ"

"မေ့သွားလို့ပါ ဆရာမ"

"အေး မမေ့နဲ့နော်၊ နှပ်ကိုတဲပြင်ထွက်ပြီးညှစ်ကြားလား။ လာ. . လာ. . လက်ဆေးမယ်"

ပလတ်စတစ်ဂါလံပုံးထဲမှာ သူတို့ရဲ့ လက်ညစ်ပစ်တွေ ဆေးဖို့ ရေကအမြဲပါတယ်။

တောင်ယာထဲမှာ မိဘတွေနဲ့အတူ ပေါင်းသင်မြေဆွ လုပ်လာသူတွေရဲ့လက်ဟာ သန့်ချင်မှ သန့်မယ်။ ဒါကို ကျွန်မက ပထမနေ့အတွေ့အကြုံအရသိပြီး ကားထဲမှာ သန့်ရှင်းရေးအတွက် ရေပုံးအပါအဝင် ပစ္စည်းအစုံအလင်ထည့်ခဲ့တဲ့ အလေ့က ရှိနေပြီ။

"လက်ပေရင် လက်ဆေး၊ ပြီးရင်ရေကိုစင်အောင်သုတ် ပြီးမှ စာအုပ်နဲ့ခဲတံကို ကိုင်ရမယ်ကြားလား" ဟူသော ကျွန်မရဲ့ စည်းကမ်းချက်ကို ခေါင်းကလေးများညိတ်ကာ ကတိပြုသော်လည်း တစ်ယောက်တစ်ပေါက်စီ ရောက်လာကြသော ကလေးများသည် ကျွန်မသိလစ်လျှင် လစ်သလိုပစ်စလက်ခတ် နေတတ်ကြတယ်။

ဤသည်ကိုပဲ စာသင်ချင်ဇောကပ်လို့ဟု ကျွန်မမှာ အကောင်းမြင်ဝါဒနှင့် ကျေနပ်ရတာပါပဲ ကိုအောင်။

"မနက်ဖြန်တော့ မမကိုလာမခေါ်နဲ့တော့၊ မောင်အောင်လာလိမ့်မယ်"

"ဟုတ်ကဲ့ သူလည်း အတော်ပင်ပန်းတာပဲ"





"ပင်ပန်းပါစေ၊ လောဘကြီးတော့ အပင်ပန်းခံရမှာပေါ့။ ယောကျ်ားဆိုတော့လည်း သားကျွေးမှု မယားကျွေးမှုက ရှိသေးတယ်မဟုတ်လား"

ကျွန်မရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။ ဘိုးဘိုးဆီကသိထားတာက. . .

"မောင်အောင်ဟာ ရည်းစားပျက်ပြီးကတည်းက မိန်းမတွေကို စိတ်နာနေလို့ သူလုပ်ငန်းမှာတောင် သူငယ်ချင်းမိန်းမတစ်ယောက်ကလွဲရင် ဘယ်ဆရာမမှ ခန့်မထားဘူး၊ ဒါပေမယ့် မြေးကိုတော့ ဘိုးဘိုးမျက်နှာနဲ့ ခန့်လိမ့်မယ်" ဟူသော စကား။

ခု မမစကားက. .

"ကိုအောင်က မိန်းမယူတော့မှာလား"

"အဖြစ်ပြောတာပါ၊ မိန်းမတွေကို စိတ်နာတယ် နာတယ်နဲ့ အခုမိန်းမတစ်ယောက်အကြောင်း တယ်ပြောလာတယ်"

"ဘယ်က မိန်းမလဲ"

"ကံ့ကော်ဆိုတဲ့ ဆရာမလေး"

"ဟာ မမကလည်း"

ကျွန်မတကယ်ပဲ ရှက်ကိုးရှက်ကန်းဖြစ်ရတယ် ကိုအောင်။ ရှင့်အစ်မပြောတုန်းက ကျွန်မတကယ်ပဲ လန့်သွားတာ။ တစ်ဦးဦးနဲ့ ရှင်သာလက်ထပ်သွားရင် ကျွန်မဘဝဟာ ပျော်ရွှင်ခြင်း ဆိတ်သုဉ်းကောင်း ဆိတ်သုန်းသွားနိုင်တယ်။

ကျွန်မခုလို ပျော်ရွှင်နေခြင်းမှာ မျှော်လင့်ခြင်း ချစ်ရေးခြည်ယှက်သန်းနေခြင်းလည်း ပါလိမ့်မယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတဲ့အရာဟာ ဘဝတစ်ခုလုံးအတွက် အရေးအကြီးဆုံးသော အရာတစ်ခုမဟုတ်ဘူးဆိုပေမယ့် ပျော်ရွှင်ချမ်းမြေ့ခြင်းအတွက်တော့ အရေးကြီးတဲ့ အရာတစ်ခုဖြစ်ကောင်းဖြစ်နိုင်တယ်။

အခုတော့. .

"မမကလည်း လုပ်မနေနဲ့၊ မိန်းမဆိုရင် အကောင်းမမြင်တတ်တော့တဲ့ မောင်အောင်ဟာ အခုညီမလေးနဲ့ကျမှ မဆိုးဘူး မမရဲ့၊ ဆရာကြီးမြေး ပီသတယ်၊ ကျွန်တော်မမြင်တတ်တဲ့ကိစ္စကို သူကမြင်တယ် ဘာညာနဲ့ပေါ့။ ဘာပဲဖြစ်ဖြစ် မမကတော့ ညီမကို ကျေးဇူးတင်တယ်၊ သူ့ရည်းစားနှစ်ယောက် မကောင်းရုံနဲ့ မိန်းမအားလုံး မကောင်းဘူးဆိုတဲ့ အစွဲအလမ်းမျိုး ဖြစ်ပေါ်လာတာကို မမ မကြိုက်ခဲ့ဘူး၊ ခုမှပဲ စိတ်အေးရတော့တာ"

မမစကားတွေကြောင့် ကျွန်မမျက်နှာထားရခက်ရတာအမှန်ပဲ ကိုအောင်။ ဒါကြောင့်

"ဒီလောက်တောင်လည်း မဟုတ်သေးပါဘူး မမရာ လူဆိုတာ လူသားအတွက် အလုပ်လုပ်သင့်တယ် ထင်လို့ပါ။ စီးပွားရေး၊ ငွေကြေးဆိုတာ အမြတ်အစွန်းကိုပဲ ကြည့်ပြီးအလုပ်လုပ်ရတာ ငြီးငွေ့စရာကြီး မမရယ်"

စကားကိုလျှော့ပြီး ပြောလိုက်ရတယ်ကိုအောင်။ အရှက်ကို စကားနဲ့ဖြေဖျောက်ပစ်လိုက်ရတာ။

ရင်ထဲမှာတော့ အပျော်မိုးနဲ့ရင်ခုန်သံက ထစ်ချုန်းနေပြီ။ ရည်းစားနှစ်ယောက်တောင် ထားခဲ့ဖူးတယ်ဆိုတဲ့ ရှင့်ကိုလည်း မျက်နှာများလိုက်တာလို့ ဝန့်တိုစွာတွေးမိပြီးမကျေချမ်းဖြစ်ရတယ်။





ကျွန်မလေ ရှင့်ရဲ့အချစ်ဦးသူ ဖြစ်ချင်တယ်။

ပြီးတော့ အချစ်ဆုံးလည်းဖြစ်ချင်တယ်။

နောက် နောက်ဆုံးချစ်သူအဖြစ်နဲ့ ရှင့်အချစ်တွေအားလုံးကို သိမ်းကျုံးယူပစ်ချင်တာ။

ဒါပေမယ့်

အို ရှင့်ကို ချစ်ခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ အတွေးအိမ်ကို ဖျက်သိမ်းပစ်လိုက်ပြီး. . .

အနာဂတ်ပန်းဖူးလေးတွေ ပွင့်အာလာဖို့ကိုသာ အာရုံလွှဲပြောင်းလိုက်တယ်။

အချစ်ဟာ ကုသိုလ်ရစေတဲ့အလုပ် မဟုတ်ဘူး။

ပညာပါရမီ ဖြည့်ဆည်းပေးခြင်းဟာ ကုသိုလ်ရတဲ့အလုပ်လေ။

"ကိုင်း လက်ရေးလှပြီးရင် ကြီးကြီး ဆရာမဆီကိုပေး၊ ဆရာမက မင်းတို့ကို ကဗျာလေးတစ်ပုဒ် သင်ပေးမယ်"

'တစ်၊ နှစ်၊ စာကိုချစ်' အစချီတဲ့ ကဗျာရွတ်ဆိုခြင်းနဲ့ ဂဏန်းသင်္ချာတွေကို ရွတ်ဆိုခြင်းကနေ စတင်လိုက်တယ် ဆိုရင်ပဲ ကျွန်မရဲ့ စိတ်အစဉ်က ရှင့်ထံကနေ ရုပ်သိမ်းလိုက်ပြီးသားဖြစ်သွားတယ် ကိုအောင်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"ကိုအောင်"

"ပြောပါ ကုံကော်"

"ကျွန်မကို တစ်ခုလောက် အကူအညီပေးနိုင်မလား မသိဘူး"

မင်းနဲ့ ကျုပ်ဆက်ဆံရေးဟာ ယခင်ကလို မအေးစက်တော့ဘူး။ နွေးထွေးမှုလေးတွေ စတင်လာပြီလေ။ မင်းရဲ့ ဆန္ဒကိုလိုက်လျောချင့်တဲ့ဆန္ဒ ကျုပ်မှာသန္ဓေတည်လာပြီ။





"ဘာများလဲဆိုတာ အရင်ပြောပါဦး"

"ကျွန်မလေ ကလေးတွေကို တစ်ရက်မန္တလေးပို့ပေးချင်လို့"

"ဘာဖြစ်လို့လဲ"

"ဒီကလေးတွေဟာ မြို့ကြီးဆိုလို့ ပြင်ဦးလွင်တောင် မရောက်ဖူးတဲ့လူ ရှိသေးတာ၊ အဲဒါ ပညာတတ်တွေ တည်ဆောက်ထားတဲ့ အဆောက်အအုံတွေပေါ့ဆိုပြီး ပြချင်လို့၊ သူတို့က သချ်ာကို သိပ်မတွက်ချင်ဘူး၊ စာရေးတတ် ဖတ်တတ်ရင်တော်ပြီဆိုတဲ့ အနေအထားလေးရှိနေတယ်၊ ကျွန်မကို တစ်ရက်တော့ ခွင့်ပေးပါ၊ ဘိုးဘိုးကလည်း ပို့ပေးမယ်ပြောတယ်"

"ကောင်းသားပဲ မမကိုပါခေါ်သွားလေ ကျွန်တော်ကုံကော်အချိန်ကို ဝင်ပေးမယ်"

မင်းရဲ့ အကြံဉာဏ်တွေဟာ ကျုပ်ကန့်ကွက်စရာဘာမှမရှိဘူး။ မင်းရဲ့နှလုံးသားမှာ စေတနာမိုးတွေ ထစ်ချုန်းနေတယ်ဆိုတာ သိရလေ ကျုပ်ဝမ်းသာရလေပဲပေါ့။

"ကျေးဇူးပါပဲ၊ မမလိုက်ချင်ရင်တော့ ခေါ်သွားလိုက်ပါ့မယ်၊ သူ့အဆောင်ကို ထားခဲ့လို့ ဖြစ်ရင်ပေါ့"

"ဖြစ်ပါတယ်၊ ဒေါ်စံပယ်ရှိနေပြီပဲ"

မင်းနဲ့တွေ့ပြီးမှ မိန်းမသားတွေအပေါ် အမြင်မကြည်လင်ခဲ့တဲ့ ကျုပ်အမြင်တွေ ပြောင်းလွဲစပြုလာတာနဲ့ အမှုလိုအပ်တဲ့နေရာမှာ ဆရာမတွေ ထပ်ခန့်ထားပြီလေ။

စိတ်ရှည်မှုမှာ အမျိုးသမီးတွေဟာ အမျိုးသားတွေထက်



www.burmeseclassic.com

www.burmeseclassic.com



ပိုတယ်ဆိုတာ ကျုပ်နားလည်ခဲ့ပေမယ့် မိန်းမသားတွေရဲ့ အလိုရမ္မက်ကြီးမှုကို ကျုပ်ကြောက်လွန်းလို့ ရှောင်ရှားခဲ့တာ။

ခုတော့ကြည့်လိုက်ရင် မာကျောကျောနဲ့ အလှအပကိုးကွယ်တတ်ပုံရတဲ့ မင်းဟာနှလုံးသား အလှအပလေးနဲ့ တန်ဆာဆင်လာတာမြင်တော့ ကျုပ်အမြင်တွေ ပြောင်းလွဲလာတယ်။

"ကိုအောင် ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး၊ မမကိုပဲ လိုအပ်တာတွေ ကျွန်တော်မှာလိုက်ပါ့မယ်"

"ဒါဖြင့် ကျွန်မပြန်တော့မယ်"

"ကောင်းပြီ"

ကျုပ်ကိုနှုတ်ဆက်ပြီးပြန်သွားတဲ့ မင်းကိုကြည့်ပြီး ကျုပ်ရင်ထဲမှာ လစ်ဟာသွားတယ်။

ကျုပ်မှာ ဆိတ်သုဉ်းနေတဲ့ ရင်ခုန်သံစဉ်တွေ ပြန်လည်ဖြစ်ထွန်းလာတာကိုသိရတော့ ကျုပ်ရင်မောဟိုက်လာတယ် ကံ့ကော်။

ကျုပ်မင်းကို ချစ်မိမှာစိုးတယ်။

ဆရာကြီးဆီက သိထားသမျှတော့ မင်းကို မင်းမိဘတွေကဆရာဝန်တစ်ဦးနဲ့ သဘောတူထားတယ်တဲ့။

ဆရာကြီးဟာ ဘာဖြစ်လို့ သည်စကားကို ကျုပ်ကိုပြောထားရသလဲ။

လူမှုစည်းကမ်းတစ်ခု တမင်ချမှတ်ထားပေးခြင်းလား။

ပြီးတော့. . .





"မင်းနှမကို စောင့်ရှောက်ပါ၊ လိုအပ်တာရှိလည်းပြောဆိုဆုံးမ လမ်းညွှန်ပေးပေါ့ တပည့်ရာ"

ဆိုတဲ့စကားကလည်း 'မောင်နှမ' အဖြစ် တမင်ဆက်နွယ်သတ်မှတ်ပေးထားခြင်းလား။

သည်စကားတွေဟာ ကျုပ်ရဲ့ ရင်ခုန်သံလှိုင်းကို ထိန်းချုပ်နေစေတယ်။

ကျုပ်လည်း ယောကျာ်းသားပဲ။

မိန်းမသားတွေရဲ့ နွဲ့နှောင်းယဉ်ကျေးလှပမှုကို မက်မောတွယ်တာတတ်သလို၊ မြတ်နိုးစွာ သိမ်းပိုက်ပိုင်ဆိုင်လိုတဲ့ ဆန္ဒမျိုးတော့ ရှိတာပေါ့။

သည်ဆန္ဒဟာ ဘယ်အချိန်မှ စတင်ပေါက်ဖွားလာသလဲဆိုတာ မင်းသိရင်အံ့ဩသွားမှာပဲ။

ဘာဖြစ်လို့လဲဆိုတော့. . .

မင်းကိုစတွေ့တဲ့အချိန်ဟာ. . .

ကျုပ်ကို ကားနဲ့တိုက်မိမလိုဖြစ်တော့ မင်းဟာကားတံခါးလေးက ခေါင်းပြူပြီး. . ကျုပ်ကိုကြည့်လိုက်တဲ့အကြည့်နဲ့ တောင်းပန်လိုက်တဲ့ အသံလွင်လွင်လေး၊ ချောမွတ်လှပ သိမ်မွေ့တဲ့ မင်းရဲ့မျက်နှာ. . .

"မတော်လို့ပါနော်၊ ဘာမှမဖြစ်ပါဘူးနော်၊ တောင်းပန်ပါတယ်"

နူးညံ့ပျော့ပျောင်းမှု၊ ယဉ်ကျေးမှုတို့ဟာ မင်းရဲ့နှုတ်ခမ်းရိပ်မှာ ခိုတွဲနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကမင်းဟာ လမ်းပေါ်က ကျုပ်အပေါ် ဂရုတစိုက်ရှိခြင်းအတွက် ကျုပ်သဘောကျသွားတာ။

ဒါပေမယ့်. . .

မိန်းမသားဟာ မိန်းမပါပဲလေဆိုတဲ့စိတ်က ကျုပ်နှလုံးသားသော့ခလောက်ကို မဖွင့်နိုင်ပါဘူး၊ ဒါကြောင့်. .

ကိစ္စမရှိပါဘူးဆိုတဲ့ စကားတစ်ခွန်းတည်းနဲ့ မင်းကိုလျှပ်တစ်ပြက်ကြည့်လိုက်မိတဲ့ မျက်လုံးကို ရုတ်ခြည်းပဲ ရုပ်သိမ်းပြီး ကျုပ်လမ်းကို ကျုပ်ဆက်လျှောက်ခဲ့တာ။

ဒါပေမယ့် မင်းရုပ်သွင်လေးကို ကျုပ်အိပ်ရာဝင်တဲ့ အချိန်မှာ မြင်ယောင်လာတယ်။

ဆရာကြီးအိမ်ကို ကားနဲ့ဝင်လာတဲ့မင်းဟာ ဆရာကြီးနဲ့ဆက်နွှယ်မှုရှိရမှာပဲဆိုတဲ့ အတွေးလေးဟာ ကျုပ်အာရုံမှာ ဖြစ်ပေါ်ခဲ့ဖူးပါတယ်။

ဒါပေမယ့် သုံးလေးရက်အကြာမှာ မင်းကျုပ်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်နော်။ ကျုပ်ကတမင်ပဲ မင်းကို မမှတ်မိဟန်ဆောင်ခဲ့တာ။

ကျုပ်စိတ်ကို ကျုပ်ဆုံးမနေခဲ့တာ။ ခုတော့. . .

အင်း. . ကျုပ်ဘဝမှာ ပန်းနာမည်နဲ့ မိန်းကလေးတွေဟာရောက်ပဲ ရောက်လာတတ်တယ်။

ခုလည်းရောက်လာပြန်ပြီ တစ်ဦး ဒေါ်စံပယ်တဲ့။ စံပယ်ပန်းလေးလိုပဲ ဖြူဖြူနွဲ့နွဲ့လေး။ ခပ်အေးအေးလေး နေတတ်တယ်။ အပိုစကားလုံးဝ မပြောဘူး။





ရန်ကုန်မြို့ကြီးလို နေရာကနေ ကျုပ်ဆီမှာ လာပြီးအမှုထမ်းတယ်ဆိုတော့ ထူးဆန်းတယ်။ သူမရောက်လာချင်း နေရာပါစီစဉ်ပေးပါဆိုလို့ မမနဲ့ ဘော်ဒါအဆောင်မှူး တာဝန်ကိုပါ ပေးလိုက်ရတယ်။

မမကတောင် စံပယ်ကွယ်ရာမှာ ပြောသေးတယ်။


"လာပြန်ပြီ ပန်းတစ်ပွင့်၊ သတိထားပေတော့ မောင်အောင်"

ကျုပ်ဘာမှ မပြောခဲ့ပါဘူး။

ကျုပ်ဘဝမှာ ပထမဦးဆုံး သရဖီဆိုတဲ့ ပန်းတစ်ပွင့်ဝင်ခဲ့ဖူးတယ်။ နောက်ငုဝါ။ အဲသည်နောက် ပန်းဆိုရင် ဘုရားပန်းကိုတောင် ရွက်လှနဲ့ အောင်သပြေကလွဲရင် မတင်တော့တဲ့ကျုပ်ပါ။

ခုတော့ ကျုပ်နားမှာ ကံ့ကော်လည်းဝေနေပြီ။ စံပယ်တွေကလည်း သင်းထုံနေပြီလေ။

ဒါပေမယ့်. . .





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

ကျွန်မလေ ကလေးတွေနဲ့ လျှောက်သာသွားတယ် လုံးဝမပျော်ဘူး။

ကလေးတွေကို မဟာမြတ်မုနိ ဘုရားကြီးကို အရင်ပို့တယ်အဲသည်ကနေ မန္တလေးတောင်၊ နောက်တိရစ္ဆာန်ဥယျာဉ်

ဈေးချို၊ နောက်ညနေစောင်းမှာ ဦးပိန်တံတား ပို့ပေးပြီး ပြန်ခဲ့ကြတယ်လေ။

ကျွန်မ ရှင့်ကို သတိရနေတယ်။





ရှင်လိုက်ခဲ့ရင် သိပ်ကောင်းမှာ။

ခုတော့ စံပယ်ကျန်ရစ်ခဲ့တယ်။

စံပယ်ကို လျှော့တွက်ထားလို့ မရဘူး။ စံပယ်ဟာ တစ်ဦးတည်းတစ်ယောက်တည်း ရောက်လာတယ်။ ရှင့်ကိုတိုက်ရိုက်တွေ့ပြီး အလုပ်တောင်းတယ်။ နေစရာတောင်းတယ်။ လိုအပ်နေတဲ့ ဇီဝဗေဒဘာသာကို သူသင်နိုင်တယ်ဆိုတော့လည်း ရှင်က လက်ခံလိုက်တယ်။ ပြီးတော့ အဆောင်မှာ ကလည်း မမတစ်ယောက်တည်းနဲ့ ကျောင်းသူက ငါးဆယ်တောင်ဖြစ်လာပြီဆိုတော့ မမတစ်ယောက်တည်း မနိုင်မနင်းဖြစ်လာလို့ ကျွန်မနဲ့ ဒေါ်စမ်းကြည်ပါ ဝင်ကူနေရတယ်။

ကျွန်မကလည်း ဘိုးဘိုးကို ကိုယ်တိုင်ချက်ပြုတ်ကျွေးချင်တာကတစ်ဖက်။ ခြံရဲ့စာရင်းကို ကိုင်ပေးရတာကတစ်ဖက်၊ ယာခင်းက ကလေးတွေကို စာသင်ပေးရတာက တစ်ဖက်ဆိုတော့ရှင်ပေးထားတဲ့ အချိန်စာရင်းကို မပျက်မကွက်အောင် တာဝန်ထမ်းဆောင်ပေးနိုင်တာကလွဲရင် အပိုလုပ်အား သိပ်မပေးနိုင်တော့ဘူး။

ရှင်ကတော့. . .

“ရတယ် ကဲ့ကော်၊ ဆရာကြီးကိုသာ ဂရုစိုက်ပါ၊ ကျုပ်တို့နိုင်ပါတယ်”

လို့ အလိုက်တသိပြောရှာတယ်။

ဆရာမတစ်ဦး ထပ်ခန့်ဖို့ အကြံပေးတာက ကျွန်မပါ။

ဒါပေမယ့် စံပယ်ကို ခန့်လိုက်တာတောင် ကျွန်မ မသိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဘူး။ စံပယ်ကို အဆောင်မှာတွေ့တော့ အံ့အားသင့်သွားရတယ်။ ကျောင်းသူအသစ်တစ်ဦးလားလို့တောင် ထင်ရလောက်အောင် သူကလည်း နုနယ်တယ်။

ခန္တကိုယ်ကလည်း သေးကွေးတော့ ဆယ်ကျော်သက်လေးလိုနုပျိုတာကတော့ သေချာတယ်။

ဘာရယ်မသိဘူး။ သူ့နာမည်ကို စံပယ်မောင်စံလို့ သိလိုက်ရတော့ ကျွန်မစိတ်ထဲမှာ မနာလိုဝန်တိုမှုလေးဖြစ်ပေါ်သွားခဲ့ရတာ အမှန်ပဲ ကိုအောင်။

ဘာဖြစ်လို့လဲဆိုတော့ သူကလည်းပန်းအမည်ကို ပိုင်ဆိုင်ထားတဲ့ မိန်းကလေးဖြစ်နေလို့ပဲ။

ပထမနေရာကို မရနိုင်တဲ့ကြားက ရရှိလာမယ့် နောက်ဆုံးနေရာကိုတောင် ယှဉ်ပြိုင်ခြင်းနဲ့ ရယူရမယ်ဆိုရင်. .

"ဟင်း. . ."

"သက်ပြင်းတွေ ဘာတွေချလို့ ဘာတွေများ စိတ်မောနေရတာလဲ မိန်းကလေး"

သတင်းစာဖတ်နေတဲ့ ဘိုးဘိုးက လှမ်းမေးလိုက်တော့ မှအတွေးရှက်လွင့်နေခြင်းကို ရုတ်သိမ်းလိုက်ပြီး. .

"ဩော် ဘာရယ်မဟုတ်ပါဘူး၊ မေမေတို့က နောက်နှစ်မှလာလည်မယ်၊ ဘိုးဘိုးကိုသာ ဂရုစိုက်ပါဆိုလို့ပါ၊ တကယ်တော့ ဘိုးဘိုးရယ်၊ ကျွန်မတို့လည်း တော်တော်စုဆောင်းမိထားပြီပဲ၊ လူ့ဘဝဘက်တမ်းတိုတိုလေးမှာ ငွေနောက်ချည်းပဲ လိုက်နေရတာ မေမေတို့ မပင်ပန်းဘူးလား၊ မငြီးငွေ့ဘူးလားလို့ပါ"





"မယ်ဝေ့အသက်က ငါးဆယ်ပဲရှိသေးတာပဲ၊ ငါးဆယ်ဆိုတာ နောက်ဆယ်နှစ်လောက်ကို အလုပ်လုပ်ရဦးမယ်၊ အလုပ်လုပ်နေတာကောင်းတယ်၊ အိုနာစာဆိုတာ ပိုတယ်လို့ကို မရှိဘူး မြေးရှာပါစေဦး၊ မြေးလဲရှာထား မိုးရွာတုန်းရေခံထားရမှာ သဘာဝပဲ၊ ဒါထက်၊ မောင်အောင်က မြေးကို လစာဘယ်လောက်ပေးသလဲ"

"စက်ရှင်တစ်ခုကို လေးသောင်းပါ၊ စက်ရှင်နှစ်ခုဆိုတော့ ရှစ်သောင်း၊ နိုင်စတယ်ဒီအတွက်ကလည်း သုံးသောင်းပါ ဘိုးဘိုး"

"အင်းလေ. . ဝင်ငွေကတော့ မဆိုးပါဘူး"

"ဟုတ်ပါတယ်၊ ကျွန်မမှာ ရှယ်ယာက အတိုးတွေလည်း ရှိသေးတာပဲ၊ တော်တော်စုမိပါတယ်"

"ကောင်းတယ်မြေး စုထား၊ အိမ်စရိတ် လုံးဝမထုတ်နဲ့၊ မယ်ဝေနဲ့ ဟိုကောင်တွေ ထောက်ပံ့တာနဲ့တင် လုံလောက်တယ်၊ မြေးနဲ့ ဘိုးဘိုးပဲ ဆေးခန်းအတွက် ငွေအကုန်းလုံး စိုက်ထုပ်ပေးရရင် ကောင်းမလားလို့"

"ကောင်းသားပဲ ဘိုးဘိုး၊ ရှေ့လဆိုရင် ကုမ္ပဏီက အစုရှယ်ယာဝင်တွေကို အမြတ်ငွေ ခွဲဝေပေးတော့မှာဆိုတော့ ကျွန်မကိုယ်စားဘိုးဘိုးပဲ သွားထုတ်ယူပြီး ဆောက်လိုက်ရင်ရော့"

"သိပ်ကောင်းတာပေါ့၊ ဘိုးဘိုးသွားလိုက်မယ်လေ၊ မောင်ထွန်းကိုတော့ ဘိုးဘိုးခေါ်သွားမယ်၊ သမီးနဲ့ကိုနန်းညီဖြစ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်၊ ခြံစောင့် ဦးလေးကွန်းလည်း ရှိတာပဲဟာ"

"အေးအေး ဒါဖြင့် ဘိုးဘိုးသွားလိုက်ဦးမယ်၊ 'ဗင်'ကိုဘိုးဘိုးယူသွားမယ်"

"ယူသွားပေါ့ဘိုးဘိုးရဲ့ ကျွန်မပတ်ပလေကာပဲ သုံးမယ်"

ဘိုးဘိုးနဲ့ ကျွန်မနေရတာပျော်တယ်။ ငယ်ငယ်တုန်းက ဘိုးဘိုးနဲ့ မကြီးပြင်းရပေမယ့် ဘိုးဘိုးနဲ့ ကျွန်မစိမ်းမနေဘူး၊ ဘိုးဘိုးဟာ သားသမီးမြေးတွေထက် သူ့တပည့်တွေကြားမှာ ဘဝကို မြှုပ်နှံထားတာ။

ဒါပေမယ့် ဘိုးဘိုးအပေါ်မှာလည်း တပည့်သားချင်းတွေကစောင့်ရှောက်တယ်။ စေတနာ အကျိုးပေးပါတယ်။ ဘိုးဘိုးက သူအလယ်တန်းကျောင်းအုပ်ဘဝက တာဝန်ကျဖူးတဲ့ပြင်ဦးလွင်မှာပဲ၊ ပင်စင်ယူတော့ အခြေချချင်တယ်ဆို ပြီးမြေကွက်တစ်ကွက်ဝယ်ထားလိုက်တာ. . .

ပင်စင်ယူပြီး အိမ်ပြန်ဆောက်တော့ ပြင်ဦးလွင်က တပည့်ဟောင်းတွေ ကူညီမှုနဲ့ ဘိုးဘိုးတိုက်အိမ်လေးဟာ ခမ်းနားစွာနဲ့ ပြီးခဲ့တယ်။

သားတွေ သမီးတွေစာ နိုင်ငံခြားမှာချည်းပဲလေ။

ဒါပေမယ့် အိမ်အပြီး တစ်နှစ်မှာ ဘွားဘွားက ဆုံးသွားတော့ ဘိုးဘိုးခံစားရရှာတယ်။ ဒါကိုမေမေက ရိပ်မိတယ်။ ကျွန်မကို ဘိုးဘိုးအကြောင်းပြောပြတယ်။ ကျွန်မက ဘိုးဘိုးကို ကြည်ညိုမြတ်နိုး ဘိုးဘိုးရဲ့အထီးကျန် ခံစားနေရမှုဝေဒနာကို မြေးတစ်ယောက်အနေနဲ့ ဖြည့်စွက်ချင်လာတယ်။





ဖေဖေခွင့်မပြုတဲ့ကြားက ကျွန်မထွက်လာခဲ့တာ။

"ဪ ဘိုးဘိုး၊ ကျွန်မတိုက်ခန်းကို ခြောက်လချုပ်ထားတာလည်း ရှေ့လပြည့်တော့မယ်၊ သူတို့ဆက်နေမယ်ဆိုရင် ဘိုးဘိုးပဲဆောင်ရွက်ပေးပါ"

"စိတ်ချပါ မြေးရဲ့"

"ဘိုးဘိုး ဘယ်မှာတည်းမလဲ"

"ကန်တော်ကြီး ဟိုတယ်မှာပဲ တည်းမယ်၊ အဲဒီကနေ တပည့်တွေကို ဖုန်းဆက်လိုက်ရင် သူတို့က တစ်အိမ်တစ်လှည့် စားသောက်ရေး စီစဉ်ပေးမှာ၊ သွားလာဖို့အတွက် မိန်းကလေးအားကိုတောင် သုံးရမှာမဟုတ်ဘူး"

ဘိုးဘိုး၏ ဆရာသက်တမ်းက ကြာမြင့်သည်နှင့် အမျှ တပည့်များကလည်း များပြားကာ ဘိုးဘိုးအပေါ် ချစ်ခင်လေးစားကြတယ်။

အသပြာခေတ်က ဆရာ့တန်ဖိုးထက် စေတနာခေတ်က ဆရာ့တန်ဖိုးက ပိုမိုမြင့်မားကြတယ် ထင်တယ်ကိုအောင်။

ကိုအောင်လည်းအသပြာကို ရှေ့တန်းတင်ရတဲ့ဆရာပဲ။

ဆယ်လအတွက် ဘော်ဒါစားစရိတ်ငြိမ်းငွေနှင့် ကျောင်းသားဦးရေတစ်ရာဆိုတော့ တွက်ကြည့်ရင် တကယ့်စီးပွားရေးလုပ်ငန်းကြီးတစ်ခုပဲ။

ဒါပေမယ့်ကျောင်းသားတွေကလည်း ပေးရကျိုးနပ်တယ်။

အောင်မြင်မှုတွေကလည်း နာမည်ထွက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးတန်းသမားတွေကိုက ပြင်ဦးလွင်က အခြေခံ ထက်တန်းကျောင်းမှာ ထားပေးရသေးတယ်။ အဲသည်စရိတ် အတွက်ပါ 'အောင်'ကပဲ ကျခံရတယ်။ ဘာပဲဖြစ်ဖြစ်အများ အတွက် စားသောက်ရေးဟာ မမရဲ့ အချက်အပြုတ် ကျွမ်းကျင် မှုနဲ့ အဆင်ပြေတယ်။

အဝတ်လျှော်စက်တွေနဲ့ဆိုတော့ အလုပ်သမား လည်း စုစုပေါင်းမှ ယောက်ျားလေး အဆောင်အတွက် သုံးဦး မိန်းကလေးအဆောင်အတွက် သုံးဦးပဲခန့်ဖို့လိုတယ်။

မြို့ထဲမှာ တခြားကျောင်းသားတွေအတွက် အင်္ဂလိပ် နည်းပြသင်တန်း တစ်ခုကိုဖွင့်ထားသေးတယ်။ အဲသည်မှာ ရှင် သင်တယ်။ ကျန်ဆရာတွေလည်း ကျန်အားတဲ့ အချိန်မှာ သူ့ ဘာသာသူတို့ သင်ပဲ။ ရှင်က ရှင့် 'အောင်' ဝန်ဆောင်မှု ဆရာတွေ အတွက်အခွင့်အရေး သီးသန့် ပေးထားတယ်။

ကိုယ့်မစွမ်းအစနဲ့ကိုယ် သင်နိုင်တယ်။ လျှပ်စစ်မီးတာ ကိုရှင်က ဒါနပြုထားတယ်ဆိုတော့ ရှင့်ဆီက ဆရာတွေဟာ စီးပွားရေးလုပ်ငန်းတစ်ခုလို အဆင်ပြေတယ်။

ဒါကြောင့် ရှင့်ဆီမှာ လာနေချင်တဲ့ ကျောင်းသားတွေ ဟာ နောက်နှစ်အတွက်တောင် ကြိုတင်ပြောဆိုထားတာတွေ ရှိနေသလို ဆရာတွေကလည်းလုပ်ချင်တယ်။

ဒါပေမယ့် ရှင်က စည်းကမ်းကြီးတယ်။ ကျောင်းသား တွေကို စာသင်ရုံတင်မကဘူး လေ့ကျင့်ခန်းစစ်ဆေးပေးရသ နှစ်လတစ်ကြိမ် စာမေးပွဲစစ်ပေးရတယ်။ ကိုယ်တိုင်စစ်





အပ်တဲ့ တပည့်တွေကို လိုအပ်တဲ့ဘာသာကို အချိန်ပိုပေးပြီး သင်စေတယ်။

ငွေလည်းကောင်းကောင်းရတယ်။ ဒါပေမယ့် ကောင်း ကောင်းလည်း ပင်ပန်းတယ်။

ကျွန်မကတော့ ဘိုးဘိုးဆန္ဒအရ ရှင့်ကိုကူညီရင်း ပညာ သင်ယူနေတာ။

ရှင်ဟာ စနစ်ဇယားတော့ ရှိတယ်။

ကျွန်မထင်တယ်။

သည်နှစ်တော့ ရှင့်မှာ မှတ်ပုံတင်ပြီး အမြတ်ခွန်ဆောင် ပြီး ဆိုရင်တောင်မှ အမြတ်ငွေ သိန်းလေးဆယ်လောက်တော့ အသားလေးကျန်နိုင်တယ်။

ဘာပဲဖြစ်ဖြစ် ဆရာတွေ ရွှေခေတ်တစ်ခေတ် ရောက် လာပြီလို့ ဆိုနိုင်တယ်။

"မြေး ဘာတွေတွေးနေတာလဲ"

"ဪ အရင်ခေတ်နဲ့ အခုခေတ်ဆရာတွေ ကွာခြား ချက်ကို စဉ်းစားနေတာ"

"ဘာလဲ ကျူရှင်ခေတ်ရောက်လာလို့ ကျူရှင်ဆရာတွေ သူဋ္ဌေးဖြစ်လာတာကိုလား မိန်းကလေး"

"ဘိုးဘိုးတပည့်ကျော်ကြီးရဲ့ ဝင်ငွေကို အကြမ်းဖျင်း တွက်ကြည့်နေတာလေ၊ တစ်ယောက်ကို တစ်သိန်းနှစ်သောင်းနဲ့ ဆယ်လဆိုတော့ နည်းသလား"

"ဒါကတော့ ပညာကို ဖွဲ့လုံ့လနဲ့ အသုံးချခြင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ပါပါတယ်လေ၊ ဘိုးဘိုးကတော့ မောင်အောင်ကို ပြောပါတယ်
ကိုယ်ယူထားတဲ့ အဖိုးအခနဲ့ ထိုက်တန်တဲ့ ပေးဆပ်မှုကို မင်းပေး
ဆပ်နိုင်ရမယ်၊ ဒီလိုဆိုရင် မင်းရဲ့အသက်မွေးဝမ်းကျောင်းဟာ
သမာအာဇီဝကျတဲ့ အသက်မွေးဝမ်းကျောင်းမှုပါလို့ ပြော
တယ်မြေး၊ ဒီတော့ သူအဲ့ဒီ ဘိုးဘိုးစကားကို သူ့အိပ်ခန်းနံရံ
ရေးထားပြီးမှ အိပ်ရာဝင်လေ့ရှိတယ်လို့ ပြောတယ်၊ မော
အောင်ဟာ လူတော်လူကောင်းတစ်ယောက်ပဲ၊ သူ့နည်းသူ့ဟန်
ပညာရေးတာဝန်ကို ထမ်းဆောင်နေတဲ့ လူတစ်ဦးအနေနဲ့ပဲ ဘိုး
ဘိုးကမြင်ထားတယ်”

ကျွန်မက ဘိုးဘိုးကို ဘာမှငြင်းချက်မထုတ်လိုပါဘူး

“ဒါပေမယ့် နိုင်ငံ့ဝန်ထမ်း နိုင်ငံ့လခစား ဆရာဆရာ
တွေကတော့ လစာလေးနည်းနည်းနဲ့ ကြီးလာတဲ့ ကုန်ဈေးနှုန်း
ဆိုတော့ ဘယ်လောက်ပါ့မလဲ”

“ဒါကတော့ မြေး မသိသေးလို့ပါ၊ ကျောင်းဆ
ဆရာမတွေလည်း ကျူရှင်ပြနေကြတာပဲ၊ သူတို့က ပိုတော
ကံကောင်းသေးတယ်၊ အခွန်ဆောင်စရာမလိုဘဲ လူနည်းနည
ဝိုင်းလေးတွေပေါင်းများစွာနဲ့ သူဌေးဖြစ်နေတဲ့ ဆရာတွေလည်
အပုံပါ မြေး”

“ဟုတ်ပါ့မလား ဘိုးဘိုးရဲ့”

“ဟုတ်ပါတယ် ဒါပေမယ့် ကျောင်းတိုင်းတော့ မဟုတ်
ဘူးမြေး၊ အဲ သူဌေးကျောင်းတွေမှာ တာဝန်ကျနေတဲ့ ဆရာတွေ
အချို့ပေါ့မြေးရယ်”





“အင်းပြောင်းလဲလာလိုက်တာနော်၊ အင်းလေ ငွေကြေး
တတ်နိုင်တဲ့သူတွေကတော့ သူတို့သားသမီးတွေရဲ့ ပညာရေးကို
ငွေနဲ့ဆက်ယူမှ ရနိုင်တယ် ထင်နေကြတယ် ထင်ပါရဲ့”

“ကိုင်းပါမြေးရယ်၊ ပေးသူနဲ့ ယူသူကြည်ဖြူနေကြရင်
ပြီးတာပါပဲ၊ အဲ တစ်ခုပဲ သတိထားရမယ်၊ ကျောင်းဆရာတွေက
သူဌေးတွေ၊ ဂုဏ်ရည်ရှိ မိဘတွေအိမ်မှာ ကျိုတ်ဝိုင်းသင်တာပါ၊
ဘိုးဘိုးပြောသလိုပေါ့၊ ပညာကိုရောင်းကုန်တစ်ခုလို ရောင်းသူနဲ့
ဝယ်သူ ကြည်ဖြူနေရင် ပြီးတယ် ဆိုပေမယ့် ဘက်လိုက်မှု မရှိ
စေနဲ့၊ ကိုယ့်ဆီမှာ ကျူရှင်မယူနိုင်တဲ့ ကျောင်းသားလည်း ကိုယ့်
ကျောင်းသားပဲလို့ နှလုံးသွင်းရမယ်၊ ဘက်လိုက်ခြင်းဆိုတာ ဆရာ
လောကမှာ မရှိစေသင့်ဘူး”

“ဟုတ်တယ်နော် ဘိုးဘိုး”

ကျွန်မလည်း ဘိုးဘိုးရှင်းပြတော့မှ သဘောပေါက်လာ
တယ်။

“ဘိုးဘိုး ခေတ်စကားနဲ့ ပြောရရင်တော့ ကျောင်းဆရာ
တွေကျိုတ် ဝိုင်းကျူရှင် ဘာကြောင့်ပြရသလဲ၊ ဝမ်းစာအတွက်
လုပ်စားကြတယ်ဆိုရင် လုပ်စားပါ၊ ဒါပေမယ့် ကျောင်းသားတွေ
ဆီက ရိုက်မစားနဲ့ ညှစ်မစားနဲ့၊ လိုအပ်လို့ ငွေပေးတောင်းခံလာ
တဲ့ ပညာကို ကျိုတ်ဝိုင်းကနေ ပညာပေးခြင်းနဲ့ လုပ်စားကြရင်
တော့ ဘာပြဿနာမှ မရှိဘူးပေါ့ကွယ် မဟုတ်ဘူးလား”

“ဟုတ်တယ်နော် ဘိုးဘိုး၊ ကျွန်မကတော့ နောက်ဆိုရင်
ကိုအောင်လိုပဲ ကိုယ်ပိုင်ကျောင်းပဲ ထောင်ရရင် ကောင်းမလား



www.burmeseclassic.com

www.burmeseclassic.com



လို့ စီးပွားရှာတာချင်းအတူတူ တရားဝင်ခွင့်ပြုချက်ဘောင်ကပဲ အလုပ်လုပ်တော့မယ်၊ စေတနာနဲ့ကတော့ ယာခင်းထဲက ကလေးမူလတန်းကျောင်းလေးတွေကို ကလေးတွေရောက်အောင် ပို့ပေးတော့မယ်နော်”

“အေး. . သာဓု သာဓု သာဓု၊ ကိုင်း ဘိုးဘိုး အိပ်တော့မယ်၊ တစ်နေ့လုံး ကားစီးရတာလည်း ညောင်းလည်းညောင်းလာပြီ”

“ကျွန်မ နှိပ်ပေးရမလား ဘိုးဘိုး”

“ရပါတယ်၊ ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားမှာ၊ မြေးသာအိပ်တော့၊ ကားမောင်းထားရတာ ပင်ပန်းနေပြီ”

“ရပါတယ် ဘိုးဘိုး”

“ဘိုးဘိုး အနင်းအနှိပ် မခံတတ်ပါဘူးကွယ်”

“ဒါဖြင့် ဘိုးဘိုးကို ကန်တော့ပါတယ်”

“အေး သာဓု သာဓု သာဓု လိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေ”

ဘိုးဘိုးက ဆုပေးပြီး အပေါ်ထပ် ကိုတက်သွားတယ်ဆိုရင်ပဲ ကျွန်မခေါင်းထဲက အတွေးတွေကို နှင်လိုက်တယ်။

ပြောင်းလဲနေတဲ့ ပညာရေးလောကရဲ့ အနေအထားကို ကျွန်မ မျက်ခြည်ပြတ်နေခဲ့တာကိုး။

ဘာပဲဖြစ်ဖြစ် ကိုယ့်အလုပ်ကိုလုပ်တာပဲ ကောင်းပါတယ်လို့ ကျွန်မ အတွေးကို ဖျောက်ဖျက်ပစ်ပြီး အိပ်ရာဝင်ခဲ့လိုက်တယ်။





နံနက်စောစော ဈေးသွားရင်းနဲ့ မမဆီ ဝင်တွေ့လိုက်ဦးမယ်။

စံပယ်နဲ့ ရင်းနှီးမှု ယူထားရမယ်။

ဒါမှ သူ့ရဲ့ အတွင်းစိတ်ကို ကျွန်မသိလာရမှာ။

စံပယ်ဟာ ကျွန်မရဲ့ ပြိုင်ဘက် မဖြစ်ပါစေနဲ့လို့တော့ ဆုတောင်းရမှာပဲ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

"စံပယ် နိုးနေပြီးလား"

"ဟာ မမကံ့ကော်၊ အစောကြီးပါလား"

"ဟုတ်တယ်၊ တမင်လေ ဈေးလာရင်း ဝင်ခဲ့တာ ဒီမ
နက် စံပယ်က ရန်ကုန် မုန့်ဟင်းခါး ချက်ပေးမယ်ဆိုတဲ့ သတင်း
ရထားလို့လေ"

"ဟုတ်တယ်မမ၊ တမင်ပဲ မမကြီးတို့ကို ငါးမှာလိုက်
ရတယ်၊ ကျောင်းသူတွေက မုန့်ဟင်းခါးစားချင်တယ်လို့ တမ်းတ





နေကြလို့"

"သိနေတယ်လေ၊ ကြိုတင်သတင်းရထားပြီးပြီဆိုတော့"
ထိုစဉ် မမက အကြော်ထုပ်နှင့် ဝင်လာသည်။

ထမင်းစား စားပွဲရှည်ကြီး၌ ပန်းကန်များပြင်ဆင်လိုက်
သည်။ အလုပ်သမားသုံးဦးကလည်း သွက်လက်မြန်ဆန်၏။

"စောစောစီးစီး ကံ့ကော်တွေ စံပယ်တွေ သင်းပျံ့နေ
တော့ တို့အိမ်အဆောင်လေးလည်း ကျက်သရေရှိသွားတာပေါ့"

"မမကံ့ကော် ရောက်လာမယ်မှန်းသိရင် ဆရာနဲ့ မပို့
ခိုင်းလိုက်ပါဘူး"

"ဆရာကြီးအတွက်လေ၊ မောင်အောင်နဲ့ပဲ ပို့ပေးလိုက်
တယ် လာ ကံ့ကော်၊ စားရအောင်"

"ဟုတ်ကဲ့ မမ"

ကျောင်းသူများနှင့် အတူရောနှောထိုင်ကာ ကံ့ကော်တို့
သုံးဦးလည်း စားသောက်လိုက်သည်။

"မကြိုက်တဲ့လူရှိရင် သုပ်ပေးမယ်"

"ရပါတယ် တီချယ်၊ ကြိုက်တယ်"

"မုန့်ဟင်းခါးမကြိုက်တဲ့ မိန်းမလေးရယ်လို့ ခပ်ရှားရှား
ပဲ၊ အကုန်လုံး ကြိုက်ရင် တစ်ပတ်တစ်ခါတော့ ချက်ကျွေးရမယ်"

မမပြောကို စံပယ်က. .

"ဆရာကပြောတော့ ကျောင်းသားတွေက မကြိုက်ဘူး
တဲ့"

"ဟုတ်တယ် ကျောင်းသားတွေက မုန့်ဟင်းခါးကို အစား



www.burmeseclassic.com

www.burmeseclassic.com



မခံဘူးတဲ့လေ၊ ထမင်းကြော်၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ခေါက်ဆွဲသုပ်ပဲ၊ ကော်ဖီလည်းသိပ်မကြိုက်ဘူး လက်ဖက်ရည်တဲ့လေ၊ ဒီကနေ့မနက်စာပို့ပေးစရာမလိုတော့ဘူး၊ ဟင်းပဲခွဲပို့ရတာ"

မမက စားသောက်ရင်း ရှင်ပြတာကို ကျွန်မနားထောင်ရင်း. . . .

"အင်းနော် ဘယ်လုပ်ငန်းမဆို လွယ်လွယ်ကူကူတော့ မရှိနိုင်ဘူးပေါ့နော် မမ"

"ဟုတ်တယ်ညီမ၊ မမတို့ မောင်နှမလည်း လူသုံးဆယ်လောက်နဲ့ စခဲ့တာ သုံးနှစ်မြောက်မှာ လူတစ်ရာဖြစ်လာတော့ ပိုပြီးတော့ကို တာဝန်ကပိုလာတယ်"

"သမီးတို့က လိမ္မာပါတယ်နော် တီချယ်ကြီး"

"ဟုတ်ပါတယ် ကျုပ်ကရော မယ်မင်းတို့ကို ဘာပြောနေလို့လဲ"

မမကိုတာချီလိတ်သူက ခပ်ဝဲဝဲနှင့် လှမ်းစလိုက်ရာ မမကလည်း အငေါ်တူးလေးနှင့် တုံ့ပြန်လေသည်။

ကျောင်းသူအချင်းချင်း မသင့်မြတ်မှု၊ စောင်းမြောင်းပြောဆိုမှုများလည်း တစ်ခါတစ်ရံတော့ ဖြစ်ပွားတတ်သည်။ သို့သော်လည်း များသောအားဖြင့် ပညာကို လိုလားသူများသာလျှင် ငွေကုန်ကြေးကျခံကာ လာနေခြင်းဖြစ်သောကြောင့် အကြီးအကျယ် ပြဿနာတော့ မရှိကြ။ ကျိတ်၍ စာကိုအပြိုင်အဆိုင်ကြိုးစားကြသည်။

ကျွန်မက မုန့်ဟင်းခါးစားရင်း ကျောင်းသူများရဲ့ အနေ





အထားကို လေ့လာသုံးသပ်နေမိတယ်။

ဆရာမတစ်ဦးဖြစ်ခဲ့သော မမကလည်း ကျောင်းသူများကိုချော့၍တစ်မျိုး၊ ခြောက်၍တစ်မျိုး နိုင်နင်းစွာ အုပ်ချုပ်နိုင်တာကိုတော့ ချီးကျူးပါတယ် ကိုအောင်။

"ကျွန်မကတော့ စားဆက်ပြီး လစ်တော့မယ်မမ၊ ဘိုးဘိုးက ကျွန်မဈေးအပြန်ကို စောင့်ပြီးတော့မှ စားတတ်တယ်"

"ဆရာကြီးအတွက်တော့ ညီမလေးပြန်ရောက်လာတာ ဘုရားမ လိုက်သလိုပဲနေမှာ"

"ဒါပေ့ါမမ၊ ဘိုးဘိုးဟာ ကျွန်မရောက်လာပြီးမှ ပျော်ရွှင်လန်းဆန်းသွက်လက်လာတယ်လို့ ဦးလေးထွန်းတို့ ညီအစ်ကိုကပြောကြတာပဲ၊ သွားတော့မယ်နော်၊ စံပယ်"

"ဟုတ်ကဲ့ မမကံ့ကော်"

ကျွန်မနှုတ်ဆက်ပြီးသာပြန်ခဲ့ရတယ်၊ ကျွန်မရင်ထဲမှာတော့စံပယ်က ဆရာနဲ့ပေးလိုက်ပြီဆိုသော စကားအတွက် ဘဝင်မကျနိုင်ဘူး ကိုအောင်။

ကိုအောင်တို့ ရင်းနှီးမှုအတိုင်းအတာ ဘယ်အထိရှိပြီလဲ။

ဝန်တိုခြင်းဟာ အချစ်ရဲ့ သင်္ကေတတစ်ခုလို့တောင်ဆိုရတော့မယ် ထင်တယ်။

အနေနီးခြင်းဟာလည်း အချစ်ကိုပေါက်ဖွားမှုကို လျင်မြန်စေတယ်ဆိုရင်. . .

ကျွန်မထက်ပိုပြီး အနေနီးစပ်နေတဲ့ စံပယ်နဲ့ ရှင်နဲ့ဆက်ဆံရေးအပေါ် ကျွန်မစိတ်မချနိုင်တော့ဘူး ကိုအောင်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်အေးအေးလေးနှင့် ရှင့်ဆီက ထွက်ပေါ်လာမယ့် ရင်ဖွင့်သံကို စောင့်ကြိုမယ်ဆိုတဲ့ မျှော်လင့်ချက်ကို ကျွန်မ ပြင်မှ ဖြစ်တော့မယ်။

သည်လိုဆိုရင် ကျွန်မဘာလုပ်ရမလဲ။









# အခန်း(၁၂)

“ဘိုးဘိုး”

“ဘာလဲ မြေး”

ကျွန်မမှာ တိုင်ပင်ဖော် တိုင်ပင်ဖက်ဆိုလို့ ဘိုးဘိုးပဲ ရှိတာဆိုတော့ ဘိုးဘိုးကို သွယ်ဝိုက်သောနည်းနဲ့ ကျွန်မရဲ့စိတ်ကိုသိအောင် တစ်ခုခုလုပ်မှ ဖြစ်တော့မယ်။

“ဘွားဘွားနဲ့ ဘိုးဘိုးဘယ်အရွယ်မှာ အိမ်ထောင်ပြုကြတာလဲ”

“ဘာလုပ်မလို့လဲ မိန်းကလေး”



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးက ကျောင်းအုပ်ဆရာကြီး ပီသစွာ မေးခွန်းထုတ်နေလေသည်။

"ဘိုးဘိုးကလည်း သိချင်လို့ပေါ့"

"အိမ်ထောင်ပြုသင့် အရွယ်မှာ အိမ်ထောင်ပြုတာပေါ့ မိန်းကလေးရဲ့"

ဘိုးဘိုးကရယ်ကျဲကျဲနဲ့ ကျွန်မကိုကျီစယ်နေတယ် ကျွန်မက နှုတ်ခမ်းအနည်းငယ်စူပစ်ပြီး. . .

"ဘိုးဘိုးနော် ကျွန်မက အသက်ကိုမေးတာ"

"ဩော် မသိပါဘူး၊ ဘိုးဘိုးက အရွယ်ဆိုလားလို့ အင်း အသက်ဆိုရင် ဘိုးဘိုးအသက် နှစ်ဆယ့်ငါးနှစ် ဘွားဘွားက အသက်နှစ်ဆယ့်နှစ်နှစ်မှာကွယ့်၊ ဘာဖြစ်လို့မေးတာလဲမြေး"

"ဘာမှ မဖြစ်ပါဘူး"

"အေး အေး မဖြစ်ရင်လည်း ထားပါတော့ ဘိုးဘိုးသန် ဘက်ခါ ရန်ကုန်သွားမယ်၊ မြေးအဘွားရဲ့ နှစ်နှစ်ပြည့်ဆွမ်းကျွေး အတွက်လိုအပ်တာတွေ ဘိုးဘိုး ဝယ်ခဲ့ဦးမယ်"

"ရပါတယ် ဘိုးဘိုး၊ ခေါင်းရှုပ်မခံနဲ့၊ ကျွန်မ မန္တလေး ဆင်းပြီး ဝယ်လိုက်မယ်"

"မြေးဘာသာ အေးအေးဆေးဆေး နေစမ်းပါ၊ ဒီမှာ ကလည်း အလုပ်တွေကများပါဘိနဲ့၊ မနှစ်က ဘိုးဘိုးတစ်ယောက် တည်းပဲလုပ်သွားရတာ၊ အဲ. . မောင်အောင်ကတော့ ဝိုင်းကူပ တယ်၊ ခုမြေးရောက်လာတော့ ဘိုးဘိုး အတော့်ကို အားတက် တာ"





"ဒါဖြင့်လည်း ဘိုးဘိုး သဘောပဲ"

"အရေးအကြောင်းရှိရင် မောင်အောင်ကို ဖုန်းဆက်ခေါ်လိုက်မိန်းကလေး၊ ဘိုးဘိုးမောင်အောင်ကို မှာထားတယ်"

"ဘိုးဘိုး ကြာမှာလား"

"ရောက်တုန်းရောက်ခိုက် အဖော်ကောင်းရင် ကျိုက်ထီးရိုးနဲ့ သာမညဘက် သွားလိုက်ဦးမယ်"

ဘိုးဘိုး စိတ်ချမ်းသာသလိုနေပါစေတော့ဆိုပြီး ကျွန်မ ဘာမှ မပြောတော့ဘူး။

ကျွန်မ တစ်စုံတစ်ခုကို တောင်းဆိုချင်တယ်။ ဒါပေမယ့် ဘိုးဘိုးကို ကျွန်မဖွင့်ပြောရမှာ ရှက်နေတယ်။

မြန်မာမိန်းကလေးတစ်ယောက်ဟာ ယောကျ်ား တစ်ယောက်ကို စိတ်ဝင်စားနေပါတယ်ဆိုတာ သူငယ်ချင်း မိန်းကလေး အချင်းချင်းကိုသာ ဖွင့်ပြောရဲပေမယ့် ကိုယ့်အုပ်ထိန်းသူကို ဖွင့်ပြောဖို့ အတော်ခက်တယ်။

ဗိုဒီယို၊ ရုပ်ရှင်ထဲကလို လူကြီးတွေက အလိုက်တသိ စီစဉ်ပေးရင် ဘယ်လောက်ကောင်းလိုက်မလဲလို့။

ဘိုးဘိုးက အကင်းပါးတဲ့ လူကြီးပါ။

ကျွန်မရဲ့စိတ်ကို ဘိုးဘိုး မသိဘဲမနေပါဘူး။ ဒါနဲ့တောင် ဘာဖြစ်လို့များ အေးစက်နေရပါလိမ့်။

"ဘိုးဘိုး"

"ဘာလဲ မိန်းကလေး"

"ဘိုးဘိုးနဲ့ဘွားဘွားက ကိုယ့်ဟာကိုကြိုက်လို့ယူတာလား



www.burmeseclassic.com

www.burmeseclassic.com



မိဘပေးစားလို့ ယူတာလား"

"ငါ့မြေးက အိမ်ထောင်ရေးကို စိတ်ဝင်စားနေပြီ ထင်တယ်၊ တွေ့ထားတဲ့လူရှိရင် ဘိုးဘိုးကိုလည်း ပြောဦးမှပေါ့"

"မဟုတ်ပါဘူး ဘိုးဘိုးကလည်း ကျွန်မက ကိုယ့်အဘိုးနဲ့ အဘွားအကြောင်း သိထားသင့်တယ် ထင်လိုပါ"

"သြော်. . . သြော် ဒီလိုဆိုရင်လည်း ဘိုးဘိုးက ကျေးဇူးတင်ရမှာပေါ့လေ ဒီလို မြေးရဲ့ ဘိုးဘိုးကို ဘိုးဘိုးမိဘတွေက ပြောတယ်၊ မင်းနဲ့သင့်တော်တဲ့ အိမ်ထောင်ဖက် တို့တော့တွေ့ထားပြီ၊ မင်းသွားကြည့်လိုက်ပါဦးဆိုလို့ ဘိုးဘိုးက မင်းဘွားဘွားကိုသွားကြည့်တာ၊ ဘွားဘွားကိုတွေ့တော့ ဘိုးဘိုးလည်း သဘောကျသွားတာနဲ့ မိဘတွေကို ပြန်ပြောတယ်"

"ဘယ်လိုပြောတာလဲ ဘိုးဘိုး"

"ဘိုးဘိုးကလည်း လူပါးပဲ၊ မိဘသဘောကျ ယူရတယ်ဆိုရင်နောင်ပြဿနာဖြစ်ရင် ဘိုးဘိုးတာဝန် မဟုတ်ဘူးဆိုတဲ့သဘောမျိုးနဲ့ အဖေတို့ သဘောကျတယ် ဆိုရင်တော့လည်း ကျွန်တော့အနေနဲ့ ငြင်းစရာမရှိတဲ့ ရုပ်ရည်မျိုးပါလို့ ဝိနည်းလွတ် ပြောလိုက်တာ"

ကျွန်မဘိုးဘိုးစကားကို စိတ်ဝင်စားသွားတယ်။ ကျွန်မအဘိုး အဘွားတွေလည်း အချစ်ရေးနှင့် အိမ်ထောင်ရေးကို အလေးအနက် စဉ်းစားပြီး ဆောင်ရွက်တတ်ခဲ့မှာပါ။

"ဒါနဲ့ လက်ထပ်ပေးလိုက်ရောလား ဘိုးဘိုး"

"ဟားဟား ဘယ်ဟုတ်လိမ့်မလဲ၊ မြေးရဲ့ ဘေးကဘိုးဘိုး





တတ်သိပ်ပါးတယ်၊ ဘိုးဘိုးကို ဘာပြန်ပြောတယ်မှတ်သလဲ"

"ပြောပါဦး ဘိုးဘိုး"

"ဟဲ့ ဘခိုင်၊ ရုပ်ရည်တစ်ခုတည်း မငြင်းနိုင်လို့ မရသေးဘူး မိန်းမတွေ တတ်အပ်တဲ့ အရည်အချင်း ရှိမရှိကို သွားလေ့လာချေဦးမောင်၊ အဲဒါကို မောင်သဘောကျမှ အဖေက ပေးစားမှာလို့ပြန်ပြောလို့ ဘိုးဘိုးလည်း မင်းအဘွားဆီ ဝင်ထွက်သွားရင်း ရည်းစားအဖြစ်ရောက်တော့မှ အဆင်းရော အချင်းပါ ပြည့်စုံပါတယ် အဖေ ပေးစားပါတော့လို့ တောင်းဆိုမှ ပေးစားတာ၊ လွယ်တာမှတ်လို့"

ဘိုးဘိုးစကားကို ကျွန်မ သဘောကျစွာ ရယ်မောလိုက်တယ်။

"မြေးတို့ခေတ်ကတော့ ဦးချစ်တစ်တင်း နှမ်းတစ်တင်းဆိုတော့ ဘိုးဘိုးကို မရှက်နဲ့၊ ငါ့မြေး သဘောကျတဲ့လူရှိရင် ဘိုးဘိုးကိုပြောထား၊ ဘိုးဘိုးအရင်လေ့လာပြီး အဆင်ပြေအောင် ဘိုးဘိုးဆောင်ရွက်ပေးမယ်၊ မြေးရဲ့ကဏ္ဍသိက္ခာကို မထိခိုက်စေဘူး၊ စိတ်ချလက်ချသာနေ"

ကျွန်မမျက်နှာ တစ်ပြင်လုံး ထူပူသွားတယ်။

ရှက်သွေးနဲ့ နီရဲနေမယ်ဆိုတာကိုလည်း မှန်မကြည့်ဘဲ ကျွန်မသိနေတယ်။

"ဟာ ဘိုးဘိုးကလည်း ကြံကြံဖန်ဖန်"

တကယ်တော့ ကျွန်မဟာ မြန်မာပြည်က ပေါက်ဖွားကြီးပြင်းလာတဲ့ မြန်မာအမျိုးသမီး ဖြစ်နေတယ်။ ချစ်ခြင်းဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အရာဟာ လူသားတိုင်းနဲ့ဆိုင်တဲ့ ကိစ္စဖြစ်တာ မှန်ပေမယ့် . . .

ကျွန်မတို့မြန်မာအမျိုးသမီးတွေက ချစ်ခြင်းကိုတော ခံသူရှိမှ ထုတ်ဖော်ခွင့်ရှိတယ်။

မိန်းကလေးတွေဟာ အချစ်ကို ထုတ်ဖော်တောင်း ခွင့်မရှိဘူး။

အမူအရာပြတာတောင် လွန်ကျူးလှပြီ။ အဆောင် ကျောင်းသူကလေးတွေ ပြောပြောနေတဲ့ ပဲများတယ်လို့အ ခံရမှာ ကျွန်မအလွန်ကြောက်တယ်။

မိန်းကလေးတန်မဲ့ ကြွေမဲ့လိုက်တာ၊ ယောက်ျားအ ယောက်ကို သူကစ ချစ်ရေးဆိုတယ်တဲ့၊ တို့နိုင်ငံလည်းဘယ် ဖြစ်ကုန်ပြီလဲ မသိဘူးဆိုတဲ့ စကားမျိုးကို ကျွန်မကြားခဏ ခဲ့ဖူးတယ်ဆိုရင်ပဲ ကြက်သီးထခဲ့ရဖူးတယ်။

"မိန်းကလေး"

"ရှင် ဘိုးဘိုး"

"ဘာတွေ စဉ်းစားနေတာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"ဘိုးဘိုးကို မညာနဲ့နော် မိန်းကလေး၊ ဘိုးဘိုးကိုဖြေ ခက်နေလို့လား၊ ဒီလိုဆိုရင် မယ်ဝေကိုစာရေးပြီး ရင်ဖွင့်အ လိုက်၊ မိခင်ဆိုတာတော့ သမီးတွေအတွက်အကောင်းဆုံး တိုင်ပင်ဖော် တိုင်ပင်ဖက်ပဲ"

"ဟာ ဘိုးဘိုးကလည်း ဘာတွေလျှောက်ပြောနေ မသိဘူး၊ ကျွန်မကဘိုးဘိုးက ဘွားဘွားကိုသိပ်ချစ်တာ တွေး





မိတာနဲ့ အမှုပတ်တော့တယ်၊ သွားတော့မယ်"

ဘိုးဘိုးက ရယ်ကျဲကျဲဖြင့်

"ဒီနေ့တော့ ဘိုးဘိုးမလိုက်တော့ဘူး၊ မောင်အောင်လာ ယ့်နေ့ မဟုတ်လား"

"သူလာတာနဲ့ ဘိုးဘိုးကဘာဖြစ်လို့ မလိုက်ရတာလဲ"

"ဟ ယောက်ျားဖော်ရှိအောင် ဘိုးဘိုးကလိုက်စောင့် ရှောက်ပေးတာပဲ၊ မောင်အောင်ရှိတဲ့နေ့မျိုးတော့ မိန်းကလေးကို ခောင့်ရှောက်လိမ့်မှာပေါ့၊ ဘိုးဘိုးက အပိုလူဖြစ်နေမှာပေါ့၊ ငိုး သွားသွား၊ ဒီနေ့ ကလေးတွေအတွက် ဘာယူသွားမှာလဲ"

"မမက မုန့်ဟင်းခါး ထည့်ပေးလိုက်မယ်"

"အေး အေး ဒါဖြင့်သွားသွား"

ဘိုးဘိုးရဲ့စိတ်ကို ကျွန်မနားမလည်နိုင်ဘူး။

ဒါပေမယ့် ဘိုးဘိုးကတော့ ကျွန်မစိတ်ကိုနားလည်နေ ပဲ။

နားလည်ပြီး အလိုက်တသိရှိရင်တော့ ကျွန်မဘက်က အလေးသာပါတယ်လို့ ကျွန်မတွေးမိပြီး စိတ်အတန်ငယ်သက် ာရတာအမှန်ပဲ။

ကျွန်မရဲ့စိတ်တွေကို စာသင်ခြင်းဆိုတဲ့ လုပ်ငန်းထဲမှာ မြုပ်နှံထားရုံသက်သက်နဲ့တော့ ဘဝတစ်ခုလုံးရဲ့ ပျော်ရွှင်ခြင်း ခန်းမြေ့ခြင်းကို ရရှိနိုင်မှာ မဟုတ်ဘူးဆိုတာ ကျွန်မတွေးမိလာ ပြီ။

အင်းလေ လောကကြီးမှာ ပြည့်စုံခြင်းဆိုတဲ့အရာကို



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်ခွင့်ရသူလောက် ကံထူးသောလူ ရှိနိုင်ပါ့မလား။

ကျွန်မ တကယ်ပဲ ပြည့်စုံခြင်းကို တမ်းတလာမိပြီ။

ကျွန်မမှာ မိစုံဖစုံရှိတယ်။ သူတို့နဲ့ ကြီးပြင်းရတယ်။

ပညာလည်းဘွဲ့တစ်ခုတော့ရတယ်။

ငွေကြေးလည်း ဖောဖောသီသီ သုံးစွဲနိုင်တယ်။

နောင်ရေးအတွက်လည်း စုဆောင်းမိနေပြီ။

လူသားဆန်တဲ့ အလုပ်လည်း ကျွန်မမှာရှိနေတယ်

အခကြေးငွေယူပြီး လုပ်နေတဲ့ အလုပ်ရော. . .

သံသရာအတွက် ကြွေးသစ်တွေ ရောချနေတဲ့ ပညာ

ပါရမီ ကံအတွက်ရော ဒါနမျိုးဆက်တွေရော ကျွန်မချလှူနေနိုင်

တယ်။

ဒါပေမယ့်. . . ကျွန်မဘဝမှာ မပြည့်စုံဘူး။

ကျွန်မနှလုံးသားမှာ အချစ်သစ်စေ့လေး ပေါက်ကွဲချိန်

တန်နေပြီ။ ဒါပေမယ့် ပေါက်ကွဲခွင့် မကြုံသေးဘူး။

ရေလောင်းပေးမယ့်သူက ရှင်ပဲဖြစ်ရမယ်။

ရှင့်ရဲ့ မေတ္တာရေရမှ ကျွန်မရဲ့ အချစ်မျိုးစေ့လေး ပွင့်

လန်းနိုးကြွားနိုင်မှာ. .

ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ မြန်မာမိန်းမတွေရဲ့ ဣန္ဒြေ

ကို မထိပါးစေတဲ့နည်းနဲ့ ရှင့်ရဲ့ မေတ္တာရေ ရရှိရေးကို ကြိုးပမ်း

မှာပဲ ဦးထက်အောင်။







# အခန်း(၁၃)

"ဟင်. . ."

ကျွန်မ ဘယ်လိုလုပ်ပြီး ဟန်ဆောင်နေရမလဲဆိုတာ အပြေးအလွှားပဲ စဉ်းစားလိုက်ရတယ်။

အပြုံး. . .

ဟုတ်တယ်။ ဝမ်းသာရင်လည်းပြုံးရတယ်။ ဝမ်းနည်းကြေကွဲရင်လည်း ပြုံးရတယ်။ ဒေါသဖြစ်ရင်လည်း ပြုံးရတယ်။ အဲသည်အခါမှာ ခံစားမှုဟူသမျှကို အပြုံးကတစ်ဖတ်သူ မရိပ်မိ



www.burmeseclassic.com

www.burmeseclassic.com



အောင်ထိန်းထိန်းသိမ်းသိမ်းလေးနဲ့ ဖုံးဖိသွားနိုင်တယ်လို့ ကျွန်မ ယူဆတယ်။ ဒါကြောင့် ကျွန်မက အပြုံးနဲ့ပဲ ဆီးကြိုလိုက်တယ်။

ဒါပေမယ့် ကျွန်မနှုတ်ခမ်းတွေကြားကတော့ စကား အရာဟာ တိုးဝှေ့ပြီးထွက်ပေါ်မလာနိုင်သေးဘူး။

"စံပယ်က လိုက်ချင်တယ်ဆိုလို့လေ၊ ပြီးတော့ ကျွန် တော်ကလည်း မအားသေးဘူး၊ ကျွန်တော့်ကောင်တွေ အခုတ လောဗွေဖောက်ချင်လို့ ညဘက်ကို ကျွန်တော်ရှိမှဖြစ်မယ်"

ရှင်က ကျွန်မကို ဖြေရှင်းချက်ထုတ်နေတယ်။

"ကဲ့ကော် စံပယ်ကိုပြန်ပို့ပေးနိုင်မလား"

"ပို့ပေးနိုင်ပါတယ်"

သည်စကားကိုတော့ ကျွန်မသွက်သွက်လက်လက်ပဲ ဖြေလိုက်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ မပို့ပေးနိုင်ရင် စံပယ်ကို ရှင်ကိုယ်တိုင် လာခေါ်မှာ မဟုတ်လား။

ရွာနားနဲ့ကလည်း မနီးမဝေးဆိုပေမယ့် ရွာသားတွေက လည်းအလှည့်ကျ ကျွန်မတို့ကို စောင့်ရှောက်ပေးနေတာဆိုတော့ ဘာမှ ပူစရာမလိုပါဘူး။

"ဟော့ ကောင်တွေ၊ စာတွေ တော်တော်ရပြီးလား"

"ရပါပြီ ဆရာလေး"

ကလေးတွေက လက်ပိုက်ပြီး အဖြေပေးတော့ ရှင် က. .

"မင်းတို့နဲ့ကျမှပဲ ငါတော့ သီလရှင် ဖြစ်တော့တာပဲ၊





ကိုင်းပြန်ဦးမယ် ကဲ့ကော်"

ရှင်က ကျွန်မကိုပဲ နှုတ်ကဖွင့်ဟ နှုတ်ဆက်ပြီး ပြန်သွား တယ်။

စံပယ်ကို နှုတ်က ဖွင့်ဟမနှုတ်ဆက်ဘဲနဲ့ အပြုံးလေးနဲ့ တစ်ချက်ကြည့်သွားတာကို ကျွန်မကလည်း မြင်ဖြစ်အောင် မြင်လိုက်တယ်။

ရှင်တို့နှစ်ဦးရဲ့ ရင်းနှီးမှုအတိုင်းအတာဟာ ကျွန်မထက် ပိုတယ်လို့ ကျွန်မထင်တယ်။

ကျွန်မရင်မှာ ပူလောင်နေပြီ ကိုအောင်။

"မမကဲ့ကော် ကျွန်မ ကလေးတွေကို မုန့်ဟင်းခါးထည့် ကျွေးလိုက်တော့မယ်နော်"

"အင်း အင်း ထည့်လေ၊ မမက ဟင်းရည်ဆမ်းပေးမယ်"

ရင်ထဲက အပူကို အလုပ်နဲ့ပဲ ဖုံးဖိနေလိုက်ရတယ်။

သည်လိုမှ မနေရင်လည်း ကျွန်မဟာ မိန်းမပျော့မျိုးဖြစ် သွားမှာမပေါ့လေ။

"မမ့က နေ့လယ်ကမှ ထပ်ချက်တာ မမကဲ့ကော်"

"ဟုတ်လား၊ မမကတော့ အချက်အပြုတ်မှာ မြန်သ လားမမေးနဲ့"

"ဟုတ်တယ် စံပယ်တို့တောင် အတုယူနေရတယ်"

ကလေးတွေကို ပြင်ဆင်ကျွေးရင်း စံပယ်ရဲ့ ကိုယ်ရေး ရာဇဝင်ကို ကျွန်မ ကောက်ကြောင်းလိုက်မိတယ်ကိုအောင်။

"စံပယ်က ရန်ကုန်ဇာတိပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မြောင်းမြဇာတိပါ"

"ဪ ဒါပေမယ့် ရန်ကုန်က လာတယ်ဆိုတော့"

"ဟုတ်ပါတယ်၊ မေမေက နောက်အိမ်ထောင်ပြုလိုက်တော့ မြောင်းမြကအိမ်ကို ရောင်းချပြီး ရန်ကုန်ကိုလိုက်သွားတော့ စံပယ်လည်း လိုက်ရတာပေါ့ မမကံ့ကော်"

"ဪ. . ."

ကျွန်မ့ရင်ထဲ ထိရှသွားတယ်၊ ကျွန်မတို့ မိန်းမသားတွေဟာ သနားလွယ်တတ်တဲ့ နှလုံးသားလေးကတော့ မွေးရာပါ ထင်ပါရဲ့။

"ဒါဆိုရင် စံပယ်က ပထွေးနဲ့နေရတာပေါ့"

"ဟုတ်ကဲ့"

စံပယ်မျက်နှာလေးဟာ မွန်းတည့်နေရောင်ခြည်အောက်က နှင်းဆီပန်းလေးလို ညှိုးကျသွားတယ်။

ကျွန်မ ဆက်မမေးရက်တော့ဘူး။

"ပထွေးကလူလည်း မမကံ့ကော်၊ ကုန်သည်ယောင်ယောင် ပွဲစားမယောင်ယောင်နဲ့ မေမေ့ကို အပိုင်စီးတာ၊ ဖေဖေ ရှာဖွေသမျှ အိမ်နဲ့ အတွင်းပစ္စည်းတွေကို ရောင်းချပြီး မေမေက သူ့နောက် ကောက်ကောက်ပါရတော့ ကျွန်မဆယ်တန်းဖြေပြီး စမှာပါ မမရယ်၊ ကျွန်မဘယ်လောက်ခံစား ရသလဲဆိုတာ မမကို ပြောပြလို့ မတတ်အောင်ပဲ"

စံပယ်မျက်ရည်လေး ရစ်ဝဲလာတယ်ဆိုရင်ပဲ ကျွန်မရဲ့ လက်ချောင်းတွေက စံပယ်ပခုံးကို ဆုပ်ကိုင်ဖြေသိမ့်ပြီး ဖြစ်သွား





တယ်။

"ကဲ ကဲ ဒါတွေခဏမေ့ထားလိုက် စံပယ်၊ ကလေးတွေကို မမနဲ့အတူ စာဝိုင်းသင်ပေးနော်၊ တို့မျှား နောင်သံသရာအတွက် ပညာပါရမီ မျိုးစေ့လေးတွေ ချလိုက်ကြရအောင်"

ကျွန်မရဲ့ ဖြေသိမ့်မှုကို စံပယ်နားလည်စွာဖြင့် ရစ်ဝဲလာတဲ့မျက်ရည်များကို မျက်တောင်ပုတ်ခတ် သိမ်းဆည်းလိုက်ရှာတယ်။

ဪ. . အမည်နဲ့ လိုက်ဖက်စွာပဲ စံပယ်ပန်းလေးလိုအေးချမ်းရမယ့်အစား သူမရဲ့ရင်ထဲမှာ အဲပူမီးတွေ တောက်လောင်နေရှာပါလား။

ကျွန်မနှလုံးသား အပူမီးတောက်က သူမထက်စာရင် အသေးအမွှားလေးပါလားလို့ ကျွန်မသိလိုက်ရပြီ ကိုအောင်။

ကျွန်မက အပူမီးကို သက်သက်ဝယ်ယူနေတာ။

သူမကတော့ ဘဝအပူမီးဝိုင်းကြီးကြားက ထွက်ပေါက်ရှာနေရှာရသူ။

ပန်းအမည်နဲ့ မိန်းမသားနှစ်ယောက်ဖြစ်ပေမယ့်. .

ဘဝချင်းက ခြားနားပါတယ်။

တဒင်္ဂတော့ ကျွန်မရဲ့ ရင်မှာ စံပယ့်အပေါ် မနာလိုဝန်တိုခြင်း ကင်းသွားတာ အမှန်ပါ ကိုအောင်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

"စံပယ်လေ အဝေးသင်နဲ့ ကျောင်းဆက်တက်ခဲ့ရတာ၊ မေမေ့ကိုသာ စံပယ်ထည့်မတွက်ခဲ့ရင် စံပယ်ကိုယ်စံပယ် သတ်သေမိမှာ အမှန်ပဲ မမ"

"မကြံကောင်း အစည်ရာ စံပယ်ရယ်"

"တကယ်ပါ မမ၊ စံပယ်လေ ဆရာဝန်ဖြစ်ချင်လို့ စာကြိုးစားခဲ့တဲ့သူပါ၊ စံပယ်ဆယ်တန်းနှစ်မှာပဲ အဲ့ဒီလူနဲ့ ဖြစ်တယ်၊ ဒါကို စံပယ်ကျိတ်ပြီး မေမေ့ကိုတားဆီးတယ်၊ ဒါပေမယ့် စံပယ်





လေ စာကိုပဲ ဖိကြိုးစားတယ်သိလား၊ ဒါပေမယ့် မရပါဘူး၊ အချစ်မီးဟာ သိပ်ကိုကြောက်ဖို့ကောင်းပါတယ်၊ မေမေဟာ စံပယ့်ရဲ့ မျက်နှာကို မကြည့်ဘူး၊ ကျွန်မလေ ဆယ်တန်းကို လေးဘာသာ ဂုဏ်ထူးနဲ့အောင်ပြီး ဆေးတက္ကသိုလ်အမှတ်မီပါတယ်၊ ဒါပေမယ့်. . "

စံပယ်က စီးကျလာသော မျက်ရည်များကို သုတ်လိုက်ပြီး ရင်ဝမှာ တစ်ဆို့နေဟန်တူသော သောကအလုံးကိုဖယ်ရှားရန်ကြိုးစားနေရှာတယ်။

ကျွန်မ မကြည့်ရက်ပါဘူး ကိုအောင်။

လောကကြီးမှာ ကျွန်မ မကြားဖူးတဲ့ စကားတွေ ကျွန်မကြားရတော့ အထူးအဆန်းဖြစ်လာတာအမှန်ပဲ။ ပြီးတော့ ပုံပြင်လိုပဲ၊ ပုံပြင်ထဲက ခင်နှင်းဖြူခေါ် စနိုးဝှိုက်လေး မမအတွက်ရော၊ စင်ဒရဲလ်လားခေါ် မီးသွေးမလေးအတွက်ရော ကျွန်မငယ်စဉ်ကမျက်ရည်ကျခဲ့ဖူးသလို. .

အခု ကျွန်မပုံပြင်ထဲက စံပယ်ပွင့်ဖြူမလေးအတွက် ရင်ထဲမှာ မျက်ရည်ကျရပြီ။

ကျွန်မကားကို ထိုးရပ်လိုက်တယ်၊ ပြီးတော့သူမဘက်ကိုလှည့်ပြီး အားပေးလိုက်တယ်။

"မငိုပါနဲ့စံပယ်၊ မင်းမှာ အစ်မတွေ၊ အစ်ကိုတွေတိုးလာပြီပဲ"

"ဟုတ်ကဲ့ပါ မမကဲ့ကော်၊ စံပယ်လည်း အဲဒီလိုပဲ ခံယူထားပါတယ်"

www.burmeseclassic.com



"အမ်စီကို မင်းအမေက ပေးမတက်တာလား စံပယ်"

"မေမေကတော့ ပေးတက်စေချင်တာပေါ့၊ ဒါပေမယ့် ပထွေးဖဲရိုက်ပစ်လို့ ဖေဖေရှာပေးခဲ့သမျှတွေလည်း ကုန်သွားပြီလေ၊ ကျွန်မကို မငဲ့ညှာပေမယ့် မေမေ့ကိုကျွန်မ ငဲ့ညှာပါတယ်၊ ကျွန်မစူပါမားကက်မှာ အရောင်းစာရေးမလုပ်ပြီး ကျွန်မဝမ်း ကျွန်မကျောင်းခဲ့တယ်၊ မေမေနဲ့ ကျွန်မခွဲထွက်ရတယ်လေ၊

ကျွန်မ မခွဲချင်ပါဘူး၊ ဒါပေမယ့် ပထွေးကဖဲရော အရက်ရောအပြင် မိန်းမကိစ္စပါ စိတ်ချရတဲ့လူမဟုတ်ဘူး၊ ဒီကြားထဲ သူ့ရဲ့ပါတနာ သူဌေးမုဆိုးဖိုကြီးနဲ့ ကျွန်မကို သဘောတူနေသေးတယ်"

"ဖြစ်ရလေ စံပယ်ရယ်"

ကျွန်မရဲ့နှလုံးသားမှာ စံပယ်အတွက်ကရုဏာ စိမ့်စမ်းလေးဖြစ်ထွန်းသွားပြီ။

ကျွန်မကားကို ခပ်ဖြည်းဖြည်းပဲ မောင်းထွက်ခဲ့တယ်။ လမ်းမီးတွေက မှိန်ပေမယ့် လပြည့်နေ့ဖြစ်လို့ ပတ်ဝန်းကျင်တစ်ခုလုံး အေးမြသောအလင်းရောင်က လွှမ်းခြုံထားတယ်။

ကျွန်မဘဝကလည်း အေးမြပြီး ပြည့်စုံလုံလောက်တဲ့ မေတ္တာတရားတွေနဲ့ ကြီးပြင်းပြီးလူလားမြောက်ခဲ့ရတာ။

စံပယ်ဘဝက နွေလယ်ခေါင်မွန်းတည့်နေရောင် အောက်က လွင်တီးခေါင်ပြင်မှာ လျှောက်လှမ်းခဲ့ရရှာတာ။

ဘယ်လိုမှ ယှဉ်လို့မရတဲ့ ဘဝနှစ်ခုပဲ။

မေတ္တာ၊ ဥစ္စာ၊ ခနအစစအရာရာမှာ ပြည့်စုံတဲ့ကျွန်မက





အရာရာမှာ ချို့တဲ့မှုနဲ့ ရုန်းကန်နေရဆဲ စံပယ်ကို ကျွန်မယှဉ်ပြိုင်မိခြင်းအပေါ် ကျွန်မရှက်ရွံ့စွာနဲ့ နောင်တရခဲ့ရတယ်။

အားနည်းသူအပေါ် အနိုင်ယူခြင်းနဲ့ ကျွန်မအောင်ပွဲမဆင်လိုပါဘူး။

ကျွန်မရဲ့ ကံတရားပေါ့။

"ကျွန်မကို ပထွေးက စည်းရုံးလို့မရတော့ မေမေ့ကို အကျပ်ကိုင်လာတယ်၊ ကျွန်မက ဒီအတွက်တော့ ကျွန်မဘဝကို စတေးမခံနိုင်တော့ဘူး၊ ကျွန်မဒီကိုထွက်လာခဲ့တာ သူတို့မသိကြဘူး၊ ဒီမှာ မက်မန်းပဲ ထုပ်ရထုပ်ရ ဘာပဲလုပ်ရလုပ်ရ ကျွန်မလုပ်မယ်ဆိုပြီးလာတာ၊ ကားပေါ်မှာ ခရီးသည်တစ်ဦးနဲ့ စကားလက်ဆုံကျရာက 'အောင်'မှာဘိုင်အိုပြဆရာမ အလိုရှိတယ်ဆိုတာ သိရတာနဲ့ ဆရာဆီမှာ ကျွန်မအလုပ်တောင်းခဲ့ရတာ"

"တော်သေးတာပေါ့ ညီမရယ်၊ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလို့"

"ဟုတ်ကဲ့ ကျွန်မတော့ ကံကောင်းခြင်း၊ လမ်းမပေါ် ရောက်လာပြီလို့ ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မအပေါ် ဆရာတို့မောင်နှမရော၊ မမကဲ့ကော်ရော နားလည်ဖေးမပေးတဲ့အတွက်ပါ"

"ဒါပေါ့ ညီမရယ် လောကကြီးမှာ အမြဲတမ်းကံဆိုးနေမယ်ဆိုရင် ဘယ်တရားပဲ့မလဲ ကံဆိုးခြင်းရှိသလို ကံကောင်းခြင်းတလည်းရှိလာရမှာပေါ့"

ကျွန်မကိုယ်ကျွန်မ ရှက်မိတယ်၊ အချစ်ပြဿနာဟာ



www.burmeseclassic.com

www.burmeseclassic.com



မစတင်ရသေးမီမှာပဲ ဝန်တိုအတ္တကြီးစွာနဲ့ အားနည်းသူအပေါ် နိုင်လိုမင်းထက် ပြုမူတော့မလို့။

ကျွန်မသိပ်ကံကောင်းသွားပါတယ်။

ကျွန်မအချစ်ကို တရားနည်းလမ်းကျစွာနဲ့ပဲ ဖူးစာရေး နတ်မင်းဖန်တီးပေးတဲ့ အချိန်အခါကိုပဲ စောင့်မျှော်တော့မယ် ကိုအောင်။







# အခန်း(၁၅)

မမဆီကိုသွားဖို့ အရေးကိုယခင်က ခြေလှမ်းသွက်သလောက် အခုတော့ စဉ်းစားရတယ်။ ကိုယ်တိုင်မသွားမဖြစ်တဲ့ ကိစ္စမျိုးမှ သွားတယ်။ များသောအားဖြင့်တော့ ကျုပ်တယ်လီဖုန်းနဲ့ပဲ ပြောဖြစ်ပါတယ်။

“ဆရာ တယ်လီဖုန်း”

“အေး အေး”

ရေချိုးခန်းကအထွက် ရေသုတ်နေတုန်းပဲရှိသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတစ်ဦးက လာပြောလို့ မျက်နှာသုတ်ပဝါပတ်ပြီး ဧည့်ခန်းဘက် ထွက်ခဲ့တယ်။

"ဟယ်လို"

"မောင်အောင်လား၊ မမပါ"

"ဟုတ်ကဲ့ မမ၊ ဘာကိစ္စရှိလို့လဲ"

"ဒီမှာ ကျောင်းသူတစ်ယောက်နဲ့ စံပယ်ဖျားနေလို့ အဲဒ ကားအားရင် လွှတ်လိုက်ပါဦးကွယ်၊ ဆေးခန်းပို့ရအောင်"

စံပယ်ဆိုတော့ ပိုးတောင့်တဲလေးလို ဖြူရော်ရော်သူမ မျက်နှာလေးကို ကျုပ်မြင်ယောင်မိတယ်။

"ကောင်းပြီလေ၊ ကျွန်တော် မောင်သန်းကိုလွှတ်လိုက် မယ်၊ တော်တော်ဖျားနေကြတာလား"

"ဟုတ်တယ်၊ တစ်ယောက်ကတော့ ဘာရောဂါမှန်းမသိ ဘူး၊ အန်ပြီး အဖျားသွေးနည်းနည်းရှိတယ်၊ စံပယ်ကတော့ အ အေးမိပြီးအပြင်းဖျားတာ တစ်ရာ့လေးတောင်ရှိတယ်"

"ဟုတ်လား၊ ဒီလိုဆိုယာဉ်တဲကို ကျွန်တော်သွားလိုက် မယ်"

"အေးအေး"

ကျုပ်အနေနဲ့ စံပယ်ကို စိုးရိမ်သွားသလို တောင်ယာတဲ လေးများမှာ မင်းတစ်ယောက်တည်းကိုလည်း စိတ်မချနိုင်ဘူး

ဘာပဲဖြစ်ဖြစ် မင်းဆီကိုတော့ ကျုပ်ရောက်အောင်လာ မှာပဲ။ ဆရာကြီးမရှိတဲ့အချိန်မှာ ကျုပ်မှာတာဝန်ရှိတယ်။

တာဝန်စကားကို ကျုပ်မသုံးစွဲချင်ပေမယ့် သုံးစွဲရတယ်





ဖြစ်လို့လဲဆိုတော့ မင်းကိုကျုပ်သည်ထက်ပိုပြီး စိတ်ဝင်စားဖို့ သင့်တော်ဘူးဆိုတာ ကျုပ်သိနေတဲ့အတွက်ပါ။

တယ်လီဖုန်းချပြီး ကျုပ်အခန်းဘက် ကျုပ်ပြန်ဖို့ခြေလှမ်း လိုက်ပြီးမှ ကျုပ်မင်းကို ဖုန်းဆက်ချင်တဲ့ဆန္ဒ ပေါ်လာတယ်။ ဖုန်းနံပါတ်ကို လှည့်လိုက်ချိန်မှာ ကျုပ်ရင်ခုန်သံမြန်လာ တယ်။

ကျုပ်နှလုံးသားက မင်းကိုတောင်းဆိုနေပြီ။ ဒါပေမယ့် ကျုပ်ဦးနှောက်က မင်းကိုတားဆီးတယ်။ နှလုံးသားနဲ့ ဦးနှောက် ကြားမှာ စိတ်မောရတာကကျုပ်ပဲပေါ့။

"အမိန့်ရှိပါ"

"ကံ့ကော်လား"

"ဟုတ်ပါတယ်၊ ကိုအောင်ထင်တယ်"

"ယာတဲမသွားသေးဘူးလား"

"ခုပဲ သွားတော့မလို့"

"ဒါဖြင့် မသွားနဲ့ဦး၊ ခဏစောင့်နေ ကျွန်တော်လာခေါ် မယ်"

"ရှင်"

မင်းက အံ့ဩသွားပုံပဲ။

"စံပယ် နေမကောင်းဖြစ်နေတယ်၊ ဒါကြောင့် မမလည်း လိုက်နိုင်မှာမဟုတ်ဘူး၊ ကျွန်တော်ပဲ လာခဲ့မယ်၊ ဦးအောင်မြင့်ကို အထိန်းထားခိုင်းရမှာပဲ"

"ကိစ္စမရှိရင် မလာပါနဲ့ ရပါတယ်၊ ရွာသားတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ကြတာပဲ”

“ရပါတယ်၊ ကျွန်တော်အခုပဲ လာခဲ့မယ်၊ ဆက်ဆ
စောင့်နေပါ၊ ဒါပဲ ကဲ့ကော်”

ကျုပ်တယ်လီဖုန်းချလိုက်ပြီး ကမန်းကတန်းကျုပ်အခ
ပြန်ပြေးတော့ ကျောင်းသားတွေအခန်းဘက်က သီချင်းဆို
ထွက်လာတယ်။

“ကျေပါနော် မအေးစိန် ကျေပါတယ် ကိုသိန်းဖေ”

“ဝှီစီ. . ဝွတ်စီ. . ဝွတ်စီ. . . ဝှီစီ”

ပြီးတော့ ရယ်သံကဟားတိုက်ထွက်ပေါ်လာတယ်။

သည်ကောင်တွေ မကောင်းဘူး၊ ကျုပ်မျက်နှာထ
တင်းတင်းနဲ့စည်းကမ်းကျပ်ထားတာတောင် ကျုပ်ကို ဆရာမ
နဲ့ စချင်တယ်။

ဆရာမတွေဆိုရင် ရှားရှားပါးပါး ဆရာမလေးယော
မှာ၊ ဒေါ်စမ်းကြည်နဲ့ ဒေါ်အေးအေးစိုးက အိမ်ထောင်နဲ့ မ
စံပယ်ပဲအပျို၊ ဆရာလူပျိုတွေက ဦးဇော်ခိုင်နဲ့ ကျုပ်ပဲရှိတ
ကျုပ်နဲ့ ဆရာမနှစ်ယောက်စလုံး အလစ်မပေးတမ်း စချင်သ
ဦးဇော်ခိုင်နဲ့လည်း အလွတ်မပေးဘူး။

ကျုပ်ဂရုမစိုက်အားဘူး၊ အဝတ်လဲပြီး ဘုရားခန်း
ကပ်လျက်အခန်းကဦးအောင်မြင့်ဆီကို ပြေးရတယ်။

ကျုပ်ကိုကျုပ်တွေးလိုက်မိတာက သိပ်များပျာယာ
နေပြီလားလို့။

“ကိုအောင်မြင့်”





“ဘယ်လဲ ခင်ဗျားက”

“ယာခင်းဘက်”

“အင်း ပါရမီကူညီဖြည့်ဆည်းပေးဦးတော့ပေါ့ဗျာ၊ ရပါ
တယ်၊ ကျွန်တော်လဲ ဒီမှာ ကူဖြည့်ပေးပါ့မယ်၊ စိတ်ချလက်ချသွား
ပြန်မလာလည်းရတယ်”

“ဟ ခင်ဗျားက ပြန်မလာလို့ဖြစ်မလားဗျ”

“ဖြစ်ပါတယ်၊ ဆရာကြီးမှမရှိဘဲ”

“တော်စမ်းပါဗျာ၊ သိက္ခာမချစမ်းပါနဲ့၊ ကျုပ်တို့က ရိုးရိုး

“ဒီလိုပဲ အစကရိုးရိုးနောက်တော့ တစ်မျိုးတိုးလို့ ချစ်ပြန်
ဆိုပဲ ဒီလူခက်ပါပြီ ငရဲကြီးတတ်တယ်ရှင့် မတော်ဘူးမောင်ရေ”

“တော်စမ်းပါဗျာ”

မိန်းမအမူအရာလုပ်ပြပြီး သီချင်းဆိုပြနေတဲ့ ကိုအောင်
မြင့်ကို လက်သီးနဲ့ ထိုးပြီးကျုပ်မြန်မြန်ထွက်ခဲ့တယ်။

မလွယ်ဘူး၊ သူငယ်ချင်းကလည်းဖြစ်တော့ သူ့စကားကွင်း
ကိုကျုပ်မနည်းရှောင်နေရတာ။

လစ်တာနဲ့ ကျုပ်ကိုမင်းနဲ့စတော့တာပဲ၊ ရစရာမရှိဘူး၊
ခြောက်လည်းပေးတယ်။

ငြိမ်သက်နေတဲ့ ကျုပ်ရဲ့နှလုံးသား ကန်ရေပြင်ကိုပတ်
ဝန်းကျင်က ခဲချပေးနေကြပြီ။

ကျုပ်ကိုယ်တိုင်ကလည်း မင်းကိုတွေ့ပြီးမှ ကုန်ဆုံးသွား
ပြီထင်တဲ့ အချစ်ဟာဘွားခနဲ ပေါ်ပေါက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . .

ကားပေါ်ရောက်ပြီးမှ ကားသော့မပါလာမှန်းသိလို့ ကား ပေါ်က ပြန်ဆင်းမယ်လုပ်တော့ စောစောကတယ်လီဖုန်းလာ လာခေါ်ပေးတဲ့ ကျောင်းသားကပဲ

"ရော့ ဆရာကားသော့၊ ဆရာမှာယီးမှာယာ ထွက်သွာ ကတည်းက မေ့ကျန်ခဲ့ပြီထင်လို့ ကျွန်တော် တမင်ယူလာ တာ"

"အေးကွာ ပေး သိုင့်ခ်ကျူး"

ကျုပ်အရှက်ကို ခပ်တည်တည်ပဲ လုပ်နေလိုက်ပြီး သော့ လှမ်းယူလိုက်တယ်။

ကျုပ်ကိုယ်ကျုပ် ဆင်ခြင်ရဦးမယ်။ မင်းနဲ့တွေ့မှ ကျု အပြုအမူတွေဟာ ဆယ်ကျော်သက်လေးလို ပြုံးပြုံးပြက်ပြ နိုးကြားထက်မြက်လာပြီ ထင်ပါရဲ့။

ကားမောင်းထွက်လာပြီးမှ ကျုပ်ပြုံးမိတယ်၊ ဒါပေမယ့် ကျုပ်အပြုံးက မချိုပြုံးပဲ။

မပိုင်ပန်းကိုမှ ဘာဖြစ်လို့ လှမ်းချူချင်ရတာလဲ။

ကျုပ်သက်ပြင်းချလိုက်တယ်။

ကျုပ်ရင်ထဲက ဝေဒနာကို သက်ပြင်းနဲ့ထွက်ပေါက်ပေ လိုက်တာ။ ဒါပေမယ့် ကျုပ်ရင်မှာ လေးလံနေဆဲပဲ။







# အခန်း(၁၆)

ကျွန်မက စာသင်တယ်။ ရှင်ကကလေးတွေကို လက်ရေးလှနဲ့ လေ့ကျင့်ခန်းစာအုပ်တွေကို ဝိုင်းစစ်ပေးတယ်။

အချိန်ဟာ ဘယ်လိုကုန်သွားမှန်းမသိလိုက်ပဲ ခုနစ်နာရီခွဲကို ရောက်သွားတယ်။ မိုးတိတ်တော့မယောင်ကနေ သဲသဲမဲမဲ ရွာသွန်းလာတဲ့အတွက် စာသင်ခြင်းကို ရပ်လိုက်တယ်။

"ကိုင်း ကလေးတွေကို ရွာထဲပို့ပေးလိုက်ရအောင် တဲ့ကော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ"

ရှင့်ကားက ပစ်ကပ်ဆိုတော့ နောက်ခန်းမှာ တစ်ပုံကြီး ဆံ့တယ်။

"ခဏနော်၊ ကိုယ်ကားဖင်ထိုးပေးမယ်"

ကလေးတွေကတော့ ထုံးစံအတိုင်း ကားစီးရမယ်ဆိုတော့ပျော်မြူးသွားတယ်။

"ကိုင်း စာအုပ်တွေသေသေချာချာသိမ်းကြ"

ကျွန်မပေးထားတဲ့ ပလတ်စတစ်အိတ်ထဲကို သူတို့စာအုပ်ကလေးတွေထည့်ပြီး အသင့်ပြင်ထားကြတယ်။

"လာ မိန်းကလေးတွေ အရင်တက်မယ်၊ ဆရာမပြောထားတယ်၊ အားနည်းသူကို ဦးစားပေးရမယ်၊ ဒါမှလိမ္မာယဉ်ကျေးတဲ့သူ လူတော်လူကောင်းအဖြစ် ဆရာမက သတ်မှတ်မှာ"

"ဟုတ်ကဲ့ပါ ဆရာမ"

သူတို့ကို ထီးမိုးပေးပြီး ကားပေါ်တင်ပေးပြီးမှ ကျွန်မကိုယ်ရေမစိုပါလား သတိထားမိလိုက်တယ်။

သည်တော့မှ ရှင်ဟာ ယောက်ျားဆောင်းချာလီထီးနဲ့ ကျွန်မကိုမိုးပေးနေပါလားလို့ သိလိုက်တယ်။

ရှင့်ကို ကျွန်မကျေးဇူးတင်ကြောင်း မပြောနိုင်ခင်မှာပဲ ရှင်က အရှေ့ပေါ်မီးချောင်းအိမ်ကို နန်းညိုလက်ကလှမ်းယူပြီး ရှေ့ဘက်ထွက်သွားတယ်။

"နန်းညို သေသေချာချာကြည့်နော်၊ ခဏပါပဲ"

ကျွန်မရှေ့ခန်းကို ထွက်ခဲ့တယ်၊ ကားတံခါးဖွင့်ပြီး ဝင်ထိုင်ချိန်မှာ ရှင်က စက်နှိုးပြီးမောင်းထွက်ခဲ့တယ်။ ကားသွားလို့ရတဲ့ ရွာလမ်းမကြီးတစ်လျှောက်မှာ ကားကိုလေးကြိမ်ရပ်နားပေးပြီး ပြန်ထွက်ခဲ့တယ်။





မြေနီလမ်းလေးတွေမှာ ရေတွေကစီးလို့ ရွာထိပ်ကိုရောက်တော့မှာစရာသတိရတာနဲ့ ရွာလူကြီးတစ်ဦးကိုပဲ. . .

"မနက်ဖြန်မိုးကြီးရင် ကျောင်းပိတ်တယ်နော်အဘ၊ သူတို့ကို ပြောထားဦး"

"ဟုတ် ဟုတ် ပြောလိုက်မယ် ဆရာမလေး"

မှတ်သုံမိုးက အနောက်တောင်လေနဲ့အတူ အားနှင့်အင်နှင့် ရောက်ရှိလာပြီဆိုတော့လည်း ညနေပိုင်း မိုးရွာလျှင် ကျောင်းပိတ်ပေးရတော့မည်ပေါ့။

နောက်ခန်း၌ နန်းညိုကတော့ လဲလျောင်းကာ အိပ်စက်လိုက်ပါလာပေတော့မည်။ မိုးသည်းကြား ကားဂရုစိုက်မောင်းနေတဲ့ရှင့်ကို ကျွန်မစကားတစ်ခွန်းမှ မပြောမိဘူး။

ဒါပေမယ့် ရှင့်ထံက

"ဆရာကြီး ဘယ်တော့ပြန်လာမှာလဲ"

"တစ်လနီးပါးနေမယ်ပြောတာပဲ"

"ဒီလိုဆိုရင် ကျွန်တော်ပဲ အကြိုအပို့ လုပ်ပေးပါ့မယ်"

"ရပါတယ်၊ ကိုအောင်မှာလည်း အလုပ်ကခပ်များများရယ်"

ရှင်နဲ့သာဆိုရင် ကျွန်မဘယ်ခရီးမဆို အတူတကွသွားချင်တာပေါ့ ကိုအောင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်မမှာ နားလည်မှုရှိပါတယ်၊ ကိုယ့်ဆန္ဒကို ချည်း ဦးစားပေးရင် အတ္တကြီးရာ ရောက်သွားမှာပေ့ါ။

"မိုးရွာရင်တော့ မသွားပါနဲ့လား"

"ဟုတ်တယ် ကျွန်မလည်း အဲဒီလိုပဲ စဉ်းစားထားပါ တယ်၊ အရှိန်ကလေး ရခါစမှာ ပျက်သွားမှာလည်း စိုးသေးတယ်"

"ကလေးတွေကို ရွာကမူလတန်းကျောင်းမှာ တက်နိုင် အောင်စည်းရုံးပေးပါလား"

"ကျွန်မပြောပါတယ်. . .၊ မိဘတွေက အခုသူတို့ကို ကျောင်းထားပေးချင်လာပါပြီ၊ ရွာမှာကဆရာကြီးနဲ့ဆရာမနှစ် ယောက်တည်းရှိတယ်၊ တစ်ပတ်မှာ တစ်ယောက်ပဲနေပြီး အ လှည့်ကျ ဇာတိမြို့ကို ပြန်နေတာဆိုတော့ မထိရောက်ဘူးလေ ကလေးတွေ စိတ်ဝင်စားမှုက နည်းတယ်၊ ကျွန်မတို့က မုန့်ပေး သင်တာဆိုတော့ သူတို့ပိုသဘောကျနေလို့ ကျွန်မလည်း ဘိုးဘိုး ပြန်လာရင် အကျိုးအကြောင်းပြောပြရဦးမယ်"

"ဩော် စံပယ်လည်း မြို့နယ်ပညာရေးမှူးရုံးကို အဲဒီ မူလတန်းကျောင်းလေးမှာ ပီအေတီပေးဖို့ လျှောက်လွှာသွားတင် ထားတယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ မနေ့က ကိုယ်လိုက်ပို့ပေးလိုက်ရသေး တယ်၊ ဒီလအတွင်း အစည်းအဝေးထိုင်မယ် ပြောတယ်၊ ရသွား ရင်တော့ အဲဒီမှာရော ကိုယ့်ဆီမှာရော ခွလုပ်မယ်တဲ့"

"ကောင်းပါတယ်၊ ဒီလိုဆိုရင်တော့ ကျွန်မတို့ကလေး





BURMESE CLASSIC .com

တွေကို စံပယ်လက်ထဲ ဝကွက်အပ်ရတော့မှာပဲ"

ကြည့်စမ်း ရှင်နဲ့ ဟန်မပျက်သာ ကျွန်မစကားပြောနေ ရတယ်၊ ရှင့်နဲ့ စံပယ်ရဲ့ ရင်းနှီးမှု အတိုင်းအတာဟာ အတူသွား အတူလာအဆင့်အထိတောင် ရောက်သွားပြီကိုး။

"ဒါပေမယ့် ကျောင်းက တစ်နေ့လုံးကျောင်းဆိုတော့ သူရသွားရင် အချိန်စာရင်းသစ် ပြောင်းပေးရမှာပဲ"

"ဒါပေ့ါလေ"

"စံပယ်ကတော့ရသွားပေမယ့် အဆောင်မှာပဲ နေခွင့်ပြု ပါ၊ ညဘက်စာကျက်ဝိုင်းနဲ့ မနက် Section တစ်ခုတော့ယူပါရ စေ ပြောတာပဲ"

"အဆင်ပြေအောင်လုပ်ပေးလိုက်ပါ ကိုအောင်၊ စံပယ် အဆင်ပြေသွားဖို့ အရေးကြီးပါတယ်၊ သူကတစ်ကောင်ကြွက် တစ်မျက်နှာနဲ့ သူ့ဘဝကို သူဖန်တီးရမယ့် မိန်းမသား မဟုတ် လား"

ကျွန်မရင်ထဲ ဝမ်းသာခြင်းတစ်ဝက် ဝမ်းနည်းခြင်းတစ် ဝက်ပါ။

ဝမ်းသာတာက စံပယ်အတွက်။

စံပယ်အကြောင်းကို ပြောနေတဲ့ ရှင့်လျှာဟာ ပိုမိုသွက် လက်မြန်ဆန်တယ်လို့ ကျွန်မထင်တာပဲ။

ကျွန်မအတွက်တော့ ဝမ်းနည်းတယ်။

ကျွန်မဟာ ရှင့်ရဲ့ အာရုံထဲမှာ စံပယ်လောက် အရေး ထင်တဲ့သူဖြစ်မှန်း သိသာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ ခံစားချက်ကို ကျွန်မရင်ထဲမှာပဲ သိုသိပ်ထားလိုက်တယ်။

"မိုးက သိပ်ကြီးတယ်၊ ဦးလေးကွန်းက အိမ်ကြီးမှာလာအိပ်ပေးမှာလား"

"ဟင့်အင်း ကားဂိုဒေါင်ပေါ်မှာပဲပေါ့"

"ဒါဖြင့် အိမ်မကြီးမှာ ကဲ့ကော်နဲ့ နန်းညိုနှစ်ယောက်တည်းလား"

"ဟုတ်တယ်"

"မိုးကြီးလေကြီး နေရဲရဲ့လား"

"ကျွန်မ မနေရဲရင် ကိုအောင်က ဘယ်လိုအကူအညီပေးမှာလဲ"

"မမဖြစ်ဖြစ် စံပယ်ဖြစ်ဖြစ် အိပ်ခိုင်းမလားလို့"

"ကောင်းသားပဲ၊ ဒါပေမယ့် စံပယ်နေမကောင်းဘူးဆိုတော့ မမကိုခေါ်ဖို့ မကောင်းပါဘူး၊ ရပါတယ်၊ နန်းညိုကိုကျွန်မအခန်းထဲ ခေါ်သိပ်မယ်၊ ကျွန်မ မကြောက်တတ်ပါဘူး"

"ကျောင်းသူနှစ်ယောက် ပို့ပေးရင်ကော"

"ရပါတယ်၊ သူ့နေရာနဲ့ သူနေပါစေ၊ ကျွန်မအတွက်တော့ဘာမှမပူပါနဲ့၊ ခုလို စိုးရိမ် ပူပန်ပေးဖော်ရတဲ့ အတွက်ကိုအောင်ကို ကျွန်မကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ကဲ့ကော်၊ ကိုယ်မင်းကိုစောင့်ရှောက်ပေးရမယ့် ဝတ္တရား ရှိနေပါတယ်"

ကျွန်မရဲ့ စောစောကဝမ်းသာမိတဲ့ စိတ်ကလေးလွင့်ပါး





သွားတယ်။

ကျွန်မရင်ထဲမှာလည်း ဩကာသလောက တစ်ခွင်လုံးမှာ မည်းမှောင်ရှာသွန်းနေတဲ့ ထစ်ချုန်းမိုးလိုပဲ ကြေကွဲမှုမိုးက ထစ်ချုန်းရွာသွန်းနေပြီ။

"ဝတ္တရားရှိနေတယ် တဲ့လား။

အင်းလေ ချစ်ခြင်းမေတ္တာနဲ့ ပတ်သတ်ပြီး မျှော်လင့်ချက်မထားတာပဲ ကောင်းပါတယ်။

မျှော်လင့်သလို ဖြစ်မလာရင် ကိုယ်ပဲ စိတ်ပင်ပန်းရမှာ။

ဘယ်လိုဖြေသိမ့်မှုတွေရှာရှာ၊ ၊ ၊

ကျွန်မရင်ထဲမှာတော့ သောကမိုးတွေစွေလျက်ပါပဲ ကိုအောင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

ကျွန်မ ဖျားချင်သလိုလို ဖြစ်နေပြီဆိုတာ ကျွန်မကိုယ် ကျွန်မသိတယ်။ မနေ့က မိုးမိတယ်။ မိုးသည်းလောက်ကြီးတဲ့ အထဲမှာ ကလေးတွေကို ကားပေါ်တင်ပေးကတည်းက ကျွန်မ ကို မိုးစက်တွေ လှမ်းပက်ဖျန်းလျက်ရှိခဲ့တာပဲ။

နောက်ပြီး ရှင်က ကျွန်မအိမ်ရှေ့ ဆင်ဝင်အောက်မှာ ကားရပ်ပေးပြီးတော့. .

"မိုးရေစက်တွေကို စင်အောင် သုတ်ပြီးမှ နွေးထွေးထွေး





အိပ်နော် ကံ့ကော်" လို့မှာတမ်းခြွေသွားတာကိုး။

ရှင့်ရဲ့နှုတ်ဖျားကတော့ အမှတ်မထင် ပြောလိုက်တာပဲ ဖြစ်မှာပါ။

ဒါပေမယ့် ကျွန်မက ရှင့်စကားရဲ့ ဇာတ်မြစ်ကို ရှာဖွေနေမိတယ်။

ရှင်ဟာ ဖြူစင်သန့်ရှင်းစွာနဲ့ ကျွန်မအပေါ် နှမသဖွယ် ပြောလိုက်ခြင်းလား. .

ဒါမှမဟုတ် ကျွန်မအတွက် စိုးရိမ်ပူပန်မှုတွေဟာ ရှင့်နှလုံးသားမှာ သန္ဓေတည်နေပြီလား. . .

စသည်ဖြင့် အတွေးတွေက ကျွန်မအပေါ် စိုးမိုးနေတာနဲ့ ကျွန်မခန္ဓာကိုယ်ပေါ်က ရေစက်တွေ ခြောက်သွေ့သွားတယ်။

နံနက်မိုးသောက်တော့ ကိုယ်လက်တွေ ကိုက်ခဲပြီး နှာတဆတ်ဆတ်ချေလေရဲ့။

ဒါပေမယ့် ရှစ်နာရီမှာ ရှိတဲ့အတန်းကို အချိန်မီ ထွက်ခဲ့တယ်။

ခေါင်းကအုံခဲလာလို့ ဖျားပြီလို့ သိလိုက်ပေမယ့် အတန်းပျက်ချင်ဘူးလေ။

"ဟတ်ချိုး. . ဟတ်ချိုး"

ရှင်က စာသင်ခန်းက ထွက်အလာမှာ နှာတဆတ်ဆတ်ချေနေတဲ့ ကျွန်မကို. . .

"ဟော ကံ့ကော်၊ ကိုယ့်စကား နားမထောင်ဘူး ထင်တယ်၊ ဘာဆေးသောက်ခဲ့သလဲ၊ မြန်မာဆေးသောက်ရင် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဆီမှာ ဆေးရှိတယ်၊ သောက်မလား"

ရှင့်စကားတွေဟာ ကျွန်မရောဂါကို တစ်ဝက်သက်သာစေတယ်။

"ကော်ဖီတစ်ခွက်ပဲ သောက်ခဲ့တယ်"

"ဒါဖြင့် ခဏနေဦး"

ရှင်ဟာ အတွင်းခန်းဘက်ကို သုတ်သီးသုတ်ပျာနဲ့ ဝင်သွားတယ်။

ကျွန်မက တစ်ချိန်နဲ့ တစ်ချိန်ကြား ငါးမိနစ်ခြားပေးတဲ့အတွက် အချိန်ရသေးတယ်။

ကျောင်းသားတို့ သဘာဝက အချိန်ပြည့် နေနိုင်ခဲ့တယ်။

အပြင်ထွက်ပြီး ရေသောက်တဲ့လူ၊ အပေါ့အပါးသွားတဲ့လူနဲ့ အလကားသက်သက် ထွက်ရပ်စကားပြောနေသူနဲ့ ညည့်ခန်းမှာ သတင်းစာလာဖတ်သူနဲ့ လှုပ်လှုပ်ရှားရှားတော့ ရှိနေတယ်။

သည်အရွယ်တွေရဲ့ သဘာဝဟာ သည်အတိုင်းပဲဆိုပြီးကိုအောင်က တမင်ပဲ ခွင့်ပြုထားတယ်။ စာသင်နေတဲ့ မိနစ်ငါးဆယ်ကိုတော့ ဘယ်သူ့ကိုမှ ပေးမထွက်ဘူး။

"ရော့ ကံ့ကော်၊ ရေနွေးပူပူလေးနဲ့ သောက်လိုက်၊ မင်ကျည်းစေ့ တစ်စေ့စာလောက်ပဲ သောက်"

ဆေးပုလင်းကို ကျွန်မရှေ့သို့ ချပေးပြီး ဓာတ်ဘူးထဲမှရေနွေးကို ငှဲ့ပေးတယ်။

ရှင့်ရဲ့ ကြင်နာမှုတွေဟာ ကျွန်မနှလုံးသားကို ပိုပြီးအဆိပ်အတောက်ဖြစ်စေတယ်ဆိုတာ ရှင်သိနိုင်မယ် မထင်ဘူး။





ရှင်ကတော့ ရှင်လေးစားကြည်ညိုရတဲ့ ဆရာကြီးရဲ့မြေးကို ဝတ္တရားကျေပွန်စွာနဲ့ ဂရုတစိုက်ရှိနေတာ။

ဒါပေမယ့် အချစ်ကို မမြင်ဖူးတဲ့ ကံ့ကော်ဆိုတဲ့ ကျွန်မကတော့ အရူးအမူးကို သာယာနေပြီဆိုတာ။

"သောက်လိုက်လေ"

"ဟုတ်ကဲ့"

ဆရာနားနေခန်းကိုတော့ ကျောင်းသားများက မလိုအပ်ဘဲမဝင်ပါဘူး။ သည်တော့ ရှင်က ကျွန်မအတွက် ရေနွေးကိုခန်းကန် အပြောင်းအလွဲလုပ်ပြီး အေးအေး ဖန်တီးပေးတယ်။

"သောက်လို့ရပြီ"

ကျေးဇူးဆိုတဲ့စကားကို ကျွန်မ မသုံးတော့ဘူး။

ဘာဖြစ်လို့ လဲဆိုတော့ စိမ်းကားခြင်းကို ဆောင်သွားမှာစိုးလို့။

ကျွန်မအပြုံးနဲ့ပဲ ရှင့်ကိုကျေးဇူးတင်ကြောင်း တုံ့ပြန်လိုက်တယ်။

လည်ချောင်းထဲကို ပူဆင်းသွားတဲ့ ဆေးအစွမ်းကပဲကောင်းလို့လား ရှင့်ရဲ့မေတ္တာကပဲ စွမ်းလို့လား မသိဘူး၊ကျွန်မရင်ထဲမှာ နွေးနွေးထွေးထွေးလေးဖြစ်သွားတာ အမှန်ပဲ။

ရှင်ဟာ ကျောင်းသားကျောင်းသူတွေရဲ့ အရွယ်နဲ့သဘာဝတရားကို နားလည်ပြီး မလျော့မတင်းနဲ့ အုပ်ချုပ်ပေးနိုင်သလိုမျိုး. . .

ကျွန်မရဲ့ အတွင်းစိတ်ကို ထိုးဖောက်ထွင်းမြင်နိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကောင်းမှာပဲလို့ ကျွန်မ တမ်းတမိလာသလိုလို. . .

မြန်မာအမျိုးသမီးများရဲ့ ကြွယ်ဖြူဟူသော စောင့်စည်းမှု တရားကိုပဲ ကျွန်မ အပြစ်တင်ရတော့မလို. .

အဲသည် အချိန်မှာပဲ. . .

ရှင်ဟာနာရီကိုကြည့်ပြီး လျှစ်စစ်ခေါင်းလောင်းရဲ့ ခလုတ်လေးကို သွားနှိပ်လိုက်တယ်။

ဒါပေမယ့် ရှင့်မျက်နှာက စိုးရိမ်နေတယ်။ ကျွန်မအနီး ကိုပြန်လာပြီး. .

"သက်သာရဲ့လား ကဲ့ကော်၊ အင်းလေ ချက်ချင်းတော့ ဘယ်လိုသက်သာနိုင်ဦးမလဲ၊ သင်နိုင်ရဲ့လား၊ မသင်နိုင်ရင် မင်း သင်ခန်းစာကို ကိုယ်ဝင်သင်ပေးလိုက်မယ်"

"ရပါတယ် စာသင်ရင်း ချွေးထွက်ပြီး ပျောက်ချင် ပျောက်သွားမှာပါ၊ မစိုးရိမ်ပါနဲ့"

ရှင့်ရဲ့ စိုးရိမ်မှုကို ကျွန်မအသိအမှတ်ပြုတဲ့ စကားမျိုး ကိုကျွန်မ တမင်တုံ့ပြန်လိုက်တာ။

ကျွန်မရဲ့ မှတ်စုစာအုပ်လေး ကောက်ယူပြီး စာသင်ခန်း သို့ခြေလှမ်းကျဲဖြင့် လှမ်းတယ်ဆိုရင်ပဲ. . .

ရှင်နဲ့ပတ်သတ်သမျှ ရင်ခုန်မှုနဲ့ ခံစားမှုအစုစုကို ရှင်နဲ့ အတူထားရစ်ခဲ့လိုက်ပြီး ဦးထက်အောင်။







# အခန်း(၁၈)

ကျုပ်စိတ်ကို ကျုပ်အံ့အားသင့်ခြင်းနဲ့အတူ တုန်လှုပ်ရ တဲ့ကော်။

ကျုပ်ဟာ အချစ်ကို သိပ်လန့်ခဲ့ပါတယ်။

ခဲမှန်ဖူးတဲ့ စာသူငယ်လို. . .

အချစ်ကြောင့် အသည်းနှစ်ခါကွဲဖူးတဲ့ ကျုပ်ဟာ 'အချစ်' ဆိုတဲ့အရာကို စာသူငယ် ခဲကိုလန့်သလို သိပ်လန့်ခဲ့ပါတယ် ကဲ့ကော်။



www.burmeseclassic.com

www.burmeseclassic.com



သရဖီနဲ့ စတွေ့တုန်းက တက္ကသိုလ်မှာ ပထမနှ ကျောင်းသား၊ မမရဲ့ အစ်မကြီးပီသမှုကြောင့် တက္ကသိုလ်ဆ တက်ခွင့်ရတဲ့ ကျုပ်ဘဝ၊ တက္ကသိုလ်ဆရာတစ်ဦးရဲ့ အိမ်မှာ ကပ်ရင်း နေ့ကျောင်းသား ဖြစ်နေတဲ့ ကျုပ်နဲ့ မြန်မာစာရဲ့ ဘုရင် သရဖီနဲ့ တွေ့ဆုံချစ်ကျွမ်းဝင်ခဲ့တယ်။

ဒါပေမယ့် သက်တမ်းက သိပ်မကြာလိုက်ဘူး။

ဆရာ့ကားကို ဆရာ့ကို အကြိုအပို့လုပ်ရင်း ဖြစ်ဖြ ဆရာကတော် ခိုင်းရင်ဖြစ်ဖြစ် ကျုပ်မောင်းတယ်။

သားသမီး မထွန်းကားတဲ့ ဆရာနဲ့ ဆရာကတော် ကျုပ်ကိုသားတစ်ယောက်လိုပဲ ချစ်တော့ အဝတ်အစားက အ နာရီကအစ အဖိုးတန်တွေ ဆင်ပေးတယ်။ ပြီးတော့ ကျုပ် အင်္ဂလိပ်ဘာသာရပ်နဲ့ ဘုရင်အဖြစ် ရေပန်းစားတော့ သ ကျုပ်ကိုလက်ခံတယ်။

ဒါပေမယ့် ကျုပ်ရဲ့ ဘဝမှန်ကို ကျုပ်ပြောပြတယ်၊ ရ မှန်းကို လည်းပြောပြတယ်။

မကြာပါဘူး. . သရဖီဟာ စက်မှုတက္ကသိုလ်ကျော သားတစ်ဦးရဲ့ကားပေါ်မှာ မကြာခဏတွေ့လိုက်ရပြီး ကျုပ် ကျောခိုင်းသွားတယ်။

အဲ့သည်အခါ ကျုပ်ရဲ့နှလုံးသားနုနုလေးက ခံနိုင်ရ မရှိလို့ အသည်းကွဲခဲ့တယ်။

ဒါပေမယ့် ကျုပ်ဟာ ဆရာတို့ ဇနီးမောင်နှံရဲ့ ဆုံးမ ဘဝမပျက်ခဲ့ပါဘူး။





ကျုပ်နားထဲမှာ. . .

"အောင် မင်း အချစ်မရသေးသလို မင်းကိုယ်တိုင်လည်း အချစ်မတွေ့သေးပါဘူးကွာ၊ မင်းနဲ့ကောင်မလေးတို့ တွေ့ဆုံခြင်း ဟာ အရွယ်ငယ်ငယ်မှာ တွေ့ကြုံလေ့ရှိတဲ့ အချစ်ဆိုတဲ့ အရာကို မ်းသပ်တဲ့ ရင်ခုန်မှုတစ်ခု၊ အဲ မက်မောမှုတစ်မျိုးပါကွာ၊ မမိုက်မဲ ခင်နဲ့၊ မင်းအတွက် 'အချစ်' ဆိုတာ တွေ့ကြုံဖို့အတွက် သည်းခံ ဦး"

အဲသည်တုန်းက ဆရာ့ကို ဘာတွေပြောနေတာလဲလို့ ဆင်ခဲ့တယ်။

ခုတော့ ဆရာ့စကားတွေ ကျုပ်နားလည်လာပြီ။

ကျုပ်ဘာမှ လုပ်လို့ မရဘူး။

မင်းရဲ့စာသင်သံလေး ကြားရတာကိုပဲ ကျုပ်ရင်မှာ သ္ပပ်လှုပ်ခတ်ခတ် ဖြစ်နေတယ်။

မင်းရဲ့ အသံကြည်ကြည်လင်လင်လေးက ကျုပ်ရဲ့နှလုံး သား တံခါးကို ခေါက်နေပြီ။

မင်းရဲ့မျက်နှာလေးကို စက္ကန့်နဲ့ အမျှ ကျုပ်မြင်တွေ့နေ ချင်တယ်။

မင်းပြန်သွားမှာကို ကျုပ်သိပ်ကြောက်တတ်လာပြီ။

ဘာဖြစ်လို့လဲဆိုရင် မင်းနဲ့ ဝေးနေတဲ့ ကာလအပိုင်း အခြားတွေမှာ ကျုပ်မှာအလုပ်ရှိမနေဘူးဆိုရင် ထလို့မရ ထိုင်လို့ မရ ဝေဒနာနဲ့ ယောင်ချာချာဖြစ်နေခဲ့တယ်။

သည်လိုဝေဒနာမျိုး သရဖီနဲ့မှာ လည်းမဖြစ်ပေါ်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက် ငုဝါ. .

ငုဝါဆိုလို့ ငုဝါဆိုတဲ့ မိန်းမအကြောင်းကို ကျုပ်တွေး ပြန်တော့ ရင်နာတယ်။

ကျုပ်ဟာ ကံကောင်းလို့၊ ကြာကူလီဖြစ်တော့မလို့။

သူ့မှာ ယောကျ်ားရှိမှန်း ကျုပ်မသိဘူး၊ ကျုပ်အထ တန်းပြ ဆရာဝင်လုပ်ရင်း ကျမ်းပြုနေချိန်မှာပေါ့။

ကျုပ်အရွယ်ဟာလည်း ရင့်ကျက်ခြင်းဆိုတဲ့ လမ်းစ စလှမ်းတဲ့ အချိန်ပါ။

ဒါပေမယ့် သူငယ်ချင်းတစ်ဦးရဲ့ မွေးနေ့ပွဲမှာ ငုဝါ တွေ့တာ။ နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတဲ့ ယောကျ်ား နောက်ကွယ်မှာ ကျုပ်ကို အဖြည့်ခံအဖြစ် အသုံးချဖို့ ကြိုးစားတာ

ငုဝါရဲ့ မာယာညွတ်ကွင်းမှာ သက်ဆင်းရတော့မယ် အနေအထားမျိုး။

ဒါပေမယ့် ကံကောင်းချင်တော့ သူငယ်ချင်း တစ်ဦး ကျုပ်နဲ့ ငုဝါတွဲသွားတာကိုတွေ့ပြီး ကျုပ်ရှိရာသို့ ချက်ချင်း ရောက်လာပြီး သတိပေးခဲ့တယ်။

မွန်ထူနေတဲ့ကျုပ်ဟာ သူငယ်ချင်းစကားကို မယုံကြည် ပါဘူး။

ဒါပေမယ့် ဘယ်တော့မှ မဖိတ်ခေါ်တဲ့ ငုဝါတိုက်ခန်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတော့မှ အိမ်ဖော် အဒေါ်ကြီး တစ်ဦးနဲ့ ငုဝါသမီးလေးကို တွေ့ခဲ့ရတယ်။ နောက်နံရံပေါ် ငုဝါနဲ့ အမျိုးသားတစ်ဦးရဲ့လက်ထပ်စဉ်က ဓာတ်ပုံကြီး။





ကျုပ်လေ အဲသည်ကတည်းက ကိုယ့်ကိုယ်ကိုယ် ရွံရှာ သွားလိုက်တာ။ တော်သေးတယ်၊ ကျုပ်ဟာ ငုဝါရဲ့ တိတ်တိတ်ပုန်း အမြှောင်ယောကျ်ားဘဝကို မရောက်လိုက်လို့။

သိပ်ကို လန့်သွားခဲ့ပါပြီ ကံ့ကော်။

မိန်းမသားတွေရဲ့ အချစ်ကို မီးတောက်မီးလျှံအနေနဲ့ ကျုပ်ရှောင်ကွင်းခဲ့ပါတယ်။ အဲဒါတွေဟာ အချစ်လားလို့ ကျုပ် အခုထက်ထိ တွေးလို့ကိုမရခဲ့ဘူး။

ဒါပေမယ့် ကံ့ကော်. .

ဖူးစာရေးနတ်မင်းက ကျုပ်ကိုအခုမှ မြားနဲ့ခွင်းတာ။ ကျုပ်အသည်းမှာ မြားစိုက်နေပြီ။ အဲသည်မြားက ကံ့ကော်ဆိုတဲ့ အချစ်မြားပါ။

ဒါပေမယ့်. . .

တိတ်တခိုးဝေဒနာနဲ့ ကျုပ်နာကျင်နေရုံမှအပ ကျုပ်ဘာ တတ်နိုင်ဦးမှာလဲ။

မင်းမှာ လက်ထပ်တော့မယ့်သူ ရှိပြီးသားပဲ။

ဒါကြောင့် ကျုပ်မင်းကို ဆရာကြီးတာဝန်ပေးအပ်ထား သလိုပဲ နှမလေးတစ်ယောက်လိုသာ စောင့်ရှောက်နိုင်ဖို့ကို ကြိုးစားရင်းနဲ့ ကျုပ်နှလုံးသားက စည်းကျော်နေပြီ။

တစ်သက်နဲ့တစ်ကိုယ် မခံစားဖူးခဲ့တဲ့ ဝေဒနာတွေ ကျုပ် ရင်ထဲမှာ ပြည့်နေတယ်။

အကယ်၍သာ မင်းမှာ မင်းမိဘသဘောတူထားသူ မင်းကလည်း ခေါင်းညိတ်ထားသူသာ မရှိဘူးဆိုရင်. .



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လေ ဆရာကြီးထံမှာ. .

"နားနဲ့မနာပါနဲ့ ဖဝါးနဲ့နာပါ" လို့ အစချီပြီးမင်း တောင်းရမ်းလက်ထပ်ယူဖို့ ကျုပ်ဆုံးဖြတ်မိမှာ အမှန်ပဲ။

အခုတော့. . .

ကျုပ်ဘယ်လောက်ပဲ ကြိုးစားရှာဖွေထားထား မင်း ဖွေထားတဲ့ ပစ္စည်းကို မီနိုင်ပါ့ဦးမလား။

နိုင်ငံတော်နဲ့ လူမျိုးအတွက် ကျုပ်ဆယ်နှစ်လုံးလုံးအ လုပ်အကျွေးပြုခဲ့ပြီးပြီ။ နယ်စပ်ဖွံ့ဖြိုးရေးမှာလည်း ကျုပ်တာ ထမ်းပြီးပြီ။

အခုလည်း အသပြာယူတယ်ဆိုပေမယ့် စေတနာ လူငယ်တွေရဲ့ ပညာရေးကဏ္ဍကို ကျုပ်နည်းကျုပ်ဟန်နဲ့ ဖြည့် ဆည်းပေးနေတယ်။

ကျုပ်ဘဝလမ်း ကျုပ်လျှောက်လှမ်းနေမှု မှားသလား မှန်သလား ကျုပ်ကိုယ်ကျုပ်သုံးသပ်တယ်။ အဖြေရှာမရတော့ ဆရာကြီးကို ဝေဖန်ခိုင်းတယ်။

"မမှားပါဘူး၊ မင်းလည်း နိုင်ငံဝန်ထမ်းဘဝနဲ့ နိုင်ငံ အလုပ်အကျွေးပြုခဲ့ပြီးပြီပဲ၊ ခုခေတ်က ဈေးကွက်စီးပွားရေးစနစ် မြင့်မားလာတဲ့ ကုန်ဈေးနှုန်းကို နိုင်နင်းဖို့ အိမ်ထောင်ဦးလုပ်မယ့် မင်းမှာ ဝင်ငွေကောင်းကောင်းရှိဖို့လိုအပ်တယ်၊ ဥပဒေအရ မှတ် ပုံတင်နဲ့ဖွင့်လှစ်တဲ့ မောင်တို့လို ကိုယ်ပိုင်ကျောင်းတွေဟာလည်း ပညာရေးကဏ္ဍမှာ လိုအပ်နေပြီပဲ၊ မောင်လုပ်ငန်းက သန့်ရှင်း တယ်၊ ဆက်လျှောက်ပါ၊ မောင်အောင်မြင်မှုကို ဆရာကြီးအ





ထမ်း ဂုဏ်ယူနေပါရစေ"

အဲသည် ဆရာကြီးစကားကြောင့် ကျုပ်အားတက်ခဲ့ရ တာ။

သည်အားတက်မှုနဲ့ပဲ'အောင် ပညာရေးဝန်ဆောင်မှု'ရဲ့ သက်တမ်းဟာ သုံးနှစ်ဖြစ်လာပြီ။ အောင်မြင်မှုက တစ်နှစ်ထက် တစ်နှစ်တိုးတက် များပြားလာတယ်။ မင်းလည်း ကျုပ်နဲ့အတူ လက်တွဲဆောင်ရွက်လာပြီဆိုတော့ မင်းကျုပ်စိတ်ထားကို နား လည်မှာပါ။

အမြတ်အစွန်းထက်ကို အောင်မြင်မှုပထမ၊ စာရိတ္တ လည်း ပထမ၊ စည်းကမ်းလည်းပထမ ဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ ကျုပ်ကြိုးစားနေတာ။

အရက်သေစာ သောက်စားခြင်းနဲ့ ဆေးလိပ်မူးယစ် ဆေး သုံးစွဲခြင်းကို ကျုပ်တင်းကျပ်စွာ တားမြစ်ထားတယ်။

ကျုပ်ဆီမှာ ခန့်ထားတဲ့ ဆရာတွေကိုယ်တိုင်ကိုက စံနမူ နာပြအနေနဲ့ အရက်မသောက်၊ ဆေးလိပ်မသောက်၊ ဖဲမရိုက် တတ်သူများ။

ရှင်းရှင်းပြောရရင် အရက်သေစာ လောင်းကစားနဲ့မိန်း မကင်းသူမျိုးကို ခန့်တယ်။ အခွင့်အရေးပေးတယ်၊ စည်းကမ်း ရှိပါစေ နှစ်စဉ်ကျုပ်ကတစ်ခုခုနဲ့ ကျေးဇူးတုံ့ပြန်ပစ်လိုက်တာမျိုး။

မင်းကျုပ်ကို တော်တော်လေ့လာကြည့်မိရောပေါ့၊ အပြောထက် အလုပ်ကိုရှေးရှုတတ်တဲ့ ကျုပ်ဟာ အခုတော့ အတွေးသမားအဆွေးသမားဖြစ်နေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အခြားသူတွေလိုတော့ ကျုပ်ကဖြေဆည်ရာရှာတဲ့နေရာမှာ အရက်လည်းမရွေးဘူး၊ ဆေးလိပ်လည်းမရွေးဘူး၊ ဘာပဲရွေးသလဲသိလား။ 'အလုပ်'ပဲရွေးတယ်။ ယခင်ကထက်ကို နှစ်ဆတိုးပြီး အလုပ်လုပ်ပြစ်လိုက်တယ်။

"ဆရာ"

စာအုပ်မှန်ဗီရိုကို ဖုန်တက်နေတယ်ထင်လို့ ကျုပ်ကိုယ်တိုင်ပဲ စွပ်ကျယ်စုတ်ကလေးနဲ့ ထသုတ်နေတုန်း အေးချမ်းတဲ့အသံလေး ကျုပ်နားစည်ကို ထိရှလာတယ်။

စံပယ်လို့ သိလိုက်ရတော့ ကျုပ်အားတောင့်အားနာ ဖြစ်သွားတာနဲ့အမျှ မျက်နှာပူသွားတယ်။ သူမနေမကောင်းဖြစ်နေလို့ ခွင့်ယူထားတဲ့ နှစ်ရက်လုံးလုံးကိုမှ ကျုပ်မရောက်ခဲ့ဘဲ။

သတင်းမေးသင့်ပါလျက် ကျုပ်အချိန်တွေဟာ ကျောင်းသားဘော်ဒါဆောင်၊ နောက်စာသင်ခန်းတွေ၊ ပြီးတော့ တောင်ယာတဲလေးဆီ၊ အိပ်ချိန်လေးပဲ ကျုပ်နားရတာဆိုတော့ စံပယ်ကို သတင်းမေးဖို့ ပျက်ကွက်ခဲ့တယ်။

"ဩော် စံပယ်၊ နေကောင်းသွားပြီးလား"

"ဟုတ်ကဲ့ပါဆရာ ကျွန်မသင်နိုင်ပါပြီ"

နဂိုကတည်းက ခပ်သေးသေးခပ်သွယ်သွယ်မျက်နှာဟာအခုပိုပြီး သေးသွားသလိုပဲ။

"ကျွန်မအတွက် ကျန်ဆရာတွေ အချိန်ပိုများသွားတာကို စိတ်မကောင်းပါဘူး"

"ရပါတယ် ဆရာမ၊ နာမကျန်းဖြစ်တဲ့အခါမျိုးမှာ ဒီလိုပဲ





အချင်းချင်း ဖေးမကူညီသင့်ပါတယ်၊ သတင်းမေးမလာနိုင်ခြင်းအတွက်တောင် ကျွန်တော်တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး ဆရာ၊ ရပါတယ်"

"လိုအပ်တာရှိရင်လဲ ပြောပေါ့စံပယ်"

"ဟုတ်ကဲ့ အားလုံး ပြည့်စုံခြင်းထက်ကို ပိုပြည့်စုံလို့ ကျေးဇူးတောင် ဘယ်လိုဆပ်ရမှန်း မသိနိုင်အောင်ပဲဆရာ"

စံပယ်ကို ကျုပ်စိတ်ဝင်စားနိုင်အောင် ကြိုးစားကြည့်ချင်တယ်၊ ဒါပေမယ့် မရဘူး။

သူမကို ညီမတစ်ယောက်လို သံယောဇဉ်ထားလို့ရတယ်၊ ချစ်သူအိမ်ထောင်ဖက်အနေနဲ့တော့ ကျုပ်စိတ်ကူးယဉ်နှလုံးအိမ်မှာ လုံးဝအရိပ်ထင်ဟပ်မလာဘူး။

စံပယ်က စားပွဲပေါ်မှာ ပြန့်ကျဲနေတဲ့ အကြမ်းပန်းကန်လုံးတွေကို ဗန်းထဲစီထည့်လိုက်တယ်။

အဲသည်အချိန်မှာပဲ အချိန်စေ့လို့ အချိန်ပြောင်း လျှပ်စစ်ခေါင်းလောင်းကို ကျုပ်ကိုယ်တိုင် သွားနှိပ်လိုက်တယ်။

မင်းနဲ့အတူ ကျောင်းသားကျောင်းသူများလည်း စာသင်ခန်းထဲက ထွက်လာတယ်။

"ဟော စံပယ်၊ တက်နိုင်ပြီလား"

"ဟုတ်ကဲ့"

ကျုပ်မင်းတို့နှစ်ဦးကို ကျောခိုင်းပြီး ညှိခန်းထဲကနေ ထွက်ခဲ့ပြီး အပေါ်ထပ်ကို တက်ခဲ့တယ်၊ အပေါ်ထပ် ဝရန်တာကနေ ကျောင်းသားတွေရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်ပေးတာ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ကျုပ်ကိုမြင်ရင် ကျုပ်ချမှတ်ပေးတဲ့ စည်းကမ်းကို ဖောက်ဖျက်ဖို့ ခက်ခဲသွားလိမ့်မယ်၊ ဒါပေမယ့် လူငယ်တို့ဘာ သဘာဝတော့ လွတ်လွတ်လပ်လပ် ပြောဆိုကြပါစေဆိုတဲ့ သဘောနဲ့ သူတို့မြင်သာတဲ့နေရာ၊ ဒါပေမယ့် မကြားသာတဲ့နေ ရာမှာတော့ ကျုပ်ဟာသူတို့ရဲ့ အရိပ်လိုပဲ အမြဲရှိနေစေရမယ်။

ကျောင်းသူတွေ ဘော်ဒါဆောင်ကိုတော့ ကိစ္စမရှိဘဲ ကျုပ်မရောက်ဘူး။

ခုခေတ်မိန်းကလေးတွေလည်း လွယ်တော့မလွယ်ဘူး ခပ်ကဲကဲလေးတွေချည်းပဲ။

ဒါပေမယ့် စာကိုတော့ စိတ်ဝင်စားကြတာက တစ်ပန်း သာတယ်။

“ဘယ်နှယ့်လဲ ကိုထက်အောင်၊ ခင်ဗျားတပည့်ကျော် တွေအခြေအနေ”

“ကောင်းပါတယ်၊ ရာနှုန်းပြည့်အောင်မြင်ဖို့တော့ ကြိုး စားရမှာပဲ၊ ညနေဘက်အခြေအနေကော၊ ဆေးပြားဆိုရင် သူတို့ ကိုပေးကိုင်ခွင့်မပြုဘူးနော်၊ သာမန်ခေါင်းကိုက် ဝမ်းပျက် လောက်အတွက်က အိမ်သုံးဆေးဝါးသေတ္တာကို ကျွန်တော်ကိုင် ထားတာ”

ကိုအောင်မြင့်က သည်နှစ်မှ ကျုပ်ဆီကို အလုပ်သာ လုပ်တာ။ ကျောင်းနေဖက်ဖြစ်ခဲ့ဖူးတော့ ကျုပ်အတွက်အားကိုးရ တာပေါ့။ လူလွတ်တော့ မဟုတ်ဘူး။

သူ့ဇနီးက စိန်ကျောက်ပွဲစား၊ သူ့ရဲ့ဆရာအလုပ်ကို ဝမ်း





မဝ ခါးမလှဘူးဆိုပြီး ငြူစူတယ်၊ အများနည်းတူ ကျိတ်ဝိုင်းတွေ ပြိုင်းတယ်၊ ဒါကို ကိုအောင်မြင့်က ခေါင်းမာတယ်၊ နောက်ဆုံး အလုပ်ထွက်ပြီး ကျုပ်ဆီကို ရောက်လာတယ်၊ ကျုပ်ရဲ့လုပ်ငန်း မှာ အလုပ်သင်အဖြစ် ပညာယူတာ။ ဆရာ့လုပ်ငန်းတစ်သက် လုံးမကြီးပွားနိုင်ဘူးဆိုတဲ့ အစွဲအလမ်းကို သူတိုက်ဖျက်ချင်တယ် လည်း ပြောတယ်။

သူ့ဇနီးနဲ့တော့ မကွာပါဘူး၊ မာနပြိုင်နေကြတယ်။

သူက သည်တစ်နှစ် ကျုပ်နဲ့တွဲလုပ်ပြီးရင် မြောက်ဒဂုံ တသူရထားတဲ့ မြေကွက်မှာ အိမ်ဆောက်ပြီးအနည်းဆုံး ဆယ့် ငါးယောက်လောက်နဲ့ ဘော်ဒါဖွင့်မယ်လို့ ပြောတယ်။

ကျုပ်ကလည်း အကူအညီပေးမယ်ဆိုတဲ့ ကတိနဲ့ သူ့ကို နေစရာနဲ့ ကျွေးစရာသာ တာဝန်ယူထားပြီး သူရသမျှလခကို မြင်ဦးလွင်က လုပ်ငန်းရှင်တွေဆီမှာ အတိုးနဲ့ချေးပေးထားတယ်၊ သီးနှံပေါ် ပေးတွေ၊ လက်ဖက်ပေါ် ချိန်ပေးတွေလည်း မြုပ်ပေး ထားရတယ်။

ဒါက လူမှုရေးပိုင်း။

“ခင်ဗျားကတော့ အကွက်တယ်စေ့တာပဲ”

“မစေ့လို့လဲ မရဘူး၊ မူးယစ်ဆေးဝါးသုံးစွဲမှုက လူငယ် တွေရဲ့ ဘဝကို ဝါးမျိုတဲ့နေရာမှာ အလွယ်ကူဆုံးပဲ မဟုတ်လား၊ ကျုပ်တို့ သတိလစ်လို့မရဘူးဗျ၊ အနာဂတ်လူသား ပန်းလေးတွေ ရဲ့ဘဝကို တာဝန်ယူထားရတဲ့ ကျုပ်တို့ဆရာတွေရဲ့ အခန်းကဏ္ဍ ဟာသိပ်ကိုအရေးကြီးတယ်။ အထူးသဖြင့် ကိုယ်ပိုင်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တည်ထောင်တဲ့ဆရာတွေဟာ ပိုတာဝန်ကြီးတယ်"

"အင်း ဟုတ်တယ်၊ ကျွန်တော်လည်း ခင်ဖျားဆီရောက်တော့မှ သတိထားရမယ့်အချက်တွေကို သတိပြုမိတော့တယ်၊ ကျေးဇူးပဲ ကိုထက်အောင်ရာ"

"ဒါထက် ခင်ဖျား ဇနီးဆီရောစာလေး ဘာလေးရေးပေးပါဦး"

"မလိုပါဘူးဗျာ၊ ကျုပ်ထက် ငွေကိုပိုချစ်တဲ့မိန်းမဆီ ငွေထုပ်ပိုက်ပြီး ပြန်လာမယ်လို့ ကျုပ်စာရေးထားခဲ့ပြီပဲ၊ သစ္စာရှိရှိစောင့်နေမယ်ဆိုရင် ကျုပ်ဆက်ပေါင်းမယ်၊ သစ္စာမရှိရင်တော့ ဂျောင်းပဲ၊ မိန်းမ မရှားပါဘူးဗျာ"

ကိုအောင်မြင့်လည်း ဇနီးအပေါ်မှာ တော်တော်နာကြည်းခဲ့ပုံရတယ်၊ အင်းလေ သူတို့လင်မယားရဲ့ ပြဿနာကို အသေးစိတ်မှ ကျုပ်မသိဘဲ၊ ဘာမှ ဝေဖန်ပိုင်းခြားလိုစိတ် မရှိတော့ဘူး၊ အိမ်ထောင်ရေးမပြောနဲ့ အချစ်နဲ့ပတ်သက်လာရင်တောင်မှ ဘာမှရေရေရာရာ မသိနိုင်တဲ့ကျုပ်။

အချစ်ကို မြည်းစမ်းကြည့်ရင်းနဲ့ပဲ အချစ်ကို မတွေ့နိုင်ခဲ့တဲ့ကျုပ်။

အချစ်ကို တွေ့ပြန်တော့လည်း ချစ်ခြင်းမေတ္တာပန်း ဖူးပွင့်ခွင့်မသာတဲ့ ကျုပ်ကဘာများဝေဖန်နိုင်မှာလဲ။

လျှပ်စစ်ခေါင်းလောင်းသံကို ကျုပ်တို့ကြားလိုက်ရတယ်၊ အပြင်ထွက်ရပ်ပြီး စကားပြောရင်း အညောင်းဆန့်နေတဲ့ ကျောင်းသားတွေအလျှိုလျှို ဝင်သွားကြတယ်။





အချဉ်ထုပ်ထွက်စားတဲ့ ကျောင်းသူတွေရောပဲ၊ အခွံကိုအမှိုက်ပုံးထဲထည့်ပြီး ဝင်သွားကြတယ်။

ခြံဝင်းထဲမှာ အနာဂတ်သားပန်းလေးတွေ ကွယ်ပျောက်သွားတယ်၊ ဒါပေမယ့် ကျောင်းသားတွေ ညနေခင်းခြေလက်ဆန့်အပန်းဖြေနိုင်အောင် ဖန်တီးပေးထားတဲ့ သဘာဝပန်းလေးတွေရယ်၊ မြက်ခင်းစိမ်းစိမ်းပေါ်က ခုံတန်းလျားလေးတွေရယ် ရှင်းရှိုးငွေ့စွာ ကျန်ရစ်ခဲ့ကြတယ်။

"ကျွန်တော်တော့ သူတို့ကလေးတွေစည်းကမ်းတကျနေထိုင်တာကို တွေ့ရရင်ပဲ သိပ်ကြည်နူးရတယ် ကိုအောင်မြင့်"

"ကျွန်တော်လည်း ဒီအတိုင်းပဲဗျ၊ တကယ်တော့ လူငယ်ဆိုတာပြုပြင်ရလွယ်ကူပါတယ်၊ ခုလိုမိဘရင်ငွေ့နဲ့ ကင်းကွာပြီး ဆရာတွေကို အားကိုးအားထား လာနေရတဲ့ ဘော်ဒါနေကျောင်းသူကျောင်းသားတွေကို တာဝန်ယူရတဲ့ ဆရာတွေဟာလည်း စီးပွားရေးတစ်ခုတည်းကြည့်လို့ မရဘူးဆိုတာ ကျွန်တော်တော့ လက်တွေ့မှပဲ သဘောပေါက်လာတယ်"

"ဟုတ်တယ်၊ ကျွန်တော်တို့ သတိတစ်ချက်လစ်လို့ မရဘူး၊ ဒါကြောင့် ကျွန်တော်တော့ အတွေ့အကြုံရင့်ကျက်တဲ့ ဆရာသမားကြီးတွေဆီမှာ အမြဲဩဝါဒခံယူနေရတာပဲ"

"ကိုင်း စကားတော့ကောင်းတယ်၊ နောက်အချိန် ကျွန်တော့်အချိန်ဆိုတော့ ရေချိုးလိုက်ဦးမှ"

ကိုအောင်မြင့် အိမ်ထဲကို ပြန်ဝင်သွားတော့မှ ကျုပ်မျက်စိဟာ ဒေလီယာ နေကြာ နှင်းဆီပန်းပင်များဆီသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။

ပီတုန်း လိပ်ပြာတို့ ရစ်ဝဲနေပါလား။

'သဘာဝအလှတရားများသည် ရင်ကိုကြည်နူးရိုက်ခတ်တတ်စေသည်'

ကျုပ်ရင်ထဲမှာ စာစီနေမိတယ်။

အဲသည်အချိန်မှာပဲ ကားရပ်ရန်ပေးထားသော နေရာဆီကို အလှဆုံးပန်းတစ်ပွင့် လျှောက်သွားတယ်။

ဩကာသလောကကြီးတစ်ခုလုံး ပိုလှသွားတယ်လို့ကို ကျုပ်ထင်တယ်၊ ဘာကြောင့်များလဲဆိုတော့

မင်းရဲ့အရောင်ဟပ်မှုကြောင့်ပဲပေါ့ ကိုကော်။

ကျုပ် သက်ပြင်းချလိုက်မိတယ်။ ပြီးတော့ အိမ်ထဲဝင်ခဲ့လိုက်တယ်။

အပျိုကို လူပျိုကစောင့်ကြည့်တယ်။ ခိုးကြည့်တယ် ချောင်းကြည့်တယ်။

အဲ ပြောင်လည်းကြည့်တယ်၊ ဘာဖြစ်သလဲ သဘာဝတရားပဲ။

ပန်းလေးတွေကို ပီတုန်း၊ လိပ်ပြာရစ်ဝဲတာ သဘာဝတရား။

သည်လိုပဲ အပျိုကို လူပျိုရစ်ဝဲတယ်၊ ဒါလည်း အလှဆုံးသော သဘာဝတရားတစ်ခု။

ဒါပေမယ့် . . အဆိပ်ရှိတဲ့ ပန်းကိုတော့ ပျားပိတုန်းရစ်ဝဲသင့်သလို ပိုင်ရှင်ရှိပြီးသားပန်းကို မလှမ်းသာခြင်းကလည်း





သဘာဝကျပါတယ်နော်။

ကျုပ်နှလုံးသား မျက်ဝန်းက မင်းပုံရိပ်ကိုတော့ ကျုပ်ဘယ်လိုနည်းနဲ့ ထုတ်ပစ်ရမလဲ ကိုကော်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

“လာ ကဲ့ကော်”

မီးဖိုချောင်မှာ စီမံခန့်ခွဲနေတဲ့ မမရဲ့ဟင်းတွေကို စပ်

လိုက်တယ်။

“ဒီနေ့ ဘာဟင်းလဲ”

“ဝက်သားလေ၊ မစားတဲ့လူအတွက်တော့ ဘဲသားအချို နှပ်၊ ပြီးတော့ ဂျူးနဲ့ဂေါ်ရခါးသီးချဉ်ရည်”

ချဉ်ရည်နှင့် ဆီပြန်ဟင်း၊ တစ်ခါတစ်ရံ အချဉ်ဆီပြန်နှင့်





ဟင်းချို၊ အသီးအရွက်ကြော်စသည်ဖြင့် စီမံပေးရသည်ကလည်း နေ့စဉ်အလုပ်ဖြစ်ခြင်းကြောင့် လွယ်တော့မလွယ်ကူ။

“ညနေတော့ ဆိတ်သားခပတ်ကြော်နဲ့ ဟင်းချိုချက်မယ်”

ပြောပြောဆိုဆိုနှင့် ယောက်ျားလေး ဘော်ဒါဆောင်မှ ဟင်းယူရန်ရောက်လာသော အလုပ်သမားများအား ဟင်းခွဲဝေခြင်း၌ စီမံနေသော မမအား ဘာမှမပြောသေးဘဲငြိမ်သက်နေလိုက်သည်။

ကျွန်မရင်ထဲမှာ မေးချင်နေတဲ့စကားတစ်ခွန်းကို ချိန်ဆနေတာ။

မေးလိုက်ခြင်းအားဖြင့် ကျွန်မအပေါ် များအထင်သေးသွားမလား။

“ကျောင်းသားတွေ ဘာစားချင်သလဲ မေးခဲ့ဦး၊ တစ်နေ့က ဟင်းကိုစဉ်းစားရတာ လွယ်ကူတဲ့ကိစ္စမဟုတ်ဘူး”

“ကျောင်းသားတွေကတော့ ကြေးမများပါဘူး၊ သူတို့က ဟင်းများရင်ပြီးတာပဲ၊ ထမင်းစားများကြတာကိုး”

“အေးလေ ဒီက မချောတွေကတော့ ဟင်းကြေးများတယ်၊ ထမင်းစားတော့ တစ်လုတ်တစ်ဆုပ်နဲ့ လှယဉ်ကျေးမယ်တွေကို ဗိုက်ချပ်ချင်နေကြတယ် ထင်တယ်”

“ဟုတ်မယ် ဟုတ်မယ်၊ ကျွန်မတောင် တီချယ်က လေ့ကျင့်ခန်းယူသလား၊ ဘယ်လိုလေ့ကျင့်ခန်းယူသလဲနဲ့ စပ်စုနေကြသေးတယ်”

www.burmeseclassic.com



"ဟုတ်တယ် မလှချင်တွေက ညနေဘက်တော
ထမင်းမစားဘူး၊ အဆီတက်မှာစိုးလို့ ဆိုတာကရှိ သေးတယ
ကျုပ်တော့ ပြင်ဦးလွင် မယ်ရွေးပွဲကို ကျုပ်တို့ဆီက ထည့်ပေး
မယ်"

"ဒါလည်း ကောင်းတာပဲ၊ ကျွန်မတော့ သုံးလေးဦး မြ
ထားတယ်၊ အိပ်ထ မတ်တင် လုပ်ခိုင်းရမယ်"

"လမ်းလျှောက်နည်းပါ သင်ပေးလိုက်ဦး၊ ကျုပ်စာအု
ခေါင်းပေါ်တင်ပြီး မျဉ်းကြောင်း တစ်ခုပေါ် ဘေးမထွက်တမ်
လျှောက်ဆိုတော့ ဘာပြောတယ် မှတ်သလဲ. ."

ရှင့်မမကလည်း တစ်ခါတစ်ရံ ရယ်စရာ သိပ်ပြောတ
တာ။

"မလိုပါဘူး တီချယ်ကြီးရဲ့၊ ဒီလို ဒီလိုလျှောက်တတ်
ပြီးတာပဲဆိုပြီး လျှောက်ပြလို့ ကျုပ်တို့မှာ ဗိုက်အောင့်အော
ရယ်လိုက်ရတာ"

ကျွန်မကတော့ မျက်ရည်တွေ ထွက်မတတ်ရယ်လိုက်
တယ်။ မမလုပ်ပုံလည်း ကြည့်ဦးလေ။ ဖင်ကောက်ရင် မော
ပြီး ကြာပစ်လျှောက်ပြလိုက်သေး။

ကျွန်မ မရယ်ဘဲ နေနိုင်မလား၊ တော်သေးတယ်၊ ထမ
စားခန်းမှာ ဟင်းယူတဲ့သူတွေ မရှိတော့လို့။

"ဟုတ်တယ်လေ၊ ကျုပ်မျက်စိထဲမှာ လှယဉ်ကျေးမ
ရွေးပွဲတွေ ပေါ်လာပြီးကတည်းက မြန်မာပြည်က မိန်းကလေ
တော်တော်များများ ဖင်ကောက်ရင်မောက်လာရုံမကဘူး၊ ပိန်





လာသလားလို့ ပြီးတော့ပြောသေးတယ်၊ အင်တာနေရှင်နယ်
ဘော်ဒီတဲ့"

ကျွန်မပြောချင်တာပျောက်သွားပြီး တဒင်္ဂတော့ စိတ်
လွတ်လက်လွတ် ရယ်မောလိုက်မိတယ်။

"ထမင်းစားပါလား ကံ့ကော်"

"မစားတော့ဘူးမမ၊ နန်းညို ချက်ထားလိမ့်မယ်၊ ရေချိုး
ပြီးမှ စားဖြစ်မယ်၊ နေ့လယ်ပိုင်း ဗိုလ်ချုပ်လမ်းမှာ တစ်ချိန်ရှိသေး
တယ်၊ ပျင်းလို့ သက်သက်ဝင်လာတာ"

"မောင်အောင်နဲ့ရော တွေ့ခဲ့သလား"

"တွေ့ခဲ့ပါတယ်"

"ကိုယ်တော်က စံပယ်ရောက်ပြီးမှ စိတ်ချလက်ချရှိ
တော်မူတယ်နဲ့ တူပါတယ်၊ ကျုပ်တို့ဆီ ရောက်မလာတာတောင်
အတော်ကြာပြီ"

"ဟုတ်လား"

ကျွန်မ တကယ်အံ့သြသွားတယ်။ ကျွန်မစိတ်ထဲမှာ ရှင်
ဘာစံပယ် နေမကောင်းတာကို သတင်းသွားမေးခဲ့လိမ့်မယ်လို့။

ဘယ်သူ့ကို မှ မမေးမိခဲ့ပါဘူး။ အကယ်၍များ ဟုတ်
တယ်ဆိုရင် ကျွန်မရင်မှာ နာကျင်မှုဝေဒနာ တိုးသွားနိုင်တယ်။
လို မမေးဘဲ သိလိုက်ရတော့ ကောင်းတယ်လေ။

"ကားလွှတ်ပေးလိုက်ရုံနဲ့ တာဝန်ကျေတယ် ထင်နေသ
လား မသိပါဘူး၊ ခုတလော ကျောင်းသူတွေထဲကလည်း တစ်
ယောက်ပြီး တစ်ယောက်ဖျားဖျားနေလို့ လမ်းထိပ်က ဆရာဝန်မ



www.burmeseclassic.com

www.burmeseclassic.com



လေးတောင် ဆေးခန်းပိတ်ပြီး ပြန်လာရင် ဝင်ဝင်ကြည့်ပေးလို့ ကျန်းမာရေးအတွက် အဆင်ပြေချောမွေ့သွားတယ်လေ”

ကျွန်မရဲ့ နှလုံးသားဟာ တစ်လှပ်လှပ်ခုန်လာတယ်။ ရှင်ဟာ တကယ်ပဲ စံပယ်အပေါ်မှ စိတ်ဝင်စားမှု မရှိဘူးလား။

“စံပယ်လေးကလည်း တော်ရှာပါတယ်၊ ဖျားလျက်နဲ့ပဲ ကလေးတွေ စာကျက်တာကို ကြည့်ပေးသေးတယ်”

“ကျွန်မလည်း လာဖို့ပဲ၊ ဘိုးဘိုးမရှိတော့ အိမ်မှာ ခဏ တစ်ဖြုတ်ပဲ၊ ဒီနေ့ရော ကျောင်းမတက်နိုင်တဲ့လူ ရှိသေးသလား လို့ လာကြည့်တာ”

“ဒီနေ့တော့ အားလုံးတက်နိုင်တယ်၊ စာတော့ကြိုးစား ကြတယ်”

“ကျွန်မ ရေပြန်ချိုး ထမင်းစားလိုက်ဦးမယ်၊ မမဘာလို သေးသလဲ”

“အေးကွယ် ယာစောင့်တဲ လေးဆီ မရောက်တာကြာလို့ ဒီညနေတော့ ညီမသွားရင် ဝင်ခေါ်ပါလား”

“ဟုတ်ကဲ့”

ကျွန်မကို ကိုအောင် နေ့တိုင်း အကြိုအပို့နဲ့အတူ ဝိုင်း သင်ပေးနေတာ မမသိပုံ မရသေးဘူး။ မမနဲ့ ကိုအောင် တကယ် ပဲ အဆက်အသွယ်ပြတ်နေသလား။

“ဆရာကြီး ဘယ်တော့ပြန်လာမလဲ”

“ကြာဦးမယ်ထင်တယ်၊ ဒါပေမယ့် ဘွားဘွား နှစ်နှစ် ပြည့်အမီ ပြန်လာမှာပါ၊ အဲ့ဒီနေ့မှာ ကလေးတွေရော အားလုံး





ထမင်းကျွေးမယ်၊ မမအဆောင်က အလုပ်သမားတွေကိုတော့ ချောဆွဲရမှာပဲ”

“ရပါတယ် မနှစ်ကလည်း မမတို့ပဲ လုပ်ပေးခဲ့တာ၊ အဲဒီ န်းကများ ဆရာကြီးမျက်နှာဟာ ညိုနေတာပဲ။ ခုတော့ သူ့ မြေးရောက်လာလို့ ပြုံးလို့ ပျော်လို့၊ နှစ်ပတ်လည်တွေများ မေ့နေ သလားလို့”

“မေ့ပါလိမ့်မယ်. . . သူပြန်လာမှ သူ့စိတ်ကြိုက် စီစဉ် မယ်တဲ့လေ”

“ကောင်းပါတယ်”

“ပြန်မယ်နော် မမ”

“အေး . . အေး”

မမက ကားအထိ လိုက်ပို့ပေးတယ်။ ကျွန်မရင်ထဲမှာ မျှော်လင့်ချက် ရောင်ခြည်လေးက နွေးထွေးစွာ ပေါ်လာပြန်ပြီ။

ကျွန်မတွက်ဆထားသလို ရှင်နဲ့စံပယ်ဟာ နီးစပ်မှု မရှိ သေးပါဘူး။ ကျွန်မသိချင်နေတဲ့ အချက်ကို မမေးဘဲသိလိုက်ရ တော့ အဆင်ပြေသွားတယ်။

ကျွန်မ အိမ်ရောက်တော့ ရေချိုးပြီး ထမင်းစားတယ်၊ ပြီးတော့ ဘိုးဘိုးအတွက် ခေါင်းစွပ်ဆွယ်တာလေးကို အဆုံးသတ် အောင်ထိုးနေလိုက်တယ်။ ပြီးတော့ ဘိုးဘိုးရဲ့ မက်မန်းခြံဘက်ကို မျက်နှာသွားပြဖို့ သတိရလိုက်တယ်။

“နန်းညို”

“ရှင် ဆရာမ”



www.burmeseclassic.com

www.burmeseclassic.com



"လာ ဒီစာပိုဒ်ကို လက်ရွေးလု ရေးထားလိုက်၊ ဆရာ
အပြင်သွားဦးမယ်၊ အိမ်တံခါးလည်းပိတ်ထား"

အိမ်က လူနည်းပြန်တော့လည်း တစ်ပြစ်ပဲ။ အပြ
ရောက်တော့လည်း ဦးလေးကွန်းကို ဂရုစိုက်ဖို့မှာရသေးတယ်

ဂျပန်နေတုန်းကလောက် အလုပ်မရှိဘူး။ ဒါပေမယ်
ကိုယ့်နိုင်ငံမှာလည်း မဆိုးပါဘူး။ ငွေကို ငွေနဲ့လိုက်လို့ရတယ်
ကျွန်မကံ၊ ဉာဏ်၊ ဝီရိယနဲ့ ပေါင်းလိုက်ရင်သူဌေး ဖြစ်ပါတယ်

ကိုအောင်တို့မှာ တောင်ယာတစ်ခင်းကလွဲရင် ဘာ
မရှိဘဲ ပြင်ဦးလွင်လို နေရာ အိမ်ကြီးနှစ်အိမ်တောင် ပိုင်ဆိုင်
မမကလည်း ကုပ်ကုပ်ကလေးနဲ့ ကြိုးစားတဲ့လူဆိုတော့ မောင်နှ
နှစ်ယောက်ဘဝဟာ နှစ်နှစ်ဆယ်အတွင်း တိုးတက်ပြောင်းလဲ
တယ်ဆိုတာ မမစကား၊ ဘိုးဘိုးစကားအရ သိခဲ့ရတယ်။

ကျွန်မလေ လူတစ်ယောက်ကို အထင်ကြီးခဲ့ပါတယ်
ကိုအောင်။ ရှင့်ကို မြင်မြင်ချင်း ကျွန်မချစ်ခဲ့တာ ရှင့်ရဲ့ တည်ကြည်
ခန့်ညားတဲ့ မျက်နှာပြင်ကြောင့်ပဲ။

အဲသည် မျက်နှာဟာ ကျွန်မရဲ့ စိတ်ကူးယဉ်အိပ်မက်
ကမင်းသားပဲ။

ခုတော့ ရှင့်စိတ်ထား၊ လုပ်ဆောင်ချက်တွေကို အနီး
ကပ်လေ့လာရတော့ ကျွန်မ မချီးကျူးဘဲ မနေနိုင်ဘူး။

ကျွန်မကို ရှင်ဦးဆောင်နိုင်မယ်။ ကျွန်မလိုချင်တဲ့ အ
ကအရည်အချင်းက အဲဒါပဲ။

အချစ်ပေါ်မှာ ဦးဆောင်မှုရှိနေပြီဆိုရင်. . .





"ဟင်"

အသံထွက်အောင်ပဲ အာမေဋိတ်ဖြစ်သွားရတယ်။ ပင့်
သက်ကို ရှိုက်လိုက်မိတယ်။ ရှင့်ကား ပြီးတော့ တစ်ဆက်တည်း
ရှင့်ဘေးမှာ စံပယ်။

ကျွန်မ ဘာကိုနားလည်ရတော့မလဲ ကိုအောင်။ ကျွန်မ
စိတ်က လေရူးလိုပဲ ရှင့်အချစ်ကို မျှော်လင့်လိုက်၊ လက်လျှော့
လိုက်နဲ့ အကြိမ်ကြိမ်အခါခါပဲ ဖြစ်ပွားနေရတယ်။

မမျှော်လင့်ချင်တော့ပါဘူး။ ဒါပေမယ့် နှလုံးသားက
တော့တောင်းဆိုနေတယ်။

ကျွန်မ ရှင့်ကို သိပ်ချစ်တယ်။

ရှင့်အချစ်ကို ကျွန်မလိုချင်တယ်။

ဒါပဲ. . .

ဒါပေမယ့်. . .

စံပယ်ဟာ ကျွန်မတို့ကြားက အနှောင့်အယှက်. . .
ဟင့်အင်း စံပယ်အပေါ် ကျွန်မသည်လို မမြင်ရက်ပါဘူး။ အပြစ်
ကင်းစင်တဲ့ စံပယ်ဖြူလေးတစ်ပွင့်ပါ။

ကံပဲပေါ့လေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

"ဟယ်လို"

"မိန်းကလေးလား၊ ဘိုးဘိုးပါ"

တယ်လီဖုန်းကို စိတ်မပါသော်လည်း ကိုင်မှဖြစ်မည် ဖြစ်သဖြင့် ကောက်ကိုင်ကာ အသံပြုလိုက်သောအခါ တစ်ဖက်မှ ဘိုးဘိုးဖြစ်နေ၍ ဝမ်းသာအားရဖြစ်ကာ. . .

"ဟာ. . ဘိုးဘိုးနေကောင်းလား၊ ဖုန်းမဆက် ဘာမဆက်နဲ့ဆိုတော့ ကျွန်မက စိတ်ပူနေတာ"





ကျွန်မ ဦးအောင် ချွဲလိုက်သောအခါ ဘိုးဘိုးက. . .

"ဘိုးဘိုး သတိရပါတယ်၊ နေလည်းကောင်းပါတယ်၊ ဖုန်းမဆက်ဖြစ်တာက မြေးကို စိတ်ချတယ်လေ၊ ပြီးတော့ ဘိုးဘိုးက ပြန်လာရင် တစ်နေ့လုံးလည်ပတ်ထားတော့ ပင်ပန်းပြီး အိပ်ပျော်သွားတာများတယ်"

ဘိုးဘိုးကတော့ တကယ့်ကို စံနမူပါပဲဟု ပြောရမလို ဖြစ်နေတယ်။ ဘာပဲဖြစ်ဖြစ် ခုလို ဘိုးဘိုးပျော်ပျော် ပါးပါးသွားလာ လှုပ်ရှားနေခြင်းကို ကြည့်ပြီး ကျွန်မပျော်ရွှင်မိတာတော့ အမှန်ပဲ။

"မြေး အဆင်ပြေရဲ့လား"

ပြေပါတယ် ဘိုးဘိုး"

"မောင်ထက်အောင်ကော လာရဲ့လား"

"လာပါတယ်"

ရှင့်အကြောင်းကို ဖြေရတဲ့ ကျွန်မရဲ့လေသံဟာ ပျော့သွားတာ အမှန်ပဲ။ ကျွန်မအားမရှိဘူး။ မျှော်လင့်ချက်နည်းပါးနေတဲ့ ကျွန်မအတွက် အားအင်ကုန်ခန်းနေသလို ခံစားရတယ်။

"အေး အေး၊ မြေးတို့နေကောင်းရဲ့ ပြီးတာပဲ ရှေ့အပတ် ဘိုးဘိုး ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့"

"မြေး ဘာမှာဦးမလဲ"

"ဘာမှ မမှာတော့ပါဘူး"

"ဒါဖြင့်ရင်လည်း ဘိုးဘိုးဖုန်းချလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးဖုန်းချသွားမှ ကျွန်မလည်း ဖုန်းချကာ ထိုင်မှိုင်နေမိတယ်။ ရှင့်နဲ့ စံပယ်နဲ့အတူသွားလာခြင်းဟာ ရိုးသားခြင်သက်သက်သာဖြစ်ဖို့များပါတယ်လေ ဟူသော မဝ့်မရဲ ဖြေသိမ့်မှုကို ကျွန်မ ရှာဖွေလိုက်မိသော်လည်း ရင်ထဲ၌ မငြိမ်းချမ်းနိုင်သည်မှာတော့ သေချာသည်။

စာသင်ကျောင်း၌ စာမသင်ဘဲ မိဘများနှင့်အတူတောင်ယာဉယျာဉ် လိုက်လုပ်နေသေ ကလေးများအား စာတိုလိုလားစေရန် ဆွဲဆောင်ရသည်မှာ လွယ်ကူသည်။

သုံးလေးယောက်သည် စာသင်ကျောင်းသို့ ရောက်ရှိသွားလေပြီ။ သို့သော် ညနေဘက် ယာစပ်ကတဲကလေး ဆီသို့သူတို့လာကြမြဲဖြစ်သည်။

"ဆရာမ တယ်လီဖုန်း"

တယ်လီဖုန်းအနားမှာ ထိုင်နေတဲ့ကျွန်မဟာ တယ်လီဖုန်းမြည်သံကို မသိအောင် ဖြစ်သွားရတယ်။

"အေး အေး"

ကျွန်မအာရုံတွေ ထွေပြားနေတာကတော့ အမှန်ပဲ။

"အမိန့်ရှိပါ"

"ကံ့ကော် ကိုအောင်ပါ"

ကျွန်မရင်ထဲ တစ်မျိုးဖြစ်သွားတယ်။ ရုတ်တရက် ရှင့်ကိုကျွန်မတုံ့ပြန် မပြောတတ်အောင်ပါပဲ။ ရှင့်အကြောင်းတွေးမိတယ်။ ကလေးတွေကို စာသင်ခန်းရောက်အောင် ကျွန်မတို့အမြန်ဆုံး ကြိုးစားသင့်တယ်။ ဒါကိုလည်း ရှင်ဘယ်လို စွမ်း





ဆောင်ပေးနိုင်သလဲ ရှင့်ကို မေးချင်နေတာ။ ဘာပဲဖြစ်ဖြစ် ရှင့်ရဲ့သေသံအေးအေးကို ကျွန်မကြားချင်နေတာ။

ခုကြားရပြီ။

စိတ်ချင်းဆက်သွယ်မှုရှိတယ်ဆိုတာ သိပ်မှန်တာပဲ။

"ဟယ်လို. . . ကံ့ကော်"

"ပြောပါ ကိုအောင်၊ ကျွန်မနားထောင်နေပါတယ်"

"မနက်ဖြန် ခြံထဲက အလုပ်သမားတွေနဲ့ ရွာက မူလတန်းကျောင်းကို သွားပြင်ပေးမလို့၊ အဲဒါ ကံ့ကော် ဘယ်လိုသဘောရသလဲ"

"ကောင်းတဲ့အလုပ်ပဲ၊ ကျွန်မလည်း တတ်နိုင်သမျှ အကူအညီပေးမယ်၊ ခုံတန်းရှည်လေးတွေ လှူမလားလို့လည်း စိတ်ကူးတယ်"

"ဟုတ်တယ်၊ သူတို့ ကြမ်းပြင်မှာထိုင်ရတယ်၊ သမံတလင်းဆိုတော့ အေးတယ်လေ၊ ကိုယ်ကျောင်းသားဦးရေ ကိုမေးကြည့်တော့ သူငယ်တန်းကနေ လေးတန်းအထိ စုစုပေါင်းတစ်ရာ့ဆယ့်ခုနစ်ယောက်တဲ့ အဲဒါ. . ."

"ဘာပဲဖြစ်ဖြစ် အားလုံးအတွက်ကျွန်မလှူမယ်"

"ကိုယ်တို့ မောင်နှမက အားလုံး တာဝန်ယူပြီးနေပြီ၊ အဲဒါ. . ."

"ကုသိုလ်ဆိုတာ မျှဝေပေးရတယ်၊ ကျွန်မကို မနက်ဖြန်လာခေါ်ပေးလေ၊ လိုတာ ကျွန်မလှူမယ်"

ကျွန်မရင်ထဲ အပျော်နတ်သားတို့ အပျော်ကြူးနေနိုပြီ



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ ရင်ခုန်သံကို ကျွန်မကြားနေရတယ်။

"ကိုယ် မျှဝေပေးချင်ပါတယ်၊ ဒါပေမယ့် ဆရာကြီး ကုံကော်က ဆေးပေးခန်း ဆောက်နေတယ်ဆိုလို့"

"ရပါတယ် ကိုအောင်ရဲ့ လှူဖို့ဆို ရှိတယ်လို့သာမှတ် ထားပါ"

"ကောင်းပြီလေ ကုံကော်သဘောပါ။ တတ်နိုင်လို့ ပညာ လာဝယ်တဲ့ ကျောင်းသားတွေဆီက မြတ်တဲ့ အမြတ်ငွေနဲ့ မ ဆင်းရဲတဲ့ ကျောင်းသားတွေကို ဒါနပြုလိုက်မှ ကိုယ့်စိတ်ထဲ ရှင်း သန့်သွားမယ်ထင်တယ်"

"သိပ်ဟုတ်တာပေါ့ ကိုအောင်၊ ကျွန်မလည်း ပညာ မသင်ချင်ကြတဲ့ ကလေးတွေ ပညာပေးချင်ကြတဲ့ မိဘတွေကို ကျောင်းအုပ်ဆရာကြီးကတစ်ဆင့် ဆွေးနွေးစည်းရုံးပေးရရင် ကောင်းမယ်ထင်တယ်၊ ဘိုးဘိုးပြန်လာရင် ကျွန်မပြောမယ်၊ ပြီး တော့ သူတို့အတွက် နေချင်စဖွယ် စာသင်ကျောင်းလေးကို ကျွန်မတို့ ဝိုင်းဝန်းဖန်တီးထားနင့်တာပေါ့"

"ကုံကော်"

"ရှင်. . ."

"လေးစားပါတယ် မိန်းကလေးရယ်"

"ရှင်. . ."

ကျွန်မ အံ့သြသွားရတာကတော့ တကယ်ပါ။ ရှင့်ထံက ကျွန်မကို ချီးကျူးသော စကားဟာ ကျွန်မဘဝတစ်ခုလုံးအတွက် အရေးကြီးသောဆုံးဖြတ်ချက်တစ်ခုကို တွန်းအားပို့စေလိုက်တဲ့





တောအဖြစ်ကြောင်းကိုတော့ ကျွန်မသည်အချိန်တုန်းကတော့ ဘယ်သိနိုင်ပါ့မလဲ။

"ဟုတ်တယ် မင်းဟာ တခြားမိန်းမသားတွေနဲ့ မတူတာ တော့အမှန်ပဲ၊ ရွှေ စိန် ဝယ်ဖို့ထက် လှူဖို့ကို အားသန်တယ်၊ ပြီးတော့ ကမ္ဘည်းမထိုး ပကာသနမလွှမ်းတဲ့ အလှူမျိုးကို မင်းရည် သန်တယ်၊ နောက်ပညာ ဒါနအလှူ ဒါတွေကိုမှ ကိုယ်မလေးစား ရင် ဘယ်သူ့ကို လေးစားရမှာလဲ"

"ဒီလောက်လည်း မဟုတ်ပါဘူး၊ ဘိုးဘိုးက လမ်းပြ လမ်းညွှန်ပေးလို့ပါ ကိုအောင်"

"ဘာပဲဖြစ်ဖြစ် မင်းဆန္ဒရှိမှ ဖြစ်တာပါ"

"ကျေးဇူးတင်ပါတယ် ကိုအောင်"

"ဒီလိုဆိုရင် မင်းကိုးနာရီ ကလပ်စ်ပြီးချိန် ကိုယ်တို့ရွာ ဘက်သွားလိုက်ကြရအောင်"

"ဟုတ်ကဲ့"

"ဒါပဲနော် ကုံကော်၊ ဘာပြောစရာရှိသေးသလဲ"

ကျွန်မ ဘာပြောရမှာလဲ။

အမှန် ရှင်ပြောရမှာပါ။

ကျွန်မဟာ ရှင်ပြောစရာရှိလာမယ့် ကာလကိုစောင့် ဆိုင်းနေခြင်းဖြစ်ကြောင်း ရှင်သိသင့်ပါတယ်။

"ဟင့်အင်း"

"အိမ်တံခါးတွေကော ပိတ်ပြီးပြီလား"

"ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com




"ဒါဖြင့် အိပ်တော့"

ဖုန်းကို ရှင်ကချသွားတယ်။ ကျွန်မ မချရက်သေးဘူး။ ရှင့်ရဲ့ အသံလှိုင်းလေးတွေရဲ့ အရိပ်တွေ ရစ်ဝဲကျန်ရစ်ခဲ့တယ် ထင်တယ်။

ကျွန်မကို ရှင်အမိန့်ပေးတယ်လို့ မထင်ရက်ဘူး။ ကျွန်မအတွက် ရှင့်မှာ ပူပန်မှုလေးတွေရှိတယ်လို့ ကျွန်မယူဆလိုက်တယ်ဆိုရင်ပဲ ကျွန်မရင်ခုန်သံတွေ သိပ်မြန်လာပြီး ပျော်ရွှင်သွားမိတာ အမှန်ပဲ။

ကျွန်မဖုန်းခွက်လေးကို ညင်သာစွာ ချလိုက်တယ်၊ ပြီးတာနဲ့ အိပ်ရာထဲတန်းဝင်ခဲ့တယ်။ ရှင့်စကားကိုလေ ရှင့်ကွယ်ရာမှာလည်း နားထောင်တတ်ပါတယ်။

အဲဒါ ရှင့်ကို ချစ်လို့ပေါ့ ရှင်ရယ်။









# အခန်း(၂၂)

"သွပ်မိုးတာလွယ်ပါတယ်၊ ဆရာတို့ ဆရာမတို့ကသာ လိုအပ်တဲ့ သွပ်ချပ်ရေသာဝယ်ပေး၊ ကျွန်တော်တို့ ရွာသားတွေက လုပ်အားဒါနနဲ့ စနေ-တနင်္ဂနွေ ကျောင်းပိတ်ရက်မှာ အပြီးလုပ်ပေးလိုက်မယ်၊ စိတ်သာချ"

ရှင်နဲ့ ကျွန်မ ရပ်ရွာလူကြီးနဲ့ ဆရာကြီးတို့ဆီသွားရောက်တွေ့ဆုံတယ်။ ရပ်ရွာလူကြီးက အားတက်သရောပဲ အကူအညီပေးမယ်လို့ ပြောတယ်။ ကျွန်မလည်းဝမ်းသာသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကလည်း. . .

"တစ်လက်စတည်း မိဘဆရာအသင်းကလည်း ဝါးထ
တွေကိုဖယ်ရှားပြီး အုတ်နံရံတက်ဖို့ကိုတော့ သီတင်းကျွ
ကျောင်းပိတ်ရက်မှာ လုပ်ဖို့ အစီအစဉ်ရှိပါတယ်"

"ဟာ သိပ်ကောင်းတာပေါ့၊ ကျွန်တော်က ခုံတန်းရှည်
လေးကိုမှာထားပြီးပါပြီ"

"ကျွန်မလည်း လိုအပ်တာတွေဖြည့်ဆည်းပေးပါ့မယ်
လောလောဆယ်တော့ လုပ်အားပေးတွေကို အကျွေးအမွေး
ညှော်ခံပါ့မယ်၊ ဘိုးဘိုးပြန်လာမှ ဘိုးဘိုးဆန္ဒရှိတဲ့ အရာကို လှူ
မယ်"

"ဆရာကြီးလည်း ရန်ကုန်ကို ဆင်းသွားလိုက်တာ အ
တော်ကြာပြီပဲ"

"ဟုတ်ကဲ့ သုံးပတ်ရှိပါပြီ၊ ရွှေ့အပတ်တော့ ပြန်လာမှ
ပါ"

"ကျေးလက်ဆေးပေးခန်းလည်း အတော်ပြီးနေပါပြီ
ကျန်းမာရေးမှူးကိုတောင် မြို့နယ်ဆရာဝန်ကြီးဆီက တစ်ဆင့်
တင်ပြ တောင်းခံထားပါတယ်၊ ဆရာကြီးပြန်လာပြီးရင် ဖွင့်ပွဲလု
ဖို့တောင် စီစဉ်နေပြီ"

"ဝမ်းသာစရာ သတင်းပါပဲ၊ ကိုင်း ကျွန်တော်တို့ကို ပြ
ခွင့်ပြုပါဦး"

"ကောင်းပါပြီ ဆရာလေးနဲ့ ဆရာမလေး"

ကျွန်မအတွက် ကားတံခါးကို ရှင်ကိုယ်တိုင်ဖွင့်ပေးတယ်





ရွာရဲ့ ရိုးသားတဲ့ လူကြီးတွေရဲ့မျက်ဝန်းမှာ ကျွန်မတို့
စ်ယောက်ကို ထူးဆန်းကောင်း ထူးဆန်းနေပေလိမ့်မယ်။

ဒါပေမယ့် ကျွန်မတို့ရဲ့ ဂုဏ်သိက္ခာကို လေးစားသဖြင့်
အားလုံးက လေးလေးစားစား အမူအရာဖြင့်သာ ကြည့်နေကြ
တယ်။

ကွယ်ရာမှာတော့ ဝေဖန်မှုပေးရုံလောက်သာ ရှိနိုင်
တယ်။ အဲသည် ဝေဖန်မှုက. . .

"သိပ်ကို ရွှေ့သွားနောက်လိုက်အတွဲညီတာပဲနော်" ဟု
ကျွန်မ ပြုံးမိသည်။ အဲသည် အပြုံးကို ရှင်ကလှစ်ခနဲ
မြင်ဖြစ်အောင်မြင်လိုက်ပုံပဲ။

"ဘာပြုံးတာလဲ ကံ့ကော်"

"ဩော် လှူ့ရမှာ ပျော်လို့ပါ"

"ရေတံခွန် ရောက်ပြီးပြီလား"

"အင်း ငယ်ငယ်တုန်းကတော့ ရောက်ဖူးတယ်၊ ဟိုတ
လောကလည်း မန္တလေးသာပို့လိုက်ရတယ်၊ ပြင်ဦးလွင်ကိုတော့
မနေ့ဘူး"

"ဒါဖြင့်ဝင်မလား၊ ဘယ်သွားစရာရှိသေးလဲ"

"ဟင့်အင်း မရှိပါဘူး"

ကျွန်မရင်ထဲမှာ သိပ်ကိုမျှော်လင့်မိပြီ ကိုအောင်။ သည်
သိုနေရာမျိုးကို မိသားစုတွေ ပျော်ပွဲစားလာတက်သလို အပန်း
ဖြေလည်း လာကြတယ်။ ချစ်သူစုံတွဲတွေလည်း ရွှေ့ရေးကို တိုင်
င်ရင်း ချစ်စကားကို ပြောဆိုကြဖို့လည်း လာကြတယ်။



www.burmeseclassic.com


www.burmeseclassic.com



ရှင်နဲ့ ကျွန်မ ရောလာကြပြီ။ ရှင်ကျွန်မကို တစ်ခုခုပြော တော့မယ်လို့ ကျွန်မမျှော်လင့်မိတယ်။

ကျွန်မအကြားချင်ဆုံးစကားလည်း ဖြစ်နိုင်တယ်။ ဟုတ် ပါပြီ။

ရှင်က ကျွန်မရဲ့ မျှော်လင့်ချက်ကို ဖြည့်စွမ်းလိုက်ပါပြီ တဲ့။ ကျွန်မ ဘာပြန်ပြောရမလဲ။









# အခန်း(၂၂)

ကျုပ် စဉ်းစားမိတယ် ကံ့ကော်။ မင်းကိုကျုပ် ဖွင့်မေး တော့မယ်။ မင်းဘယ်တော့ လက်ထပ်မလဲလို့။

ဒါမှ မင်းနဲ့ကျုပ်ရဲ့ ဆက်ဆံရေးဟာ စည်းခြားသွားနိုင် တယ်။ မင်းမှာ လက်ထပ်တော့မယ့်သူရှိနေလျက်နဲ့ မင်းမျက်လုံး လေးတွေက ဘာဖြစ်လို့ တဖိတ်ဖိတ် တောက်နေရတာလဲ။

မင်းနဲ့ ကျုပ်စတင်တွေ့ရှိလိုက်ကတည်းက မင်းအကြည့် ... ကျုပ်အသည်းသို့တိုင်အောင် တိုးဝင်တဲ့အကြည့်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သိတယ်။

အချစ်ဆိုတဲ့ အရာဟာ ဖွင့်ဟစရာမလိုဘဲ မျက်လုံးချ ကစကားပြောတတ်တယ်။

ကျုပ် တစ်ခုခုကို ပိုင်းခြားပြမှ ဖြစ်တော့မယ်။ မင်းမျ လုံးတွေထဲက မျှော်လင့်ချက် ရောင်ခြည်လေးတွေဟာ စည် တစ်ခုကို ဖြတ်ကျော်ခြင်း မဖြစ်စေချင်ဘူး။

မင်းမှာ လက်ထပ်မယ့်သူရှိရင် မင်းဟာ သူ့အပြောအ မခံရတဲ့ မိန်းမကောင်း မိန်းမမြတ်လေးပဲ ဖြစ်စေချင်တယ်။ ဒါ ကိုယ်မင်းအပေါ် ထားရှိတဲ့ စေတနာ။

ဒါပေမယ့် ကျုပ်နဲ့အခုလိုသွားလာတာကကော မင်း ဂုဏ်သိက္ခာကို ထိပါးစေနိုင်သလား။ ဒါကိုလည်း ကိုယ်စဉ်းစ ရတယ်။

ဒါပေမယ့် ဦးနှောက်က မှန်ကန်တဲ့ ဆုံးဖြတ်ချက်တ ရပ် မချနိုင်မီမှာပဲ ကားက ရေတံခွန်နားမှာ ထိုးရပ်ပြီးသား သွားတယ်။

ကျုပ်ကား စက်ရပ်လိုက်ချိန်မှာတော့ မင်းဟာ တံခါးဖွ ဆင်းပြီး အေးဆေးစွာပဲ လျှောက်သွားတယ်။ ကျုပ်လည်း ကာ တံခါးပိတ်သော့ခတ်ပြီး မင်းနောက်ကို လိုက်ရတာပေါ့။

မင်းခြေလှမ်းတွေဆီ ကျုပ်တစ်လှမ်းချင်းနီးလာတို ကျုပ်ရင်ခုန်သံတွေ တိုးပြီးမြန်ဆန်လာတယ်။

ကြိုးတံတားပေါ် အရောက်မှာ မင်းကို ကျုပ်မီလာ တယ်။





"ကျွန်မ ငယ်ငယ်တုန်းက ဘိုးဘိုးတို့ဆီ လာလည်တာကို တ်မိတယ်၊ ဒီမှာ ရေချိုးကြတယ်၊ မေမေတို့က ထမင်းချက် ကျွေးတယ်၊ ဘိုးဘိုးက ကျွန်မတို့ကို ရေကူးသင်ပေးတယ်၊ ပျော်စရာ ကောင်းတာပဲ၊ ဒါကိုတော့ ကျွန်မမှတ်မိနေတယ်"

ကိုကော် စကားကြားရတော့ ကျုပ်ရင်ထဲမှာ တစ်မျိုးပဲ။

မင်းနဲ့ကျုပ်က ဘဝချင်းမတူညီဘူး။ ကျုပ်ငယ်ငယ်က ပန်းဖြေတာတို့ ဘာတို့ ရှိဖို့နေနေသာသာ နွေရာသီ ကျောင်း တ်ရက် ရွာကိုပြန်ပြီး အဖေနဲ့ ယာထဲဆင်းရတာ။ ကျောင်းသွား နေတော့လည်း ဘုန်းကြီးကျောင်း ဝေယျာဝစ္စတွေ ကူညီပြီး ကျောင်းတက်ခဲ့ရတဲ့ဘဝပဲ။

"ကိုအောင် ကျွန်မဒီနား ခဏထိုင်ချင်တယ်"

"ထိုင်ချင်ရင် ထိုင်လေ"

သစ်ပင်မှာ လင့်စင်သဖွယ် တည်ဆောက်ထားတယ်။ သည်ခုံတန်းလျားလေးမှာ မင်းကထိုင်တယ်။ ကြားရက်ဆို တော့ လူကရှင်းတယ်။

ကျုပ်က မင်းနားမထိုင်ပါဘူး။ မလှမ်းမကမ်းမှာပဲ ရပ်ပြီး င်းကိုမေးမှဖြစ်မယ့် မေးခွန်းတစ်ခုကို ထုတ်လိုက်တယ်။

"ကိုကော် . . ."

"ရှင် . . ."

"မင်းတို့ ဘယ်တော့ လက်ထပ်ကြမလဲ"

"ရှင် . . ."

မင်းမျက်လုံးတွေဟာ အံ့အားသင့်သလို ဝိုင်းစက်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"မင်းတို့ ဘယ်တော့ လက်ထပ်ဖြစ်ကြမလဲလို့ မေးတာ ပါ"

"ရှင် ကျွန်မကို ရှင်ဘာတွေလာပြောနေတာလဲ"

မင်းဟန်ဆောင်တာလားလို့ ကျုပ်မင်းမျက်လုံးလေးတွေ ကိုစိုက်ကြည့်လိုက်တော့။

ကျုပ်ရင်ထဲ နွေးထွေးသွားတယ်။ မင်းမျက်လုံးလေးတွေ ဟာ ဟန်ဆောင်မှု သိပ်ကင်းနေပါလား။

"ကိုအောင် ဘာတွေလဲ၊ ကျွန်မ ဘာမှ နားမလည်တော့ ဘူး"

"မင်းနဲ့ ဆရာဝန်တစ်ဦး လက်ထပ်တော့မှာဆို"

"ဟင်. . ."

မင်းဟာ မယုံကြည်နိုင်တဲ့ မျက်လုံးတွေနဲ့ ကျုပ်ကို စမ်းကြည့် ကြည့်လာပြီး. . .

"ဘယ်သူပြောသလဲ"

"ဆရာကြီး. . ."

"ဘိုးဘိုး ဟုတ်လား မယုံကြည်နိုင်စရာပဲ၊ ဘိုးဘိုးက ရှင့်ကို ဘယ်လိုပြောလိုက်သလဲဆိုတာ ကျွန်မကို ပြန်ပြောပြနိုင် မလား"

ကျုပ်ရင်ထဲမှာ သံသယတွေ လျှံဝေလာပြီ။

"ဆရာကြီးက မင်းမှာမိဘတွေ သဘောတူထားတဲ့ ဆရာဝန်တစ်ဦးရှိတယ်၊ ဘယ်တော့ လက်ထပ်ဖြစ်မယ်တော့





သိသေးပါဘူး၊ ဒါပေမယ့် ဒီစာသင်နှစ်မှာတော့ မောင်ပဲစောင့် ရှောက်ပြီး မလိမ္မာတာရှိရင်လဲ ဆုံးမသတိပေးပါလို့ ကိုယ့်ကို ပြောခဲ့ဖူးတယ်"

မင်းမျက်နှာက အံ့အားသင့်နေတဲ့အသွင်ကနေ တ ဖြည်းဖြည်း ပြုံးယောင်သမ်းသွားပြီး. . .

"မဟုတ်နိုင်တာ၊ ကျွန်မ ဘာမှမသိဘူး၊ မေမေတို့ကိုယ် တိုင်က အိမ်ထောင်ရေးကို ကိုယ့်စိတ်တိုင်းကျ ကိုယ်ရွေးချယ်ပိုင် ခွင့်ရှိတယ်လို့ ပြောထားပြီးသားပဲ၊ ဘိုးဘိုးဘာကြောင့် ရှင့်ကို အဲဒီလိုပြောသလဲဆိုတာ ကျွန်မ မတွေးတတ်တော့ဘူး"

ကျုပ်ရင်ထဲမှာသံသယစူး နစ်ဝင်သွားတယ်။ ကျုပ်အ ပေါ် ဆရာကြီးက တမင်ဟန့်တားထားတာလား။

ဒါမှ အဟုတ် ကျုပ်ကို သက်သက်စမ်းသပ်နေတာလား။

ရှေးသရောအခါ ဒီသာပါမောက္ခဆရာကြီးတစ်ဦးရဲ့ သမီးအချောအလှအတွက် တပည့်ထဲက သမက်ရွေးချယ်ပွဲအ တွက် စမ်းသပ်နေတာလား။

"ကိုကော်မှာ တကယ်လက်ထပ်ရမယ့်သူ မရှိဘူးလား"

"ကျွန်မ ဘာဖြစ်လို့ညာရမှာလဲ၊ ဒီကိစ္စမျိုးဆိုတာ ညာလို့ ရတဲ့ကိစ္စမျိုးမှ မဟုတ်တာ"

ဘာပဲဖြစ်ဖြစ် ကျုပ်ရင်ထဲမှာ ချမ်းမြေ့သွားတာအမှန်ပဲ။ ကျုပ်စကားမကျွံချင်ဘူး။ ဒါကြောင့်. . .

"ပြန်ကြရအောင် အတန်းရှိသေးတယ်"

မင်းက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး ထိုင်ရာက ထ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ မင်းရင်ထဲမှာ ပြောစရာစကားတွေ ရှိကောင်းရှိနေမယ်။

ကျုပ်ရင်ထဲမှာလည်း သည်အတိုင်းပဲ။ အများကြီးပဲ။ တစ်ရက်နဲ့ကုန်ဆုံးသွားနိုင်မယ်တောင် မထင်ဘူး။

ကားပေါ်ရောက်တော့ မင်းက. .

"ကိုအောင်. . ."

"ပြောပါ ကဲ့ကော်"

"ကျွန်မမှာ ကျွန်မ မသိနိုင်တဲ့ လူကြီးတွေ စီစဉ်မှုတစ်ရပ်ရှိနေတယ်လို့ ရှင်သိထားရင် ကျွန်မကို ဖွင့်ပြောပါလား"

ကျုပ်ရင်ထဲမှာ မွန်းကျပ်သွားတယ်။ ထွက်ပေါက်အနေနဲ့ပင့်သက်ရှိုက်လိုက်ပြီး. .

"ကိုယ်ဆရာကြီးပြောပြတဲ့စကား မင်းကိုပြောပြီးပြီပဲကဲ့ကော်၊ အဲဒီစကားကလွဲလို့ ဘာမှမသိတာတော့ အမှန်ပဲ"

"တကယ်လို့ ရှင်သိလာရင် ကျွန်မကိုပြောဖို့ မမေ့ပါနဲ့လို့ပြီးတော့ ကျွန်မ ဘိုးဘိုးကို မေးရဦးမယ်"

ကျုပ်ရင်ထဲမှာ စိုးထိတ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ဆရာကြီးနဲ့ ကျုပ်စကားပြောရဦးတော့မယ်ဆိုတာ သိလိုက်ရတဲ့အတွက်ပဲ။ ဆရာကြီးမှာ ဆန္ဒတစ်ခုခုတော့ ရှိနေပြီ။

"ကိုယ်ပဲ မေးလိုက်ပါ့မယ်"

ကျုပ်ပြတ်သားရတော့မယ်။ အချစ်ရေးဟာသည်လောက်ခက်ခဲလိမ့်မယ်ဆိုတာ ကျုပ်က မယုံကြည်နိုင်အောင်ပဲ။

ကျုပ်ကားပြင်ဦးလွင်ထဲဝင်တော့ မင်းအိမ်ဘက်ကိုပဲ





ဦးတည်လိုက်ပါတယ်။ ဒါပေမယ့် မင်းက. .

"မမဆီသွားဦးမယ် အဲဒီကိုပဲ ပို့ပေးပါ"

"ကောင်းပြီလေ၊ ဒါပေမယ့် နေ့လယ်နေ့ခင်း မနားတော့ဘူးလား ကဲ့ကော်"

"ကျွန်မ နေ့လယ် မအိပ်တတ်ပါဘူး"

ကျုပ်ကလည်း မမဆီသွားချင်တာ။ ဒါပေမယ့် မဖြစ်ဘူးမမကို ကျုပ်ရင်ထဲက စကားတွေ ဖွင့်ဟပြောလို့ မဖြစ်တော့ဘူးဆိုတာကျုပ်သိနေတယ်။

ဘာဖြစ်လို့လဲဆိုတော့ မမဟာ စံပယ်ကို အသနားပိုနေတယ်။ စံပယ်ကို ကျုပ်ရဲ့ တမည့်တစ်ယောက်လွတ်ပြီး စုံစမ်းခိုင်းတော့ သူပြောတဲ့ စကားတွေဟာ အမှန်တကယ်လို့ သိလိုက်ရပြီးတဲ့နောက် ကျုပ်လည်းသနားသွားတာတော့ အမှန်ပဲ။

သနားစရာကောင်းရင် သနားတယ်။ ဒါကလူသားခံစားမှု သဘာဝပဲ။

ကျုပ်စံပယ်ကို သနားခြင်းဟာ မထူးခြားပါဘူး။ ဒါပေမယ့် မမကပိုတယ်။

စံပယ်ကတော့ အေးချမ်းပါတယ်။ သူ့ရဲ့ ဘဝကြမ်းကိုအနာဂတ်ပန်းလေးတွေကို ပြုစုပျိုးထောင်ပေးခြင်းနဲ့ မြပ်နှံ့ထားတယ်။

ကားက မမရဲ့အဆောင်ရှေ့မှာ ရပ်လိုက်တယ်။ စက်ဘီးတွေ တွေ့ရတဲ့အတွက် ကျုရှင်က ထမင်းစားပြန်ချိန်လို့ သိရပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်းဆင်းပြီး . . .

"ကျောင်းသူတွေ ထမင်းစားတာ သွားကြည့်လိုက်ဦးမယ်"

မင်းကို ကျုပ်လှမ်းပြောလိုက်တယ်။ အဲ့သည်အချိန်မှာပဲ စံပယ်ဟာ သနပ်ခါးပါးကွက်ကျားလေးနဲ့ ထွက်လာတယ်။

"ဟယ် မမကုံ့ကော်နဲ့ ဆရာပါလား"

စံပယ့်မျက်နှာလေးကတော့ ပကတိဖြူစင်၊ အေးချမ်းတယ်။ စံပယ်ကို ကျုပ်ညီမလေး တစ်ယောက်အနေနဲ့ ထာဝရ စောင့်ရှောက်သွားဆို ကျုပ်စောင့်ရှောက်သွားနိုင်တယ်။

ဒါပေမယ့် မင်းအပေါ်မှာတော့ . . .

"အေး မရောက်တာလည်းကြာပြီ၊ ကျောင်းသူတွေ ထမင်းစားနေကြသလား"

"ဟုတ်ကဲ့ပါ ဆရာ"

"ဆရာ ဝင်ကြည့်လိုက်ဦးမယ်"

"မမကော စံပယ်"

"ထမင်းစားခန်းမှာပဲ"

ကျုပ်နဲ့အတူ ပန်းနှစ်ပွင့်ပါ လိုက်ပါလာတယ်။

"မင်္ဂလာပါ ဆရာ"

"ထမင်းသုံးဆောင်ပါဦး ဆရာ"

ကျောင်းသူတွေက တစ်ယောက်တစ်ပေါက်စီ နှုတ်ဆက်ကြတယ်။

"အေး အေး အဆင်ပြေရဲ့လား"





"ပြေပါတယ် ဆရာ"

"စားချင်တာရှိရင် မင်းတို့တီချယ်ကြီးကိုသာ ပြောကြ"

"ဟုတ်ကဲ့ ဂေါ်ဖီလာသုပ်နဲ့ ကင်းကောင်စားရကောင်းလားလို့"

"ဖြစ်ပါတယ်၊ ဆရာတို့ပြင်ဦးလွင်ကို အဲ့ဒီကောင်တွေ ရောက်လာလို့ကတော့ ဆရာကိုယ်တိုင်ဖမ်းပြီး ပင်စီတစ်ယောက်တည်းအတွက်စီမံပေးမယ်၊ တစ်ယောက်တည်းကုန် အောင်သားပေတော့၊ တုတ်လား"

ထမင်းစားခန်း တစ်ခန်းလုံးရယ်သံတွေ ကျွက်ကျွက်ညံသွားတယ်။ ခုခေတ် ကျောင်းသူတွေက သည်အတိုင်းပါပဲ၊ ဆရာသမားရယ်လို့ ကြောက်ရွံ့ ရမှန်းမသိဘူး။

မကြောက်ချင်နေပါစေ။

ချစ်ခင်လေးစားရင်တော်ပြီဟုသာ စိတ်ကို ရှင်းသန့်စွာ ထားရသည်။ ကျုပ်တို့ရဲ့ စေတနာဟာ ကျုပ်တို့အောင်မြင်ဖို့ ထက် ကျောင်းသူတွေ အောင်မြင်မှုအတွက် ပိုတယ်ဆိုတာ ကျုပ်ကိုယ်ကျုပ်နားအလည်ဆုံးပဲ။

ကျုပ် တစ်အောင့်တစ်နားပဲနေပြီး . . .

"မမ. . . ဘာလိုသေးသလဲ"

"ဘာမှ မလိုပါဘူး၊ စံပယ်ကိစ္စကော"

"မနေ့က သွားပြီးပြီလေ၊ ခန့်စာထွက်ဖို့ပဲ ကျန်တော့တယ်၊ စံပယ် မပြောဘူးလား"

"ပြောတယ်. . . ပိုသေချာအောင်လို့၊ ဒါပေမယ့် စံပယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုဒီမှာနေခိုင်းမှာနော်"

"နေရမှာပေ့ါ၊ စံပယ် စက်ဘီးဝယ်ခိုင်းထားတာတောင် မန္တလေးကို မှာလိုက်ပြီ"

ကျုပ်က စံပယ်ကို လှမ်းကြည့်ပြီး သတိရတာလေးပြော လိုက်တယ်။ အဲ့သည်အချိန်မှာ ကျုပ်မျက်ဝန်းက ဖျတ်ခနဲ ဖြတ် သန်းသွားရင်း တွေ့လိုက်ရတာက ကံ့ကော်ရဲ့မျက်ဝန်း၊ တစ်မျိုး ဖြစ်နေတယ်။

ကျုပ်ရင်ထဲ ဖျတ်ခနဲ ထိရှသွားတယ်။ တစ်ဆက်တည်း သိလိုက်ရတာက စံပယ်နဲ့ကျုပ်ကို အထင်မှားနေပြီဆိုတဲ့ အသိ ဝင်လာတယ်။

"စက်ဘီးက ဘာလုပ်ဖို့လဲ"

"စံပယ်မှာတာပါ၊ ကျောင်းသွား ကျောင်းပြန်အတွက်"

မမက ကြားဖြတ်မေးလို့ စံပယ်က ပြန်ဖြေတယ်။ ကျုပ် စိတ်ရှုပ်လာတယ်။ မမပါလာရင်တော့ ရှုပ်တော့မှာပဲ။

"ဟဲ့ ဖြစ်မလား ခုနစ်မိုင်လောက်ဝေးတဲ့ ခရီးကို စက်ဘီး နဲ့ဖြစ်မလား မောင်အောင်ရယ်၊ မင်းလည်းစဉ်းစားပါဦး ကိစ္စမရှိ ဘူး ဟင်းချိုင့်လာယူတဲ့ ကားကို နည်းနည်းစောစောလွှတ်လိုက် အဲ့ဒီကားနဲ့ ပို့ပေးလိုက်ရင်ဖြစ်တယ်၊ မဟုတ်ဘူးလားမောင် အောင်"

ကျုပ်မမကို စောဒက မတက်ချင်ဘူး။ ဘာဖြစ်လို့လဲဆို တော့စံပယ်ကို အားနာတယ်။

"ဟုတ်သားပဲ စံပယ်၊ တို့လည်းရှိတာပဲ၊ ကလပ်စ်မရှိတဲ့





နေ့ ပို့ပေးမယ်၊ ကြိုပေးမယ်၊ အချိန်ရရင် လုပ်အားပါ ဝင်ပေးဦး မယ်"

ကံ့ကော်ကပါ ဝင်ပြောတော့ ကျုပ်ဘာပြောရမလဲ။ စံပယ်က ကျုပ်ကိုလှမ်းကြည့်တယ်။ ကျုပ်ဆုံးဖြတ်ကို စောင့်တဲ့ သဘော။

"ကောင်းပြီလေ. . ကားကတော့ အမြဲအားနေတာပဲ၊ ဒရိုင်ဘာပဲလိုနေတာဆိုတော့ ဒရိုင်ဘာတစ်ယောက်ငှားလိုက်ရုံပဲ ပေ့ါ၊ ဒါဆိုရင် စံပယ်လည်း ပိုအဆင်ပြေသွားနိုင်တယ်၊ ဆရာ့ကို အားနာစရာလည်း မလိုတော့ဘူး၊ ကိုင်းဆရာပြန်မယ်၊ ကံ့ကော် ကောပြန်လိုက်မလား"

"မလိုက်တော့ပါဘူး ကိုအောင်၊ ဦးလေးကွန်းကို ဖုန်း ဆက်ပြီး လာခေါ်ခိုင်းလိုက်ပါ့မယ်"

ကံ့ကော် မျက်နှာပြင်ရိပ်ကလေး တစ်မျိုးပြောင်းသွား တယ်။ ကျုပ်စကားအတွက် မင်းလေးရဲ့ ဝန်တိုစိတ်ကလေး လျော့ပါးသွားစေတယ်လေ။

မင်း ကျုပ်အတွင်းစိတ်ကို ထိုးထွင်းဝင်ရောက် ကြည့် မြင်နိုင်ရင် သိပ်ကောင်းမှာပဲ ကံ့ကော်။

ဘာဖြစ်လို့လဲဆိုရင် ကျုပ်ရင်ထဲမှာ ကံ့ကော်ကို ချစ်တဲ့ အချစ်ပန်းတွေ ဝေနေလို့ပဲပေ့ါ ကံ့ကော်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

"စံပယ်ကတော့ စက်ဘီးတစ်စီးလောက်တော့ ဝယ်ထား ချင်တယ် မမကုံကော်၊ မမနဲ့ဆရာက ဘယ်လောက်ပဲကောင်း ကောင်း နားခိုစရာရတာကိုပဲ စံပယ် ဿိပ်ကျေးဇူးတင်နေတာ"

"ငွေကို အလဟဿ အဖြစ်မခံနဲ့ စံပယ်၊ စုထား၊ ဘာဖြစ် လို့လဲဆိုတော့ စံပယ့်နောင်ရေးရှိသေးတယ်၊ စံပယ့် မိခင်က လည်း ရှိသေးတယ် မဟုတ်လား"

ကျွန်မ မိုတ်ရင်းစေတနာနဲ့ တကယ်ပြောလိုက်တာပါ။





"တို့မှာ စက်ဘီးနှစ်စီးရှိတယ်၊ စံပယ်တစ်စီး ယူသုံးထား လေ၊ ဦလေးကွန်းကို ပို့ခိုင်းလိုက်မယ်"

"ရပါတယ်၊ စံပယ်ကိုယ်ပိုင် ပစ္စည်းလေးပဲ သုံးစွဲချင်ပါ တယ်၊ နိစ္စဓူဝ အလုပ်ကို ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ဘူး၊ စံပယ် အချောင်ခိုတတ်သွားမှာစိုးလို့ပါ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ် တည်နိုင်အောင် ကြိုးစားချင်တယ်"

စံပယ်ကလည်းမာနလေးနှင့်ပါလား။ ကောင်းပါတယ်၊ မိန်းမသား မာနဆိုတာ ရှိသင့်တယ်။ ကိုယ့်အားကိုယ်ကိုးခြင်း ထက် စိတ်ချမ်းသာဖွယ်ရာ ကောင်းသည်မှာမရှိတော့။ မည်သူ့ မျက်နှာမှ ကြည့်စရာမလိုဟု ထင်သည်။

ကျွန်မ စံပယ်ကို လက်လျှော့လိုက်တယ်။

"စံပယ် ဈေးဘက်သွားလိုက်ဦးမယ်နော်"

"ဘာဝယ်မလို့လဲ စံပယ်၊ ဦးလေးကွန်းလာမှ သွားတာ ပေါ့"

"ရပါတယ်၊ စံပယ် သွားနေကျပါ၊ နီးနီးလေးပဲ"

ကျွန်မတို့ တားဆီး၍ရမည်မဟုတ်မှန်း သိရသဖြင့် လက်လျှော့လိုက်သည်။ သူမ ထွက်သွားပြီး မမနှင့်အတူထမင်း စားရင်း. . .

"တကယ့်ဇွဲမလေးပဲ ညီမရေ၊ အလုပ်လည်း အရမ်းကို လုပ်တာပဲ၊ ညဘက်ကို ဘယ်အချိန် အိပ်တယ်မသိဘူး၊ မနက် မိုးမနိုးတဲ့အချိန်မှာ သူကနိုးပြီးဖြစ်နေတယ်"

"ကျန်းမာရေး ထိခိုက်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငယ်ငယ်ကတည်းက စာကိုကြိုးစားကျက်နေလို့ အ ကျင့်ပါနေပြီတဲ့၊ သူ့ဘဝလေးက အဖေဆုံးပြီးကတည်းက ကံဆိ မိုးမှောင်ကျသွားရှာတာ"

"ဟုတ်ကဲ့၊ ကျွန်မသိပါတယ်၊ သူ ကျွန်မကိုလည်း ပြေ ပြတယ်"

"အခုတောင် သူ့ပထွေးရန်က အေးသေးတာမဟုတ်ဘူ ဘယ်လိုနည်းနဲ့ လိမ်ကောက်စားရမယ်ဆိုတာ အမြဲစဉ်းစားနေ လူ"

"မမကလည်း ဒီအတွက်တော့မပူပါနဲ့၊ စံပယ်ဟာအ သက် နှစ်ဆယ့်နှစ်နှစ်တောင် ရှိနေပြီပဲ၊ သူ့ခြေထောက်ပေါ်သူ ရပ်တည်နိုင်ပြီပဲ၊ သူ့ဆန္ဒသဘောမပါဘဲ ဘယ်သူမှဘာမှ လု လို့မရပါဘူး"

"ဒါတော့ ဒါပေါ့လေ၊ မမကတော့မောင်အောင်ဏ လည်း လူပျိုကြီးဘဝနဲ့နေသွားမှာ မကြည့်ချင်ဘူး၊ ဒါကြော သူတို့ချင်းသာ ပြေလည်မယ်ဆိုရင် လက်ထပ်ပေးဖို့တောင် ဝ မလေးဘူး"

ကျွန်မနားထဲ သံရည်ပူများ စီးဆင်းဝင်ရောက်လာသေ သလား ထင်မှတ်လိုက်ရသည်။

ကျွန်မ ကြောက်လန့်မှုဟာ ဆိုက်ဆိုက်မြိုက်မြိုက်ရောက် ရှိလာပြီ။

မမတို့ရဲ့ စေတနာကို ကျွန်မလေးစားရမည်လား မသ နိုင်အောင် ဖြစ်သွားရသည်။





သမီးပျို၏ နောင်ရေးကိုမှ မငဲ့ကွက်၊ ခင်ပွန်းဂုဏ်မခြောက် ၏နောက်အိမ်ထောင် ထူထောင်ရဲသောမိခင်၏မျိုးဆက်ကိုမှ ကြောက်လန့်သော မမ၏စံပယ့်အပေါ်ထားသောစေတနာကို ကျွန်မလေးစားသောအားဖြင့် ဖေးကူမပေးရမည်လား။

ကျွန်မ ထမင်းကို ကုန်အောင် ဆက်စား၍မရနိုင်တော့

"စံပယ့် သဘောကကော"

"ဘယ်သူ့သဘောမှ မတီးခေါက်ရသေးပါဘူး၊ မမဘာ ာစိတ်ကူးယဉ်ထဲ တိုက်အိမ်ဆောက်နေတာ၊ မောင်အောင်က ာ့ စံပယ့်အပေါ် သနားပုံရတယ်၊ အင်း. . မေတ္တာဆိုတာ ားခြင်းက စတာပဲမဟုတ်လား"

"ဟုတ်တယ်. . . ဟုတ်တယ်၊ ဒီလိုဆိုရင် မမပဲဖူးစာရေး မင်းလုပ်လိုက်ပေါ့ မဟုတ်ဘူးလား"

ကျွန်မ ထမင်းစားဝိုင်းမှ ထလိုက်သောအခါမှ. . .

"ဟဲ့. . တော်ပြီလား"

"ရင်ခံနေလို့ အချိန်လွန်မှာစိုးလို့သာ ဝင်စားလိုက်ရတာ ာလေ လက်ဖက်ရည်တိုက်လိုက်လို့"

"အဲဒီလက်ဖက်ရည်ပေါ့၊ မမဆိုလေပွပြီး ညဘက်တော် ့အိပ်မပျော်ဘူး၊ အဆောင်ကမိန်းမတွေက လက်ဖက်ရည် ာက်ချင်ကြသေးတယ်၊ စာကျက်လို့ကောင်းအောင်လို့တဲ့"

"ဟုတ်တော့လဲ ဟုတ်တာပဲ၊ သူတို့အရွယ်တွေကတော့ ာကြေလွယ်တဲ့ အရွယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလွန်အကျူးတော့ မလုပ်ပေးပါဘူး၊ နို့များများဒေ
နဲ့တော့ လုပ်ပေးရတယ်လေ"

လူမျိုး တစ်ရာ့တစ်ပါးအား အုပ်ချုပ်နေထိုင်ရသည်
မလွယ်ကူ။ သူ့ဌေးသားသမီးတွေက များသဖြင့်ကကျိကကြေ
ကလည်းများသည်။ ထိုများမှုများကို မမကစိတ်ရှည်လက်ရှ
ဖြေရှင်းပေးနိုင်သဖြင့်လည်း 'အောင်ပညာရေး ဝန်ဆောင်
သည် နာမည်ကြီးနေခြင်း ဖြစ်သည်ထင်ပါသည်။

"ကျွန်မ ပြန်တော့မယ်"

"နေပါဦးလား"

"ဦးလေးကွန်း ရောက်နေပြီ မမ၊ အိမ်ကိုလည်းမနက်
တည်းက ပစ်ထားရတာ"

"အေးလေ၊ ဒါဖြင့်လည်းပြန်တော့၊ ညနေဘက် စံပ
လိုက်မယ်ပြောတယ်"

"ကျွန်မ လာခေါ်လိုက်ပါ့မယ်"

ကျွန်မ ခြေလှမ်းတို့ကို အနိုင်နိုင်လှမ်းကာ ကားဆီ
လျှောက်လာခဲ့သည်။

"မိန်းကလေးပဲ မောင်းမလား"

"ဟင့်အင်း၊ ဦးလေးပဲ မောင်းပါ"

ဦးလေးကွန်းအတွက် အထူးအဆန်း ဖြစ်သွားကော
ဖြစ်သွားပေလိမ့်မည်။

ဘယ်တော့မဆို ကိုယ့်ဘာသာကိုယ်သာလျှင် မော
တတ်သည့် ကျွန်မခုတော့သူ့အား မောင်းခိုင်းနေပါလားဟု





အချစ်လမိုင်းကပ်လာပြီ ဆိုလျှင် လူ့စိတ်တွေကလည်း
ပြောင်းလဲခြင်းတံခါးဝကို ဆိုက်ရောက်တတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

ဘိုးဘိုး ပြန်ရောက်လာသည်နှင့် တိတ်ဆိတ်နေသေ
အိမ်ကြီးသည် ပြန်လည်၍ အသက်ဝင်လှုပ်လှုပ်ရှားရှားဖြစ်လ
သည်။

ဘွားဘွားနှစ်ပတ်လည်အတွက် စီစဉ်ကာအိမ်ကိုပြ
ဆင်၊ ဝယ်ခြမ်းစရာ ရှိသည်တို့ကို ဝယ်ခြမ်းနေရသဖြင့်မအား

ကျူရှင်သို့လည်း အချိန်မီ ပြေးသင်ရသေးသည်။ ည
ခင်း ယာတဲလေးကို ပိတ်လိုက်ရသည်။ ယာတဲမှကလေးမျာ
စာသင်ခန်းသို့ ရောက်ကုန်လေပြီ။ ကလေးများကိုယ်တိုင် ပည





ိုလားလာပြီဆိုတော့လည်း မိဘများကလည်းခွင့်ပြုရလေပြီ။

တောင်ယာခင်းပိုင်ရှင် ဆရာကြီးကိုလည်း သူတို့လေး
ားကြောက်ရွံ့ရသည်လည်းပါသည်။

"ဘိုးဘိုးစဉ်းစားထားတာ တစ်ခုရှိတယ် မိန်းကလေး"

"ဘာများလဲ ဘိုးဘိုး"

"မင်းအဘွားရဲ့ ဘိုးဘွားစဉ်ဆက်က လယ်ယာဥယျာဉ်
ြမြေတွေ အများကြီးပိုင်ဆိုင်ခဲ့တယ်၊ ယာသမားတွေများစွာက
ည်းသူတို့ကို ရိုးမြေကျသည်အထိ အလုပ်အကျွေးပြုသွား
ယ်၊ သေတော့ဘယ်သူ့နောက်မှ ဘာမှပါမသွားကြဘူး
ဟုတ်လား"

"ဟုတ်တယ်နော် ဘိုးဘိုး"

"နောက်ဆုံး မိန်းကလေးဘွားဘွားရဲ့ ပိုင်ဆိုင်မှုတွေကို
ိုးဘိုးဆက်ထိန်းနေရတာ ပင်ပန်းတယ်၊ ဘိုးဘိုးသေရင် မြေးပဲ
ဆက်ထိန်းရမှာ၊ မြေးမှာကလည်း ရှယ်ယာလုပ်ငန်းဝင်ငွေ၊ ကိုယ်
ိင်ဥယျာဉ်ခြံရဲ့ဝင်ငွေ၊ တိုက်ခန်းဝင်ငွေနဲ့ နောင်ရေးအတွက်
အဆင်ပြေနေပြီဆိုတော့ကာ ဘိုးဘိုးဆန္ဒတစ်ခုကို ဘွားဘွားနှစ်
တ်လည်နေ့မှာအကောင်အထည် ဖော်ချင်တယ်"

"ဘယ်လိုဆန္ဒလဲ ဘိုးဘိုး၊ ကျွန်မကိုအရင်ပြောပါဦး"

"မြေးကိုပဲ ပြောစရာရှိတာပဲ၊ ညည်းအမေကလည်း ဘိုး
ိုးတို့ပိုင်ဆိုင်မှုတွေကို လိုလားမှာမဟုတ်သလို ညည်းဘကြီး
ကြီးတွေကလည်း သူတို့လုပ်ငန်းနဲ့သူတို့ ဒေါ်လာလုပ်ငန်းသာ
တ်မော့ နေကြသူတွေဆိုတော့ တကယ်တမ်းလယ်လုပ်သူသာ



www.burmeseclassic.com

www.burmeseclassic.com



လယ်ပိုင် ဆိုင်ခွင့်ရှိသလို တောင်ယာဥယျာဥ်လုပ်သူကိုသ
တောင်ယာ ဥယျာဥ်လုပ်ပိုင်ခွင့်တွေ ပေးဖို့အတွက်ဘိုးဘိုး စဥ်
စားလိုက်ပြီ၊ ဒါကြောင့် ဘိုးဘိုးပိုင်နေတဲ့ တောင်ယာဥယျာဥ်
ရဲ့ တစ်ဝက်ကို မြေးယူလိုက်တော့၊ ကျန်တစ်ဝက်ကို ဘိုးဘိုး
အလုပ်သမားတွေကို အချိုးကျခွဲဝေပေးလိုက်တော့မယ်၊ သူ
မသေခင် ပိုင်ဆိုင်ခွင့်ရသွားကြပါစေလေ"

ဘိုးဘိုးစကားကြောင့် ကျွန်မကြက်သီးမွေးညင်းထ
များဖြာသွားရသည်။ ဘိုးဘိုး၏စေတနာ မေတ္တာသည်အံ့မခန်း
လေစွ။

"မြေးပဲ ဘိုးဘိုးကိုကျွေးမွေးသွားတော့၊ ဘိုးဘိုးငွေ
ကိုင်တွယ်မသုံးစွဲချင်တော့ဘူး၊ ဘိုးဘိုးဆန္ဒတွေ မိန်းကလေးကျေ
နပ်ရဲ့လား"

"ကျေနပ်ပါတယ် ဘိုးဘိုး၊ အဲ. . ကျေနပ်ရတာ ဘိုးဘိုး
အမွေကို ကျွန်မရလို့မဟုတ်ဘူးနော်၊ ကျွန်မကဘိုးဘိုးလျှို့ဖို့အ
တွက်ရော ဘိုးဘွားအမွေအနှစ်အနေနဲ့ရော ထိန်းသိမ်းပေးချင်
တဲ့ ဆန္ဒကြောင့်ပါနော် ဘိုးဘိုး၊ ကျွန်မသဘောကိုတော့ ဘိုးဘိုး
နားလည်ပါတယ်နော်၊ ဦးလေးတို့ဘကြီးတို့ဆန္ဒရော မယူတော့
ဘူးလား"

"မလိုဘူး၊ ဘိုးဘိုးအားလုံးကို ပညာအမွေတွေပေးပြီးပြီ
အထူးကုဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ ဖြစ်ကုန်ကြပြီ
ဘိုးဘိုးရဲ့ ဝါသနာနဲ့ ဘိုးဘိုးစိတ်ဓာတ်ကို လိုက်နာထိန်းသိမ်းနိုင်
တာမြေးတစ်ယောက်ပဲရှိတယ်၊ သူတို့ဘာမှပြောပိုင်ခွင့်မရှိဘူး





ဘိုးဘိုးလည်းအလွန်ဆုံးနေရမှ လေးငါးနှစ်ပေါ့၊ ဘိုးဘိုးအများအ
တွက်အချိန်ကုန်ခဲ့ပြီ၊ ဘိုးဘိုးအတွက်အလုပ်လုပ်တော့မယ်၊
ဒီတော့ဘိုးဘိုးဆန္ဒကို မြေးဖြည့်စွက်ပေးပါ"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

ကျွန်မ ဘာမှမပြောသာတော့ဘူး။ ဘိုးဘိုးဆန္ဒဟာ မှန်
မြတ်သည်ဟု ကျွန်မထင်သည်။

"နောက်ပြီး တစ်ခုရှိသေးတယ်မြေး၊ မြေးရဲ့ဘဝခရီး
လမ်းအတွက် အဖော်ရှာတော့ ဘိုးဘိုးမြေးအတွက် ထိုက်တန်တဲ့
လူတော့ တွေ့ထားတယ်"

ကျွန်မရင်တွေခုန်လာတယ်။ ကျွန်မရင်ထဲ အလိုလိုသိ
နေသလိုပဲ။ ဒါပေမယ့် ပိုသေချာအောင်လို့. .

"ဘယ်သူလဲ ဘိုးဘိုး"

"မြေး မရိပ်မိဘူးလား"

ဘိုးဘိုးက ပြုံးပြီးမေးတယ်။ ကျွန်မခေါင်းခါလိုက်တယ်။
ဒါပေမယ့် ကျွန်မမျက်နှာတစ်ပြင်လုံး ရဲရဲနီနေမှာကျိန်းသေတယ်။

"ဘိုးဘိုးဟာ မိန်းကလေးစိတ်ထဲမှာ ဘယ်သူရှိတယ်ဆို
တာ သိနေတယ်"

"ဘိုးဘိုးကလည်း"

ကျွန်မ ထ,ပြေးချင်ပြီ။

"ဒါကြောင့် မောင်အောင်ကိုတောင် မြေးမှာမိဘသ
ဘောတူထားတဲ့ ဆရာဝန်တစ်ဦး ရှိတယ်လို့တောင် စိတ်ချမ်း
လိုက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. ."

"မောင်အောင် ဟန်မဆောင်နိုင်ဘူး၊ မျက်နှာပျက်သွား တယ်၊ အဲဒီအချိန်မှ မောင်အောင့်စိတ်ကို ဘိုးဘိုးသိရတာ၊ ဒီ ကောင်က ဟန်ဆောင်ကောင်းတယ် မဟုတ်လား၊ ဒီလိုမှစိတ် စမ်းရင် ဘိုးဘိုးသူ့စိတ်ကို မသိနိုင်ဘူး"

ကျွန်မ ဘိုးဘိုးကို ပိုချစ်လာတယ်။ ကျွန်မဘိုးဘိုးနဲ့နေ ကျိုးနပ်လိမ့်မယ်ထင်ပါတယ်။

အဲ. . ဘိုးဘိုးပေးတဲ့ အမွေကို ကျွန်မမမက်မောဘူး။ ကျွန်မတစ်ယောက်တည်း ထိန်းသိမ်းရမယ့် တာဝန်တွေဟာ လည်းသိပ်ကို များပြားလွန်းလှတယ်။ ဒါပေမယ့်. . .

"ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်ဖခင်မယ်တို့တာ ဆိုပေ မယ့်မိန်းကလေးက ဘိုးဘိုးသမီးအဖြစ် ဘိုးဘိုးဆီမှာလာနေပြီဆို တော့လည်း နောက်ဆုံးဝတ္တရားကိုပါ ဘိုးဘိုးဆောင်ရွက်ပေးချင် တယ်၊ မြေး မောင်အောင်ကို ဘယ်လိုသဘောရသလဲ"

ကျွန်မမှာ ပြောစရာစကားတွေ အပြည့်ပါ။ ဒါပေမယ့် ကျွန်မဘာမှမပြောတော့ဘူး။ ကျွန်မရင်ထဲမှာ ရှိနေတာတွေကို ဘိုးဘိုးနားလည်နေလိမ့်မယ်လို့လည်း ယုံကြည်နေတယ်။

ရှင်သဘောဟာ ကျွန်မသဘောပဲဖြစ်ရမှာပါ။ ဘာဖြစ် လို့လဲဆိုတော့ ကျွန်မကသိပ်ချစ်ရတဲ့လူ ဖြစ်နေလို့ပဲ။

စံပယ်သာ ကျွန်မတို့ဘဝထဲကို ရောက်မလာဘူးဆိုရင် ကျွန်မဘိုးဘိုးကို ရွှန်းရွှန်းဝေပြန်ပြောမိမှာပါ။

"မောင်အောင်မြေးကို ကမ်းလှမ်းသေးသလား"





ဘိုးဘိုးရဲ့ စမ်းသပ်စကားဟာ သူ့နှုတ်ကိုစည်းသားလိုက် ခြင်းဖြစ်ကြောင်း ဘိုးဘိုးတကယ်ပဲ မသိတာလား၊ သို့တည်းမ ဟုတ် တမင်မသိဟန်ဆောင်၍ မေးတာလားကိုတော့ ကျွန်မမ စဉ်းစားတတ်။

"ဟင့်အင်း. . ဒါပေမယ့် ကျွန်မကို စကားတစ်ခွန်းတော့ မေးတယ်"

အရှက်ဆိုတဲ့တရားကို ခဏလေးမေ့ထားပြီး ဘိုးဘိုးကို ပဲ အမေလုပ်ကာ ကျွန်မရင်ဖွင့်လိုက်မိပြီ။

"ဘာမေးသလဲ"

"ကျွန်မတို့ဘယ်တော့ လက်ထပ်မှာလဲတဲ့၊ ဘိုးဘိုးစ ကားကို သူတကယ်ယုံမှတ်ပြီးမေးတာ၊ ကျွန်မကကြိုမသိထား တော့ ငြင်းပယ်လိုက်တယ်၊ ကျွန်မမှာ မိဘစီစဉ်ထားတာ မရှိပါ ဘူးလို့"

"ဒီတော့ သူက ဘာပြန်ပြောသလဲ"

"သူက ဘိုးဘိုး ဘာကြောင့်ဒီလိုပြောသလဲဆိုတာကို တွေးနေပုံပဲ၊ ဘာစကားမှတော့ ဆက်မလာပါဘူး"

"နောက်တော့ ဆက်လာမှာပေါ့၊ ကိုင်း. . ဘိုးဘိုးမေး တာကို မိန်းကလေးမရှက်ဘဲ မှန်မှန်ဖြေ"

ကျွန်မသိတယ်။ ဘိုးဘိုးကျွန်မကို ခပ်ပြတ်ပြတ်မေး တော့မယ်ဆိုတာ. . .

"မိန်းကလေး. . မောင်အောင်ကို လက်ထပ်နိုင်မလား"

"ဘိုးဘိုးအမိန့်မပါဘဲ သူကျွန်မကို လက်ထပ်မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လက်ခံနိုင်ပါတယ်"

ကျွန်မပြတ်သားစွာပဲ ဖြေလိုက်တယ်။ ဟုတ်တယ်လေ. အချစ်ဆိုတာ ဝယ်ယူလို့လည်းမရဘူး၊ ဖန်တီးယူလို့လည်း မရဘူး ဆိုတာ ကျွန်မနားလည်သဘောပေါက်နေပြီ။

အချစ်ဆိုတဲ့အရာဟာ နူးညံ့သိမ်မွေ့တယ်။ ဒါပေမယ့် နက်ရှိုင်းတယ်။ အင်အားအလွန်ကြီးမားတဲ့ စွမ်းအင်တွေသူ့မှာ ရှိတယ်။ လျှို့ဝှက်သိပ်သည်းမှုတွေနဲ့လည်း ပြည့်နှက်နေတယ်။

ဒါကြောင့်ကျွန်မ အချစ်ကို အရှုံးပေးလိုက်ပြီး ရယူလို တာ တစ်ခုနဲ့လည်း အချစ်ကိုပိုင်ဆိုင်ခွင့် ရချင်မှရမယ်။

"ဟုတ်ပြီ. . ဒါမှ ဘိုးဘိုးသဘောကျတယ်၊ ဒါပေမယ့် မြေးဟာ စိတ်ကောင်းရှိတဲ့ မိန်းကလေးပဲ၊ တန်ပြန်သက်ရောက် မှုနဲ့ မိန်းကလေး စိတ်ချမ်းသာမှာပါ၊ မြေးတို့ကိစ္စမှာ ဘိုးဘိုးဝင် မပါတော့ဘူး၊ စောင့်ကြည့်နေတော့မယ်၊ ဟုတ်လားမြေး"

"အကယ်၍များဘိုးဘိုးကို ကိုအောင်က မေးခဲ့ရင်ကော"

"ဘိုးဘိုး အမှန်တိုင်းပဲဖြေလိုက်မှာပေါ့၊ အမှန်ပဲလေ မယ်ဝေလာတုန်းက မိန်းကလေးကိုသူသဘောကျနေတဲ့ ဆရာ ဝန်တစ်ယောက်နဲ့ လက်ဆက်ပေးချင်တယ်လို့ ဘိုးဘိုးကို ပြောတယ်၊ ဘိုးဘိုးက ငါ့မြေးဆန္ဒမပါရင် ဘာကိုမှ မလုပ်ရ ဘူးလို့"

"ကျေးဇူးတင်ပါတယ် ဘိုးဘိုး"

"ကိုင်း ဘိုးဘိုးလည်း အိပ်တော့မယ်၊ မြေးလည်း အိပ် တော့"





"ဟုတ်ကဲ့ ဘိုးဘိုးကို ကန်တော့ပါတယ်"

ဘိုးဘိုးကို ကျွန်မ ဦးသုံးကြိမ်ချ ကန်တော့လိုက်တယ်။

"သာဓု သာဓု သာဓု လိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေကွယ်"

ဘိုးဘိုး ညစဉ်ပေးနေကျ ဆုပါပဲ။ ဒါပေမယ့် ကျွန်မစိတ် ထဲမှာ အေးချမ်းသွားတယ်။

ကျွန်မနှလုံးအိမ်ထဲမှာ ရစ်ဖွဲ့နေတဲ့ အချစ်မှိုင်းဟာ မြူခိုး အသွင်ကနေ ကင်းစင်သွားသလိုပါပဲ။

အချစ်ကို တရားသဖြင့် ကျွန်မလိုချင်ပါတယ်။ အမှန် တော့ကျွန်မဟာ ကိုအောင်ကို မြင်မြင်ချင်းစွဲလမ်းသွားတာ။

ရယူပိုင်ဆိုင်ချင်တယ်။ ကျွန်မငယ်ငယ်ကတည်းက လိုချင်တာ တစ်ခုရှိလာပြီဆိုရင် ရအောင်ကိုယူတတ်တယ်။

ဥပမာဆိုပါတော့ ကိုအောင်. . .

ကျွန်မငယ်ငယ်က ဖေဖေလက်ဆောင် ရတာတဲ့ ဖောင် တိန်အသစ်ကလေးကို လိုချင်လာတယ်၊ မြင်မြင်ချင်းပဲ အဲသည် ဖောင်တိန်ကို နှစ်သက်တယ်။ သိပ်ယူချင်တယ်။

အဲ့ဒါကို ဖေဖေက တလောကပဲ အသစ်ဝယ်ပေးပြီး သား၊ သည်လ ပထမအစမ်းမှာ ပထမရတဲ့သူကို ပေးမယ်လို့ ပြောတယ်။ ကျွန်မနဲ့အစ်ကိုတွေအားလုံးက စာတော်ကြတယ်။ အဆင့်တစ်,နှစ်,သုံးထက်ကျသွားရင်ကို နေမကောင်းချင်ကြတဲ့ သူတွေ။

ဒါ့ကြောင့် ကျွန်မဟာ ဖောင်တိန်အသစ်ကလေး ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှုဟာ သိပ်မသေချာတော့ဘူးပေါ့။

မရဘူး . ကျွန်မလိုချင်တယ်။ အဲသည်ညမှာပဲ ကျွန်မသုံးစွဲနေတဲ့ ဖောင်တိန်ဟောင်းလေးဟာ ကျွန်မရဲ့ ရက်စက်ခြင်းကို ခံစားသွားရရှာတယ်။

ဖောင်တိန်နစ်သွားလေးဟာ သမံတလင်းနဲ့ အရှိန်အဟုန်ပြင်းစွာ ထိခိုက်ခံရပြီး ကျိုးပြတ်သွားလို့ ဖေဖေက ကျွန်မကို ပြုံးကြည့်ပြီး ဖောင်တိန်အသစ်ကို ထုတ်ပေးလိုက်တယ်။

ပြီးတော့ . 'ညဉ်း ဉာဏ်များတယ်နော် မိကဲ့ကော်'တဲ့။

ကျွန်မ ဝမ်းသာစွာနဲ့ လှမ်းယူပြီး . . .

"မတော်တဆဟာကို ဖေဖေကလည်း"

လို့ မလုံမလဲ ဖြေလိုက်ခဲ့သေးတယ်။ အဲ့သည်တုန်းက ကျွန်မ ဆယ်နှစ်ကျော် အရွယ်လေး။

ရှင့်ကို မြင်စတုန်းကလည်း ကျွန်မအချစ်က သိပ်ကိုနုသေးတယ်။ အခုတော့ ရက်ပိုင်းကလေးက လပိုင်းတွေ များလာပြီ။ ဆရာမဘဝနဲ့ ကိုယ်ကျိုးထက် တပည့်တွေအကျိုးကို ရှေးရှုတတ်လာတော့ ကျွန်မနှလုံးသားဟာပြောင်းလဲလာပြီ။

မိမိဆန္ဒကိုချည်း ရှေ့တန်းတင်လို့မရတော့ဘူး၊ စံပယ်ဟာ သက်မဲ့ပစ္စည်းမဟုတ်ဘူး၊ ပြီးတော့ ရှင်ဟာဖောင်တိန်အသစ်ကလေးမဟုတ်ဘူး။

လူသား ယောကျ်ားရင့်မကြီးဖြစ်နေတယ်၊ အချစ်ကို ရှေ့တန်းတင်ကတတ်တဲ့ လူမျိုးလည်းမဟုတ်ဘူး၊ ကိုယ်ရေးကိုယ်တာကိစ္စထက် ရှင့်လုပ်ငန်းနဲ့ရှင့်တပည့်တွေရဲ့ အနာဂတ်ကိုဦးစားပေး





တတ်တဲ့လူမျိုး။

ရှင့်ကိုယူရင် ကျွန်မအများကြီးကို စွန့်လွှတ်ရလိမ့်မယ်ဆိုတာ ကျွန်မသဘောပေါက်လာပြီ။

ဘာတွေစွန့်လွှတ်ရမလဲ၊ ကျွန်မနားမှာ ရှင်နေမယ့်အချိန်တွေ၊ ကျွန်မအတွက် ရှင်ပေးရမယ့် ဂရုစိုက်မှု၊ ကြင်နာမှု၊ ထားနေမှုတွေ. . . အစစအရာရာပါပဲ။

ရှင်ဟာ ကျွန်မတစ်ယောက်တည်းအတွက် လူဖြစ်လာတဲ့သူ မဟုတ်ဘူးဆိုတာ ကျွန်မနားလည်ထားရမယ်။

ရှင့်အောင်မြင်မှု၊ ရှင့်ကြိုးစားမှုကို ကျွန်မကလည်း ကိုယ်ကျိုးစွန့် နားလည်နိုင်ရမယ်။

ပြီးတော့. . . ရှင့်ပါရမီဖြည့်ဖက်အဖြစ် ရှင့်ကိုပါကူညီပေးနိုင်ရမယ်။ ဒါတွေ ကျွန်မနားလည်လာပြီ။ နားလည်မှုလေးဟာလေလေ ရယူလိုမှုထက် အချစ်ရဲ့ ရင်ခုန်သံစဉ်လေးတွေ သူ့ဘာသာသူဖြစ်ထွန်းနေမှုကိုပဲ ကျွန်မနှစ်သက်လာတတ်လေပါ ကိုအောင်။

ဘာပဲဖြစ်ဖြစ် ကျွန်မဟာ ရှင့်အဆုံးအဖြတ်ကိုပဲ စောင့်ဆိုင်းနေမယ်။ ကျွန်မမှ ဖွင့်ဟပြောပိုင်ခွင့် မရှိဘဲ။

အဲသည်လို ဖွင့်ဟပြောပိုင်ခွင့် မရှိခြင်းကိုပဲ ကျွန်မကျေနပ်တတ်လာပါပြီ ကိုအောင်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

ကျုပ်ဆရာကြီးအိမ်ကို ရောက်တယ်။ ယခင်နှစ်ကလို ညအိပ်ပြီး နံနက်စောစောမှာ ဆရာကြီးနဲ့အတူ အရှက်ဆွမ်းကပ် ဖို့အတွက် အဆင်သင့် ဖြစ်နေစေရမယ်။

"လာဟေ့. . မောင်အောင်၊ မောင့်ကိုဆရာကြီးမျှော်နေတာ"

ပန်းခြံထဲမှာ လမ်းလျှောက်နေတဲ့ ဆရာကြီးဟာ ကျုပ် ကားဘေးကို ရောက်လာပြီး လာကြိုတယ်။





"ဒီနေ့မှာ ဆရာကြီး လုပ်စရာတွေ အများကြီးရှိနေတယ် မောင့်အကူအညီကိုယူဖို့ စောင့်နေတာ၊ လာ. . ."

ဆရာကြီးဟာ သူ့အစီအစဉ်တွေ ပြောပြပြီးသူ့တောင် သာဥယျာဉ်ခြံမြေတွေမှာ ဘိုးဘွားအစဉ်အဆက် အဌားအလုပ် သမားဘဝ အမှုထမ်းလာခဲ့တဲ့ မိသားစုဆယ့်တစ်ဦးကို မြေဇက ဆုံးဆယ်ကျော်ကို မဲစနစ်နဲ့ ခွဲဝေပေးလိုက်တာကိုလည်း ကျုပ် ဆောင်ရွက်ပေးလိုက်ရတယ်။

နောက် ညဘက်မှာဆရာကြီး စိတ်တိုင်းကျ ဧည့်ခန်း စွှည်းတွေကို သယ်ထုတ်ပြီး ကောဇောတွေခင်းပြီး အသင့်ဖြစ် သွားချိန်မှာ ညဆယ့်တစ်နာရီ ရှိနေပြီ။ ကျုပ်ရောက်တဲ့အချိန်မှာ မင်းကိုမီးဖိုဘက်လှမ်းတွေ့လိုက်တာကလွဲပြီး မတွေ့ရသေးတော့ ကျုပ်ရင်ထဲမှာ နေလို့မရ၊ ထိုင်လို့မရရောဂါဖြစ်လာတယ်။

ကျုပ်မျက်လုံးတွေဟာ နောက်ဖေးဘက်ကို မကြာခဏ ရောက်သွားတယ်။

"မောင်အောင်. . လာ၊ နွားနို့လေးတာလေး သောက်ရ အောင်၊ မောင်နှမကခေါ် ခိုင်းလိုက်တယ်"

ဆရာကြီးကကျုပ်ကို ခေါ်တော့ကျုပ်ဟန်မဆောင်နိုင်ပါ ဘူး။ ဆရာကြီးနဲ့အတူ ထမင်းစားခန်းကို ရောက်သွားတယ်။

ခုမှပဲ ကျုပ်ရင်ထဲက လှုပ်လှုပ်ရှားရှား အရာတွေအား လုံးဟာ ငြိမ်သက်သွားတော့တယ်။

အေးချမ်းလှတဲ့ မင်းရဲ့အပြုံးလေးတွေဟာ ဆောင်းဦး မှာမြင်ရတဲ့ နှင်းပွင့်လေးတွေလိုပဲ အေးချမ်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"လာ. . ကိုအောင်၊ အတော်ပင်ပန်းသွားပြီလား"

"ဒီနှစ် သိပ်သက်သာတာ၊ ကံ့ကော်ရောက်လာလို့ ထင် တယ်၊ ကိုယ်ဘာလုပ်ပေးရမလဲ"

"ဘာမှ လုပ်စရာမလိုတော့ဘူး၊ မနက်ဖြန်ရောက်ရင် သာကိုအောင့် တပည့်ကျော်တွေရောအားလုံးကို ဧည့်ခံပေး အားမွေးထားဦး"

ဆရာကြီး၊ ကျုပ်နဲ့အတူမင်းကပါ ဝင်ထိုင်တယ်၊ပြီးတော့ နောက်ဘက်ကို လှမ်းအသံပြုတယ်။

"စံပယ်ရေ. . လာလေ၊ နွားနို့သောက်ရအောင်"

နွားနို့နဲ့ ပေါင်မုန့်ကြက်ဥကြော်ဟာ ကျုပ်မကြိုက်ဆုံး သောအစားအစာပဲ။ ဒါပေမယ့်မင်းကျွေးတဲ့အစားအစာဟာ ည အိပ်ရာဝင်ခါနီးနဲ့သင့်တော်မယ့်အစာဖြစ်တယ်၊ ကျုပ်ကြိတ်မှိတ် ပြီး စားရမှာပေ့ါ။

"စားနှင့်ပါ မမကံ့ကော်၊ ကျောက်ကျောက ရခါနီးနေပြီ"

စံပယ်က အသံလှမ်းပြုတယ်။ သည်တော့မှ စံပယ် ရောက်နေမှန်း ကျုပ်သိတာ။

"စံပယ်လည်း အော်ဒါထွက်သွားပြီလေ ကိုအောင်"

"ဟုတ်လား၊ ကိုအောင်တောင် မသိရပါလား"

"စံပယ်က တစ်နေ့လုံး ဒီမှာဆိုတော့ မမကစံပယ်ဆီကို ဖုန်းဆက်လိုက်တာဆိုတော့ ကိုအောင့်ကိုတောင် အကြောင်း ကြားဖို့ မအားသေးလို့ ထင်ပါတယ်"

ကံ့ကော်က ရှင်းပြလိုက်တာကိုပဲ ကျုပ်အားနာရတယ်။





"ကိစ္စမရှိပါဘူး၊ ကိုယ်သိဖို့ထက် သူသိဖို့ပဲအရေးကြီး တယ်၊ ဒါ သူ့ဘဝအတွက် အာမခံချက်လေ"

ကျုပ်ရင်ထဲမှာ စံပယ်မရှိဘူး။ ဒါပေမယ့်စိတ်ထဲမှာတော့ တယ်။ ကျုပ်လုပ်ငန်းကိုလည်း ကြိုးကြိုးစားစားဝိုင်းကူပေးတယ် တော့ဒုက္ခရောက်လာတဲ့ မိန်းကလေးမဟုတ်လား သူ့ဘဝအဆ က်ကောင်းအောင် ဆောင်ရွက်ပေးချင်တဲ့ဆန္ဒ ကျုပ်ဆီမှာရှိ တော့အမှန်ပဲ။

"ဒါထက်မောင့်ကို ဆရာကြီးတစ်ခု ထပ်ပြောရဦးမယ်"

"ဟုတ်ကဲ့၊ အမိန့်ရှိပါ ဆရာကြီး"

"မိန်းကလေးကိုတော့ သူ့မိဘတွေကတော့ အချိန်အခါ န်း သူတို့သဘောကျ ဆရာဝန်တစ်ယောက်နဲ့ လက်ဆက် ချင်တယ်၊ အဲဒါဆရာကြီး ရန်ကုန်ရောက်တော့ သူတို့နဲ့သုံး ြိမ်လောက် ဖုန်းပြောဖြစ်ကြတယ်"

ကျုပ်အတွက်တော့ ဆရာကြီးဟာ ရင်ခုန်စရာစကားကို ပြောနေပြန်ပြီ။

မင်းရှေ့မှာဆိုတော့ ကျုပ်အားနာမိတယ် ပြီးတော့. . င်းမျက်နှာကို ကျုပ်ကြည့်ဖို့ မဝံ့မရဲဖြစ်မိတာ အမှန်ပဲ။

"မိန်းကလေးဆန္ဒမပါဘဲ ဘာမှမလုပ်ရဘူးလို့၊ မိန်းက လေးကလည်း ဆန္ဒမပါဘူးဆိုတော့ ဒီကိစ္စဟာ ဖြစ်မြောက်မလာ ဘူးပေ့ါ၊ အဲဒါမောင့်ကို ဆရာကြီးပြောမိထားတဲ့စကား ဆရာကြီး ရုပ်သိမ်းလိုက်ပြီ၊ ကိုင်း. . မောင်တို့စကားပြောကြဦး၊ ဘိုးဘိုး တော့အိပ်ရာဝင်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာကြီး"

အဲသည်အချိန်မှာ ကျုပ်မျက်ဝန်းထဲမှာ မင်းရဲ့အပြုံး ကလေးဟာ သိမ်မွေ့ယဉ်ကျေးစွာ စွဲထင်သွားတယ်။

ဆရာကြီးကို လက်အုပ်ချီပြီး ကန်တော့တယ်။ အိပ် ဝင်တိုင်းမင်းရဲ့ အပြုံးအမူကလေးဖြစ်မှာပါ။

နိုင်ငံခြားပြန် မိန်းကလေးတစ်ဦးရဲ့ ယဉ်ကျေးမှုက ကျ မြင့်မြင့်သမျှသော နိုင်ငံခြားပြန်တွေရဲ့ အပြုံးအမူကိုမင်းဆန့်ကျ ပြလိုက်တာလား။

နိုင်ငံခြားမှာ ဘောင်းဘီဝတ်လာရလို့ အကျင့်ဖြစ်နေ ဆိုပြီး မြန်မာပြည်မှာပါ ဘောင်းဘီဝတ်ပြ၊ စကတ်ဝတ်ပြ၊ ဂါ ဝတ်ပြနေတဲ့ မိန်းမတွေထဲ မင်းမပါဘူး။

"ကဲ့ကော်"

"ပြောပါ ကိုအောင်"

"ဂျပန်မှာ မင်း ဘာဝတ်သလဲ"

"ဘောင်းဘီဝတ်တယ်၊ ဘာဖြစ်လို့ မေးတာလဲ"

"ခု မဝတ်တော့ဘူးလား၊ ကျုပ်သိချင်လို့ မေးတာပါ"

မင်း ရယ်တယ် မင်းရယ်တဲ့အခါ သိပ်လှတာပဲ၊ ညီညာ တဲ့သွားစွယ်တန်းလေးတွေက ဝင်းလက်သွားတယ်။ လှပတဲ့နှုတ် ခမ်းသားလေးတွေ လှုပ်ရှားသွားတယ်။ ပြီးတော့ရယ်သံလေးဟာ စမ်းရေစီးသံလေးတွေလိုပဲ ညင်သာတယ်။

"ကျွန်မ ဂျပန်တင်မကဘူး၊ တစ်နှစ်လောက်က အမေ ကားကို ရောက်သေးတယ်၊ နောက်နိုင်ငံတကာကို လည်ပတ်





သေးတာ၊ အဲဒါဘာလဲဆိုတော့ လေ့လာရေးထွက်တာ၊ ဂျပန်နဲ့ အမေရိကားက အလုပ်လုပ်ဖို့သွားတာ၊ သူတို့ရဲ့ယဉ်ကျေးမှုကို ဖို့ သွားတာမဟုတ်ဘူး၊ တတ်နိုင်သမျှတော့ ဖေဖေ့၊မေမေတို့ ဖိတ်ကြားတဲ့ ပါတီပွဲတွေဆိုရင် မြန်မာဝတ်စား ဆင်ယင်မှု၊ ယဉ်ကျေးမှုတွေကိုတောင် သူတို့သိအောင် ဖြန့်ဝေပေးခဲ့သေး တယ်၊ ကိုအောင်က ကျွန်မကိုအထင်သေးလို့ မေးတာလား"

"မဟုတ်ပါဘူး၊ ကိုယ့်ယူဆချက်နဲ့ မင်းရဲ့အဖြေကိုက်ညီ မရှိ သေချာအောင် မေးလိုက်တာပါ"

"ကိုက်ညီရဲ့လား"

"ကိုက်ညီပါတယ်"

ကျုပ်ပြုံးပြီး ဖြေလိုက်တယ်။ ကျုပ်မင်းကို စကားတွေအ ကြီး ပြောချင်လာပြီ။ ပြောတော့မယ်လို့ ဆုံးဖြတ်ပြီး ကျုပ် ချောင်းရှင်းတဲ့အနေနဲ့ နွားနို့ပန်းကန်ကိုယူမော့လိုက်တယ်။

ကျုပ် အရှက်ရပြီ။

ကျုပ်နွားနို့ ပန်းကန်ထဲ နို့ကုန်နေပြီပဲ။ မင်းတွေ့မှာ ကြောက်လို့ ကျုပ်ကပျာကယာပြန်ချလိုက်တယ်။ ဒါပေမယ့်မင်း တွေ့ဖြစ်အောင် တွေ့သွားပြီး. . .

"နွားနို့ထပ်ယူပါဦးလား ကိုအောင်"

"ဟင့်အင်း၊ ကျုပ် နွားနို့မကြိုက်ဘူး"

"ဟောတော့. . စောစောကဘာဖြစ်လို့ သောက်သလဲ"

"မင်းတိုက်လို့"

"အို. ."



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စီထားတဲ့ စကားတွေ ကသောင်းကနင်းဖြစ်သွား
ဘယ်ကစရမလဲဆိုတာကို ရှက်ရှက်နဲ့ ကျုပ်ပြန်တွေးရတယ်

ကျုပ်မျက်နှာ ရဲနေသလို မင်းမျက်နှာလည်း စထ
ဗယ်ရီရောင် ပြေးနေတယ်။

"စောစောက ဆရာကြီးကို မင်းလိုပဲ ကိုယ်ကန်တော့ချ
တယ် ကုံကော်"

"ရှင်. ."

ကျုပ်စကားတွေဟာ အဆီအငေါ်မှ တည့်ရဲ့လားမ
ဘူး။ မင်းကလည်း နားလည်ပုံမရဘူး။

"ဒီလို ကုံကော်၊ စောစောကမင်းက အဘိုးကိုအိပ်ရာ
ခါနီး ကန်တော့တာ၊ ကိုယ်ကလည်း တပည့်တစ်ယောက်အနေ
ဝင်ကန်တော့လိုက်ရင် တစ်မျိုးဖြစ်သွားနိုင်တယ်၊ အမှန်တော့
ကိုယ်ကကန်တော့ချင်တာတော့ အမှန်ပဲ၊ ဆရာကြီးခွင့်ပြုချက်
မရခင်မှာကန်တော့ရင် စော်ကားရာများ ရောက်မလားလို့
တွေးမိပြီး မကန်တော့လိုက်တာ"

"ကိုအောင်ကလည်း. . ကန်တော့တယ်ဆိုတာ ကော
တဲ့အလုပ်ပဲ၊ စိတ်ဆိုးစရာမရှိပါဘူး"

"မဟုတ်ဘူး၊ ကိုယ်ကကုံကော်နဲ့အတူ ယှဉ်တွဲပြီး
တိုင်းကန်တော့ချင်တာ"

"ဟင်. ."

ရဲရင့်ပါတယ်ဆိုသော မင်းဟာခေါင်းကလေး ငုံ့လို့
သွားတယ်။





"ဟုတ်တယ်၊ ကိုယ် မင်းကိုစိတ်ဝင်စားနေတယ်၊ လက်
ထပ်ဖို့ ရည်ရွယ်ထားတာ မရှိဘူးဆိုရင် ကိုယ့်ကိုစဉ်းစားပေးပါ
လား"

ကျုပ် အချစ်နဲ့ ပတ်သက်လာရင် သိပ်ကိုကြောက်လန့်
ခဲ့ဖူးတော့ ရှည်ရှည်ဝေးဝေးလည်း မစဉ်းစားချင်တော့ဘူး။ စီကာ
စဉ်ကာနဲ့လည်း လှည့်ပတ်မပြောချင်တော့ဘူး လိုရင်းကိုပဲ ပြော
ချလိုက်မိတယ်။

"ကုံကော်"

". . . . . ."

မင်းက ခေါင်းမဖော်တော့ဘူး။

"မင်း လက်ခံနိုင်တယ်ဆိုရင် ဆရာကြီးကို ကိုယ်ခွင့်ပြော
လိုက်တော့မယ်"

"ကျွန်မ စဉ်းစားဦးမယ်"

"ဟုတ်ပါတယ်၊ စဉ်းစားပါ၊ ဒီကိစ္စမျိုးဟာ မိန်းမသားတစ်
ဦးရဲ့ ဘဝတစ်ခုလုံးအတွက် အင်မတန်အရေးကြီးတဲ့ ကိစ္စပဲ၊
ကိုယ်အချိန်ပေးပါတယ်။ မင်းအဖြေရမယ့်နေ့ကို ကိုယ်စောင့်ပါ့
မယ်"

ကျုပ်စကားတွေဟာ အမှန်ပါကုံကော် ကိုယ်ရယူပိုင်
ဆိုင်လိုမှုနဲ့ အလောသုံးဆယ် မစီစဉ်ချင်ပါဘူး။

မင်းရဲ့ဆန္ဒဟာ ကျုပ်အတွက်အရေးအပါဆုံးသော ဆန္ဒ
တစ်ခုပါပဲ။

"ကိုယ် ဘာလုပ်ပေးစရာ ရှိသေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ပါဘူး"

"ဒါဖြင့် ကိုယ်သွားအိပ်တော့မယ်၊ မင်းကောမအိပ်သေးဘူးလား"

"ချဉ်ရည်ဟင်းအိုး ပြင်ပေးပြီးရင် ပြီးပါပြီ။ အဲဒီတော့မှ အိပ်တော့မယ်"

ကျုပ်မင်းကို ပြုံးပြပြီး ထွက်ခဲ့တယ်။ ကျုပ်ဆရာကြီးအိမ်မှာ ညအိပ်တဲ့အခါ အိပ်နေကျ အောက်ထပ်အိပ်ခန်းကို ကျုပ်ဝင်ခဲ့တယ်။

ဘယ်အချိန်က ဘယ်သူဝင်ပြင်ပေးထားမှန်းမသိရပေမယ့် ယခင်လာအိပ်နေတုန်းကနဲ့ လုံးဝမတူဘူး။ ခြားနားနေတယ် အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ဂွမ်းစောင်လေးကအစ သစ်လွင်ပြီး ပရုတ်နံ့လေးတွေသင်းနေတယ်။

အိပ်ခန်းကလည်း ဖိတ်ဖိတ်တောက်လို့၊ စားပွဲပေါ်က နှင်းဆီပန်းရနံ့ လေးကလည်းသင်းပျံ့နေတယ်။

အိမ်ကို ပြုပြင်ဖန်တီးသူ မိန်းမသားတစ်ဦးကို လေးစားမိပြီဆိုတော့ ကျုပ်လေမင်းကဖန်တီးပေးတဲ့ နေအိမ်လေးမှာ မင်းနဲ့အတူ နေချင်လှပြီ ကုံကော်။







# အခန်း(၂၆)

အလုပ်ရှုပ်နေတုန်းကတော့ ကျွန်မစိတ်တွေဟာ လူနဲ့အတူမအားမလပ်ဖြစ်နေလို့ အကြောင်းမဟုတ်ပေမယ့် အားလုံးသိမ်းဆည်းပြီး ပြန်သွားကြတဲ့ အခါမှာတော့ ကျွန်မရင်ထဲအတွေးတွေ ဝင်ရောက်နှုတ်ဆက်လာကြတယ်။

ရှင့်မမကို ရှင် ကျွန်မကို လက်ထပ်ချင်တဲ့အကြောင်းဖွင့်ပြောပြီးပြီလား။

သည်အတွေးဟာ ပထမဦးဆုံးသော အတွေးပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မပြောချင်ဘူး ညီမရေ၊ အလှူအတန်းက မပြီးသေး
စိတ်ကိုမနည်းချုပ်တည်းထားရတယ်"

မမက သုတ်ပြီးသား ပန်းကန်များကို ဗီရိုထဲဝိုင်းကူထည့်
ပေးပြီး ကျွန်မဆီလျှောက်လာရင်း စကားစလိုက်တယ်။

"လာ. . မမ၊ လက်ဖက်နဲ့ ထမင်းလေးစားရင်း စကား
ပြောရအောင်"

"ထမင်းကို ဟင်းနဲ့စားပါလား၊ နှစ်ချက်တောင်ရှိနေ
ဘာမှမစားရသေးဘဲနဲ့ ကံ့ကော်ရယ်၊ နန်းညို. . ဟင်းတွေထုတ်
ခဲ့လေ"

"မထုတ်နဲ့၊ ကျွန်မ စားကိုမစားချင်လို့ပါ၊ လက်ဖက်နဲ့
ရေနွေးကြမ်းနဲ့ပဲ စားချင်တာ၊ အလှူအတန်းမှာ ဟင်းတွေမြင်
ရင် စားလို့မရတော့ဘူး၊ ပြောပါဦးမမပြောစရာရှိတာ"

"စံပယ်ကော. . ပြန်သွားပြီလား"

"ကလပ်စ်ရှိတယ်လေ၊ တပည့်ကျော်တွေစက်ဘီးနဲ့
ပါသွားပြီ"

"အင်း. . သူ့မှာလည်း တစ်ဒုက္ခလေ"

"ပြောပါဦး မမ. . ဘာဖြစ်ပြန်ပြီလဲ၊ စံပယ်ဘာမှမပြော
ဘူးလား"

"မပြောပါဘူး"

"အလှူဒါနပြုနေတုန်း စိတ်ဆင်းရဲမှာစိုးလို့ ထင်ပါ
တယ်"

စံပယ်၏ သိတတ်နားလည်မှုကို ကျွန်မသဘောပေါက်





တာ သူမအတွက် သနားစိတ်ပင်ဝင်လာကာ. .

"ပြောပါဦး၊ စံပယ်ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ကံ့ကော်ရယ်၊ သူ့ပထွေးအသိတစ်
ယောက်က စံပယ်ဒီမှာရှိနေတာကိုသိပြီး အကြောင်းကြားလိုက်
တယ်ထင်တယ်၊ သူ့အမေဆီက စာရောက်လာတယ်၊ သူ့အမေ
ကလည်း နောက်အိမ်ထောင်နဲ့ မွေးခါနီးဆဲဆဲဆိုပါလား၊ အဲဒါသူ
ဒုက္ခရောက်နေတယ်၊ ပြေလည်အောင်ဖြေရှင်းပေးတဲ့အနေနဲ့
သူ့ပထွေးရဲ့ သူဌေးနဲ့ လက်ထပ်ဖို့နားချတာ"

"ဘယ်လိုအမေမျိုးလဲ၊ အဲဒီသူဌေးက မိန်းမနှစ်ယောက်
တောင်ရှိတယ်ဆို"

"ဟုတ်တယ်လေ၊ ကီပင်မဟုတ်ပါဘူး သမီးရယ်၊ မယား
ဖြင်ပါ၊ သမီးလိမ္မာရင် သမီးဖို့ပဲတဲ့လေ၊ ဘယ်လောက်ရက်စက်သ
လဲဆိုတာ"

"အို. . တော်ပါတော့ မမရယ်၊ လောကကြီးမှာသားသ
မီးကို ရောင်းစားတဲ့အမေမျိုးလည်း ရှိသေးသကိုး၊ စံပယ်ဘယ်လို
ဆုံးဖြတ်သလဲ"

"ဘယ်လိုဆုံးဖြတ်ရမလဲ၊ လုံးဝ သဘောမတူဘူး၊ ဆိုတဲ့
အကြောင်းနဲ့ ကိုယ့်ဝမ်းစာကိုယ်ရှာစားနေတာ၊ အမေ့ဆုံးဖြတ်
ချက်နဲ့ အမေ့အမှားကို သမီးမကယ်နိုင်ဘူး၊ အမေ့ဝဋ်နဲ့ အမေခံ
လို့မျက်ရည်တွေ ဖြိုင်ဖြိုင်ကျပြီး စားရေးလိုက်တာ ငါ့ရှေ့တင်မှာ
ပဲ"

မမနေရာမှာ ကျွန်မဝင်ကြည့်ရင်း အတူအနီးကပ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



နေရသူရဲ့ အခက်အခဲကို စာနာပြီး အသနားပိုနေမိမှာ အမှန်ပဲ

"ဒီမြို့မှာတော့ သူတို့လာပြီး မနှောင့်ယှက်ရဲပါဘူး"

"ဒါတော့ ဒါပေါ့၊ မမအနေနဲ့ကတော့ မောင်အောင်နဲ့ လက်ထပ်ပေးချင်တာပဲ"

ကျွန်မရင်ထဲ စူးရှနာကျင်သွားတယ်။ မမဟာ ဘယ်လိုသဘောမျိုးရှိသလဲ။ တခြားအစ်မတွေသာဆိုလျှင် မိမိတို့၏ မောင်အား နောက်ကြောင်းရှင်းသော ပညာတတ် သူဌေး သမီးမျိုးနှင့်ပေးစားချင်ကြမည်။

ယခုတော့ နောက်ကြောင်းရှုပ်သော မိန်းမ၏ သမီးနှင့် သဘောတူသည်ဆိုတော့ ထိုမိန်းမနှင့် ဆက်နွယ်လာမည့် နောင်ပြဿနာသည် သေးသေးမွှားမွှား မဟုတ်နိုင်။ ရှင့်ကို ကျွန်မ သနားတယ်။

စံပယ် . . . ပြီးတော့ စံပယ့်မိခင်။ ပြီးတော့ စံပယ်နှင့် အမေတူ ဖအေကွဲ မောင်နှမများ ထိုပြဿနာသည် အသေးအမွှားမဟုတ်။

"ကိုအောင့်ကို မမပြောပြီးပြီလား"

"မပြောရသေးဘူး၊ အခုတလော သူနဲ့ငါနဲ့ သိပ်အပေါက်အလမ်း မတည့်ဘူး"

"ဘာဖြစ်လို့လဲ မမ"

"စံပယ်အကြောင်းပြောလိုက်ရင် ဟိုရှောင်လွှဲလွှဲနဲ့၊ ခုထက်ထိ သရဖီနဲ့ ငုဝါအရိပ်က ဖုံးလွှမ်းနေတုန်းပဲ ထင်တယ်"

"ဟုတ်ပါ့မလား"





ကျွန်မထမင်းစားရတာတောင် အရသာ မသိလိုက်ဘူး။

ရှင့်မှာ မိန်းမတွေကို ရွံမုန်းတဲ့ဝါဒ မရှိတော့ဘူးဆိုတာ ကျွန်မထက် ဘယ်သူပိုသိနိုင်ပါ့မလဲ။

"မမတော့ ဒီလိုအကြံရတယ် ညီမ"

မမ အတွေးအခေါ်တွေဟာ တစ်ခါတစ်ရံ လွဲမှားနေတယ်လို့ ကျွန်မထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မမဟာအပျိုကြီးဖြစ်နေခြင်းကိုကပဲ သက်သေပြနေတယ်။

အချစ်ကို မှန်ကန်စွာ သုံးသပ်တတ်ရင် မမအပျိုကြီး ဖြစ်မှာ မဟုတ်ပါဘူး။

"ပြောပါဦး မမ"

"စံပယ်ဘဝ လုံခြုံမှုအတွက် မောင်အောင်နဲ့ စံပယ်ကို လက်ထပ်ပေးချင်တယ်၊ ဒါကိုညီမက ဆရာကြီးကို ဖွင့်ပြောပြပေးပြီး မောင်အောင်နဲ့ နားချပေးဖို့ပါ၊ ဒါမှ မောင်အောင်လည်း မိန်းမမုန်းတဲ့ အစွဲအလမ်းပျောက်သွားပြီး စံပယ့်ဘဝလေးလည်း အေးချမ်းသွားတာပေါ့"

ကျွန်မ ငြင်းလိုက်ရင် မမ ကျွန်မကို အထင်လွဲသွားမှာ စိုးရိမ်တယ်။

ဒါကြောင့် အလိုက်တသင့်ပဲ . .

"ကောင်းပြီလေ၊ ကျွန်မကြိုးစားကြည့်မယ်၊ မမလည်း မမမောင်ကို နားသွင်းထားနှင့်ပေါ့"

"ကျေးဇူးတင်လိုက်တာ ညီမရယ်"

ကျွန်မရင်ထဲကို ရှင်ဝင်ကြည့်စမ်းပါ။ ကျွန်မလေ ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လိုက်ဖို့ရာ တော်တော့်ကို ခက်ခဲသွားပြီ။

ဒါပေမယ့် . . .

ကျွန်မ လုပ်ဆောင်သင့်တယ် ထင်တာကိုတော့ ကျွန်မ လုပ်ဆောင်ပေးမယ်။

ရှင်ဟာ အခရာပဲ။ ရှင့်ဆန္ဒဟာ ကျွန်မအတွက် အရေး ကြီးသော ဆုံးဖြစ်ချက်။

ကျွန်မလည်း မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ချနိုင်ဖို့ရာ အင်မတန် လိုအပ်နေပြီ။

"မမပြန်တော့မယ်၊ ညနေစာအတွက်တော့ အသုပ်ရယ် ငါးခြောက်ဖုတ်ရယ် ဟင်းချိုရယ်ပဲ စီစဉ်ပေးတော့မယ်၊ ဒီကောင် တွေ ဆီပြန်ဟင်း မကြည့်ချင်ကြတော့ဘူးတဲ့လေ"

အောင် ပညာရေးဝန်ဆောင်မှုမှ ဘော်ဒါဆောင် ကျောင်းသူကျောင်းသား အားလုံးကိုပါ ဆွမ်းကျွေးဖိတ်သဖြင့် နံနက်စာအတွက် မမမှာ စီစဉ်စရာမလိုဘဲ ကျွန်မနှင့် လာရောက် ကူညီခဲ့လေသည်။

"ဘာနဲ့ ပြန်မလဲ"

"စက်ဘီးနဲ့၊ နီးနီးလေးပဲ"

"ဦးလေးထွန်းလည်း ရှိတာပဲ"

"နေပါစေ၊ စက်ဘီးရှိနေတာပဲ၊ ကိုင်း မမပြန်မယ်"

"လက်ဖက်အသားတွေနဲ့ အကြော်စုံတွေ ယူသွားလိုက် ဦးမမ၊ မချောတွေက ပိုရင် လက်ဖက်တော့ ထည့်ပေးဖို့ မမေ့ ပါနဲ့နော် တီချယ်ဆိုပြီး ထပ်မှာသွားသေးတာ"





"လုပ်ပြီ၊ စားပြီး အန့်ပါချီတယ်ဆိုတာ ဒါပဲ"

မမကပြောပြောဆိုဆိုပင် ချိုင့်ကို စက်ဘီးရှေ့ ခြင်း ာင်းထဲထည့်ပြီး စက်ဘီးကို နင်းထွက်သွားလေသည်။

မမပုံစံကတော့ အိမ်ထောင်ရေးကို လုံးဝစိတ်မဝင်စား ာ့သည့် ပုံစံမျိုးပေါက်လေသည်။

မောင်ကိုတော့ အိမ်ထောင်ပြုစေချင်သည်။

ကျွန်မဘာလုပ်ရမလဲ။

ဘိုးဘိုးက တစ်မှေး အိပ်ရာမှ နိုးလာသည်။

"ငါ့မြေး မနားရသေးပါလား၊ ဘာစားစရာ ရှိသေးသလဲ"

"ဘိုးဘိုး ဘာစားချင်သလဲ၊ အကုန်ရှိတယ်"

"ငါးပုပ်ခြောက်လေးနဲ့ ထမင်းဖြူလေးပဲ စားချင်တယ်၊ လား"

"ရပါတယ် ဘိုးဘိုး၊ ခဏလေး"

အိမ်မနှင့် သက်သက်ခွဲထားသော မီးဖိုချောင်ဘက်သို့ င်ခဲ့ကာဘိုးဘိုး အတွက် ငါးပုပ်ခြောက်ကို ဖုတ်ပေးရလေ ည်။

ကျွန်မအတွက် အကောင်းဆုံးသော ဆုံးဖြတ်ချက်ကို း ဘိုးပေးနိုင်လိမ့်မည်ဟု ယုံကြည်သည်။

ထို့ကြောင့် ဘိုးဘိုးထမင်းစားနေစဉ် အနားၡ်ထိုင်ရင်း ယ်အကြောင်း ပြီးတော့ မမ၏ သဘောထားကို ပြောပြရာမှ း ဘိုးက ငြိမ်သက်စွာနားထောင်နေပြီး စကားဆုံးသွားမှ . .

"ဒီလိုလုပ် မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ပြောပါ ဘိုးဘိုး"

"မိန်းကလေးနဲ့ မောင်အောင်အကြောင်းကို ဆရာဦး
သိပြီလားလို့ မေးခဲ့ရင် မသိသေးဘူး၊ ဘာမှ မပြောရသေးဘူး
သာပြောထားလိုက်၊ ဘိုးဘိုး မောင်အောင်ရဲ့သဘောထား
သိချင်တယ်၊ သူ့အစ်မရဲ့ ဆန္ဒကို ဘိုးဘိုးသူ့ကို ဖွင့်ပြောလိုက်
မယ်"

"တိုက်တွန်းမှာလား"

"ဒီကိစ္စမျိုးက တိုက်တွန်းပေးလို့မရဘူးမြေး၊ သူ့ဘာသာ
သူဆုံးဖြတ်ပါစေ၊ ဒါပေမယ့် ဘိုးဘိုး မောင်အောင်ကို ယုံတယ်
မောင်အောင်ဟာ အိမ်ထောင်ရေးကို တိုက်တွန်းတိုင်း လက်
တတ်တဲ့ ခက်နိုးနိုးအအ ယောကျ်ားမျိုးမဟုတ်ဘူးလို့ ယုံကြည်
တယ်"

ကျွန်မရင်ထဲမှာ ရှင်းလင်းသွားတယ်။ ဟုတ်တယ်
အချစ်ဆိုတဲ့အရာမှာ တွန်းအားမလိုဘူး၊ အောင်သွယ်မလိုဘူး
တိုက်တွန်းချက် မလိုဘူး။

ဟုတ်တယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မရင်ထဲမှာ ရှင်းသ
သွားတာ အမှန်ပဲ။

"ပြောနေကြာတယ်မြေး၊ ဖုန်းဆက်လိုက်၊ အားတဲ့အချိန်
လာခဲ့ဦး ဘိုးဘိုးပြောစရာရှိတယ်လို့ ခုဆက်လိုက်"

"ဟုတ်ကဲ့ ဘိုးဘိုး"

ကျွန်မက သွက်လက်စွာပဲ ထလိုက်တယ်။ တယ်လီဖုန်း
ကိုကောက်နိုင်တဲ့ ကျွန်မလက်တွေဟာလည်း သွက်လက်





ယ်။

သနားတာနဲ့ပဲ အိမ်ထောင် တစ်ခုကို ထူထောင်သင့်
သလား။

"ဟယ်လို အောင်ကပါ"

ရှင့်အသံ မဟုတ်ဘူး။ ဒါကြောင့်. . .

"ဦးထက်အောင်နဲ့ တွေ့ချင်လို့ပါ"

"ခဏနော် ဆရာအိပ်နေတယ် ထင်တယ်"

အိပ်နေတယ်ဆိုတာ ကျွန်မအတွက်တော့ ထူးဆန်းနေ
ယ်။ ရှင်နေ့လယ်ခင်း မအိပ်တတ်ပါဘူး။ စောင့်ရတာ မိနစ်
ပိုင်းအခြားပါပဲ။ ဒါပေမယ့် စိတ်ထဲမှာ သိပ်ကြာတယ်လို့ကို
ခင်ရတာ။

"ဟယ်လို ဘယ်သူပါလဲ၊ ကျွန်တော် ဆရာထက်အောင်
့သူငယ်ချင်းပါ၊ ကိုထက်အောင်ဖျားနေလို့ အိပ်နေပါတယ်၊ နိုး
ရင် ကျွန်တော် ဘာပြောပေးရပါ့မလဲ"

"ဆရာဦးအောင်မြင့်လား ကျွန်မကဲ့ကော်ပါ၊ ဘာဖြစ်လို့
ဲ ဘယ်တုန်းကဖျားတာလဲ"

"မနက်ကတည်းကထင်တယ်၊ ပြန်လာတော့ ခေါင်းမထူ
င်တော့ဘူး၊ ပစ်လဲတော့တာပဲ"

"ဆရာဝန်ပြ ပြီးပြီလား"

"ခင်ဗျားတို့ အိမ်အပြန်မှာ ဝင်ခဲ့တယ် ပြောတာပဲ"

"တော်တော်ဖျားနေသလား"

"တစ်ရာ့လေးတောင် ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အစ်မလည်း မသိသေးဘူးထင်တယ်၊ အကြောင်း ကြားပြီးပြီလား"

"သူက မဆက်ခိုင်းဘူး"

"ကျွန်မလာခဲ့မယ်လေ"

စိတ်ပူပန်မှုဖြင့် သင့်တော်၏ မတော်၏ကို စဉ်းစားရ အချိန်မရလိုက်ဘဲ ပြောလိုက်မိသည်။

"ဟာကောင်းတာပေါ့ ကျွန်တော်တို့လည်း ဘာမှမလု တတ်ဘူး"

ဦးအောင်မြင့်ကတော့ ရှင်နဲ့ကျွန်မကို မထိတထိ စ ကျဖြစ်သဖြင့် ကျွန်မကို လိုလားစွာပင် ခေါ်လိုက်သည်။

"ဆရာဝန်က ရေခဲဝတ်လေး အုပ်ပေးပြောတာလည် ကျွန်တော်ဘယ်လိုလုပ်ပေးရမှန်း မသိလို့ မလုပ်ပေးဖြစ်ဘူး"

"လွယ်ပါတယ် ဆရာရယ်၊ ရေခဲရေထဲ မွေးပွလက်ကိုင် ပဝါနှစ်ပြီး ရေစင်အောင် ညှစ်လိုက်၊ ပြီးရင် နဖူးပေါ်တင်ပေး လိုက်၊ ပါးတို့ လည်ပင်းတို့ကိုလည်း ရေအဝတ်နဲ့ တိုက်ပေးလို ပေါ့"

"ဆရာမလာမှပဲ လုပ်ပေးတော့ဗျာ၊ ညည်းတာကတော တအားပဲ၊ ကျွန်တော် ကလပ်စ်ရှိသေးတယ်၊ ဒါပဲ မဟုတ်လား"

"ဟုတ်ကဲ့"

ဦးအောင်မြင့်က အရင်ဖုန်းချသွားတယ်။ ကျွန်မက ဖုန်းဆက်တာ မီးဖိုချောင်ထဲမှာ စီစဉ်ညွှန်ကြားနေရာမှ လာကို ဟန်တူသည်။





"ဟယ်လို"

"မမလား ကိုကော်ပါ"

"မမ ဟင်းပြင်နေတာ"

"ကျွန်မသိပါတယ်၊ ဒါပေမယ့် မမမောင်ဖျားနေတယ် ဆိုလို့"

"ဟုတ်လား၊ ဘယ်သူမှလဲ မပြောပါလား"

"မနက်ကတည်းကတဲ့လေ၊ အလှူမှာ ဟန်ဆောင်နေ ခဲ့ပေါ့၊ ဒါကြောင့် စောစောပြန်သွားတာကိုး"

"အေးလေ၊ ညနေစံပယ်ပြန်လာပြီးမှပဲ မမသွားတော့ မယ်"

"ကျွန်မတော့ ညနေဘက် မအားလို့ အခုပဲ သွားကြည့် လိုက်ပါ့မယ်"

"ကောင်းတာပေါ့၊ ဒီကောင်က ခပ်တေတေရယ်"

"ဟုတ်ကဲ့ တော်ကြာ သူ့အချိန် စာသင်ချိန် ဝင်သင်နေ ရ၊ ကျွန်မပဲ ကိုယ်စားသင်ပေးလိုက်ပါ့မယ်"

"ကျေးဇူးပဲ ညီမရေ၊ ဒါပဲနော်. . ."

မေတ္တာရေးအခင်းမှာ တစ်ဖက်သတ် အနိုင်မယူလိုပါ ဘူး၊ ပြီးတော့ မမကျွန်မအပေါ်မှာ အထင်အမြင်လွဲမှားမှာကို ကြောက်တယ်။

ဒါကြောင့် ရှင့်အတွက် ဘယ်လောက်ပဲစိတ်ပူနေပါစေ၊ ကျွန်မ မမကို အကြောင်းကြားပြီးမှ ရှင့်ထံကို ရဲတင်းစွာထွက် လာတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတစ်ဦးရဲ့ ကြွေတံခါးဆိုတာကို ယောက်ျ
တစ်ဦးရဲ့ အိမ်ဝေဟာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခြင်း
ပျက်စီးစေတတ်သလား။

ကျွန်မစိတ်ကတော့ ရှင့်ကို မိတ်ဆွေတစ်ယောက်အ
နဲ့ သတင်းမေးသွားခြင်း၊ ကူညီရန်သွားခြင်းလို့သာ မှတ်ယူ
ပြီး အပေါ်ထပ်မှာရှိတဲ့ သူ့အခန်းကို တောက်လျှောက်တ
ခဲ့တယ်။

အောက်ထပ်ကို ဘယ်လိုနည်းဖြတ်ကျော်ခဲ့တယ်
တာကိုတောင် ကျွန်မ မမှတ်မိတော့တာ အမှန်ပဲ။

တကယ်တော့ ကျွန်မစိတ်တွေဟာ ရှင့်အပေါ်မှာ စိုး
စိတ်လွှန်ကဲနေတာတော့ သေချာတယ်။

"လာ ဆရာမ၊ အတော်ပဲ၊ အဖျားတအားတက်နေ
ညည်းနေတယ်"

ဆရာဦးအောင်မြင့်က ရှင့်အခန်းက ထွက်အလာ
ကြုံမိကြတယ်။

ကျွန်မ ရှင့်အိပ်ခန်းထဲ ဝင်လိုက်မိရင်ပဲ တဟင်း
ညည်းနေတဲ့ ရှင့်ကို တွေ့လိုက်ရတယ်။

"ဆရာဝန်ထပ်ခေါ် ရင်ကောင်းမယ်ထင်တယ်"

ရှင်က မျက်လုံးမဖွင့်ဘူး။ ဒါပေမယ့် အိပ်ပျော်နေ
မဖြစ်နိုင်ဘူး။ အဖျားကြီးလို့ မှိန်းနေတာပဲ ဖြစ်ရမယ်လို့ ကျွ
တွက်ဆမိတယ်။ ရှင့်နဖူးကို ကျွန်မညင်သာစွာ စမ်းလိုက်
ပူချစ်နေတဲ့ အတွေ့ကို ခံစားလိုက်ရတယ်။





"ဆရာဝန်ကတော့ မှာထားတယ်၊ ညနေမှ သူလာခဲ့
ယ်တဲ့၊ ရေခဲဝတ်သာ တင်ပေးပါတဲ့"

"ရေခဲရှိတယ်မဟုတ်လား၊ ကျွန်မလုပ်ပေးမယ်"

ကျွန်မရဲ့ ပူပန်မှုဟာ နှလုံးသားတံခါးကို ဖွင့်ပြလိုက်
သလိုပဲဖြစ်သွားလိမ့်မယ်လို့ ကျွန်မ မထင်မှတ်ခဲ့ပါဘူး ကိုအောင်။

ကျွန်မစွဲလမ်းခဲ့တဲ့ ရှင့်မျက်နှာလေးကို ကျွန်မတ
သုတယနဲ့ ရေခဲဝတ်ကလေးနဲ့ သုတ်ပေးမိတယ်။

အဲသည်အချိန်မှာ ကျွန်မမျက်တောင်ခတ်ဖို့တောင် မေ့
နေတယ်ထင်တယ်။

ပြီးတော့ ကျွန်မ ရှင့်ကိုချစ်တဲ့ အချစ်စိတ်ဟာ ဘယ်လို
ည်းနဲ့ ဘယ်သောအခါမှ ဖျောက်ဖျက်လို့ မရအောင် စွဲစွဲမြဲမြဲ
ချစ်နေမိပါလားဆိုတာ ကျွန်မကွဲကွဲပြားပြားကို သိလိုက်ပါပြီ။

တကယ်ပါ။

ကျွန်မစိတ်ကို ကျွန်မနိုင်အောင် မထိန်းချုပ်နိုင်ဘူးဆို
င်. . .

ရှင့်ရဲ့ ချောမွတ်ဝင်းဝါနေတဲ့ မဟာနဖူးပြင်က ဆံစတွေ
ကိုလက်နဲ့ အသာတင်ပေးပြီး ညင်သာတဲ့ အနမ်းတစ်ပွင့်ခြွေချ
လိုက်မိမှာ သေချာပါတယ်။

အခုတော့. . .

ကျွန်မ ပင့်သက်ရှိုက်ကာ ရှင်းထုတ်လိုက်ရတယ်။

ကျွန်မရင်ထဲမှာတော့ တသသပဲ။

ရေခွက်ကို ဒုတိယအကြိမ် လဲအပြီးမှာ ရှင့်မျက်ခွံတံခါး



www.burmeseclassic.com

www.burmeseclassic.com



လေးပွင့်လာတယ်။

ရှင်က အားနာအပြုံးနဲ့ ပြုံးပြတယ်။ ပြီးတော့ ကျေး
တင်ခြင်း၊ ကျေနပ်ခြင်းနဲ့ ဝင်းလက်တဲ့ အပြုံးကို နှုတ်ခမ်းတွ
ရဲ့ ပြုံးပြတယ်။

ပြည့်စုံသွားပြီ။

ကျွန်မဘဝတစ်ခုလုံးအတွက် မျှော်လင့်ရကျိုးနပ်သွားပြ

ရှင့်ကို ကျွန်မပိုင်ဆိုင်ခွင့် မရခဲ့လျှင်တောင်မှ ကျွန်မကျေ
နပ်သွားနိုင်ပြီ၊ သိလား. . ကိုအောင်။

ဘာဖြစ်လို့လဲ ဆိုတော့. . .

ရှင့်အပြုံးဟာ သိပ်ကို အင်အားကြီးမားတဲ့ စွမ်းအာ
တွေနဲ့ မြတ်နိုးသောအပြုံးဖြစ်နေလို့ပဲ။

ရှင့်နှုတ်ဖျားက စကားလုံးပေါင်းများစွာ ချစ်တေးသီ
ခြင်းထက်ပို ထိရောက်တယ်ဆိုတာ. .

"ဆရာမ ရှိနေရင် ကျွန်တော် အောက်ထပ်ဆင်းလိုက်ဦး
မယ်နော်၊ လူမမာကို စိတ်မချတာနဲ့ကို ကျောင်းသားတွေအခန်
သန့်ရှင်းရေးကို သွားမစစ်ရသေးဘူး"

ဆရာဦးအောင်မြင့် အသံကြားတော့မှ ရှင်နဲ့ ကျွန်မနှ
ယောက်တည်း မဟုတ်ပါလားလို့ ကျွန်မသတိပြုမိလိုက်တယ်

"ဩော် ဟုတ်ကဲ့ဆရာ ရပါတယ် ဆရာပြန်လာတဲ့အထိ
ကျွန်မစောင့်ပေးပါ့မယ်၊ သိပ်တော့မကြာစေနဲ့ပေါ့ဆရာ၊ ကျွန်
ဘိုးဘိုးအတွက် ညနေစာကို စီစဉ်ပေးစရာရှိနေလို့ပါ"

"ဟုတ်ကဲ့ စိတ်ချပါဆရာမ"





စိတ်ချပါဆရာမဆိုသော ဆရာဦးအောင်မြင့်သည်
ဘော်ရှုနှင့်ပေါ်လာလိမ့်မည်မဟုတ်မှန်း ကျွန်မသိပါတယ်။

စောစောကတည်းက ဖြစ်ပေါ်နေသော ရင်ခုန်သံသည်
သခုမှ ပို၍မြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

“ကိုယ်ဖျားနေတာ ကံ့ကော်ဘယ်လိုလုပ်သိတာလဲ”

လူမမာမျက်နှာက ချက်ချင်းဆိုသလို လန်းလာတယ်။

“ကျွန်မဖုန်းဆက်တော့ ဦးအောင်မြင့်ပြောလို့”

“ကံကော်ဆက်တာ ဟုတ်လား”

“ဟုတ်တယ် ဘိုးဘိုးကပြောစရာရှိလို့ ကိုအောင့်ကို ခေါ်ခိုင်းလိုက်လို့ ကျွန်မဆက်လိုက်တာ”

“ဘာကိစ္စရှိလို့လဲ”





“ဒါတော့ ကျွန်မလည်းမသိဘူး၊ ဘိုးဘိုးကရှင့်ကိုပဲ ခေါ်ခိုင်းလိုက်တာ”

ရှင့်မျက်ခုံးနှစ်ဖက် မသိမသာကျုံ့သွားတယ်၊ ကိုယ်ကိုသည်းမတ်မတ်ပြုပြင်လိုက်ပြီး ‘အခုလား’လို့ မေးတယ်။

ဆရာ့အပေါ် အင်မတန် ရိုသေလေးစားတဲ့စိတ် ရှင့်မှာရှိနေခြင်းကပဲ ရှင့်ဘဝတိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်ခဲ့တယ်ဆိုတာ ရှင်နောက်တော့ သိမှာပါ။

“အို အစကတော့ အခုပေါ့၊ ဒါပေမယ့် ရှင်နေမကောင်းဘူးဆိုတာ ဘိုးဘိုးသိသွားတော့ နေကောင်းမှလာခဲ့ပေါ့”

“ဆရာကြီးကျွန်တော့်ကို ဘာခိုင်းစရာရှိလဲမသိဘူး”

ရှင်က ကျွန်မကိုစူးစမ်းသောအကြည့်နဲ့ကြည့်ပြီး အဖြေရှာမေးခွန်းထုတ်တယ်။

ကျွန်မသည်လောက်တော့ မအပါဘူးနော်။

ကျွန်မ မျက်နှာလွှဲပြီး

“ဘယ်သိမှာလဲ၊ ကျွန်မဆရာကြီး ဦးဘခိုင်မှ မဟုတ်တာ”

“ကံ့ကော်ကလည်းဗျာ ကျွန်တော်ရင်ထိတ်အောင် မလုပ်ပါနဲ့၊ ဆရာကြီးကို တိုင်လိုက်ပြီလား”

“တိုင်ရအောင် ရှင်နဲ့ကျွန်မက အထက်တန်းကျောင်းသူကျောင်းသားတွေမှ မဟုတ်ကြဘဲ၊ ဆရာကြီး အရေးယူလို့မရဘူး၊ တိုင်း လူမမာ မျက်လုံးကြီးသိပ်ပြူးမနေနဲ့၊ အိပ်တော့ ဒါမှ အဖျားပျောက်သွားမှာ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရင်ထဲမှာ ကြည်နူးမှုတွေ ပြည့်လျှံနေတယ်။

ရှင်လည်း ကျွန်မလိုပဲဆိုတာ ကျွန်မသိတာပေါ့။

ရှင့်မျက်လုံးတွေဟာ အဖျားအရှိန်ကြောင့် မပွင့်တပွင့်ကြားက တောက်ပနေတယ်။

"အဖျားက ပျောက်သွားပါပြီ"

"ဟင် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ ကံ့ကော်လက်ကလေးနဲ့ ကိုယ့်နဖူးပေါ် စမ်းလိုက်ကတည်းက"

"မဟုတ်နိုင်တာ"

"ဟုတ်ပါတယ် တကယ်ပါ ကံ့ကော်ဟာ ကိုယ့်ဘဝရဲ့ ကယ်တင်ရှင် ဘုရင်မပါပဲ"

ကျွန်မ အံ့သြသွားတယ်။

ပြီးတော့ ကြည်နူးလှိုက်ဖိုသွားတယ်။

တကယ်ပါ ကျွန်မကိုသာ မမကစံပယ်နဲ့ ပတ်သက်တဲ့ နေ့ခင်းက စကားမျိုးသာ မကြားခဲ့ရင်လေ ကျွန်မ ရှင့်ရင်ခွင်ထဲ တိုးဝင်မိမှာ အမှန်ပဲ။

ဒါ့အပြင် ရှင့်ကိုလည်း ကျွန်မတို့ပြန်စကား ပြောမိမှာ သေချာတယ်။

ရှင်ကလည်း ကျွန်မဘဝရဲ့ စွမ်းအားရှင် ဘုရင်တစ်ပါး ပါ ကိုအောင်ရယ်လို့ . . .

ဒါပေမယ့် ခုတော့ အပြုံးတစ်ပွင့်နဲ့ နှစ်သိမ့်လိုက်ရုံမှအပ ကျွန်မဘာမှ မပြောလိုက်ပါဘူး။





"ကိုယ် ဘယ်လောက်ကြာကြာစောင့်ရမှာလဲ ကံ့ကော်"

"လက်ဖက်ကောင်း စားချင်ရင် ပလောင်တောင်တက်နေးတယ်တဲ့၊ စိတ်ရှည်ပါ ကိုအောင်"

"အသက်နှစ်ဆယ့်ငါးနှစ်သာ ရှိသေးတဲ့ ဒေါ်ကံ့ကော်အတွက်က စိတ်ရှည်ခြင်းဆိုတာ လက်ကိုင်ထားနိုင်သေးပေမယ့် အသက်သုံးဆယ်စွန်းပြီးဖြစ်တဲ့ ကိုယ့်အတွက်က ချက်ချင်းကိုသာ လက်ကိုင်ထားချင်ပြီ ကံ့ကော်"

"ကိုင်း ကိုအောင် စကားအတော်ပြောနိုင်ပြီဆိုတော့ နေအတော်ကောင်းလာလို့ဖြစ်မှာ၊ ကျွန်မပြန်တော့မယ်"

စိတ်နဲ့ ဆန့်ကျင်ဘက်စကားကို ကျွန်မပြောလိုက်ရတာ။ ဒါပေမယ့် တော်ကြာကျွန်မရဲ့ဟန်ဆောင် မာန်တင်းထားမှုလေး အရည်ပျော်သွားရင် ခက်ရချည်ရဲ့။

"နေပါဦးလားလို့ တားချင်တယ် ကံ့ကော်ရယ်၊ ဒါပေမယ့်"

ကြည့်စမ်း ကျောင်းသားတွေရဲ့ရှေ့မှာ ဘုရင်ကြီးတစ်ပါးလို ရဲရင့်ပြတ်သားတတ်တဲ့ ရှင်ဟာအခုတော့လည်း သိုးသူငယ်လေးလို နူးညံ့လို့ပါလား။

မျက်လုံးလေးတွေကိုသာ ခွဲခွာမှုခဏတာအတွက်ကို ကြိုလွမ်းနေတဲ့ တသသဟန်တွေနဲ့ စိုလက်နေပါလား။

"ဒါပေမယ့် ကျွန်မကတော့ ပြန်တော့မယ်"

"ဒါပေမယ့် ကျွန်တော်ကလည်း မတားရက်ပါဘူး၊ ကံ့ကော် သဘောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ညနေ ကိုအောင့်အချိန်ကို ကျွန်မလာသင်ပေးမယ်"

"မလာနဲ့တော့ ကိုယ်ပဲသင်လိုက်မယ်၊ ချွေးထုတ်တဲ့ သဘောပေါ့၊ ကံ့ကော်နားပါ၊ မနက်ကတည်းက ကံ့ကော်လုံး မနားရသေးဘူးဆိုတာ ကိုယ်သိနေတယ်၊ နားလိုက်ပါ၊ ညရောက် ရင် ကိုယ်ဖုန်းဆက်မယ်"

"ဒါဖြင့် ပြန်တော့မယ်"

ရေခွက်ထဲက ရေတွေကို သွန်ပေးပြီးလက်ကိုင်ပဝါ လေးကို တန်းမှာ လှန်းခဲ့ပေးပြီးပြန်သာပြန်ခဲ့ရတယ် ကျွန်မစိတ် ကတော့ ရှင့်ဆီမှာကျန်ရစ်ခဲ့ပြီးဆိုတာ မပြောဘဲ ရှင်သိရင်သိပ် ကောင်းမှာပဲ။

"ဘိုးဘိုးဆီ ဘယ်တော့လာမလဲ"

"မနက်ဖြန် ရှစ်နာရီအချိန်ပြီးရင်၊ ဘာလဲ စောင့်နေမလို့ လား"

"မဟုတ်ဘူး ၊ ဘိုးဘိုးကို ပြောပြမလို့"

တံခါးဝကနေ လှည့်ပြောပြီးရှင့်ကို ထပ်ပြောလိုက်ပြီး ကျွန်မအောက်ထပ်ကို ဆင်းခဲ့တယ်။

သည်အချိန်မှာပဲ မမနဲ့စံပယ်တက်လာတာနဲ့ ဆုံတယ်။

"ပြန်တော့မလို့လား"

"သက်သာသွားပြီပဲ၊ ဘိုးဘိုးအတွက် ညနေစာတစ်ခု ချက်ပေးရဦးမယ်၊ ပြန်တော့မှ"

မမရဲ့ရိုးသားမှုကို ကျွန်မယုံတယ်၊ ကျွန်မနဲ့ သူ့မောင် အပေါ်မှာ အထင်မှား အမြင်မှား လုံးဝမရှိဘူး သံသယလည်း





ဝင်ပုံမရဘူး။

အမှန်တော့ မမဟာ ရိပ်မိဖို့ကောင်းပါတယ်။

သူ့မောင်ရဲ့ အစွဲဟာကံ့ကော်ရောက်လာတဲ့ အချိန်ကစ ပြီး ပျောက်ကွယ်သွားတယ် ဆိုကတည်းကသူ့မောင်ရဲ့ နှလုံးသား မှာ ဘယ်သူရှိတယ်ဆိုတာကို သိသင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

ဆရာကြီးရှေ့ကိုရောက်ရင်ပဲ ကျုပ်ခန္ဓာကိုယ်ဟာ သေးကျုံ့သွားသလိုပဲ။

မင်းတော်တော် နားလည်ရခက်ပါလား ကုံ့ကော်ရယ်။ ဆရာကြီးကိုပြောမယ့်စကား ကျုပ်ကို အရင်ပြောလိုက်ရင် မမနဲ့ ကျုပ်စာရင်းရှင်းလိုက်ရုံနဲ့ ကိစ္စပြီးပြီ။

ခုတော့ ကျုပ်မှာ မျက်နှာထားရခက်ခဲသွားပြီး။

"မင်းအစ်မဆန္ဒကတော့ အဲဒါပဲ၊ သူကတစ်ချက်ခုတ်





နှစ်ချက်ပြတ်ချင်တဲ့ သဘောပေါ့ မောင်အောင်ရာ၊ စံပယ်အတွက်လဲ လုံခြုံမှုရသွားပြီး မင်းကိုလည်းအိမ်ထောင်ရက်သားချပေးထားချင်တဲ့ဆန္ဒလဲ ပြည့်စုံသွားအောင် စီစဉ်ချင်တယ်တဲ့၊ မင်းသဘောဘယ်လိုရသလဲ"

ကျုပ်ပြတ်သားမှ ရတော့မယ်။

"ဆရာကြီး သဘောကကော"

"ဆရာကြီးသဘောထက် မင်းရဲ့အိမ်ထောင်ရေးမှာ မင်းသဘောက အရေးကြီးဆုံးပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော့်သဘောအရဆိုရင် ကျွန်တော်စံပယ်ကို လက်မထပ်နိုင်ပါဘူး ဆရာကြီး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

"ဟေ ဘာဖြစ်လို့လဲကွ ဆင်းရဲလို့လား"

ကျုပ်အရမ်းကို စိတ်ထဲထိခိုက်သွားတယ်။ ဆရာကြီးထံမှသည်လိုစကားမျိုး ကြားရလိမ့်မယ်လို့ လုံးဝမှ မျှော်လင့်မထားဘူး။ ဒါပေမယ့် ဆရာကြီးမှာအကြောင်းတစ်ခုခု ရှိလိမ့်မယ်ဆိုတာကို ချက်ချင်းကျုပ် သတိရလိုက်မိတယ်၊ ဒါကြောင့်စိတ်အေးအေးပဲ ထားလိုက်ပြီး .

"မဟုတ်ပါဘူး ဆရာကြီး၊ စံပယ်ဆင်းရဲတာ သူ့အမေနောက်ကြောင်းမရှင်းတာတွေကြောင့် ကျွန်တော်ဟာ သူ့ဘဝကိုကာကွယ်ပေးရမယ့် ကယ်တင်ရှင်အနေနဲ့ ကျွန်တော်လက်ထပ်ရမယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး ထင်လို့ပါ"

ဆရာကြီးက အေးဆေးစွာပင် လိမ္မော်ရည်ကို တစ်ငုံ



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ပြီး

"မောင့်စကားက စိတ်ဝင်စားစရာပဲ၊ ပြောစမ်း ဆရာကြီးကို မောင့်သူငယ်ချင်းအနေနဲ့ သဘောထားပြီး ပြောစမ်းကွာ"

"နားနဲ့မနာ ဖဝါးနဲ့နာပါ ဆရာကြီး၊ ကျွန်တော့် အိမ်ထောင်ရေးအကြောင်းပါ ဆရာကြီးစိတ်ဝင်စားပေးဖော်ရတဲ့အတွက် ကျွန်တော် ဝမ်းသာရပါတယ်၊ ဒါပေမယ့် ခုကိစ္စကတော့"

"မောင့်မမဆန္ဒလေ၊ သူကအစ်မကြီး အမိရာအနေနဲ့ မောင့်အပေါ်မှာ တာဝန်ကျေခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့ မမရဲ့ကျေးဇူးတရားကို ကျွန်တော်ဘယ်တော့မှမမေ့ပါဘူး၊ မမစကားမှန်သမျှ ကျွန်တော်လေးလေးစားစားနားထောင်ခဲ့တာချည်းပါပဲ"

"ဒီကိစ္စလဲ နားထောင်လိုက်ရင် မောင်ကံကောင်းမှာပါ၊ စံပယ်ဟာ ရုပ်ရည်လက္ခဏာလေးရော ပညာရောလုပ်ရည်ကိုင်ရည်ရောမဆိုးပါဘူး၊ မောင်တစ်ထမ်းမယ်တစ်ရွက် ထမ်းဆောင်နိုင်မယ့် မိန်းမမြတ်လေးလို့ ဆရာကြီးအကဲခတ်မိတာပဲ"

ဆရာကြီးကို ကျုပ်အံ့ဩရတာအမှန်ပဲ။

သူ့မြေးကို ကျုပ်ကြိုက်နေတာ သူတကယ်ပဲ မသိဘူးတဲ့လား။

"ဟုတ်ကဲ့ မမစကားကို ကျွန်တော်နားထောင်ချင်ပါတယ်၊ ဒါပေမယ့် အိမ်ထောင်ရေးကို ကျွန်တော်အချစ်နဲ့ပဲ တည်ဆောက်ချင်ပါတယ်၊ ကန့်တော့နော် ဆရာကြီး"

"ရပါတယ်၊ ပွင့်ပွင့်လင်းလင်းသာ ပြောလို့ဆရာကြီးပြော





သားပြီပဲ"

"အချစ်နဲ့ အိမ်ထောင်ရေးဟာ ဖွန်တွဲနေတယ်လို့ ဆိုပေမယ့် တစ်ခါတစ်ရံမှာ ကျေးဇူးတရားနဲ့ အိမ်ထောင်ရေးတည်ဆောက်သွားကြတာလည်း ရှိတယ်မဟုတ်လား မောင်"

"မမကို ကျေးဇူးဆပ်ဖို့အတွက် ကျွန်တော့်မှာ အခြားနည်းတွေရှိပါတယ်၊ နှလုံးသားကိုတော့ မစတေးပါရစေနဲ့ ဆရာကြီး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ကိုယ့်ဆရာသမားနဲ့ အချစ်အကြောင်း နှလုံးသားအကြောင်းပြောရတာ ကျုပ်အတွက် ဘယ်လောက်ခက်ခဲတယ်ထင်သလဲကွဲ့ကော်။

ဖောချွေးတွေပြန်လာပြီ ခေါင်းတောင်ကိုက်လာတယ်။

"မင်းက အချစ်အကြောင်းပြောလာပြီဆိုတော့ မောင့်မှာ အချစ်ထပ်တွေ့နေပြီဆိုတဲ့ သဘောလား"

"ဒါလည်း တစ်ကဏ္ဍပါ ဒါပေမယ့် ကျွန်တော့်မှာအချစ်တွေ့တဲ့တိုင်အောင် စံပယ်ကို ကျွန်တော်လက်ထပ်မှာမဟုတ်ဘူး"

"သူ့ဘဝလေး လုံခြုံသွားဖို့အတွက်လေကွာ"

"ကျွန်တော့် နှမသဖွယ် ကျွန်တော်ရှင်းသန့်စွာနဲ့ စောင့်ရှောက်ပေးသွားနိုင်ပါတယ်၊ ပြင်ဦးလွင်မှာ ရှိနေသမျှကာလပတ်လုံး စံပယ်ကို ဘယ်သူမှ မစော်ကားနိုင်အောင် ကျွန်တော် တာဝန်ယူစောင့်ရှောက်နိုင်ပါတယ် ဆရာကြီး၊ ပြီးတော့ သူမကိုယ်တိုင်လည်း နိုင်ငံဝန်ထမ်းတစ်ဦး ဖြစ်နေပြီပဲ ဆရာကြီး၊ တာဝန်ကျ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ရပ်ရွာကလည်း စောင့်ရှောက်မှုပေးမှာပါပဲ၊ ဒါကြောင့် စံပယ် လုံခြုံရေးအတွက် စံပယ့်ကိုလက်ထပ်ပါဆိုတဲ့ စကားကိုကျွန်တော် လက်မခံနိုင်တာပါ"

"ဒီလိုဆိုရင် စံပယ်ကို လက်ထပ်မှ သူစိတ်ချမ်းသာနိုင်မယ်ဆိုတဲ့ မောင့်မမဆန္ဒကိုရောကွယ်"

"အဓိပ္ပာယ်မရှိတဲ့ ဆန္ဒကို ကျွန်တော်မလိုက်လျောနိုင်ပါဘူး"

"မောင်က ဒီတစ်သက် လက်မထပ်တော့ဘူးလား"

"မဟုတ်ပါဘူး ဆရာကြီး"

ကျုပ်မှာ သိပ်ကို အကျဉ်းအကျပ်နဲ့ ကြုံနေရပြီကို့ကော်။ မင်းကလည်း ရှိမနေဘူး၊ ခုချိန်မှာ မင်းကစာသင်လို့ကောင်းနေမှာပါ။

"ဒါဖြင့် မောင့်မှာ လက်ထပ်ဖို့ ရည်ရွယ်ထားပြီးသားသူ ရှိနေလို့ပေါ့နော်"

"ဟုတ်ကဲ့"

"ဒါကြောင့် ငြင်းတာလား"

"ဒါလည်း ပါပါတယ်၊ အဓိက ကတော့ ကျွန်တော်မှ စံပယ်ကို နှမတစ်ယောက်လိုထက် ပိုချစ်လို့ မရလို့ပါ"

"မောင့်ချစ်သူက ဘယ်သူများလဲကွယ်"

ကျုပ်အဖြေရကျပ်နေပြီ ကို့ကော်။

"ကျွန်တော်က ကမ်းလှမ်းထားတာပါ၊ သူ့ဆီက တုံ့ပြန်မှု မရသေးတဲ့အတွက် ဆရာကြီးကို ကျွန်တော်မပြောပါရစေနဲ့





ဦး ခွင့်လွှတ်ပါ ဆရာကြီး"

ဆရာကြီးက ခေါင်းတညိတ်ညိတ်နဲ့ပြုံးတယ်။

ကျုပ် ချွေးသီးချွေးပေါက်ကျရပြီ ကို့ကော်။

"အကယ်၍များ မောင်ကမ်းလှမ်းထားသူက မောင့်ကို ငြင်းပယ်လိုက်ရင်ကောကွာ"

ကျုပ်သိပ်ကိုတုန်လှုပ်သွားတယ်၊ ဟုတ်သားပဲ၊ မင်းသာ ငြင်းပယ်ခဲ့ရင် ကျုပ်သိပ်ခံစားရမယ်ဆိုတာ ကျုပ်ကိုယ်ကျုပ် နားလည်နေတယ်။

"ကျွန်တော့် ကံတရားပေါ့ဆရာကြီးရယ်"

"အဲဒီလိုဆိုရင် မောင်စံပယ်ကို လက်ထပ်မှာလား"

"စံပယ်ကို ကျွန်တော် ဘယ်တော့မှ လက်မထပ်နိုင်ပါဘူးဆရာကြီး၊ စံပယ်တင်မကပါဘူး၊ ကျွန်တော် မြတ်နိုးစွာ ရည်ရွယ်ထားတဲ့ မိန်းကလေးနေရာမှာ ဘယ်မိန်းကလေးကိုမှ အစားထိုးလက်ထပ်မှာ မဟုတ်ဘူးဆိုတာ ကျွန်တော်သစ္စာပြုရဲပါတယ် ဆရာကြီး"

"အင်း ဟုတ်မှလည်း ပြောပါမောင်၊ အဲဒီလို အပြောကြီးတဲ့လူတွေ နောက်ဆုံး ကျဆုံးခန်းရောက်ကုန်ကြရတာ"

"ကျွန်တော် ဆရာကြီးတပည့်ပါ၊ အပြောနဲ့အလုပ် တစ်ထပ်တည်းဖြစ်စေရပါမယ်"

ကျုပ် တကယ်ပဲ ထပြေးချင်ပြီကို့ကော်။ ဆရာကြီးဟာ ကျုပ်အပေါ် သည်လောက်စိတ်ရှည်လက်ရှည် မေးခွန်းတွေ ထုတ်လိမ့်မယ်လို့ကို မထင်ခဲ့မိဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒီလိုဆိုရင် မောင့်မမကို မောင်ပြောပြလိုက်ပါ၊ စံပယ်ကတော့ မောင့်မမဆန္ဒကို သိထားပုံမပေါ်သေးဘူး မောင့်မမကိုလည်း ဆရာကြီးက မောင့်ဆန္ဒသဘောထားရေး ပြောပြလိုက်ပါမယ်၊ တကယ်တော့ သူအကူအညီတောင်းလို့သာ မောင့်ကို တိုက်တိုက်တွန်းတွန်းပြောရပေမယ့် ဆရာကြီးကိုယ် တိုင်လည်း အချစ်နဲ့အိမ်ထောင်ရေးကို တစ်ထပ်တည်းတည် ဆောက်ခဲ့တဲ့သူဆိုတော့ဒီအတိုင်းပဲ ဖြစ်စေချင်တယ်၊ ဒါထက် မောင့်ချစ်သူကကော ချမ်းသာရဲ့လား"

ကျုပ်ရင်ထဲမှာ စူးခနဲဖြစ်သွားတယ်။ ကျုပ်ရဲ့ ဆရာကြီး ဖြစ်လို့သာ ကျုပ်ဒေါသတရားဟာ ဖြစ်ပေါ်မလာတာ။

ဒါတောင် ကျုပ်မျက်နှာထူပူပြီး ရဲတွတ်သွားတာ ကိုနီ သေတယ်။

"ဆင်းရဲခြင်း၊ ချမ်းသာခြင်းဟာ အချစ်နဲ့မဆိုင်ပါဘူး ဆရာကြီး၊ ကျွန်တော်ဟာအချစ်ကိုပဲ ကြည့်တာပါ၊ အကယ်၍ သူဘယ်လောက်ပဲ ချမ်းသာနေပါစေ၊ ရှင်ဘုရင်နဲ့ညားတော့ မိ ရားပါ၊ အဲ ဆရာနဲ့ညားတော့ ဆရာကတော်အနေနဲ့သာ ကျွ တော်ကပဲ ဦးဆောင်မှုပေးသွားမှာပါ ဆရာကြီး"

ဒါအမှန်ပဲ ကံ့ကော်။ မင်းလေ ကျုပ်ကို လက်ထပ်ခွင့် ပေးရင် မင်းရသမျှဝင်ငွေအားလုံး ဆရာကြီးလက်ကို အပ်ခိုင်းပြီး ဆရာကြီးစိတ်တိုင်းကျ သုံးစွဲပါလို့ ပြောရမှာပဲ။

အင်းလေ ဒါတွေက နောက်မှ ဖြစ်လာမယ့်ကဏ္ဍပါ ကျုပ် ဆင်ခြင်ရမယ့် အချက်မှာ သည်အချက်ပါတယ်။ ဟုတ်





တယ် မင်းကကျုပ်ထက် ဆယ်ဆလောက်တော့ ချမ်းသာနေ တယ်။

သည်လိုဆို ရှိစေတော့၊ ကျုပ်သုံးနှစ်လောက်ကြိုးစား လိုက်ရင် မင်းကိုမီသွားနိုင်တယ်၊ အဲသည်အခါမှ လက်ထပ်တော့ မယ်။

"အင်း တုတ်တယ် ယောကျ်ားနဲ့မိန်းမမှာ မိန်းမကဦးစီး နေရတဲ့ အိမ်ထောင်ရေးဟာ သိပ်ပြီး သာသာယာယာမရှိတတ် ဘူး၊ ယောကျ်ားက ဦးစီးရမယ်၊ ဒါမှသဘာဝကျတယ်၊ မောင်နဲ့ ရမယ့် မိန်းကလေးတော့ ကံကောင်းမယ် ထင်ပါတယ်"

"ဟုတ်ကဲ့ ကမ္ဘာမှာ ကံအကောင်းဆုံးသော မိန်းကလေး အဖြစ်ကို ရောက်အောင်ကျွန်တော်ဖန်တီးပေးနိုင်လိမ့်မယ်လို့ ကျွန်တော်ကိုယ်ကျွန်တော် ယုံကြည်ပါတယ်ဆရာကြီး"

ဆရာကြီးက ပြုံးတယ်၊ အဲသည်အပြုံးကိုပဲ ကျုပ်လန့် တာ။

ဆရာကြီးမှာ အကြံအစည်တစ်ခုခု ရှိနေပုံရတယ်။ ကံ့ကော်ဆရာကြီးကို ဘာတွေများ ပြောထားပြီးပြီလဲ၊ ကျုပ်မင်းနဲ့ ချက်ချင်းပဲ ပြေးတွေ့ချင်လာပြီ။

"ကိုင်း မောင် ဘာပြောစရာရှိသေးသလဲ"

"မရှိတော့ပါဘူး ဆရာကြီး၊ ကျွန်တော်အခု အပြန်မှာ မမကိုဝင်တွေ့ပြီး ကျွန်တော့်ဆန္ဒကို ပြောပြလိုက်ပါမယ်"

"အင်းလေ ခများတော့စိတ်မကောင်း ဖြစ်သွားမှာကိုနီး သေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမ စိတ်ထိခိုက်လည်း ခဏပါ ကျွန်တော်က အမှာ
လုပ်တာမှ မဟုတ်တာပဲ"

"မောင့်ဘက်ကကြည့်တော့ လက်ဖမိုးပေါ့ မောင့်မ
ဘက်ကကြည့်တော့ လက်ဖဝါးပဲ၊ မိန်းမသား သဘာဝကို
သနားတတ်တာကိုး၊ ကိုင်း မောင်လည်းအဖျားက ပျောက်သေ
တာ မဟုတ်ဘူး၊ ကိုင်း ပြန်နားတော့"

"ဟုတ်ကဲ့ ခုလို ကျွန်တော့်အပေါ် မေတ္တာထားပြီး အိမ်
ထောင်ရေးကိုပါ ပြောပေးတဲ့အတွက် ကျေးဇူးကြီးလှပါတယ်
ကျွန်တော် လက်မခံနိုင်ခြင်းကို ခွင့်လွှတ်ပါလို့ ကန်တော့တောင်
ပန်ပါတယ်"

"သာဓု သာဓု သာဓု၊ မောင့်လိုရာဆန္ဒ အမြန်ဆုံး ပြည့်
ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်စုံရပါလို၏"

ကျုပ်ရင်တွင်း ကျိတ်ဆုတောင်းလိုက်တယ်။

တကယ်ပါ ကံ့ကော်၊ ကျုပ်မင်းနဲ့ အမြန်ဆုံး နီးစပ်ချင်လှ
ပြီ။

ဘာပဲဖြစ်ဖြစ် ကျုပ်ဘက်က ပြတ်သားပါတယ်ကံ့ကော်
မင်းဘက်က ပြတ်သားဖို့ပဲ လိုတော့တယ်။

မင်းမျက်လုံးတွေကတော့ မင်းနှလုံးသားကို ဖော်ကောင်
လုပ်နေပြီ။

ကျုပ်ဘယ်အထိ စောင့်ရမှာလဲ။

ကျုပ်ဆရာကြီးကို မျက်နှာပူပူနဲ့ နောက်တစ်ချီစကာ





ပြောရဦးမယ်။

ကျုပ်မြန်မြန်ပဲ ပြောချင်လှပါပြီ။

ဆရာကြီးဆီက အပြန်မှာ ကျုပ်ရင်ထဲ ပေါ့ပါးသွားတာ
ကတော့ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

"မမ စံပယ်ကော"

"ကျောင်းသွားပြီလေ"

"ဟင် ဘယ်သူသွားပို့သလဲ"

"ကံ့ကော်"

မမနှယ် ကံ့ကော်ကိုကျော်ပြီးတော့များ စံပယ်ကိုမြင်ချ တယ်လို့။

"ဒီနေ့အလုပ်စ ဝင်တယ်လား"





"မနေ့ကတည်းက မင်းကအဖျားပျောက်သွားပြီလား"

"ဟုတ်ကဲ့"

ကျုပ်မမကို ဘယ်ကစပြောရမလဲလို့ ချိန်ဆမနေတော့ဘဲ. .

'ကျွန်တော် ဆရာကြီးဆီက ပြန်လာတာ'လို့ အစချီပြီး မမကို ဆရာကြီးနဲ့ ကျုပ်ဘာပြောခဲ့တယ်ဆိုတာကို ပြန်ပြောပြလိုက်တယ်။

မမက မျက်နှာပျက်သွားပြီး

"မင်းက စံပယ်ကို ဘာဖြစ်လို့ မချစ်နိုင်ရတာလဲ"

"မမကလည်းဗျာ မချစ်လို့ မချစ်နိုင်တာ ရှင်းနေတာပဲ"

"မချစ်ဘဲညားကြတဲ့ အိမ်ထောင်သည်တွေလည်း ပြည့်နေတာပဲ"

"ကျွန်တော် အိမ်ထောင်မပြုချင်ဘူးမမ၊ ဒါပေမယ့် ချစ်သူနဲ့တော့ အမြန်ဆုံး အတူနေချင်တယ်၊ ဒါကြောင့် ကျွန်တော့ ချစ်သူကိုပဲ ကျွန်တော်လက်ထပ်ချင်တယ်"

မမက အံ့အားသင့်သွားသလို မျက်လုံးကြီးဝိုင်းပြီး

"ဘုရားရေ ဘယ်တုန်းကများ ချစ်သူရှိသွားရပါလိမ့် ကျုပ်မှာတော့ ကျုပ်မောင်လေး တစ်သက်လုံးများ မိန်းမမုန်းတဲ့ အစွဲဝင်သွားရင် ခက်ရချည်ရဲ့လို့ တွေးမိပြီး စံပယ်နဲ့စီစဉ်လိုက်ရတာပဲ"

"မမ ဒီအကြောင်းတွေကို စံပယ်ကိုပြောပြီးပြီလား"

"ဟဲ့ ငါအရူးလား၊ ကိုယ့်မဲက ပြောသလားမပြောသလား



www.burmeseclassic.com

www.burmeseclassic.com



မသိဘဲနဲ့၊ မိန်းကလေးရှင်ဘက်ကို သွားကမ်းလှမ်းထားလို့ ဖြစ်
မလား"

"တော်ပါသေးရဲ့"

အဲသည်အချိန်မှာ မိုးတွေက သဲသဲမဲမဲ ရွာချလိုက်တာ
ကျုပ်တောင် မမနဲ့ တံခါးတွေကူပိတ်ရတယ်။

"ကုန်ခါနီးမိုးမို့လို့နဲ့တူတယ်၊ အစွမ်းကုန် နှုတ်ဆက်နေ
တော့တာပဲ၊ ဟိုကလေးနှစ်ယောက်တော့ မိုးလွတ်ရဲ့လားမသိ
ဘူး"

"ကားနဲ့ သွားတာပဲမဟုတ်လား"

"အင်း"

ကျုပ်ရင်ထဲမှာ နည်းနည်းတော့ စိတ်ပူမိတယ်၊ ဘာ
ကြောင့်ရယ်လို့ မသိဘူး၊ ရင်ထဲမှာ လေးလံသလိုပဲ ခံစားရတယ်

ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်ပြီး လျှပ်စီးတွေလက်
မိုးချုန်းသံတွေနဲ့အတူ လေရောမိုးပါ ပါလာတယ်။

"ဒါထက် မင်းရည်းစားက ဘယ်သူလဲ"

ကျုပ်ရယ်လိုက်တယ်။

"ကျွန်တော်ပြောလို့မဖြစ်သေးဘူး၊ သူကကျွန်တော့်ကို
အဖြေမပေးသေးဘူး"

"ဟဲ့ ဆံပင်ဖြူတော့မှ ပေးမှာလား"

"မဟုတ်ပါဘူး၊ သူ အဖြေပေးပြီးတာနဲ့ မမကို အရင်ဆုံး
ဖွင့်ပြောမှာပါ"

"ဘယ်သူများပါလိမ့်၊ လမ်းထိပ်က ဆရာဝန်မလေးလား





ခင်းကိုတောင် ကိုယ်တိုင်လာကူပေးသေးတယ်လေ"

"မမကလည်း အစ်နေပြန်ပြီ"

ကျုပ်ရယ်လိုက်မိပြန်တယ်။

"အမှတ်တစ်က ဆရာမချောချောလေးများလား"

"တော်ပါတော့မမရာ၊ ကျွန်တော့်အတွက်ဘာရှိသလဲ"

"အဖတ်စားလို့ရရင် ထမင်းစားလေ"

"ဆန်ပြုတ်ပဲ သောက်လိုက်ဦးမယ်"

"အင်း အင်း လိုရမည်ရ ကျုပ်ပြုတ်ထားတယ်"

မမက ကျုပ်ကို တစ်စုံတစ်ခု ပြောချင်နေပုံပဲ။ ဒါပေ
မယ့် ဘာမှမပြောဘဲ ဆန်ပြုတ်သွားထည့်တယ်။

"ငါးရံ့ခြောက်လေးနဲ့ သောက်လိုက်"

"အင်း"

"စံပယ်ကို မင်းလုံးဝ စိတ်မဝင်စားဘူးလား"

"ညီမတစ်ယောက်အနေနဲ့ ကျွန်တော်တစ်သက်လုံး
စောင့်ရှောက်သွားနိုင်ပါတယ်၊ ကျွန်တော်နဲ့မမမှာ ညီမမှမရှိဘဲ
ဒီလိုလုပ် မမ"

"ဘယ်လိုလုပ်ရမှာလဲ"

"စံပယ်ကို ညီမအဖြစ် မွေးစားလိုက်ရအောင်"

"အင်း ကျုပ်ဘာမှမပြောတော့ဘူး၊ ကျုပ်က အပျိုကြီး
ဆိုပေမယ့် မိန်းမသားတွေရဲ့ ရင်ထဲကဆန္ဒတွေ၊ မျှော်လင့်ချက်
တွေကို နားလည်နေတော့ ခက်သားပဲ"

"ဘာလဲ မမစကားက"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မပြောဘူးလို့နေတာ ပြောမှဖြစ်မယ်"

ကျုပ်ဆန်ပြုတ်သောက်ခြင်းကို ရပ်နားလိုက်ပြီး မမ
လှမ်းကြည့်လိုက်တယ်၊ မမမျက်နှာက မကောင်းဘူး။

ဘယ်ကောင်းမလဲ၊ ကျုပ်မှ သူ့ဆန္ဒကို မလိုက်လျေ
နိုင်တာ။

"ဘာလဲ ပြောပါ"

"စံပယ်ကို မင်းမသနားဘူးလား"

"သနားတာပေါ့၊ သနားလို့ပဲ အကူအညီတွေ ပေးေ
တာပဲ"

"ဒီထက် ပိုမကူညီနိုင်ဘူးလား"

"နှလုံးသားကို စတေးခံပြီး ကူညီရလောက်အောင်တေ
ကျွန်တော့်ပါရမီက မရင့်သန်ဘူးမမ"

ကျုပ် စိတ်ပေါက်ပေါက်နဲ့မမကို ဘုတောလိုက်မိတယ်

"ပြန်တော့မယ်ဗျာ"

"ဟဲ့ နေဦး၊ မိုးတွေလေတွေ ဒီလောက်ပြင်းထန်နေတဲ
ဟာကို ကျုပ်စကားဆုံးအောင် နားထောင်ဦး"

"ပြောဗျာ ပြော ပြော"

"စံပယ်က မင်းကိုတစ်ဖက်သတ် အချစ်နဲ့မျှော်လင့်ေ
တယ်ဆိုရင်ကော"

"ဘယ်တတ်နိုင်မလဲ၊ ကျွန်တော်မှ သူ့ကိုမချစ်ဘဲ၊ ငါးေ
နှစ်ဆယ့်ရှစ် မေတ္တာကို အလှူကြီးပေးလို့ ရနိုင်ပေမယ့် ထော
ငါးရာအချစ်ကိုတော့ အလှူကြီးပေးလို့ ရနိုင်မယ်မထင်ဘူး၊ ကျွ





တော့်ချစ်သူနဲ့ပဲ ကျွန်တော်လက်ထပ်ပါရစေ"

"အင်းလေ မင်းစိတ်ချမ်းသာဖို့ပဲ အရေးကြီးပါတယ်"

"မမကလည်းဗျာ ဒါတွေ ခေါင်းထဲမထည့်ပါနဲ့၊ အချစ်
ဆိုတာ ဖန်တီးလို့ရတဲ့အရာမှ မဟုတ်တာဗျာ၊ ကျွန်တော်ရင်ထဲက
အလိုအလျောက် ပေါက်ဖွားလာတဲ့ အချစ်တရားနဲ့ပဲ ကျွန်တော်
သက်ထပ်ပါရစေ"

မမမျက်နှာ ရွှင်လန်းသွားစေဖို့ မကြာတော့ဘူးလို့ ကျုပ်
ထင်တာပဲ။

ကျုပ်စိတ်တွေ လေးလံပြီး အိပ်ချင်လာလို့ သမ်းဝေလိုက်
မိတယ်။

"ဟဲ့ ငါ့အိပ်ရာသွားအိပ်ပါလား"

"မအိပ်ချင်ပါဘူး၊ အရင်ကလို မောင်နှမနှစ်ယောက်
ဘည်းနေတဲ့အိမ်မဟုတ်ဘူး၊ အမျိုးသမီးဘော်ဒါဆောင်ဖြစ်နေပြီ၊
သာတာတောင်မှ မလွဲသာလို့၊ မဖြစ်လို့"

"ကိုင်း ဒါဖြင့်ပက်လက်ကုလားထိုင်မှာပဲ အိပ်တော်မူ"

မမကသူ့ဆန္ဒကို မလိုက်လျောတဲ့ ကျုပ်အပေါ်မှာ
အငေါ်အတူးဖြစ်နေတယ်။

ဒါပေမယ့် ခဏပါပဲ၊ မောင်ထက်တော့ သူစိမ်းအပေါ်
ပိုချစ်နိုင်မှာ မဟုတ်ပါဘူး။ ကျုပ်မှေးခနဲ အိပ်ပျော်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

ဘဝတစ်ခုလုံး ပြောင်းလဲသွားစေမယ့် ထိခိုက်မှုတစ်ခု ဟာ ကျွန်မမျက်ဝန်းထဲမှာ ပုံရိပ်ထင်ခြောက်လှန့်နေဆဲပါ။

"မိန်းကလေး"

မျက်ရည်သွင်သွင်စီးကျရင်း ဝမ်းနည်းမှုကို ဖြေဖျောက် နေတဲ့ ကျွန်မကို ဘိုးဘိုးက လာခေါ်တယ်။

"ဆေးရုံသွားဖို့ အချိန်နီးနေပြီလေ"

ကျွန်မ မထချင်လည်း ထလိုက်ရတယ်။ ကျွန်မတုန်လှု





ရှုံ့နဲ့ ပြီးမလား။

ကာယကံရှင်အတွက် ဖြေသိမ့်မှုတစ်ခုခုကို ကျွန်မပေး သင့်တယ်။

"ဘိုးဘိုးကော လိုက်မှာလား"

"လိုက်မှာပေါ့ မြေးရဲ့အသက်သခင်ကို ဘိုးဘိုးတို့ အားပေးရမယ်၊ ချီးမြှင့်မယ်"

"ဟုတ်တယ်။ ကျွန်မလည်း ဒါကိုပဲတွေးနေမိတယ်"

"လာပါ မြေးရယ်၊ မျက်နှာသွားသစ်ပြီး သနပ်ခါး လိမ်း လိုက်ဦး၊ ကြည့်မကောင်းဘူး"

မျက်နှာသစ်ခြင်းကိုတော့ ကျွန်မလုပ်နိုင်ပါတယ်။ ဒါပေ မယ့် သနပ်ခါးလိမ်းခြင်းကိုတော့ ကျွန်မ မလုပ်ချင်ဘူး။ ဆန္ဒ လည်းမရှိဘူး။

ကားပေါ်ရောက်တော့လည်း နောက်ခန်းမှာပဲ ဝင်ထိုင် လိုက်တယ်။

ဦးလေးထွန်း မောင်းပါစေတော့. . .

မနေ့က အဖြစ်အပျက်ဟာ ကျွန်မကို ခြောက်လှန့်နေ ဆဲပဲ။

မိုးတွေလေတွေကျလာတဲ့ အချိန်မြေနီလမ်းလေးဟာ မြေစေးထဲမှာ နစ်သွားတယ်။ သည်ကြားထဲ မြောင်းနီကိုဖြတ်တဲ့ သစ်သားတံတားလေးပါ ကျိုးနေတယ်။

"ဒုက္ခပါပဲ"

အဲသည် ဒုက္ခကို ကျွန်မ စတင်ညည်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဘာသာ သွားလိုက်မယ်၊ ပြီးရင် မမကားရှိရာကို
ရွာကလူတွေလွှတ်ပြီး တွန်းခိုင်းမယ်လေ"

"ရွာကလူတွေကို စံပယ်သိလို့လား"

"ဟင်းအင်း ဆရာကြီးကတစ်ဆင့် ပြောခိုင်းမှာပေါ့"

စံပယ်ရဲ့စေတနာကို ကျွန်မအသိအမှတ်ပြုပါတယ်။
သိပ်စိတ်ကောင်းရှိတဲ့ မိန်းကလေးပါ။

"တို့များကလည်း လက်မခံနိုင်ပါဘူး၊ ဒီခရီးကိုလာတာ
စံပယ်ကို ကျောင်းအုပ်ဆရာကြီးဆီမှာရော ရပ်ရွာလူကြီးတွေဆီ
မှာရော အပ်ပေးမလို့လာတာ၊ ပြီးတော့မှာ အငြိမ့်သား ထိုင်
စောင့်နေရမယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး၊ ကိုင်း ကားလေးကို
မိုးရေချိုးခိုင်းထားပြီး တို့များလည်း မိုးရေချိုးရအောင်"

ကားသော့ကိုယူပြီး ထီးကိုဖွင့်ကာ ရွာရှိရာသို့ ဦးတည်
လိုက်တယ်။

"မမလည်း ကျွန်မကြောင့် ဒုက္ခရောက်နေပြီ"

"ဒါ ဒုက္ခလား၊ မိုးရေထဲမှာ ထီးဆောင်းပြီး လျှောက်
တာကို ဒုက္ခလို့ဆိုရင် လူသားတွေအားလုံး ဒုက္ခတွေကို ချည်
ရင်ဆိုင်နေရသလိုဖြစ်မှာပေါ့။ ဒါ သုခတွေ ငယ်ငယ်တုန်းက
ထီးမဆောင်းလည်း လျှောက်ပြေးချင်စိတ်တောင်ပေါက်လာပြီ"

ကျွန်မ တကယ်ပဲ ပျော်ခဲ့မိတယ်။ မိုးစက်လေးတွေထိ
မှု တန်းခနဲ မိုးထစ်ချုန်းမှု၊ ဒါတွေဟာ သဘာဝတွေ၊ သဘာဝ
အလှတရားတွေ၊ သည်အလှတရားတွေအောက်မှာ အလှ
စိတ်ထားနဲ့ နိုင်ငံတာဝန်ထမ်းဆောင်တော့မယ့် မိန်းကလေးအ





စာသင်ကျောင်းရှိရာကို ကျွန်မလိုက်ပို့ပေးနေရတာကို ကျွန်မ ပျော်တယ်။

တလောက စေတနာရှင် ကိုအောင်တို့မောင်နှမ လှူ ဒါန်းသွားတဲ့ သွပ်မိုးတွေပေါ်ကို တဖြောင်းဖြောင်းကျနေမယ့် ကလေးတွေအတွက် လုံခြုံမှုကို ရရှိနေပြီ။

ထိုလုံခြုံသော အမိုးအကာအောက်ကနေ ဆရာမသစ် ကလေးရဲ့အလာကို ခေါင်းကလေးတွေ တမော့မော့နဲ့ လည်တံ ကလေးတွေ တဆန့်ဆန့် ဖြစ်နေကြပြီ။

"မိုးကြိုးပစ်မှာ မကြောက်ဘူးလား စံပယ်"

"ဘာကြောက်စရာရှိလို့လဲမမ၊ ကျွန်မတော့ မကြောက် ဘူး၊ မမတောကြောက်လို့လား"

"ကြောက်မှတော့ ခုလိုသွားလာရတာကို ပျော်နေပါ့မ လား၊ တို့များ ငယ်ငယ်အဲ ငယ်ငယ်ဆိုတာ ဆယ်တန်းလောက် အထိပေါ့၊ မိုးတအားကြီးရင် ထီးဖွင့်လို့ မရလို့ ဘာလို့ညာလို့ လုပ်ပြီး မိုးရွာထဲ လမ်းလျှောက်တတ်တယ်၊ ရေအိုင်လေးတွေထဲ တမင် ဆင်းလျှောက်တတ်တယ်၊ သိပ်ပျော်တာပဲ၊ ခုလည်း အဲဒီ လို လျှောက်ချင်တာ"

"ဟာ မမ"

ရုတ်တရက် ဘယ်လိုဖြစ်သွားတယ်ဆိုတာ မသိလိုက် ခင်မှာပဲ ကျွန်မတစ်ကိုယ်လုံး မြေကြီးနဲ့ အရှိန်အဟုန်ပြင်းစွာ မိတ်ဆက်ခံလိုက် ရတယ်။

ဝုန်းခနဲ အသံကြီးနဲ့အတူ ကျွန်မအနားမှာ ကုက္ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



ဖျား၏ အရွက်များ လွင့်ဖြာကျလာတယ်။

ကျွန်မ ချက်ချင်းပဲ ထလိုက်တယ်။

"စံပယ် စံပယ် ညီမ"

ကျွန်မ မျက်လုံးတွေ ပြာဝေသွားတယ်။ လက်တစ်ဖ စာ အလုံးပတ်ရှိတဲ့ သစ်ကိုင်းကြီးအောက်မှာ ခွေခွေကလေး နေတဲ့ စံပယ်။ ပြီးတော့ သစ်ကိုင်းအောက်က ထွက်လာတဲ့သွေး စမ်းချောင်းလေး. . .

"အား. . . လာကြပါဦး. . . လာကြပါဦး"

ကျွန်မတို့နှစ်ဦးရဲ့ အဖြစ်အပျက်ကို ကျောင်းအဝ စောင့်မျှော်နေတဲ့ ကလေးတွေ တွေ့မြင်လိုက်ဟန်တူတယ် ပြေးလာကြတယ်။

စံပယ် သွေးမလွန်ဖို့ အရေးကြီးတယ်။ ကျွန်မရဲ့အသက် ကို စံပယ်ကယ်လိုက်တာ။

သစ်ကိုင်းကျတာကိုသူမြင်တယ်။ သူ့အတွက် အလွတ် ရုန်းလို့ရတယ်။ ဒါပေမယ့် ကျွန်မကို သူသတိပေးဖို့ ဆွဲခေါ် အချိန်မရလိုက်တော့ တွန်းပြီး သူလည်းပြေးဖို့ ကျွန်မကိုတွန်းပြီး သူ့အပြေးမှာ ခြေထောက်မလွတ်ဘဲ ပိသွားတာဖြစ်မယ်။

ရပ်ရွာအကူအညီနဲ့ ကျွန်မစံပယ်ကို ဆေးရုံအရောက် ပို့ပြီးချိန်မှာပဲ ကျွန်မ မူးလဲသွားခဲ့တယ်။

ကျွန်မသတိရတော့ အိမ်ရောက်နေပြီ။

တစ်ညလုံး ကျွန်မအိပ်ပျော်နေခဲ့တယ်။ ကျွန်မရဲ့ တုန် လှုပ်ချောက်ချားမှုကို အိပ်ဆေးနဲ့ ဖြေရှင်းပေးထားတယ် ထင်





။ ကျွန်မနှစ်ရက်နီးပါး အိပ်ပျော်နေပါလား။

"ဘိုးဘိုး"

"ဘာလဲ မိန်းကလေး"

"စံပယ် သတိရလာပြီလား"

"ရပြီ. . ."

"အခြေအနေက"

ဘိုးဘိုးက ရုတ်တရက်မဖြေနိုင်သေးဘဲ စို့နေဟန်တူတဲ့ ာကကို သက်ပြင်းတစ်ချက်နဲ့ အရင်ရှင်းထုတ်လိုက်ပြီးမှ. .

"ဘယ်ခြေထောက်ကတော့ မွမွကြေသွားလို့ ဒူးဆစ် အောက်ပိုင်းကို ဖြတ်တောက်လိုက်ရပြီ မြေး"

"ရှင်"

ကျွန်မခေါင်းဟာ ကားကူရှင်ပေါ် ကျသွားပြီး ဖြေမဆည် တဲ့ မျက်ရည်တွေ စီးကျလာခဲ့တယ်။

ကျွန်မ ဘယ်လိုမှ ဖြေနိုင်မှာ မဟုတ်ပါလား။

စံပယ်ကို အားပေးဖို့အပြုံးကို ကျွန်မဘယ်လိုပြုံးပြ လဲ။

မျက်နှာကို လက်ဝါးနဲ့အုပ်ကာ သည်းသည်းထန်ထန် ငိုကြွေးနေတဲ့ ကျွန်မကို ဘိုးဘိုးက. .

"ငို. . ငို. . ဝအောင်ငိုလိုက်မြေး၊ ပြီးရင် မြေးမှာလုပ် ဆောင်စရာတွေ အများကြီးရှိသေးတယ်၊ စိတ်ပျော့နေလို့ မရ ။ ကိုယ့်အတွက် ခြေတစ်ဖက်ပေးဆပ်ထားသူအတွက် မြေးမှာ လည်း ပေးဆပ်ဖို့ လုပ်စရာတွေ အများကြီးရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့သောကစီးချောင်းဟာ ဘိုးဘိုးစကားရဲ့အ
မှာရပ်တန့်သွားတယ်။

ဟုတ်သားပဲ။ ကျွန်မငိုနေလို့ကော စံပယ်ခြေထော
ပြန်ကောင်းမှာတဲ့လား။

ကျွန်မ မငိုတော့ဘူး။

စံပယ်အတွက် ကျွန်မလုပ်ပေးစရာ ရှိတာတွေ လုပ်
ရဦးမယ်။

လောလောဆယ်တော့ စံပယ်ကို အားပေးပြုံး ပြုံး
ကိုကျွန်မ အရင်ကြိုးစားရဦးမှာ။









# အခန်း(၃၁)

သွေးပုလင်းတန်းလန်းနဲ့ စံပယ်က ကျွန်မကို အရင်ပြုံး
တယ်။

ကျွန်မရင်ထဲ ဘယ်လိုခံစားလိုက်ရမှန်းကို ကျွန်မပြော
တတ်တော့ဘူး။

ဘဝတစ်ခုလုံး ပျက်စီးသွားတဲ့ သူဆီကတောင် လောက
ကို အရှုံးမပေးတဲ့ အပြုံးမျိုးနဲ့ ပြုံးပြနိုင်ပါသေးလား။

ကျွန်မကတော့ မျက်ရည်နဲ့ပဲ ပြုံးပြလိုက်နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ စံပယ်ဟာ စိတ်ထားမြင့်မြတ်ပြီး စားစရာကောင်းတဲ့ မိန်းကလေးတစ်ဦးပါလား။

ကျွန်မဘာမှမပြောနိုင်သေးဘူး။ အပ်နဲ့လွတ်ကင်း သူမရဲ့ ညာလက်ကလေးကို ကျွန်မတင်းတင်းဆုပ်ကိုင် တယ်။ ကျွန်မအားပေးတာ။

စောင်အောက်က လပ်နေမှာဖြစ်တဲ့ ဘယ်ခြေ ကိုကျွန်မ မကြည့်ရဲတာတော့ အမှန်ပဲ။

စံပယ်နားမှာ ကျွန်မထက်စောစီးစွာ ရောက်နေ တစ်ဦးရှိနေတယ်။ အဲသည်သူကတော့ ရှင်ပဲ။

မမဟာ စံပယ်အတွက် စိတ်ထိခိုက်လွန်းလို့ လာ အင်အားရောင် မရှိသေးဘူးထင်တယ်။ မမက ရောက် သေးဘူး။

"ညီ ညီမလေး"

ကျွန်မအားတင်းပြီး ခေါ်လိုက်တာ။

"မမ. . ."

"ကျေး ကျေးဇူးတင်ပါတယ် ညီမရယ်"

အသံတုန်နဲ့ မနည်းအားတင်းပြီး ပြောနေရာ ကျွန်မအသံဟာ တိမ်ဝင်ပျောက်ကွယ်သွားတယ်။

စံပယ်ဟာ ပြုံးပြတယ်။ ဒါပေမယ့် မျက်ရည်တွေ ထင်ကို ဖြတ်သန်းစီးဆင်းသွားပြီး ခေါင်းအုံးဖြူဖြူလေးမှာ သွားတယ်။

"စံပယ်ရယ်"





စံပယ်မျက်ရည်များကို သုတ်ပေးရင်း. . .

"မြေးစံပယ်၊ ဘာမှအားမငယ်နဲ့၊ ဆရာကြီးတို့ မြေးကို မွေးစားလိုက်ပြီ၊ မြေးဘဝအတွက် အစစအရာရာ တာဝန်ယူတယ်"

ကျွန်မရဲ့ အားနည်းချက်ကို ဘိုးဘိုးက ဖြည့်စွက်ပေးတယ်။

"ကျေးဇူးတင်ပါတယ် ဘိုးဘိုး"

စံပယ်ကတောင် မျက်ရည်ကြားကပြုံးပြီး ပြောနိုင်သေးတယ်။

"ကျေးဇူးတင်ရမှာက မြေးစံပယ် မဟုတ်ဘူး၊ ဘိုးဘိုးတို့မြေးအဘိုး၊ ဟော်ဒီ မြေးကဲ့ကော်ကို စံပယ်ကသာ မတွန်းလိုက်ရင် ပွဲချင်းပြီးပဲလို့ လှမ်းမြင်လိုက်ရတဲ့ ကျောင်းသားလေးတွေက ပြောပြကြတယ်၊ မြေးစံပယ် ကိုယ်လွတ်ရုန်းလိုက်ရင် မင်းရဲ့ခြေထောက်ဆုံးရှုံးမှာ မဟုတ်ဘူး၊ ဒါပေမယ့် မြေးစိတ်ထားက သိပ်မြင့်မြတ်တယ်၊ ဒါကြောင့် မြေးကိုဘိုးဘိုးမြေးအဖြစ် အသိအမှတ်ပြုလိုက်ပြီ၊ မောင်အောင် မင်းပြန်ရင် မင်းမမကို ပြောလိုက်၊ မြေးပစ္စည်းတွေအားလုံးသိမ်းပြီး ဆရာကြီးအိမ် လာပို့ထားလိုက်၊ မြေးကဲ့ကော် ဒီညစံပယ်နဲ့စောင့်အိပ်"

"ဘိုးဘိုးကလည်း မမသိပ်ပင်ပန်းနေပါတယ်၊ နားပါစေ၊ ကျွန်မအတွက် သူနာပြုတွေလည်း ငှားထားပေးတာပဲ"

"ရတယ်စံပယ်၊ မမလည်း အိပ်မယ်၊ စံပယ်မဆင်းမချင်း ကို စောင့်အိပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ကြေကွဲစိတ်ကို ဘိုးဘိုးက ဖြေဖျောက်ပေးနေတယ်။

အဲသည်အချိန်အထိ စကားသံ တစ်ခွန်းမှ မထွက်သေးတဲ့ရှင့်ဆီကအသံကို စကြားလိုက်ရတယ်။

"ဒီတစ်ခုတော့ ခွင့်လွှတ်ပါ ဆရာကြီး၊ စံပယ်ကို ကျွန်တော်တို့ မောင်နှမနှစ်ယောက်ကပဲ တာဝန်ယူပါရစေ၊ စံပယ်ဟာ ကျွန်တော့် ညီမလေးပါ"

"ဒါကတော့ မောင့်ထက်စာရင် မြေးကဲ့ကော်က ပိုပြီး တာဝန်ယူသင့်တယ်၊ သူ့အသက်ကို စံပယ်လေးက ကယ်တင်ထားတာလေ မောင်ရင်"

ရှင့်မျက်နှာ မှုတောင်းဘူး။

စံပယ်ကတော့ ဘာမှ မပြောရှာဘူး။

"ကျွန်မစံပယ်ကိုသိပ်ချစ်သွားပြီ ကိုအောင် ညီမလေးတစ်ယောက်လို ကျွန်မထာဝရ စောင့်ရှောက်သွားပါရစေ၊ ခွင့်ပြုပါ"

ရှင်ဘာမှ မပြောသာတော့ဘူး။

နောက်တော့မှ. . .

"စံပယ် အဆုံးအဖြတ်ပေါ် မူတည်ပါတယ်"

စံပယ်က မျက်လုံးလေး မှိတ်လိုက်တယ်။ ဒါပေမယ့် မျက်ခွံတံခါးအောက်က တွန်းထိုးထွက်လာတဲ့ မျက်ရည်စတွေကတော့ စကားပြောနေသလိုပဲ။

သူမရဲ့ ကံကြမ္မာဆိုးကို ဘယ်သူ့ကိုမှ တာဝန်မပေးချင်





ဘူး သဘောမျိုး။

ပြီးတော့ လောကကြီးမှာ လောလောဆယ် ရပ်တည်ဖို့အတွက် မစွမ်းဆောင်နိုင်သေးရှာတော့ ထားရာနေရမယ့်ဘဝမျိုး

"အားမငယ်ပါနဲ့ ညီမရယ်၊ မမရှိတယ်"

"မမရယ်၊ ကျွန်မအတွက်ထက် စာသင်ကျောင်းလေးမှာ ကျွန်မအလာကို စောင့်မျှော်မယ့် ကလေးတွေကို ကျွန်မသနားနေတာ"

"အို စံပယ်လေးရယ်"

ကျွန်မကိုယ် ကျွန်မ ရှက်သွားပြီး။

ကြည့်စမ်း စေတနာချင်းအတူတူမှာ စံပယ်က ကျွန်မတို့ထက်သာလွန်းတယ်။

"မမ စံပယ်ကိုယ်စား လုပ်အားပေးနေမယ်"

စံပယ် စာသင်ကြားမှု မစတင်ရသေးမီ အလုပ်ဝင်ပြီး တစ်ရက်သာရှိသေးသည်။ ဒုက္ခိတဘဝနှင့် စံပယ်ဆက်လက် အလုပ်ဝင်နိုင်တော့မည် မဟုတ်။ ချိုင်းထောက်အားပြုပြီး သွားလာရဦးမည်။ အသားသေသွားပါက ခြေတုတပ်ဆင်ဖို့ လုပ်ရဦးမည့်အချိန်ကာလက ခန့်မှန်း၍မရနိုင်။

တစ်နှစ် နှစ်နှစ်တော့ ကြာနိုင်မည်။ မြို့နယ်ပညာရေးနှင့်သွားရောက်ညှိနှိုင်းပြီး စံပယ့်နေရာမှာ ကျွန်မသာ တာဝန်ထမ်းဆောင်ရန် လျှောက်သွားတင်ရန် ဆုံးဖြတ်လိုက်သည်။

စံပယ်နှင့် ပြောစရာစကား မရှိတော့ဘူးဆိုတာ ကျွန်မသိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်နဲ့ ဘိုးဘိုးပြန်သွားတယ်။ ကျွန်မက အိပ်ပျေ
နေတဲ့ စံပယ်အနားမှာ ကျန်ရစ်ခဲ့တယ်။

လောကကြီးမှာ ကံဆိုးခြင်းဟာ အပေါင်းဖော်များနဲ့
ရောက်လာတတ်တယ်ဆိုတဲ့ စကားဟာ ဘယ်သူတွေကများ
ကိုယ်တွေ့များနဲ့ နိယာမသဖွယ် ချမှတ်သွားခဲ့ပါလိမ့်။

စံပယ့်အတွက်တော့ ဒုက္ခတရားတို့ဟာ အပေါ်အခေါ
နှင့်တကွ တစ်ခုပြီး တစ်ခုဆိုက်ရောက်လာပါလား။

ဒုက္ခဟူတဲ့အရာ ဆိုက်ရောက်နေချိန်မှာတော့ အချစ်
တဲ့အရာ ထွက်ပြေးပျောက်ကွယ်နေတာ အမှန်ပါပဲ ကိုအောင်

အဲသည်အချိန်မှာ အချစ်ဟာ ပျောက်ဆုံးနေခဲ့
တယ်။







# အခန်း(၃၂)

"ညီမရယ်၊ လာပါဦး"

မမက ကျွန်မကို မြင်မြင်ချင်းပဲ လက်တို့ကာ ခေါ်သွားတယ်။

စံပယ့် အခန်းကို. . .

"စံပယ့်အတွက် အဝတ်အစားတွေ ယူပေးရင်း တွေ့ရတဲ့ဒိုင်ယာရီလေးကို သူ့မိခင်ထံ လိုအပ်ရင် အကြောင်းကြားပေးရအောင်ဆိုပြီး လိပ်စာရှာမိတာဆိုတော့ မမဖတ်မိသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လူမှုရေးစည်းကမ်းကို မမဖောက်ဖျက်ရာ ရောက်သွားပေမယ့် စံပယ့်အတွက် ကံကောင်းခြင်းဖြစ်ဖို့များပါတယ်၊ ညီမ ဖတ်ကြည့်စမ်း”

သားရေအနက်ရောင်ဖုံးစာအုပ်လေးဟာ ကျွန်မလက်ထဲကို ရောက်လာတယ်။

ကျွန်မ စံပယ်ရဲ့ အိပ်ရာခင်း ဖြူဖြူကလေးပေါ်မှာ လဲလျောင်းလိုက်တယ်။

ညဘက်ကိုတစ်ညပဲ စံပယ်က မသိတဲ့အတွက် လက်ခံတယ်။ နောက်ရက်တွေမှာ လုံးဝလက်မခံဘဲ သူ့ကိုယ်စား အဆောင်သူတွေ စာကျက်ဝိုင်းကို လုပ်ပေးပါဆိုလို့ ကျွန်မမသွားရတော့ဘူး။ နောက်ရက်မှာ စံပယ်ဆေးရုံက ဆင်းခွင့်ရမယ်။ ဒါပေမယ့် လှုပ်ရှားခွင့် မပြုသေးဘူး။ သူနာပြုအကူအညီနဲ့ အိပ်ရာထဲမှာပဲ နေနေရရှာမှာ။

“စံပယ်က ကျွန်မနဲ့ မလိုက်ချင်ဘူး အဆောင်မှာပဲ နေချင်ပုံရတယ်၊ သူ့အိပ်ရာထဲကနေကြီးကြပ်နိုင်ပေးတယ် တဲ့လေ”

ကျွန်မက မမကို လှမ်းပြောလိုက်တယ်။

မမကတော့. . .

“သူ့စာအုပ်လေး ဖတ်ပြီးရင် ညီမတို့ သူ့အတွက် အကောင်းဆုံး အဖြေတစ်ခုကို ရှာတွေ့လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကိုင်း မမ ကလေးတွေ အခန်းသွားကြည့်လိုက်ဦးမယ်”

မမစကားကို ကျွန်မစိတ်ဝင်စားသွားတယ်။

ဒါကြောင့် စာအုပ်ကိုဖွင့်ဖတ်လိုက်တော့ ဖခင်ဆုံးချိန်





ကစတင်ပြီးရေးထားတဲ့ ဒိုင်ယာရီလေး ဖြစ်နေတယ်။

သူပြောပြထားတာတွေဟာ အပိုအလိုမရှိဘူး။ ဘဝကို ရဲရဲရင့်ရင့် ရင်ဆိုင်ခဲ့တဲ့ သိတ္တိကိုက ချီးကျူးစရာပါ။

ထမင်းကို ငါးကျပ်ဖိုးလောက်နဲ့ တင်းတိမ်ပြီး အပြင် အဆောင်သူဘဝနဲ့ ကြိုးစားရုန်းကန်ခဲ့ရပုံကလည်း အံ့သြစရာကောင်းတယ်။

ဒါပေမယ့် တုန်လှုပ်စရာကောင်းတာက ဦးထက်အောင်တဲ့။

စံပယ်ထင်ထားတာက အသက်ငါးဆယ်ကျော်လူကြီး တစ်ယောက်။

ရုတ်တရက်တွေ့လိုက်ရတော့ အသက်အစိတ်ကျော် လောက်သာရှိနိုင်တဲ့ လူလတ်တစ်ဦး။

ဒ့ါအပြင် တည်ကြည်ခန့်ညားမှုက အိပ်မက်ထဲက ရွှေမင်းသားပဲ။

မြင်မြင်ခြင်း စံပယ့်ရင်ခုန်မှုတွေ စတင်မွေးဖွားသန့်စင် ပါလား ဆရာရယ်။

ခေါ်းအုံးနဲ့ ခေါင်းဟာ ကင်းကွာသွားပြီး မတ်မတ်ထိုင်လိုက်တဲ့ အနေအထား ဖြစ်သွားတယ်။

ကျွန်မနဲ့ ခံစားချက် တူညီနေတဲ့ မိန်းကလေးပါလား။

တိုက်ဆိုင်လိုက်တာ စံပယ်ရယ်။

ကျွန်မဆက်ဖတ်လိုက်တော့. . .

ရုပ်ရည်နဲ့ လိုက်ဖက်တဲ့စာသားတွေကလည်း တည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်စွာထွက်ပေါ်လားတယ်။

"တစ်နယ်တစ်ကျေးကလာရတဲ့ လူဆိုတော့ ကျွန်တော်တို့ပိုအားထားရတာပေါ့၊ ကောင်းပါတယ် ဆရာမ၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ သဘောမျိုးနဲ့ ဆရာမ နေထိုင်စားသောက်ရေးကို ကျွန်တော်တို့ စီစဉ်ပေးမယ်၊ ဆရာမကလည်း အဆောင်မှူးအနေနဲ့ ကျောင်းသူဘော်ဒါဆောင်ကို အုပ်ချုပ်ရမှာပဲ"

စံပယ်ရင့်ထဲမှာ အတိုင်းမသိ ဝမ်းသာရပါတယ် ဆရာ။

စံပယ့်အတွက် ကံကောင်းခြင်းပြန်လည်မွေးဖွားလာပြီလို့ထင်ပါတယ်။

ဆရာဟာ လူပျိုပါလို မမဆီက သိလိုက်ရတဲ့ အချိန်မှာ မျှော်လင့်ချက် တံခါးလေးဟာ စံပယ့်ရင်မှာ ဟင်းလင်းပွင့်သွားပါပြီ ဆရာ။

ဆရာက အနေတည်တယ်။ တည်မှာပေါ့။ ဆရာ့နှလုံးသားမှာ သရဖီနဲ့ ငုဝါဆိုတဲ့ ဆူးတွေက နစ်ဝင်နေခဲ့ပြီကိုး။

မမဆီက သိလိုက်ရတော့ ဆရာ့အပေါ် ကရုဏာမိုးနဲ့တိုးလို့တောင် ချစ်ခဲ့ရပါတယ်။

ဒါပေမယ့် စံပယ်တို့ မိန်းမသား မဟုတ်လား။ မိန်းမသားဆိုတာ ပန်းပွင့်လေးနဲ့ အတူတူပဲ။ ပန်းဆိုတာ လိပ်ပြာရှိရာလိုက်ပွင့်ရမယ်ဆိုတာ သဘာဝမကျဘူး မဟုတ်လား ဆရာ။

ပန်းရှိရာကိုသာ လိပ်ပြာလာရမှာဆိုတော့ ပန်းလေးတွေရဲ့မျှော်လင့်ခြင်းဘဝကို စံပယ်ကိုယ်ချင်း စာနာတတ်လာပါပြီ။

ဆရာနဲ့အတူ အလုပ်ကိစ္စကြောင့်ပဲ အတူတူသွားလျှင်





ဖြစ်စေ၊ စကားပြောရလျှင်ဖြစ်စေ စံပယ် ရင်ခုန်လွန်းလို့ နှလုံးသားအရည်ပျော်ကျလုမတတ်ပါပဲ ဆရာ။

ဒါပေမယ့် ဆရာ့နှလုံးသားဟာ ခန့်မှန်းရခက်တယ်။

စံပယ့်အပေါ် ဆရာက ကူညီတယ်၊ ဖေးမတယ်။ ဒါတွေအပေါ် စံပယ်သာယာနေမိပြီဆရာ။

စံပယ့်ဘဝမှာ ပျောက်ဆုံးနေတဲ့ အကြင်နာတွေကို ဆရာ၊ မမနဲ့ မမကဲ့ကော်တို့ ဆီက ရရှိလာပြီ။

စံပယ့် ဘဝကို ရုန်းကန်ရင်း ရင်ဆိုင်ခဲ့ရကျိုးနပ်နေပါပြီ ဆရာ။

ဆရာဟာ စံပယ့်ဘဝရဲ့ ကယ်တင်ရှင်ပါ။ စံပယ်စိတ်ထဲက ဆရာ့ အပေါ်မှာ မျှော်လင့်နေမိတာ စံပယ်လွန်ပါသလား ဆရာ။

အပျိုစင် မိန်းမသား စံပယ်ဟာ အားကိုးထိုက်သော အရည်အချင်းတွေနဲ့ ပြည့်စုံတဲ့ လူပျိုလူလွတ်တစ်ဦးအပေါ်လေးစား မြတ်နိုးခြင်းနဲ့ တစ်ဖက်သတ်အချစ်နဲ့ တိတ်တခိုး ချစ်နေခြင်းဟာလွန်ပါသလား။

စံပယ့်ဘဝမှာ အဖြစ်ချင်ဆုံးသော ဆရာဝန် မဖြစ်ရပေမယ့် ဒါတွေဟာ ဘဝရဲ့အရေးပါဆုံးသော အပိုင်းမဟုတ်တော့ဘူး။

စံပယ်ဘဝတာအတွက် အလိုအပ်ဆုံးသောအရာ၊ အရေးကြီးဆုံးသောအရာက ဆရာ့အချစ်ပဲ။ ဆရာ့အချစ်ကိုသာရရင် စံပယ်ဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးသောမိန်းမအ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ကြွေးကြော်ပစ်လိုက်မယ်ဆရာ။

စံပယ်အပေါ် ဆရာတကယ်ပဲ ညီမတစ်ယောက်ထက် တဲ့မေတ္တာမျိုး မထားနိုင်ဘူးလား။

စံပယ်အပေါ် တည်ကြည်လွန်းတဲ့ ဆရာရယ်၊ မိန်း သားဖြစ်သော စံပယ်က စတင်ပြီးအရိပ်အယောင်တွေပြရ မလား။ ရေလာမြောင်းပေးစကားတွေနဲ့ မာယာလက်နက်နဲ့ ယောင်းရတော့မလား။ မျှော်လင့်နေရတဲ့စံပယ်ရဲ့ နှလုံးသား အချစ်ကြောင့် ကြေနွမ်းကုန်တော့မယ် ထင်ပါရဲ့။

ဒိုင်ယာရီစာအုပ်လေး၌ရှိနေသော စာသားများ ကုန် သွားလေပြီ။

ကျွန်မနှလုံးသားတို့သည် ခန္ဓာကိုယ်ထဲမှ လွင့်ပျံထွ သွားလေသလား ထင်မှတ်လိုက်ရသည်။

အချစ်နဲ့စစ်မှာ တရားတယ် မတရားဘူးဆိုပေမ သည်ကိစ္စမှာ ကျွန်မတစ်ဖက်သတ် အနိုင်ယူသင့်သလား။

"မမ ကျွန်မပြန်တော့မယ်"

"ဟဲ့ နေပါဦး ချက်ချင်းပဲလား"

"ဒီအတိုင်းသာဆိုရင် စံပယ်ကိုကျွန်မဆီမှာ ထား ထက် ဒီမှာထားတာ သူပိုစိတ်ချမ်းသာလိမ့်မယ် ထင်တယ်"

"အေးလေ မမလည်းဒီလိုတွက်မိလို့ စံပယ့်ဆန္ဒကို လို လျောချင်တယ် ကံ့ကော် အတင်းအကျပ်မခေါ်ရင် ဒီမှာပဲ မှာပေါ့၊ ပြီးတော့ တပည့်တွေကို စာကြည့်ပေးနေရသေးရင် စိတ်ထဲလည်း ဝေဒနာတွေကိုချည်း တွေးမနေဖြစ်တော့ဘူး





"ကောင်းပါတယ်လေ၊ ခုချိန်မှာ သူစိတ်ချမ်းသာဖို့ပဲ အရေးကြီးပါတယ်၊ သူ့အတွက် ကုန်ကျစရိတ်တွေမှန်သမျှတော့ ကျွန်မ တာဝန်ယူပါရစေနော်"

"ရပါတယ် ညီမရယ်၊ ဒါတွေဟာ မမတို့အပေါ် ပြောရမယ့် စကားမဟုတ်ပါဘူး၊ မမတို့ဟာလည်း စံပယ်အပေါ်မှာ အတိတ်ကရေစက်ကြောင့်ပဲ ဆိုရမယ်၊ စံပယ် ခုလိုဘဝရောက်သွားလည်း မေတ္တာကမပြောင်းလဲတဲ့အပြင် ပိုပြီးတော့တောင် အရှ ဏာတိုးသွားရတယ်၊ ဒါကြောင့် မောင်အောင်ကိုတောင် သူလက် မထပ်မချင်း စံပယ်ကိုသာ လက်ထပ်လိုက်ပါလို့ တိုက်တွန်းနေမိမှာပဲ"

ကျွန်မရင်ထဲမှာ မီးတောက်နေပြီ ကိုအောင်ရယ်။ အချစ်ဆိုတာ မုန့်ဝေစားသလို ဝေစားလို့ရတဲ့အရာ မဟုတ်ဘူး၊ ကိုယ်က အနစ်နာခံပြီး စွန့်လွှတ်ရရုံပဲ ရှိမယ်။ စွန့်လွှတ်နိုင်သလား။

မိန်းမသားတစ်ဦးရဲ့ နှလုံးသားမှာ အနစ်နာခံပြီးစွန့်လွှတ်ရတဲ့ အသည်းမျိုးရှိသလား။

နှလုံးသားနုနုဟာ အဘယ်မျှနာကျင်နေမလဲ။ အခု အောင်သိပ်ကို နာကျင်နေပြီ။

"ကျွန်မ သွားတော့မယ် မမရယ်"

စံပယ် ဒိုင်ယာရီစာအုပ်ကလေးကို မမလက်ထဲထည့်ခဲ့ပြီး ကျွန်မပြန်ခဲ့တယ်။

ကျွန်မရင်ထဲက ဝေဒနာကို ဘယ်သူ့ကိုမျှဝေပေးရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ကားမမောင်းဖြစ်တာ ကြာနေပြီ။

ကားပေါ်တက်ထိုင်ပြီး ငေးမောနေမိတာ။

"မိန်းကလေး"

ဦးလေးထွန်းက နောက်ကိုလှည့်ပြီးခေါ်လိုက်မှ ကျွန်မ အလန့်တကြား ဖြစ်သွားပြီး

"ရှင်"

"ဦးလေးခေါ်နေတာ သုံးခွန်းရှိပြီ"

"ဟင် ဟုတ်လား"

"ဦးလေး ဘယ်ကိုမောင်းရမလဲ"

"အိမ်ကို"

ကျွန်မ ရှင့်ကို သိပ်တွေ့ချင်တယ်။ ဒါပေမယ့် သည်အချိန်မှာ ရှင့်ကို ကျွန်မတွေ့လိုက်ရင် ကျွန်မဆုံးဖြတ်ချက်တွေ ပြောင်းလဲသွားနိုင်တယ်။

ကျွန်မအိပ်ရာလေးဆီကို အမြန်ဆုံးရောက်ချင်နေတယ် ပြီးရင် အိပ်ခန်းတံခါးကိုပိတ်ပြီး အိပ်ရာထဲမှာ လူးလှိမ့်ပြီးငိုချင်တယ်။

ကျွန်မဘဝတစ်ခုလုံးအတွက် နောက်ဆုံးအနေနဲ့ ကျွန်မငိုချင်တာ။

"မိန်းကလေး"

"ရှင်"

"အိမ်ရောက်ပြီလေ"

ဦးလေးထွန်းက နောက်ခန်းတံခါးကိုတောင် ဖွင့်ပေး





ပြီးနေပါလား။

ကျွန်မစိတ်တွေ ကျွန်မခန္ဓာကိုယ်ထဲမှာ ရှိမနေတော့တာ ာကြာကျိန်းသေတယ်။

ကျွန်မကို ဘိုးဘိုးမြင်မှာပါ။ ဒါပေမယ့် အရင်တုန်းကလို မဆက်ဘူး။

ကျွန်မကလည်း နှုတ်ဆက်ဖို့ရာ ဆွံ့အနေမိတယ်။

ကျွန်မရဲ့ရင်တွင်းရှိုက်သံကို ဘိုးဘိုးတွေ့မြင်သွားမှာ စိုး ကြာက်နေတယ်။

လောလောဆယ်မှာတော့ ကျွန်မဘာကိုမှ မဆုံးဖြတ် သေးဘူး။ ကျွန်မငိုပဲ ငိုချင်နေတယ်။

ဘိုးဘိုးက အလိုက်သိစွာနဲ့ နှုတ်ဆိတ်နေတယ်။

ကျွန်မရဲ့သောကကို လောလောဆယ် အခန်းတံခါးပိတ် ကြွးခြင်းနဲ့သာ ဖြေရှင်းလိုက်တယ်။

သည်လိုမှ မလုပ်ရင် ရင်ထဲမှာ တောက်လောင်နေတဲ့ စမီးတောက်ကြောင့် ကျွန်မတစ်ကိုယ်လုံး လောက်ကျွမ်း နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၃)

ကျုပ်စံပယ့်ကို သနားတယ်။ ယခင်က သနားခြင်းထ
ပိုသွားတယ်။ ဒါအမှန်ပဲ။

သူဟာ ကိုယ်ကျိုးမငဲ့ဘဲ မင်းကလေးရဲ့ အသက်
ကယ်ခဲ့တယ် မဟုတ်လား ကံ့ကော်။ သိပ်လေးစားစရာကော
တဲ့ မိန်းကလေးပါ။

ဒါပေမယ့် သူ့မဘဝလေးဟာ မလှမရှာဘူး။

ခုတော့ကြည့်စမ်း ဒုက္ခိတဘဝ ရောက်သွားပြီ။ သ





ကြားထဲ သူ့နာမည်နဲ့ရောက်လာတဲ့သံကြိုးစာက သူ့မိခင်မျက်နှာ
ရင်း မိခင်ရော ကလေးပါ ဆုံးပါးသွားပြီတဲ့လေ။

သည်သံကြိုးစာလေးကို သူ့ကိုမပြရက်လို့ ကျုပ်သိမ်း
ထားပြီး ကျုပ်တပည့်တစ်ဦးကို လွှတ်ပြီး ငွေကူခိုင်းလိုက်တယ်။
ပြီးတော့ဒုက္ခိတ ဘဝကိုလည်း ကျုပ်ကိုယ်တိုင် စာရေးပြီး ပြောပြ
လိုက်တယ်။

သူဟာလောကကြီးမှာ တစ်ကောင်ကြွက် တစ်မျက်နှာနဲ့
ကျက်နှာငယ်စွာ ကျန်ရစ်ခဲ့ရှာပြီ။

ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်တည်နိုင်ရှာသေးတဲ့
သူ့ကို ကျုပ်တို့ဟာ ရေနစ်သူကို ဝါးကူလို့မပေးနိုင်ဘူးလား။

ကံ့ကော်ရယ်. . .

မမပေးဖတ်တဲ့ စံပယ်ဒိုင်ယာရီလေးကို ကျုပ်သိမ်း
ဆည်းထားလိုက်တယ်။

မိန်းမသား တစ်ဦးရဲ့ နှလုံးသားရှိုက်သံဟာ ဒိုင်ယာရီစာ
သားမျက်နှာပေါ်မှာ စာတင်လိုက်ရုံကလွဲပြီး နှုတ်ကနေ ဖွင့်ဟ
ခွင့်မရှိကြဘူးဆိုတာ ကျုပ်နားလည်ပါတယ်။

"ကိုထက်အောင် ခင်ဗျား မအိပ်သေးဘူးလား၊ တစ်
ချက်ကျော်နေပြီလေ"

လသာဆောင်က ကြိမ်ကုလားထိုင်တစ်လုံးမှာ အမိ
ဘယ်မဲ့ထိုင်ရင်း ငေးမောတွေးတောနေတဲ့ ကျုပ်ကို ကိုအောင်
မြင့်က သတိလာပေးတယ်။

"အိပ်ရာထဲရောက်လည်း ကျုပ်အိပ်လို့ရဦးမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး ကိုအောင်မြင့်"

"ခင်ဗျားလည်း ဒေါ်စံပယ်အပေါ် တော်တော်သံ
ဇဉ် ရှိသားပဲ"

"ဩော် ကိုအောင်မြင့်ရယ်၊ ဒီလောက် သနား
ကောင်းတဲ့ မိန်းကလေးအပေါ် ကျုပ်ဥပေက္ခာပြုလိုက်ရင်
ဟာ ဘဝတစ်လျှောက်လုံးကို ပျော်ရွှင်စွာ လျှောက်လှမ်း
နိုင်မယ်လို့ ခင်ဗျားပြောနိုင်မလား"

ကိုအောင်မြင့်လည်း ကုလားထိုင် တစ်လုံးမှာ ဝင်
လိုက်ပြီး. . .

"ကျုပ်လည်း ပွဲကြည့်ပရိတ်သတ်အနေနဲ့ ခင်ဗျားတို့
စောင့်ကြည့်နေတာ၊ တကယ်တော့ ဒေါ်စံပယ် ဘယ်
လောက်ကို ဒူးဆစ်အောက်ဖြတ်လိုက်ရတယ်၊ မြေတုတပ်
တုတ်တစ်ချောင်းကို အားပြုပြီး သွားလာရမယ်၊ ဘာပဲပြော
ဘယ်လောက်အားငယ်ရှာမလဲ၊ တုတ်ကို အဖော်ပြုဖို့အ
ရောက်ခင် သူဘယ်လောက်အားငယ်ရှာမလဲ"

"ဟုတ်တယ် ကျွန်တော်လည်း ဒါပဲတွေးနေတာ၊
တော် တို့မောင်နှမက မွေးစားတယ်ပြောပြော၊ ကုံကော်တို့
အဘိုးကမွေးစားတယ်ပြောပြော စံပယ်ဟာ သူတစ်ပါးကို မှီခို
တဲ့ မိန်းကလေး မဟုတ်ဘူး၊ နောက်. . . ."

စံပယ့်ဒိုင်ယာရီ အကြောင်းကို ကိုအောင်မြင့်ကို ကျုပ်
ပါဘူး၊ စံပယ်ရဲ့ တစ်ဖက်သတ်အချစ်ကို သူ့ဂုဏ်သိက္ခာအတွ
ကျုပ်ဘယ်သူ့ကိုမှ ဖွင့်ဟမပြောတော့ဘူးလို့ ဆုံးဖြတ်လိုက်တ





"နောက် ဒေါ်စံပယ်က ခင်ဗျားကိုစိတ်ဝင်စားနေတယ်၊
ခင်ဗျားက ဒေါ်ကုံကော်ကို ချစ်တယ်၊ ဒါကြောင့် ခင်ဗျားအခက်
ကြုံနေတယ် မဟုတ်လား"

"သိလှချည်လား ကိုအောင်မြင့်"

"မျက်လုံးတွေလေ၊ မျက်လုံးတွေက နှလုံးသားဖော်
ကောင်တွေပဲ၊ ကျုပ်သိတာပေါ့ဗျာ"

"ဒါဖြင့် ကျုပ်ဘာလုပ်သင့်သလဲ"

"စဉ်းစားပါဦး၊ အချိန်ရှိပါသေးတယ်"

"ကျုပ်နေရာမှာ ခင်ဗျားဆိုရင်ရော ခင်ဗျားဘာလုပ်
မလဲ ကိုအောင်မြင့်"

"ကျုပ်သာဆိုရင် ကျုပ်ချစ်တဲ့လူကို ကျုပ်ယူမှာပဲ"

"ဟောဗျာ"

သည်စကားကိုတော့ ကျုပ်မကြိုက်တာ အမှန်ပဲ။ သိပ်
အတ္တဆန်တဲ့လူ ဖြစ်မနေဘူးလား ကုံကော်။

"ဟုတ်တယ်လေ ကိုယ်မချစ် မနှစ်သက်ဘဲနဲ့ ဒုက္ခိတ
တစ်ယောက်ကို ထာဝရလက်တွဲသွားဖို့ဆိုတာ သိပ်ကိုစိတ်ကူး
ယဉ်မဆန်ဘူးလား"

"ကိုယ့်ကိုတွယ်တာနေတဲ့ ဒုက္ခိတတစ်ဦးကို ဥပေက္ခာပြု
ပြီး ဘူးလေရာ ဖရုံဆင့်သလို တစ်ပါးသူနဲ့ လက်ထပ်ပြီး နေပြဖို့
ဆိုတာ သိပ်ကိုလူမဆန်တဲ့ အလုပ်လို့ ကျုပ်ထင်တယ် ကိုအောင်
မြင့်၊ ခင်ဗျားဆီက အကြံများရမလားလို့ မေးပါတယ်ဗျာ၊
ပိုတောင်ရှုပ်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါလား"

"ဘယ်လိုလဲ လုပ်စမ်းပါဦး"

"ကဲ့ကော်ဆီ အဖြေတောင်းကြည့်လိုက်"

"ဟာဗျာ ဘယ်ဖြစ်မလဲ ကျုပ်ကိုသူကချစ်ပါတယ် အဖြေပေးရင် ကျုပ်ပိုပြီးတွေဝေနေရမှာပေါ့ဗျာ"

ကျုပ်သိပ်ကိုစိတ်ရှုပ်နေတယ် ကဲ့ကော်။ တကယ်ပါ ကျုပ်တစ်ခုခုလုပ်ပေးသင့်တယ်။

မမကတော့. . .

"စံပယ့်ကို မင်းလက်ထပ်လိုက်ပါလား မောင်အောင် ရယ် ကြည့်စမ်း အခုဆိုရင် အရိုးပေါ် အရေတင်နဲ့ မမတို့ ရွှေမျာ ဟန်ဆောင်ပြုံးပြနေပေမယ့် ကွယ်ရာမှာသေလုမြောပါးခံစား နေရရှာမှာ တကယ့်ကို တွယ်ရာမဲ့လေးပါ မောင်အောင်ရယ်

လောကကြီးမှာ အချစ်ဟာ အရေးကြီးသလား။ ဘာ တွေက အရေးကြီးနေသလဲ။ အသက်ရှင်နေထိုင်ရေးဟာ အရေး ကြီးဆုံးပဲ မဟုတ်လား"

"ဟင် ခင်ဗျားတို့ကိစ္စက လွယ်မယောင်နဲ့ ခက်နေပ လား"

"ဘယ်အရာမဆို နှုတ်က ဆုံးဖြတ်ချက် မပေးဘဲ နှလုံးသားနဲ့စဉ်းစား ဆုံးဖြတ်မယ်ဆိုရင် ခက်ခဲသွားတတ်တယ် ကိုအောင်မြင့်"

"ကိုင်း နက်ရှိုင်းတာတွေ၊ ခက်ခဲတာတွေ အသာထား ခင်ဗျားအိပ်တော့ မနက်စောစောက ခင်ဗျားအချိန် ခင်ဗျား





ဒေါင်းသွားရင် မလွယ်ဘူး၊ ခင်ဗျားကို ယုံကြည်လို့ ခင်ဗျား ကျောင်းမှာ လာတက်နေတဲ့ ကျောင်းသားတွေရဲ့ မျက်နှာကို ကြည့်ပါဦး"

"ကျုပ်နားလည်ပါတယ် ကိုအောင်မြင့်ရာ၊ ဒါပေမယ့် ကျုပ်ရင်ထဲမှာ သိပ်ကိုခံစားနေရလွန်းလို့ပါ"

"လာဗျာ၊ ယောကျ်ားပဲ ခင်ဗျားမစဉ်းစားတတ်ရင် ခင်ဗျား ဆရာကြီး ဦးဘခိုင်ကို သွားတိုင်ပင်လိုက်ပေါ့ဗျာ"

"ဖြစ်မလား၊ သူ့မြေးကိုကျုပ်ကချစ်နေတဲ့ဟာ၊သူ့အဘိုး ကိုသွားတိုင်ပင်တယ်လို့"

"ကျုပ်လည်း ဒီလောက်ပဲ အကြံပေးတတ်တော့တယ် ဗျာ၊ လာဗျာ အိပ်တော့"

ကိုအောင်မြင့်က ဆွဲခေါ်မှ ကျုပ်လည်း အိပ်ရာထဲ ရောက်တော့တယ် ကဲ့ကော်။

တကယ်ပါ။ ဆုပ်လည်းစူး စားလည်းရှူး ဘဝမျိုးနဲ့ ကျုပ် ရင်ထဲမှာ နင့်နင့်သီးသီးကို နာကျင်နေတယ်။

ဘာဖြစ်လို့လဲဆိုတော့ အဓိကက ကျုပ်မင်းကိုသိပ်ချစ် နေလို့ပါ ကဲ့ကော်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

"မြေး မျက်နှာဒီနေ့ လန်းဆန်းနေပါလား"

ညက ဆုံးဖြတ်ချက်တစ်ရပ်ကို ပိုင်ပိုင်နိုင်နိုင်ချပြီး နောက် ကျွန်မစိတ်တွေဟာ သိပ်ကို ပေါ့ပါးလန်းဆန်းသွားတ ကိုအောင်။

ပန်းအကြောင်းကို ပိတုန်းလိပ်ပြာလေးတွေသိတာထ ကို လေညင်းလေးတွေက ပိုသိပါတယ်။ အဲ လေညင်းလေး သိတာထက်ကို ပန်းအချင်းချင်းက ပိုသိကြပါတယ်။

"ဒီနေ့ စံပယ် ဆေးရုံကဆင်းခွင့်ရပြီလေ ဘိုးဘိုး"





"အေး ဟုတ်သားပဲ၊ သူက ဘယ်မှာနေမှာတဲ့လဲ"

"အဆောင်မှာပဲ နေမယ်တဲ့"

"အင်း ဒီမိန်းကလေးရဲ့ဖွဲ့ကလည်း အံ့ဘနန်းပါလား မြေးရယ်"

"ဟုတ်တယ်၊ ကျောင်းသူတွေရဲ့ စာကျက်ဝိုင်းကို ဘီး တပ်ကုလားထိုင်ပေါ်ကနေပြီး ကြီးကြပ်ပေးဦးမယ်တဲ့"

"လုပ်ပါစေလေ၊ ဒါမှလည်း သူ့ဘဝအတွက် ဖြေဆည် ရာ ရမှာပေါ့၊ ဒါထက် မောင်အောင်နဲ့မြေးကိစ္စကို မြေးဘယ်လို ဆုံးဖြတ်လိုက်သလဲ"

ကျွန်မ ဘိုးဘိုးပြောမပြချင်ဘူး။ ကျွန်မပြောပြချင်တာ ရှင့်ကိုပဲ။ ဒါကြောင့် . . .

"ဟင့်အင်း . . ကျွန်မဒီကိစ္စကို ခေါင်းထဲထည့်မထားလို့ မစဉ်းစားရသေးပါဘူး"

ကျွန်မ ဘိုးဘိုးကိုလိမ်ညာလိုက်မိပြီ။

ဟုတ်တယ်။ ကျွန်မဟာ လိမ်ညာခြင်းအလုပ်ကိုပဲ လုပ် တော့မှာဖြစ်လို့ တာထွက်မှာ စတင်လိမ်ညာလိုက်ခြင်းဟာ ရှော ရှောရှူရှူပဲဖြစ်သွားတယ်။

"စဉ်းစားလေမြေး၊ ကိုယ်ကျိုးအတွက် ကိုယ့်ဆုံးဖြတ် ချက်ဟာ တစ်စုံတစ်ဦးကို ထိခိုက်နစ်နာနေမယ်ဆိုရင်တော့ ပြင် ဆင်သင့်တယ်နော်"

ဘိုးဘိုးဟာ အင်မတန် အကင်းပါးတဲ့ ကျောင်းအုပ်ဆ ရာကြီးဟောင်းဆိုတာကို ကျွန်မမေ့သွားမိတာ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မရှင်နဲ့ ငါ့မြေးမှာ ဆုံးဖြတ်ချက်တစ်ခု ချပြီးပြီဆိုတာ ဘိုးဘိုးသိနေတယ်၊ ဘိုးဘိုးကိုမညာနဲ့"

"ဟို . . ဟို . . ကျွန်မက"

"သွားပါ၊ မြေးကို ဘိုးဘိုးနားလည်ပါတယ်၊ မြေးဟာ ဘိုးဘိုးမြေးပဲ၊ မြေးဆုံးဖြတ်ချက်ဟာ မှားယွင်းနိုင်ခဲတယ်ဆိုတာ ဘိုးဘိုးယုံကြည်တယ်၊ သွား . . သွား"

ကားကို ဦးလေးထွန်းကို မမောင်းခိုင်းတော့ဘူး။

ဟုတ်တယ်လေ။ ကျွန်မမှာ ခြေလက်နှစ်ဖက်အကောင်းပဲ။ ပညာလည်းတတ်တယ်၊ လုပ်လည်းလုပ်စားနိုင်တယ်၊ ဥစ္စာဓနလည်းပြည့်စုံတယ်။ မိဘဆွေမျိုးအသိုင်းအဝိုင်းကလည်း အခွင့်အညီနဲ့ဘဝမှာ ပြည့်စုံကုံလုံနေတဲ့မိန်းမပဲ။ အဲ . . တစ်ခုပဲ၊ အ သည်တစ်ခုကို . .

ကားကို စက်အနိုးအပြီးမှာ အိမ်ဝကနေ ပြုံးပြုံးကြီး ကြည့်နေတဲ့ ဘိုးဘိုးကို လက်ပြလိုက်တယ်။

ဘိုးဘိုးက ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်တယ်။ ဘိုးဘိုး ဟာကျွန်မဆုံးဖြတ်ချက်ကို မပြောပေမယ့်လည်းသိနေမှာပါ။

ကားကို 'အောင်' ကျောင်းသားများ ဘော်ဒါဆောင် ဘက်ကိုမောင်းလိုက်တယ်။

ကိုအောင်ရဲ့အချိန်အပြီး ကျွန်မအချိန်ရှိနေတယ်။ ကြောင့်ကိုအောင် ထွက်အလာမှာ . . .

"ကိုအောင်"





"ကဲ့ကော်"

"ကျွန်မအချိန်ပြီးရင်ဆေးရုံကိုသွားရအောင်၊ ကိုအောင်၊ ကိုအောင် ကျွန်မကားနဲ့လိုက်ခဲ့ရမယ်၊ ကိုအောင်ကားကိုတော့ ဒရိုင်ဘာနဲ့ဆေးရုံမှာ သွားစောင့်ခိုင်းလိုက်နော်"

"ကောင်းပြီ"

ကိုအောင့်မျက်နှာက ထုံးစံအတိုင်းပဲ တည်ကြည်နေတယ်။

ကျွန်မစာသင်ခန်းကို ဝင်ခဲ့တယ်။ ကျွန်မသင်ကြားမှုဟာ ပြန်လည်တက်ကြွလာတယ်။ လောကကြီးမှာ ဘာတွေအရေးကြီးသလဲဆိုတာ ကျွန်မနားလည်နေပြီပဲ။

လူသားကျွန်မဟာ လူသားဆန်တဲ့အလုပ်တွေကိုပဲ ဆက်လုပ်သွားတော့မယ်။

ကျွန်မစာသင်ခန်းက ထွက်လာတော့ ကိုအောင်ကကျွန်မကိုစောင့်နေတယ်။ ဆရာဦးအောင်မြင့်က . .

"ဒေါ်စံပယ် ဒီနေ့ဆေးရုံကဆင်းမယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ခုပဲကျွန်မတို့သွားမလို့၊ ဆရာလိုက်ဦးမလား"

"သွားကြပါ၊ ကလပ်စ်ရှိသေးတယ်"

"ဒါဖြင့် ကျွန်မတို့သွားမယ်"

"ကောင်းပါပြီ"

ဆရာဦးအောင်မြင့်ကို နှုတ်ဆက်ပြီး ကျွန်မတို့ထွက်လာခဲ့တယ်။ ကားနားရောက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကား လွှတ်လိုက်ပြီ၊ ကိုယ်မောင်းမယ်လေ"

"ရပါတယ်၊ နောက်လည်းကျွန်မအမြဲမောင်းနေရမှာဆိုတော့ အကျင့်မဖျက်လိုက်ပါနဲ့ ကိုအောင်"

ကားမောင်းသူနေရာမှာ ကျွန်မထိုင်အပြီးမှာ ကိုအောင်ဟာ ဘေးမှာဝင်ထိုင်တယ်။

မီးကောင်းကင်တစ်ခုလုံး တန်ဆောင်တိုင်မီးက ထိန်ချန်းရှာလိုက်တယ်။

နှုတ်ဆက်မီးပါ ကိုအောင်။

ကျွန်မရဲ့ နှလုံးသားနှုတ်ဆက်မီးကလည်း သဲသဲမဲမဲကိုရှာသွန်းနေပါပြီ ကိုအောင်။

BURMESE CLASSIC .com

"ကိုအောင်"

"ပြောပါ ကုံကော်"

"ကျွန်မ ကိုအောင့်ကို ပြောစရာရှိလို့ တမင်ခေါ်လာတာ"

"ကိုယ်သိပါတယ် ကုံကော်မင်းမှာ ပြောစရာစကားတွေအများကြီးရှိနေသလို ကိုယ့်မှာလည်း ရှိနေပါတယ်"

ကျွန်မသိပ်တော့ မအံ့သြတော့ဘူး ကိုအောင်။ စွဲလမ်းခြင်းဆိုတဲ့ စိတ်ဟာတန်ပြန် သက်ရောက်မှုတစ်ခုခုတော့ ရှိနိုင်လိမ့်မယ်ဆိုတာ ကျွန်မသဘောပေါက်လာပြီ။

"ဒါဖြင့် ကျွန်မအရင်ပြောရမလား၊ ကိုအောင်အရင်ပြောမလား"

"အားနွဲ့သူကို ဦးစားပေးတတ်တာ ကိုယ်တို့ရဲ့ဓလေ့ထုံး





မဟုတ်လားကုံကော်၊ ဒီတော့မင်းပဲ အရင်ပြောပါ"

တကယ်တမ်း ပြောရတော့မယ်ဆိုပြန်တော့လည်း ကျွန်မနှလုံးသားမှာ နင့်နင့်သီးသီးကို နာကျင်လာတယ်။ ညကငိုရင်း ကြိတ်ရင်းနဲ့ ကြိုတင်ပြင်ဆင်ခဲ့တဲ့ စကားတွေက အများကြီးပါ။

ဒါပေမယ့် ခုတော့စကားတွေက ဘယ်နေရာမှာ သွားပုန်းအောင်းနေပါလိမ့်။ နှလုံးသားအတွင်းကိုပဲနက်ရှိုင်းစွာထိုးဖောက်ဝင်ရောက် ပုန်းအောင်းနေလေရော့လား။

"ကိုအောင်"

"....."

ကိုအောင့်ဆီက တုံ့ပြန်သံထွက်ပေါ်မလာဘူး။

"ကိုအောင့်ကို ကျွန်မအဖြေပေးတော့မလို့"

"နေဦး . . ကုံကော်"

"....."

ကျွန်မကားကို ထိုးရပ်လိုက်တယ်။

မိုးကြိုးထစ်ချန်းသံနဲ့အတူ သဲသဲမဲမဲရွာသွန်းနေတဲ့ မိုးသံတွေကကျွန်မတို့ရဲ့ ရင်ဖွင့်သံက ပိုမိုကျယ်လောင်နေမယ်ထင်တယ်။ နှလုံးသားက ကြားနေရတယ်။

ကိုအောင်ရဲ့ အားယူပြောသံကို ကျွန်မနှလုံးသားက ကြားနေရတယ်။

"ဆောရီး . . ကုံကော်၊ မင်းဆက်ပြောပါ၊ ကိုယ့်အလှည့်ရောက်သေးဘူး၊ ကိုယ်လောသွားလို့ပါ"

ကျွန်မ ပင့်သက်ရှိုက်ပြီး ဆို့နင့်နေတဲ့ ဝေဒနာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းထုတ်လိုက်တယ်။

ကျွန်မ ကိုအောင့်ကို မြတ်နိုးစွာနဲ့ တစ်ရှိုက်မက်မက်ငေး ကြည့်လိုက်တယ်။

ကြည့်စမ်း. . ခိုက်မာတဲ့မေးရိုး၊ တင်းနေအောင်စေ့ထားတဲ့ပိရိတဲ့နှုတ်ခမ်း၊ စူးရှထက်မြက်တဲ့မျက်လုံးတွေနဲ့ ကျွန်မကို ပျောက်ဆုံးသွားမှာ စိုးကြောက်တဲ့အလား ငေးကြည့်နေတယ်။

ကျွန်မရင်ထဲမှာ အလိုလိုသိနေပါပြီ ကိုအောင်။ ကိုအောင်ပြောမယ့်စကားရဲ့ ဆိုလိုရင်းကို ကျွန်မသိလိုက်ပါပြီ။

"ကုံကော်. . ပြောလေ"

"ကျွန်. . ကျွန်မ"

BURMESE CLASSIC .com

ဘာဖြစ်လို့ ထစ်အ,နေတာလဲ ကုံကော်ရယ်။ ပြတ်ပြတ်သားသားပြောလေ။ မျှော်လင့်ချက်နဲ့ အသက်ရှင်နေရှာတဲ့ စံပယ်လေးရဲ့ ဖြူဖျော့နေတဲ့မျက်နှာလေးကို မြင်ယောင်ကြည့်စမ်း။

"ကျွန်မ ကိုအောင့်ကို လက်ထပ်ဖို့ မဖြစ်နိုင်တော့တဲ့အတွက် ဝမ်းနည်းပါတယ် ကိုအောင်"

တော်ပါသေးရဲ့။ အဓိကစကားကို ကျွန်မပြောလိုက်နိုင်လို့။

ကိုအောင်က ကြိုးစားပြီး ပြုံးပြတယ်။ ဒါပေမယ့် နှုတ်ခမ်းက တွန့်ရုံကလေးပဲ လှုပ်ရှားသွားတယ်။

ရှင်လည်း တစ်ခုခုပြန်ပြောဖို့ အားယူနေတာ။ ဒါတွေ အားလုံးဟာ ရှင်နဲ့ ကျွန်မအတွက်နောက်ဆုံးအခွင့်အရေး တွေပဲ ကိုအောင်။





ကျွန်မမှာသည်ထက်ပိုပြီး ပြောစရာစကားတွေ မရှိတော့ပါဘူး။ ရှိနေရင်လည်း မလိုအပ်တော့ပါဘူးလို့ ကျွန်မထင်တယ် ကိုအောင်။

"ကုံကော်. . ပြောစရာကုန်ပြီလား"

ကိုအောင်ကမေးတယ်။

ကျွန်မ ခေါင်းညိတ်လိုက်တယ်။

"ဒါဖြင့်. ."

ကိုအောင် ကျွန်မကိုပြောဖို့ အားယူနေတယ်။ သိပ်ကိုထက်ခာတ်ကြံခိုင်ပါတယ်ဆိုတဲ့ကိုအောင်ဟာ ကျွန်မကိုစကားတစ်ခွန်းပြောဖို့ အတော့်ကို အားယူနေရပါလား။

ကိုအောင့်နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ခါလာတယ်။

ကျွန်မရင်ထဲ မချိအောင်ခံစားနေရပြီ ကိုအောင်ရယ်။

"ကိုယ် ဘာမှပြောဖို့ မလိုတော့ပါဘူး၊ ကုံကော်စကားနဲ့ အင် လုံလောက်သွားပါပြီ"

"ရှင်. ."

"ဟုတ်တယ်၊ ကုံကော်ကို ကိုယ်ကျေးဇူးတင်ပါတယ်"

". . . . . ."

အကြည့်တွေဟာ ရွေ့လျားလို့ မရကြသေးပါဘူး။

ကျွန်မငိုချင်လိုက်တာ ကိုအောင်ရယ်။ ထစ်ချုန်းမိုးလိုပဲ ကျွန်မသဲသဲမဲမဲကို မျက်ရည်တွေ သွန်ချလိုက်ချင်ပါတယ်။ ဒါပေမယ့် မျက်ရည်မကျချင်ဘူး။

မျက်ရည်ကျတာ အရှုံးပေးတာ။ နှလုံးသားကို အရှုံးပေး



www.burmeseclassic.com

www.burmeseclassic.com



တာ။

ခု ကျွန်မတို့ ဆုံးဖြတ်ချက်နဲ့ လုပ်ရပ်က နှလုံးသား
အောင်နိုင်လိုက်တာဆိုတော့ အောင်နိုင်သူရဲ့အပြုံးကို ကျွန်မ
ပြုံးကြရမှာပါ။

ကိုအောင့်ဆုံးဖြတ်ချက်က အတ္တမဆန်ဘူး။ ကျွန်မ
နပ်ပါတယ် ကိုအောင်။

ဘာမှ ထုပ်မပြောပေမယ့်လည်း ကိုအောင့်ရင်ထဲ
စကားတွေ ကျွန်မကြားသိနေသလို ကျွန်မရင်ထဲက စကား
ကိုလည်း ကိုအောင် ကြားသိနိုင်လိမ့်မယ်လို့ ကျွန်မယုံကြည်
တယ်။

လိုချင်တာရှိရင် မရ,ရအောင် ယူတတ်တဲ့ ကျွန်မ
ခုတော့. . .

ဘဝတစ်ခုလုံးအတွက် အလိုအပ်ဆုံးသော၊ အလို
ဆုံးသော၊ အမြတ်နိုးဆုံးသော အရာကိုတော့ဖြင့်. . .

ကျွန်မ အားယူပြီး. . .

"ကျွန်မ စံပယ်ကို ဝမ်းသာစရာ သတင်းဦးအဖြစ်
ခွင့်ပြုပါလား"

ကိုအောင်က ခေါင်းကိုညင်သာစွာ ညိတ်လိုက်ပြီးမှ

"ပြုပါတယ် ကံ့ကော်ရယ်"

လုံလောက်ပါပြီ။ ကျွန်မတို့ရဲ့ နောက်ဆုံးကာလ
ဟာလုံလောက်သွားပါပြီ။

ကျွန်မ ကားကိုချက်ချင်းပြန်နှိုးထွက်ခဲ့တယ်။



BURMESE CLASSIC .com



ရှစ်ခွင်တစ်ရပ်လုံးမှာတော့ မိုးနှောင်းရဲ့ နောက်ဆုံးနှုတ်ဆက်မိုးက ထစ်ချုန်းရွာသွန်းလျက်. . .

ထို့အတူ. .

ကျွန်မတို့ ရင်ထဲမှာလည်း. .

ကျွန်မ ငိုချင်လာတယ်။

မငိုဘူး။ ငိုခြင်းကို ပြုံးခြင်းနှင့် အစားထိုးရမယ်။

ကျွန်မ ပြုံးဖို့ ကြိုးစားလိုက်တယ်။

ဟုတ်တယ်။ ဘိုးဘိုးက ကျွန်မကိုပြုံးပြီး အားပေးလိုက်တာ။ ကျွန်မဆုံးဖြတ်ချက်ကို ပီပီပြင်ပြင်ဖြစ်မြောက်ဖို့ အပြုံးနဲ့ တွန်းအားပေးလိုက်တာ။

ကျွန်မလည်း ဘိုးဘိုးလို အပြုံးမျိုးနဲ့ပြုံးနိုင်ရမယ်။ ပြုံးကို ပြုံးရမယ်။

ကိုယ့်အသက်ကို ကာကွယ်ပေးလိုက်သူကို နှလုံးသားပြန်ပေးတယ်ဆိုတာ သိပ်ကို လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ပါ။

အဲသည်အတွက် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို လုပ်နိုင်လိုက်တဲ့ ကျွန်မမှာမပြုံးလျှင်. . . .

ဒါပေမယ့် နှလုံးသားအိမ်မှာတော့ မျက်ရည်စတွေနဲ့. . ။

မြပုလဲခင်



www.burmeseclassic.com